www.burmeseclassic.com

# စစ်မှန်သော ဗုဒ္ဓသာသနာ




သုန္ဒရဝင်း (ချောင်းဦး)

www.burmeseclassic.com


www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၈၂၉/၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၇၃/၂၀၀၄ (၁၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၈၀၀ ကျပ်
စီစဉ်သူ - ကိုမြသိန်း (မိတ်ဆွေစာပေ)
ထုတ်ဝေသည့်ခုနှစ် - ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ
မျက်နှာဖုံးဒီဇိုင်း - အာလူး (စတား)
အတွင်းဖလင် - ကိုမြင့်သူ (အောင်မြင့်မိုရ်)
စာစာစီချုပ် - ကြည်ကြည်မွေး
ထုတ်ဝေသူ - ဦးချစ်ညွန့်
ဝင်ရတနာစာပေ စာပေ
၂၀၅-က/၄ လမ်း
မြို့သစ်(က+ခ)ရပ်ကွက်
အင်းစိန်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဒေါ်အေးအေးခိုင်
စိန်ကြယ်ပုံနှိပ်တိုက်
၁၃၇/၃၂ လမ်း
အမှတ် ၇၂ လမ်း-၃၀
ပန်းပဲတန်း
ဖြန့်ချိရေး - မိတ်ဆွေစာပေ
အမှတ်-၅၂၇
ဘုရင့်နောင်လမ်း
ပေါက်တော၊ အင်းစိန်
C/O ☎ : ၆၄၃၆၇၂၊ ၆၄၃၆၇၃


BURMESE CLASSIC .com



# ဝိရှိန်းသော ဗုဒ္ဓသာသနာ

သုန္ဒရဝင်း (ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ ထိမ့်မှန်သော ဗုဒ္ဓသာသနာ | ၇ |
| ၂။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ နောက်ကွယ်၌ | ၂၀ |
| ၃။ ခေါင်းဘိုးမြန်မာ ဝင်လာခြင်း | ၂၀ |
| ၄။ ဗိဿနိုးလိပ်ပြာ မှားဓိဋ္ဌာ | ၃၅ |
| ၅။ ဆရာတော်ကြီးများ၏ ပွင့်လင်းစွာဆွေးနွေးခြင်း မှတ်ချက်များ | ၄၃ |
| ၆။ မိစ္ဆာများနှင့် ကခုန်ခြင်း | ၅၁ |
| ၇။ အဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အားမကောင်းစေ | ၆၂ |
| ၈။ လမ်းပြောင်းလာသော ရှိနေပါလျက် | ၇၂ |
| ၉။ အယူဝါဒီမှု၏ ရလဒ် | ၇၉ |
| ၁၀။ အမျိုးသမီးများ ကျေးဇူးဆပ်ရန်ရှိသည်မှာ | ၈၅ |
| ၁၁။ နတ်နှင့် နဂါးလှည့်စားသူ | ၉၀ |
| ၁၂။ ပဋ္ဌာန်းရှုမိုးသက်ထက် အပြစ်ကြီးသူ | ၉၇ |
| ၁၃။ တာဝန် | ၁၀၂ |
| ၁၄။ မှားယွင်းသော ဟောပြောမှုများ | ၁၀၉ |
| ၁၅။ အဓမ္မဝါဒီ မထွန်းပေ | ၁၁၆ |
| ၁၆။ ဖတ်တာရှောက်ကို ထုတ်ပေးသောအခါ | ၁၂၄ |
| ၁၇။ မကောင်းဆိုးဝါးတစ်ကောင်၏ မာယာ | ၁၃၁ |
| ၁၈။ မာန်စွယ်နှင့် သိဒ္ဓိ | ၁၃၆ |
| ၁၉။ ရေပလီများ လွင့်စေသား | ၁၄၀ |
| ၂၀။ ဆိုရေးရှိက ဆိုအပ်လှ၏ | ၁၄၆ |
| ၂၁။ ဘုရားရှင်အား မျက်နှာပြောင်တိုက်မှုများ | ၁၅၄ |
| ၂၂။ သိမ်ထဲမှာ ဆင်ခြင်ဖွယ်ရာ | ၁၆၃ |
| ၂၃။ သာသနာ့အမျိုးဆက် တိုးတက်ဖို့ | ၁၆၇ |
| ၂၄။ စင်ကြယ်သော ဥပါသကာ | ၁၇၄ |
| ၂၅။ ဥပါသိကာများနှင့် တွေ့ကြုံခြင်း | ၁၈၃ |
| ၂၆။ မိမိကိုယ်ကို ဝါးမြိုခြင်း | ၁၈၈ |
| ၂၇။ သိုက်နန်းနှင့် အတိုက်သမ်း | ၁၉၂ |
| ၂၈။ နားလည်မှု မမှန်တွေးစရာ | ၁၉၉ |
| ၂၉။ ကံမွှင် လောဘ်မွှင့် အောင်မာတ်ဆင်သော | ၂၀၃ |
| ၃၀။ စေတနာ ပညာပါမှ | ၂၁၀ |
| ၃၁။ ဘုရားလောင်းကိုးကွယ်မှု | ၂၁၆ |
| ၃၂။ တန်ဖိုး | ၂၂၅ |


BURMESE CLASSIC .com

ရှေ့နောက်ဆုံးမ မိဘ ဆရာသမားနှင့်

စာပေ ကျေးဇူးရှင်များအား . . .

ဤစာအုပ်ဖြင့် ကန်တော့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

" လမ်းရိုးပေါင်းတွင် ဆင့်ကာထွင် သုတ်သင်ကာမျှလွယ်ကူရ၏" ဟူသော ဆိုရိုးစကားရှိလေသည်။ ဆိုလိုရင်း ရည်ညွှန်းချက်၏ ဆင့်ပွားအဓိပ္ပါယ်များ များစွာ ပေါ်ထွက်နိုင်ပေသေး၏။

ရှေးသူဟောင်း သူတော်ကောင်းတို့သည် လူသူအများ ကူးသန်းသွားလာရေး လွယ်ကူသက်သာစေရန် လမ်းဖောက်-လမ်းခင်း ပေးခဲ့ကြ၏။ ကာလကြာလျှင် သဘာဝဘေးဒဏ်ကြောင့် လမ်းသည် ယိုယွင်းလာတတ်သည်။ လမ်းရှုပ်အောင်၊ လမ်းကျဉ်းအောင်၊ လမ်းကွေ့-လမ်းကောက်-လမ်းမှား-လမ်းပျက်အောင် အားထုတ်သူ လမ်းဖျက်သမားများလည်း ပေါ်ပေါက်လာတတ်သည်။ အဆိုးဆုံးမှာ ထိုလမ်းမှား လမ်းဆိုးဘက်သို့ တာဝန်ကြီးတစ်ရပ်အနေဖြင့် တွင်တွင်ကြီး ခရီးလမ်းညွှန်ပြနေသူ အဝိစိတမန်ကြီးများပင်ဖြစ်၏။

ဤ စစ်မှန်သော ဗုဒ္ဓသာသနာစာအုပ်ကို ရေးသားပြုစုသူသည် လမ်းဖျက်သမား ဖော်ထုတ်ရေး အကျိုးဆောင်အဖွဲ့တွင် ကိုယ်တိုင်ပါဝင်လှုပ်ရှားခဲ့သူဖြစ်၏။ မိမိမြင်တွေ့သိရှိချက်များအပေါ် အခြေခံ၍ ဖွင့်ဟတင်ပြထားခြင်းဖြစ်ရာ ဖတ်ရှုရသူများ အဝိစိ တမန်ကြီးများ၏ မြှားယောင်း လှည့်စားခြင်းမှ လွတ်ကင်းပြီး လမ်းကောင်း လမ်းမှန်ဘက်သို့ ဦးလှည့် နိုင်တော့မည်မှာ ဧကန်ဖြစ်၏။

လူသားအားလုံးသည် ခရီးသည်များသာတည်း မျက်မှောက်ဘဝခရီး တူသည် သာမှန်မျှသာ၊ သံသရာခရီးကား ထူးထွေ များပြားရှည်လျားလွန်းလှချေ၏။

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကို ယုံကြည်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ ကမ္ဘာတွင် မြန်မာ၊ သီဟိုဠ်(သီရိလင်္ကာ)၊ ယိုးဒယား(ထိုင်း)၊ ကမ္ဘောဒီးယား၊ လာအို နိုင်ငံတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာကို ကျင့်သုံးသောနိုင်ငံများ ဖြစ်ကြသည်။ ထေရဝါဒကို တောင်ပိုင်းဗုဒ္ဓဘာသာဟုလည်း အမှတ်အသားပြုကြသည်။

ထေရဝါဒ ဗုဒ္ဓဘာသာသည် ညီတော်အာနန္ဒာ၊ အရှင်မဟာကဿပတို့၏ ပထမသင်္ဂါယနာတင် မူရင်းအတိုင်း ဘုရားရှင်ဟောကြားသော တရားတော်များကို မာဂဓီခေါ် ပါဠိဘာသာဖြင့် မဖြည့်-မနုတ်-မပို-မလို-မတိမ်းမစောင်းဘဲ တိကျစွာ ဆက်လက်ထိန်းသိမ်းထားသော တရားတော်များကို ထေရဝါဒဟု ခေါ်ပေသည်။

မိတ်ဆွေ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာကို လက်လှမ်းမီသရွေ့ လေ့လာကြည့်သောအခါ ထေရဝါဒ ဗုဒ္ဓဘာသာအတွင်း ဝယ် အခြားသောဝါဒ သဘောတရားများ အနည်းနှင့်အများ ရောနှောပေါင်းစပ်နေသည်ကို လေ့လာမိပေသည်။ ထိုအခြားသော ဝါဒသဘောတရားများအနက် မြောက်ပိုင်းမဟာယာနဝါဒ ဗုဒ္ဓဘာသာက အများအစားပါဝင်ရောနှောနေသည်ကိုတွေ့ရပေသည်။

မြောက်ပိုင်းဗုဒ္ဓဘာသာမဟာယာနဝါဒကို ယခုအခါ တရုတ်၊ ဂျပန်၊ တိဗက်၊ ရုရှား၊ ဆိုက်ဗေးရီးယား၊ နီပေါလ်၊ ဘူတန် စသော နိုင်ငံများ၌ ယုံကြည်ကျင့်သုံးကြပေသည်။

မဟာယာနဝါဒသည် ဒုတိယသင်္ဂါယနာတင်(ဘုရားရှင်-ပရိနိဗ္ဗာန်စံပြီး နှစ် ၁၀၀၊ ဘီစီ ၄၄၄)ကာလမှစ၍ ဗုဒ္ဓဘာသာ ဂိုဏ်းများ စတင်ကွဲပြားရာမှ ဆင့်ပွားပေါ်ထွက်လာသော ဂိုဏ်း ဖြစ်သည်။ ၎င်းဂိုဏ်းသည် ဘုရားဟော တရားတော်များကို ကာလဒေသအရ ပုဂ္ဂိုလ်တို့၏ အလိုသို့လိုက်၍ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း၊ ပြုပြင်ခြင်းများကို သက္ကတဘာသာဖြင့် ပြုလုပ်ခဲ့ ကြပေသည်။

ကျွန်ုပ် ယခုတင်ပြမည်မှာ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ အတွင်းမှ မဟာယာနဝါဒ ရောနှောပေါင်းစပ်နေမှုကို လက်လှမ်း မီသရွေ့ တင်ပြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအတွင်းသို့ မဟာယာန ဥိဒ ရောနှောနေသည်မှာ သရေခေတ္တရာခေတ်(အေဒီ ၄ ရာစုမှ ၁၀ ရာစု) လွန်ခဲ့သော နှစ် ၁၆၀၀ခန့်မှစ၍ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်





ခေတ်တို့မှ ရောနှောလာသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

သရေခေတ္တရာမြို့ဟောင်း မှ တွေ့ရသော ကျောက်ဆစ် လက်ရာ ဗောဓိသတ္တ ရုပ်ကြွနှင့် ဘောဘောကြီး စေတီ၌လည်း အဝလောကိ တေသွရ ကြေးရုပ်တုတစ်ခု၊ ဘုရားကြီးစေတီအနီးမှ အရိမေတ္တေယျ ဘုရားလောင်း ကြေးဆင်းတုတစ်ခုအပြင် အဝ လောကိတေသွရ ဘုရားလောင်း၏ ကြင်ယာတော် တာရာဒေဝီ ကိုလည်း တွေ့ရသည်။ အရှေ့ဈေး ဂူအတွင်းမှ တွေ့ရသော ကျောက်ချပ်တွင် မြတ်စွာဘုရားကို ဝဲယာရံလျက် မကိုဋ်ဆောင်း ဗောဓိသတ္တနှစ်ပါးကို တွေ့ရသည်။ လေးမျက်နှာစေတီ တောင် ဘက်မုခ် ဗဟိုအုတ်ခုံနံရံတွင် ရုပ်ကြွဖော် ကျောက်ပြားပေါ်၌ အရိမေတ္တေယျ ဘုရားလောင်းနှင့် အဝလောကိတေသွရ ဘုရား လောင်းများကို တွေ့ရသည်။ ယင်းတို့ကို ထောက်ခြင်းအားဖြင့် မဟာယာနဝါဒ ဗုဒ္ဓဘာသာသည် သရေခေတ္တရာခေတ်တွင် ထွန်းကားရောက်ရှိနေကြောင်း ထင်ရှားပေသည်။

ပုဂံခေတ်ကာဆိုလျှင် အရည်းကြီးရဟန်းတို့သည် မဟာယာန ဂိုဏ်းဝင် ရဟန်းများဖြစ်ကြသည်။ ပုဂံတွင် သမထီးအမည်ရှိ ရွာတစ်ရွာ ယနေ့တိုင်ရှိနေပေသည်။ ယင်း သမထီးကိုပင် မထီး ဟုလည်း ခေါ်ကြ၏။ မထီးဟူသည် မဟာထေရဟူသော ပါဠိ ဘာသာမှ မြန်မာပြန် မထေရ်မှ မထီးဖြစ်လာနိုင်ဖွယ်ရှိ၏။ မထေရ် ကို မထည်ဟု ရွတ်ဖတ်ရ၏။ ယင်းနှင့်အသံတူမှာ မထီဖြစ်၍ ထိုမှတစ်ဆင့် မထီးဖြစ်သွားနိုင်၏ဟု ပညာရှင်များ ရေးသားသည် ကို လေ့လာဖူးပေသည်။

www.burmeseclassic.com



ထိုအရည်းကြီးတို့၏ အလေ့အကျင့်များမှာ ထိမ်းမြားမင်္ဂလာပြုအံ့သော အမျိုးသမီးတို့၏ ပန်းဦးလွှတ်ခြင်းဟူသော အပူဇော်ကို ခံယူခြင်း၊ မြင်းမွေးခြင်း၊ မြင်းစီးခြင်း၊ လက်ဝှေ့သတ်ခြင်း၊ သေရည်သေရက်သောက်ခြင်း၊ အင်္ဂရုတ်ထိုးခြင်း၊ အင်းချခြင်း၊ မန္တန်စုတ်ခြင်း၊ ယတြာစီရင်ခြင်း၊ စုန်း၊ ကဝေအတတ်တို့ကို လေ့လာခြင်း၊ ဇေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ နတ်ပူဇော်ပသခြင်း၊ ဗိဇ္ဇာမယိဒ္ဓိအတတ်ကို လိုက်စားခြင်း၊ သိုက်၊ တဘောင်၊ စနည်း၊ ဘဝေါ၊ တိတ်၊ နိမိတ်တို့ကို ယုံကြည်လိုက်နာခြင်း စသည်တို့ဖြစ်ကြသည်။

ဤသို့ အရည်းကြီးတို့သည် လူအများကို လိမ်လည်ပြီး ဥပါယ်တံမျဉ်အားဖြင့် လှည့်စားဖြားယောင်းကာ အလွဲသုံးစား ပြုလုပ်နေလေသည်။

ထို့နောက် အနော်ရထာမင်းသည် အလဇ္ဇီဒုဿီလပါပအန္ဓယဖြစ်သော အရည်းကြီးအချို့တို့ကို အဝတ်လဲစေ၍ ဆင်ထိန်း၊ မြင်းထိန်း ပြုစေ၏။ အရည်းကြီး အချို့တို့ကိုကား တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။ အများသော အရည်းကြီးတို့သည် ရှမ်းပြည်ဘက်သို့ ထွက်ပြေးကြ၏။ ယင်းသို့ ထွက်ပြေးကြသော်လည်း အရည်းကြီးတို့မှာ လုံးလုံးလျားလျား ပျောက်ကွယ်မသွားကြကုန်။

သူတို့သည် ထိုထိုအရပ်များ၌လည်းကောင်း၊ အထူးသဖြင့် ဖုပွားတောင်ခြေနား၌လည်းကောင်း၊ ပုဂံအနီး သမထီးရွာအနီး၌လည်းကောင်း အနည်းငယ်မျှ ရှိကြသေးသည်။ ယခုအခါ၌လည်း အချို့သော ရှမ်းရွာ၊ ပလောင်ရွာတို့၌ အရည်းကြီးတို့၏ အဆက်အနွယ်များကို တွေ့ရှိနိုင်ပေသည်။





အထက်တွင် ဆိုခဲ့ပြီးသော အရည်းကြီးများသည် အနော်ရထာမင်းစော၏ အာဏာစက်ကြောင့် လွင့်ပြေးရသော်ငြားလည်း အခြားနေရာများတွင် ဆက်လက်ဘုန်းကြီးနေကြကာ ကုန်းဘောင်ခေတ်၊ အင်းဝခေတ်၊ ဟံသာဝတီခေတ်များတွင် အရည်းကြီးများသည် ပွဲကျောင်းဘုန်းကြီးအမည်ခံကာ တည်ရှိနေကြပေသည်။

ထိုပွဲကျောင်းဘုန်းကြီးတို့၏ အမူအကျင့်မှာ ထေရဝါဒသာသနာတော်ဝင် ရဟန်းများ၏အမြင်တွင် မည်သို့မျှ မတင့်တယ်ပေ၊ ၎င်းတို့၏အဝတ်အစားများမှာလည်း တမုတ်ဆိုး၊ တိန်ညက်ဆိုး၊ ပေါက်ပွင့်ဆိုး၊ နနွင်းဆိုးကိုသာ ပဉ္စင်းပျို၊ ရှင်ပျိုတို့ ဝတ်စားသုံးဆောင်လေ့ပြုသည်။ ပွဲကျောင်းသားတို့မှာ စာသင် စာအံခြင်းနည်းသည်။ အရက်၊ ထန်းရည် သောက်စားသည်။ ပွဲသဘင်လိုလားသည်။ မီးဖောက်သည်။ စည်တီးသည်။ လက်ဝှေ့သတ်သည်။ ဒိုးကစားသည်။ ကြေးနင်းခတ်သည်။ ခြေနင်းဦးလံစီးသည်။ ဖျာနားတောင်းဝတ်သည်။ နားပန်းဆံထားသည်။ ဦးထုပ်များ၌ မိုးကြိုးသွား၊ မြွေစိမ်းခေါင်း၊ စွန်မြီး၊ လင်းနို့တောင်၊ ဆွမ်းကော်ယောင်၊ ဦးထုပ်ဒေါက်ချွန်များကို ဆောင်းကြသည်။

ထိုကဲ့သို့ မဟာယာနဂိုဏ်းဝင် အရည်းကြီးတဖြစ်လဲ ပွဲကျောင်းပုဂ္ဂိုလ်များ တစ်ပြည်လုံးသို့ အနှံ့အပြားရောက်ရှိသွားကာ ရောက်ရာနေရာတွင် ဩဇာညောင်းအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် သူတို့၏ အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တရားနှင့် မင်ဒေါ့ထိုးနှံခြင်းသည်လည်း တစ်ပြည်လုံးသို့ပျံ့နှံ့သွားသည်ဟု ယူဆရ၏။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် ဆုသုံးမျိုးဓလေ့ အကျင့်



www.burmeseclassic.com

www.burmeseclassic.com



သုံးမျိုးကို ကျင့်ကြ၏။ ၎င်းတို့မှာ (၁) သာဝကဗောဓိ၊ (၂) ပစ္စေကဗောဓိ၊ (၃) သမ္မာသမ္ဗောဓိဟူ၍ ဆုသုံးမျိုးခေါ် အကျင့်သုံးမျိုး ရှိပေရာ မဟာယာနဝါဒ ဂိုဏ်းဝင်တို့သည် အထက်ပါ ဆုသုံးမျိုး၏ အကျင့်သုံးမျိုးအနက်—

'ပထမ–ဒုတိယနှစ်မျိုးမှာ မိမိတစ်ကိုယ်တည်းသာ နိဗ္ဗာန်သို့ ကူးနိုင်ရောက်နိုင်၍ တစ်ကိုယ်ကောင်းအကျင့်သာ ဖြစ်သည်။ သတ္တဝါတို့ကို ကယ်တင်နိုင်သော အကျင့်မျိုးမဟုတ်၊ ဗုဒ္ဓယာန ဘုရားအကျင့်သာလျှင် သတ္တဝါအများကို ကယ်တင်နိုင်သည်။ ထို့ကြောင့် ဗုဒ္ဓယာနသည်သာ အမြတ်ဆုံးဖြစ်သည်'

ဟုဆိုကာ မဟာယာနဝါဒကျမ်းဖြစ်သော သဒ္ဓမ္မပုဏ္ဍရိကကျမ်းက ဗုဒ္ဓယာနကိုသာ လိုက်နာကျင့်ဆောင်အပ်ကြောင်း ရေးသားတိုက်တွန်းလေသည်။ အမြင့်ဆုံး အမြတ်ဆုံးဖြစ်သည်ဟု 'မဟာ' ဟူသော စကားဖြင့် လဲလှယ်ကာ မဟာယာနဟု ၎င်းတို့ စတင်ခေါ်ဝေါ်ခဲ့လေသည်။

ထိုမှတစ်ဆင့် မဟာယာနဂိုဏ်းဝင်တို့သည် ဘုရားလောင်း လမ်းစဉ်နှင့် ဘုရားလောင်းကိုးကွယ်မှုကို ကျင့်သုံးခဲ့ကြသည်။ ဘုရားလောင်းကိုးကွယ်မှုကို ၎င်းတို့၏ အဓိကဝါဒအဖြစ် အလေးအနက်ပြုကြသည်။ ၎င်းတို့ကိုးကွယ်သော ဘုရားလောင်း ဗောဓိသတ္တများမှာ အများအပြားရှိ၏။ ဘုရားလောင်း နတ်သမီးများလည်း ပါဝင်၏။ ထိုဘုရားလောင်းများအကြောင်းကို အသေးစိတ်၍ တင်ပြလျှင် စာရှည်မည်စိုး၍ အနည်းငယ်သာ တင်ပြပါမည်။

မဟာယာနဂိုဏ်း၏ များပြားလှသော ဘုရားလောင်းများ





ထဲမှ ထင်ရှားသော ဘုရားလောင်းများမှာ အရိမေတ္တေယျ ဘုရားလောင်း၊ အဝလောကိတေသွရ ဘုရားလောင်း၊ လောကနာထ ဘုရားလောင်း၊ မဉ္ဇုသီရိ ဘုရားလောင်း၊ ရှိဝခေါ်–သိဝ ခေါ် မဟေသွရ ဘုရားလောင်း စသည်တို့သည် ထင်ရှားသော ဘုရားလောင်းများ ဖြစ်ကြ၏။ ၎င်းဘုရားအလောင်းများသည် ထာဝရ ရှင်သန်နေသော သဘောကို ဆောင်ကြ၏။ အဝလောကိတေသွရ ဘုရားလောင်းသည် အမျိုးသမီးအသွင်ကိုဆောင်၍ တာရာဒေဝီ ဟု အမည်ခံ၏။ အပျိုစင်ရုပ်သွင်၊ အဘွားအိုရုပ်သွင်၊ ဘီလူးမ အသွင်အမျိုးမျိုးကို ပြောင်းလဲနိုင်၏ဟု ယုံကြည်ထားကြသည်။

ထေရဝါဒဗုဒ္ဓဘာသာကား ထိုကဲ့သို့မဟုတ်။ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူရန် ဘုရားလောင်းမှာ မေတ္တေယျသာဖြစ်၍ ဘုရားလောင်းများစွာ မရှိပေ။ ထို့အပြင် မေတ္တေယျ ဘုရားလောင်းအား ကိုးကွယ်ရမည်ဟူ၍ သင်္ဂါယနာတင်ကျမ်းများ၌ မပါရှိပေ။

ဘုရားလောင်းကိုးကွယ်မှုသည် ပုဂံခေတ်က ခေတ်စားခဲ့ဟန်တူသည်။

'ဤလောကနာထ ဘုရားလောင်း၏ပုံတော်ကို သံသရာဘေးမှလွတ်စေရန်အကျိုးငှာ မိမိလက်တော်ဖြင့် သွန်းလုပ်တော်မူသည်' ဟု ဗောဓိသတ္တပုံပါသည့် အုတ်ခွက်ဘုရားများ၏ ကျောဘက်၌ အနိုင်အမာ ကမ္ပည်းထိုးထားပေသည်။ ပန်းချီဆေးရေး ဗောဓိသတ္တ လောကနာထသနပုံတော်များကို ပုဂံပေါ်တော်မူ ဘုရား၌လည်းကောင်း၊ အပယ်ရတနာလိုဏ်ဂူရှိ နံရံဆေးရေး ပန်းချီများတွင်လည်းကောင်း လေ့လာတွေ့ရှိနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒဗုဒ္ဓဘာသာ အင်အားအရှိန်အဝါ မဗိုင်းမှာသေးမီ ပုဂံခေတ်၌ ဘုရားလောင်းကို ကိုးကွယ်သော မဟာယာန(မဟာယာဉ်)ဂိုဏ်းသားတို့ ရှိနေသေးသည်ဖြစ်ရာ ပုဂံခေတ် အုတ်ခွက်ဘုရားများနှင့် နံရံဆေးရေး ပန်းချီများတွင် ဗောဓိသတ္တဘုရားလောင်းပုံ ပါရှိနေမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

သို့သော် ယခုခေတ်တွင် အချို့သောသူတို့သည် မေတ္တေယျဘုရားလောင်းကိုးကွယ်မှုကို မသိမသာသော်လည်းကောင်း၊ သိသိသာသာသော်လည်းကောင်း ပြုလုပ်နေကြသည်။

အနာဂတ်ကာလ၌ပွင့်မည့် မေတ္တေယျဘုရားလောင်းပုံအား ထုလုပ်ကိုးကွယ်သင့် မကိုးကွယ်သင့်၊ ကိုးကွယ်ပါက ကုသိုလ်တရား ဖြစ်ပွားမည် မဖြစ်ပွားမည်၊ ထိုကုသိုလ်တရားသည် လူ့နတ်နိဗ္ဗာန် သုံးတန်သောအကျိုးကို ပေးစွမ်းနိုင်မည် မပေးစွမ်းနိုင်မည်၊ ထုလုပ်အပ်သော မေတ္တေယျဘုရားရှင်တို့၏ အဆင်းတော်အသံတော်များကို အာရုံပြု၍ ယခုကာလကပင် ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်၊ ဆွမ်း၊ သင်္ကန်း စသည်တို့ကို ပေးလှူသော် ဂေါတမဘုရားရှင်၏ရုပ်ပွားတော်၊ သဏ္ဌာန်တော်မြတ်အား လှူဒါန်းခြင်းနှင့် မည်သို့အကျိုးထူးမည် မထူးမည်ကို ဒကာတစ်ဦးက မေးလျှောက်ရာ–

၁။ ရည်ရွယ်ရင်း ဝတ္ထုကပင် မှချဘုရားမဟုတ်သေးသည်ကတစ်ကြောင်း။

၂။ ဂေါတမဘုရားရှင်၏ ကိုယ်တော်အစား ရုပ်ပွားဆင်းတုစသော စေတီသုံးပါး ထင်ရှားရှိသည်လည်းတစ်ကြောင်း





၃။ အကယ်၍တည်း နိယျာနိက ဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်း ကောင်းသော နှလုံးသွင်းရှိသည် ဖြစ်အံ့၊ သက်ရှိထင်ရှား ဘုရားနှင့်တူစွာ ချမ်းသာသုံးတန်ကို ကောန်မုချ ရစေနိုင်သော ဝါတို့ဂေါတမ သာသနာသည် နိဗ္ဗူသောင်သို့ရောက်အောင်ပို့နိုင်ပြီးဖြစ်ရကား အဘယ်မှာ ကိုးကွယ်စရာ ရှာဖွေကိစ္စ ရှိလေတော့အံ့နည်းဟု ဂန္ထန္တရဝဟာသုတ အရှင်မြတ်တို့ ဆုံးဖြတ်တော်မူရှန်ရှိသည်လည်းတစ်ကြောင်းဖြစ်၍ ဘုရားစင်စစ် ကောန်သဗ္ဗညုတဉာဏ် ကိန်းအောင်းတော်မူသော ကိုယ်တော်မြတ်၏ သရီရဓာတ်တော်ကို မမီနိုင်ရာ

ဟူ၍ လုံးတော်ဆရာတော် အရှင်ဂုဏဝါက ရှင်းလင်းဖြေကြားတော်မူလေသည်။

တခြားတစ်ဖက်မှ ကြည့်ပြန်လျှင်လည်း သာသနာပြုအမည်ခံ ဘိုးတော်များ၊ ပေါက်စေဆရာများ၊ တစ်စခန်းထကာ ရှုးစေတီပုထိုးများအား ဖြိုဖျက်ဥာပနာတိုက်ဖောက်၊ ကိုယ်ကျိုးအတွက် ယူငင်သုံးစွဲကြလျက် ဂိုဏ်းသမားတို့တည်ထားကြသည့် ဂိုဏ်းဘုရား စေတီပုထိုးများသည်လည်း ဂိုဏ်းဆန်ဆန် ဖြစ်လာကြကာ ထုလုပ်သည့် ရုပ်ပွားဆင်းတုတို့သည်လည်း ဘုရားဆင်းတုနှင့် မတူတော့ဘဲ ဂိုဏ်းတစ်ခုကို ကိုယ်စားပြုသည့် အမျိုးအမည်ခွဲခြားမရကောင်းသည့် ရုပ်တုသဖွယ် ဖြစ်လာရလေတော့သည်။

တစ်ဖန် ဗုဒ္ဓမြတ်စွာသည် ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်



www.burmeseclassic.com

www.burmeseclassic.com



တော်မူရာ၌ မာရ်နတ်နှင့် အပေါင်းအပါများ လာရောက်တိုက်ဖျက်သည့်အခါ ဗုဒ္ဓမြွက်ဆိုသည်–

'ငါသည် ဤဗောဓိပင်နှင့် ရွှေပလ္လင်ကိုရရန်၊ သဗ္ဗညုတရွှေဉာဏ်တော်ကိုရရန် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းခဲ့ရသည်။ နောက်ဆုံးဘဝ ဝေဿန္တရာမင်း ဖြစ်စဉ်ကလည်း အလှူတော်ကြီးခုနစ်ကြိမ် ပေးလှူခဲ့သည်ကို ဤကမ္ဘာမြေကြီးသည် သက်သေအဖြစ် တုန်လှုပ်လျက် ကောင်းချီးပေးခဲ့ဖူးသည်ဖြစ်၏၊ ဤအကြောင်းမှန်ကန်ကြောင်း ဤကမ္ဘာမြေကြီးကို သက်သေထူပါ၏'

ဟုပြောလျက် မြေကြီးကို လက်တော်နှင့်ထိလေသော် မြေကြီးသည်လည်း အသံမြည်ဟည်းလျက် တုန်လှုပ်၏။ မာရ်နတ်စစ်သည်တို့သည်လည်း ကြောက်လန့်လျက် ထွက်ပြေးကြကုန်သည်။ ဤသို့ပင် ထေရဝါဒဗုဒ္ဓဘာသာ သုတ္တနိပါတ အဋ္ဌကထာ၊ အပဒါန အဋ္ဌကထာတို့၌ ဆိုထား၏။

မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယာနဝါဒ ကျမ်းစာများ၌မူ–

'မြေစောင့်နတ်သမီးသည် ဤသို့ ဘုရားရှင်က သက်သေပြုကာ တိုင်တည်ပြောဆိုလေလျှင် မြေမှထွက်ပေါ်လာ၍ ဆံပင်တို့မှ ရေကိုညှစ်ချလေရာ မာရ်နတ်မင်းနှင့်စစ်သည်ဗိုလ်ပါတို့လည်း ရေတွင်မျောပါကာ အရေးရှုံးနိမ့်လျက် ထွက်ပြေးကြရသည်'

ဟု ဖော်ပြကြ၏။

ထိုမဟာယာနဝါဒ၏ ဝသုန္ဓရီဆံရေညှစ်ဗုဒ္ဓဝင်ကို ထေရဝါဒ





ဗုဒ္ဓဘာသာအတွင်း၌ ပန်းချီပန်းပု လက်ရာများအဖြစ် အများအပြား တွေ့ရလေသည်။

ထို့အပြင် 'ဥုံမဏိပဒ္မေဟုံ' ဂါထာတို့သည် မဟာယာနဂိုဏ်းဝင်တို့၏ ဂါထာများဖြစ်ကြသည်။ ၎င်း မဟာယာနဂိုဏ်းဝင်တို့သည် ဂါထာမန္တရားတို့ကို ရွတ်ဖတ်နေရုံဖြင့် နိဗ္ဗာန်သို့တိုင်ရောက်နိုင်သည်ဟု ယုံကြည်ကြလေသည်။ ကျွန်ုပ်တို့ ထေရဝါဒဗုဒ္ဓဘာသာကျမ်းစာတွင် 'စရဏ'ခေါ် အကျင့်တရားမပါဘဲ နိဗ္ဗာန်သို့မရောက်နိုင်ကြောင်း ဘုရားရှင် ဟောကြားတော်မူပေသည်။

ထို့နောက် လူဟာသေပြီးလျှင် ခုနစ်ရက်ကြာမှ ၎င်းသေသူ၏ ဝိညာဉ်သည် ဘဝကူးပြောင်းရသည်ဟူသော ယုံကြည်မှုသည်လည်း ကျွန်ုပ်တို့ထေရဝါဒပိဋကတ်တော်များ၌ မပါရှိပေ။ ထေရဝါဒအဘိဓမ္မာ သဘောအရ–

'ဝိညာဉ်မရှိ၊ လိပ်ပြာကောင်မရှိ၊ အသက်ကောင်မရှိ၊ လူဟာ သေပြီးလျှင် ခုနစ်ရက် ရက်မလည်၊ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့အလယ်မှာ အချိန်ကာလ အကြားကာလေးမျှမရှိ ဘဝသစ်ရောက်ဖို့ရန် ထိုမျှလောက်ပင်မြန်၏၊ ထို့ကြောင့် တစ်ဘဝမှ တစ်ဘဝသို့ အကြားမရှိ တိုက်ရိုက်ကူးပြောင်းသည်'

ဟူသာ ဖော်ပြထားပေသည်။

ယနေ့မျက်မှောက်ကမ္ဘာကို လေ့လာလျှင် ဗုဒ္ဓဘာသာသည် နေရာအတော်များများ တိုင်းပြည်အတော်များများတွင် နောက်ဆုတ်ပေးနေရကြောင်း တွေ့ရပါသည်။ ထိုသို့ နောက်ဆုတ်ပေးရသည့် အကြောင်းရင်းများကိုကြည့်လျှင် ဗြဟ္မဏဝါဒ၏ သွေး



www.burmeseclassic.com

www.burmeseclassic.com



ရောမှုကိုခံနေရသော မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားခဲ့ရာဒေသ အတော်များများတွင် ဗုဒ္ဓဝါဒအစား အခြားဝါဒများ၊ အခြားဘာသာရေးများက တိုးဝင်နေရာယူမှုကို ခံနေရကြောင်း တွေ့ရပါသည်။ တစ်ချိန်က ဗုဒ္ဓဘာသာဖြစ်ခဲ့သည့် အာရှတိုက် နိုင်ငံအတော်များများသည် ယခုအခါ ဗုဒ္ဓသာသနာတော် နေဝင်သွားပြီဖြစ်ကြောင်း ဝမ်းနည်းစွာ တွေ့ရပါသည်။ ဗုဒ္ဓဘာသာစစ်စစ်၊ ဗုဒ္ဓဝါဒစစ်စစ်ကို ကိုးကွယ်သူနည်းပါးလာပါပြီ။ တစ်ချိန်က ကမ္ဘာ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်း ကိုးကွယ်မှုမှ ယခုအခါ ဆယ်ရာခိုင်နှုန်းလောက်သာ ကိုးကွယ်သည့်အဆင့်သို့ ကျလာပါသည်။

မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ၌ တွင်း၌ မဟာယာန ဝါဒများ ရောနှောပါဝင်နေမှုမှာ အင်အားမသေးလှပါ။ ဘုရားကိုးဆူပူဇော်မှုများ၊ အထက်ပုဂ္ဂိုလ်၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ ဘိုးတော်များ၊ ဝိဇ္ဇာမယ်ဇီ၊ ဂါထာမန္တရား၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့များ၊ မှော်၊ စုန်း၊ ပယောဂ၊ ဗေဒင်၊ အဂ္ဂိရတ်၊ သိုက်၊ တဘောင်၊ စံနည်း၊ ဘာဝေါ၊ တိတ်နိမိတ်များ၊ နတ်ပူဇော်ပသမှုများ စသည်တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာကို ဖန်းပြပြီး ပြုလုပ်နေကြသော အပြုအမူများသာ ဖြစ်ပေသည်။

ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာ ပြဟ္မဇာလသုတ်၌—

'နည်းမမှန် လမ်းမကျသည့်အရာကို မမှန်ကန်ကြောင်း ဖြေရှင်းကြရမည်'

ဟု ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြခဲ့ပါသည်။

မဟာယာန ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်ဟု





ဆိုရသော်လည်း သီလ အခြေခံစသည်နှင့်စစ်မှန်သော(အသင်္ခတ) အင်အားများရှိသူတို့ မဟုတ်ကြကုန်။ အတ္တကို အစွဲသွတ်၍ ဗုဒ္ဓဘာသာအမည်မျှသာ ခံထားသော မဟာယာန၊ ဝဇီရယာန ကိုးကွယ်တို့သည်သာ သာသနာပြုနေကြသူများမှာ အသံဟစ်နေကြသော်လည်း အနတ္တသာသနာအား ဆင်တူယိုးမှားမှု၌ သတ်နေသော ရန်သူများပင် ဖြစ်ကြသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး၏ နောက်ဆုံးခံတပ် ဖြစ်နေပါသည်။ နောက်ဆုံးခံတပ် ကျလျှင် ဗုဒ္ဓဘာသာသာသနာတော် နေမင်းကြီး အနောက်ဂေါယာသို့ ဝင်ရပါလိမ့်မည်။

'ဗုဒ္ဓဘာသာသနာတော်မြတ်ကြီးအတွက် ရန်စွယ်ရန်ဘေး ကြုံတွေ့ရသည်ရှိသော် မိမိ၏ ကိုယ်ရေးကိုယ်တာကို စွန့်ပစ်၍ ထိုအန္တရာယ် မငြိမ်းမချင်း အစွမ်းကုန် ကြိုးပမ်းရမည်' ဟု ဒုတိယသင်္ဂါယနာတင်ရန်အတွက် ဦးဆောင်ခဲ့သော အရှင်ယသထေရ်မြတ်က မိန့်မှာတော်ခဲ့ပါသည်။

သို့အတွက် ယခုအခါ သာသနာတိုးတက်စည်ပင် ပြန့်ပွားရေးထက် သာသနာမဆုတ်ယုတ်ဘဲ တည်တံ့ခိုင်မြဲရေး၊ စင်ကြယ်သန့်ရှင်းရေးကို အရေးထားကာ ဤဆောင်းပါးကို နိဂုံးချုပ်ပါသည်။

ခမ္ဘရ်ယိ၊ ၁၉၉၄ ဒီဇင်ဘာလ။

*

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ နောက်ကွယ်၌

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကျင့်သုံးသောနိုင်ငံ ဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ကိုးကွယ်ခြင်းအကြောင်းကို တစေ့တစောင်း တင်ပြမည် ဖြစ်ပါသည်။

ထိုသို့တင်ပြရန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ စတင်ထုလုပ်ကိုးကွယ်ခြင်း၏သမိုင်းကြောင်းကို အနည်းငယ်ဖော်ပြရန် လိုမည်ဟု ထင်ပါသည်။

ခရစ်ကြိုနှစ် ဘီစီ ၃ ရာစု၊ သီရိဓမ္မာသောက မင်းကြီးလက်ထက်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ကိုးကွယ်ခြင်း မရှိသေးပေ။ ထိုခေတ်က ဗုဒ္ဓဘုရားရှင်၏ အသရေတော် ရူပကာယသည် အဖိုးမဖြတ်နိုင်သော အနဂ္ဃထိုက်တန်သော ရတနာနှင့်တူသည်။ ရတနာတစ်ခုကို ဤရွေ့ဤမျှ ထိုက်တန်သည်ဟု





တန်ဖိုးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုရတနာသည် အကန့်အသတ်ခံရသော ရတနာဖြစ်သွားသည်၊ အဖိုးဖြတ်နိုင်သော ရတနာအဖြစ်သို့ ကျရောက်သွားသည်။ ထို့အတူ ဗုဒ္ဓဘုရားရှင်၏ ပုံတော်ကို ရုပ်တုရုပ်ပွားများ ထုလုပ်ရေးဆွဲလိုက်ပါက ထိုဗုဒ္ဓ၏ ရုပ်တုရုပ်ပွားသည် အကန့်အသတ်ခံရသော ရုပ်တုရုပ်ပွားအဖြစ်သို့ ရောက်သွားနိုင်သည်။ တုမရှိသော အကန့်အသတ်မရှိသော အင်္ဂါတယ်သပ္ပာယ်တော်မူသော ဗုဒ္ဓဘုရားရှင် မဟုတ်တော့သည့် အဖြစ်မျိုးသို့ ရောက်ရှိသွားနိုင်သည်။ သို့ဖြစ်၍ ဗုဒ္ဓ၏ ရုပ်တုရုပ်ပွားများထုလုပ်ခြင်း မပြုသင့်ဟုယူဆခဲ့သော ဂိုဏ်းသားများ (အပရသေလသေလိယဂိုဏ်းမှ ပုဂ္ဂိုလ်များ)က ယူဆခဲ့ကြသည်ဟု ဆိုသည်။ ထို့ကြောင့် ဗုဒ္ဓနှင့် ဗုဒ္ဓဖြစ်စဉ်များကို သင်္ကေတများဖြင့်သာ ဖော်ပြကိုးကွယ်ကြလေသည်။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၆၀၀ ခန့် (အေဒီ-၁ ရာစု)လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်မှစ၍ ထုလုပ်ကိုးကွယ်ခြင်းဖြစ်သည်ဟု သုတေသီများက အဆိုရှိပေသည်။

ခရစ်ကြိုနှစ် ၃၂၇-၃၂၆ (ဘီစီ ၄ ရာစု)ခန့်က ဂရိလူမျိုးတို့၏ ဘုရင် အလီစန္ဒား(Alexander)သည် အိန္ဒိယပြည်မြောက်ပိုင်း အနောက်မြစ်ဝှမ်းကို သိမ်းပိုက်ခဲ့ရာမှ ဂရိလူမျိုးများ ဗုဒ္ဓဘာသာဝင် ဖြစ်လာကြပြီး ၎င်းတို့ ကိုးကွယ်သည့် နတ်ဘုရားများကို ရုပ်တုထုလုပ်ကိုးကွယ်ကြသလို မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းနှင့် ဟိန္ဒူဘာသာဝင်များ ရောယှက်လာရာမှ ဗုဒ္ဓဘာသာ နယ်ပယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ကိုးကွယ်သော အစဉ်အလာတစ်ရပ် ဖြစ်လာခဲ့ရပေသည်။

ဗုဒ္ဓရုပ်ပွားဆင်းတုခေတ်ဦးပိုင်းအချိန် ဗုဒ္ဓရုပ်တုရုပ်ပွားများ၏ မျက်နှာတော်သည် ဂရိလူမျိုးတို့၏ ကျောက်ဆစ်အနုပညာနှင့် ပေါင်းစပ်ထုလုပ်သည့်အတွက် (အပိုလိုနေနတ်သားကို အတုယူထုလုပ်သည်) ဂရိနတ်ရုပ်များ၏ မျက်နှာသဏ္ဌာန် ဩဇာလွှမ်းမိုးခဲ့ပေသည်။

ထိုသို့ဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များသည် ဂန္ဓာရခေတ်(အေဒီ ၂-၅)၊ ဂုပ္တခေတ်(အေဒီ-၅)၊ ပါလခေတ်(အေဒီ-၉)၊ မြန်မာနိုင်ငံ ပျူခေတ်(အေဒီ ၁-၉)၊ ပုဂံခေတ်(အေဒီ ၁၁-၁၃)၊ အင်းဝခေတ်(အေဒီ-၁၅)၊ ညောင်ရမ်းခေတ်(အေဒီ-၁၇)၊ အမရပူရခေတ်(အေဒီ-၁၈)၊ ရတနာပုံခေတ်(အေဒီ-၁၉) စသည်ဖြင့် ခေတ်အဆက်ဆက်တွင် ဟိန္ဒူဗြာဟ္မဏာများနှင့် ရောနှော၍လည်းကောင်း၊ မဟာယာနဂိုဏ်း၊ မဟာယာဉ်ဂိုဏ်း၊ တန္တရာယာနဂိုဏ်း၊ ဝဇီရာယာနဂိုဏ်း စသည့် ဂိုဏ်းအမျိုးမျိုးတို့ကို ကိုယ်စားပြု၍ အမျိုးမျိုးသော အသွင်သဏ္ဌာန်၊ မုဒြာ၊ အာသနများကို အဓိပ္ပာယ်ဖော်ဆောင် ထုလုပ်ကိုးကွယ်ခဲ့ကြပေသည်။

မုဒြာဆိုသည်မှာ ဗုဒ္ဓဘုရားရှင်၏ လက်တော်၊ ဟန်အနေအထားဖြစ်၍ အာသနဆိုသည်မှာ ဗုဒ္ဓဘုရားရှင်၏ ကိုယ်ဟန်ခြေတော်ဟန်ဟု ခေါ်ပေသည်။

ဗုဒ္ဓပဋိမာနယ်ပယ်တွင် ထင်ရှားသော မုဒြာ ၅၅ မျိုးရှိသည့်အနက် မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာဝင်များ အသိများသည့်





မုဒြာရှစ်မျိုးမှာ- (၁) ဓမ္မစက္ကမုဒြာ၊ (၂) ဘူမိဖဿမုဒြာ၊ (၃) ဝရဒမုဒြာ သို့မဟုတ် ဝရမုဒြာ (လာဘမုနိဟုလည်း ခေါ်သည်။) (၄) ဈာနမုဒြာ၊ (၅) အဘယမုဒြာ၊ (၆) မဟာကရုဏာမုဒြာ၊ (၇) ပါဠိဟာရိယ-ပြာဋိဟာရိယမုဒြာ (၈) ဒါနမုဒြာများ ဖြစ်ကြသည်။

ဓမ္မစက္ကမုဒြာ၏သဏ္ဌာန်မှာ ဗုဒ္ဓ၏လက်တော်နှစ်ဖက်ကို ရင်ညွန့်ဆီသို့ ပင့်တင်ပြီး လက်ဝဲလက်ဖဝါးကိုလှန်ကာ လက်ယာလက်ဖဝါးက ဖုံးအုပ်၍ လက်နှစ်ဖက်ဖြင့် စက်လှည့်နေဟန်၊ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောနေဟန်ဖြစ်ပါသည်။

ဘူမိဖဿမုဒြာ၏သဏ္ဌာန်မှာ ညာဘက်လက်ဖဝါးကို အတွင်းသို့ လှည့်မှောက်၍ လက်ချောင်းများ စမ္မခဏ်(အောက်ခံအခင်း)ကိုထိနေကာ ဘယ်ဖက်လက်ဝါးပြင်ကို ပက်လက်လှန်လျက် ပေါင်ခွင်ပေါ် တင်ထားသည်။ လက်ကို မြေသို့ချ၍ ပထဝီမြေကြီးကို သက်သေပြုလျက် မာရ်နတ်နှင့် စစ်သည်တို့အား အောင်မြင်တော်မူပုံ။

ဝရဒမုဒြာ-လာဘမုနိသဏ္ဌာန်မှာ လက်ယာဘက်လက်ကို အောက်သို့ ဖြန့်ချထားကာ လက်ဝါးပြင်ကို ကြည်ညိုသူ၏ဘက်သို့ပြထားသည်။ လက်ဝဲလက်ကိုမူ ပေါင်ခွင်ပေါ်တင်ထားတတ်ပြီး လက်ထဲ၌ သပိတ်တော်(သို့မဟုတ်) အမြိုက်ဖရဲစေ့တစ်လုံး ကိုင်ထားသော ဆုပေးနေဟန်။

ဈာနမုဒြာ၏သဏ္ဌာန်မှာ ပေါင်ခွင်ပေါ်တွင် လှန်၍ထားသော လက်ဝါးပြင်နှစ်ဖက်ကိုထပ်၍ ဈာန်ဝင်စားနေဟန်။



www.burmeseclassic.com

www.burmeseclassic.com



အဘယမုဒြာ၏သင်္ကေတမှာ လက်တစ်ဖက်ကို ပေါင်ခွင်ပေါ်တင်၍ ကျန်လက်တစ်ဖက်ကို အနည်းငယ်ထောင်ကွေးထားပြီး လက်ဝါးပြင်ကို အပြင်သို့လှန်ထားလျက် မစိုးရိမ်နှင့်ဟု ပြောနေဟန်။

မဟာကရုဏာသင်္ကေတမှာ လက်ဝဲလက်ကိုဖြစ်စေ၊ လက်ယာလက်ကိုဖြစ်စေ၊ ရင်ဘတ်တော်ကိုဖိနှိပ်လျက် လက်ဝါးကို အတွင်းဘက်လှည့်ထားပြီး ကြီးမားသော သနားခြင်းဖြစ်နေဟန်။

ပါဠိဟာရိယ–ပြာဋိဟာရိယမုဒြာ၏သင်္ကေတမှာ ဓမ္မစက္ကမုဒြာနှင့် ဆင်တူယိုးမှားဖြစ်သည်။ လက်ယာလက်မနှင့် လက်ညှိုးကိုကွေးကာ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းတို့ကို ကွေးထားလျက် အံ့ဩဖွယ်တန်ခိုး အထူးအဆန်းများကို ဖန်ဆင်းပြဟန်။

ဒါနမုဒြာ၏သင်္ကေတမှာ ဖူးမြော်သူ ဝေနေယျတို့အား ဗုဒ္ဓဘုရားရှင်လက်တော်ဖြင့် ဆုထူးဆုမြတ်များပေးဟန် ကောင်းချီးပေးနေဟန် ဖြစ်ပါသည်။

ဆက်လက်၍ ကျွန်ုပ်တင်ပြမည်မှာ ယခုကာလ မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာအတွင်းတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ကိုးကွယ်ခြင်း၏ အစွန်းရောက်မှု တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

ယခုကာလတွင် ဘုရားကို စေတီပုထိုးဆင်းတုများက ကွယ်နေတတ်သည်။ တရားကို ဓမ္မကထိကများက ကွယ်နေတတ်သည်။ သံဃာကို ဘုန်းကြီးရဟန်းများ ကွယ်နေတတ်ပေသည်။





အဘယ့်ကြောင့်ဆိုသော် လာဘ်လာဘ ပေါများစေချင်သည့်အတွက်(လောဘဇောဖြင့်) ဝရဒမုဒြာခေါ် လာဘမုနိကို ကိုးကွယ်ရမည်။ မိမိနှင့်အတိုက်အခံ ရန်သူပေါင်းကို အောင်နိုင်သူကြီးဖြစ်ရန် ဘူမိဖဿမုဒြာရုပ်ပွားကို ကိုးကွယ်ရမည်၊ မီးဘေးနိုးဘေးကင်းရန် ဒက္ခိဏာသာ၌ ကြာဖက်ကို ဦးခေါင်းသို့ရွက်စေ၍ မှိုကိုးချက်ရိုက်ခြင်း၊ (ဝါ)သံကိုးချောင်းရိုက်ခြင်း စသည်ဖြင့် ရုပအစိန္တေယျဖြစ်သော ဘုရားရှင်အား လောကီအစီအရင်များဖြင့် ကမ္ဘာပေါ်တွင် အရုပ်အဆိုးဆုံး လည်ကုပ်တိုတို၊ ပုအိုင့်အိုင့်ရုပ်တုတော်ကို ကိုးကွယ်ရမည်။ ထို့အပြင် မွေးနေ့–နေ့နံတို့ကိုလိုက်၍ နေ့နံနှင့် ဓာတ်သင့်သည့်သစ်သားကို ဗုဒ္ဓရုပ်ပွားထုလုပ်၍ ဆင်ခံ၍သော်လည်းကောင်း၊ နဂါးခံ၍သော်လည်း၊ ဗြဟ္မဏဝါဒအခြေပြု ဗေဒင်ကိန်းခန်းများရောနှောလျက် ထေရဝါဒဗုဒ္ဓဘာသာမှ လွတ်သော နည်းမျိုးစုံအစီအရင်များဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ထုလုပ်ကိုးကွယ်နေမှုမှာ ယခုခေတ်တွင် များစွာခေတ်စားလျက်ရှိပေသည်။

ထို့အပြင် ပေါ်ရာဏ စကားတစ်ရပ် ကြားဖူးပေသည်။ ရုပ်တုရုပ်ပွားနှင့်ပတ်သက်၍ ရုပ်က မုဏ္ဍားရုပ်၊ အရပ်က တောင်ဆုပ်၊ လှုပ်ကြည့်တော့ ကလုပ်ကလုပ်၊ ဘုရားမဟုတ် ညာတင်ကုပ် ဟုဖြစ်သည်။ ထိုညာတင်ကုပ်ရုပ်ပွားကို ကိုးကွယ်ခြင်းဖြင့် သိဒ္ဓိအမျိုးမျိုးပြီး၍ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်သည်ဟု အကြံအဖန်ပြုထားခြင်းဖြစ်သည်။

ညာတင်ကုပ်ဆိုသည်မှာ ဗုဒ္ဓဘုရားရှင်နှင့် သာဝကတို့သည်



www.burmeseclassic.com

www.burmeseclassic.com



သက်နှ်းဝတ်ရုံသည့်အခါ ညာဖက်ပခုံးသားကိုဖော်၍ ဘယ်ဘက်ပခုံးပေါ်တွင် သင်္ကန်းကိုတင်၍ ဝတ်ရုံကြသည်။ အထက်ပါ ညာတင်ကုပ်ရုပ်ထု၌ ဘယ်ဘက် ပခုံးသားကိုဖော်ကာ ညာဘက်ပခုံးပေါ်တွင် သင်္ကန်းကိုတင်၍ထားခြင်းဖြစ်သည်။ ကျမ်းပြုဆရာကြီးတစ်ဦးက "သဗ္ဗညုတ ဉာဏ်တော်ရှင်၏ ရုပ်လက္ခဏာသည် ရူပကာယပုဏ္ဏား၏ရုပ်လက္ခဏာမျိုးမဖြစ်သင့်ချေ" ဟု ပြောဖူးပေသည်။

ဂိုဏ်းသမားတို့ ထုလုပ်သည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များသည်လည်း ဘုရားဆင်းတုနှင့် မတူတော့ဘဲ ဂိုဏ်းတစ်ခုကို ကိုယ်စားပြုသည့် အမျိုးအမည် ခွဲခြားမရစကောင်းသော ရုပ်တုတစ်ခုသဖွယ် ဖြစ်လာရလေတော့သည်။ ယင်းအခြေအနေဆိုးကို ကုစားရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ညွှန်ကြားလွှာ အမှတ်(၄၁)ကို ထုတ်ပြန်ခဲ့ရသည်အထိ ဖြစ်ခဲ့ရပေသည်။

ဗုဒ္ဓ၏အဆင်းတော် အသံတော်၊ ဘုန်းတော်၊ တန်ခိုးတော်၊ ဉာဏ်တော်တွေကို အလွန်အမင်းကြည်ညိုပြီး ဗုဒ္ဓအနားက မခွာနိုင်အောင်ဖြစ်နေသည့် ဝက္ကလိရဟန်းတော်ကို ဗုဒ္ဓက "အိုဝက္ကလိ–ငါ၏ပူတိကာယ(အပုပ်ပြည့်တဲ့ကိုယ်ကြီး)ကို ကြည်ညို၍နေခြင်းဟာ ဘာအကျိုးရှိမည်နည်း၊ သွားလော့–ကြဉ်လော့" ဟု နှင်ထုတ်ခဲ့ဖူးပေသည်။ ထိုဗုဒ္ဓ၏အဆုံးအမတော်ကို ထောက်ချင့်ခြင်းအားဖြင့် ရုပ်ခန္ဓာကိုယ်ကြီးအား အလွန်အမင်း ကြည်ညိုကိုးကွယ်ခြင်းကို ဘုရားရှင်နှစ်သက်တော်မမူကြောင်း သိသာလှပေသည်။ ကျင့်သုံးဆောက်တည်မှု ဓမ္မကို ဘုရားရှင် ပဓာနပြုကြောင်းလည်း ပေါ်လွင်လှပေသည်။

မိတ်ဆွေ စာပေ



တစ်ဖန် ဗုဒ္ဓဘုရားရှင်သည် ကာလာမသုတ်တွင် ကေသမုတ္တိ ရွာသား ကာလာမ အမျိုးသားတို့အား အရမ်းကာရော လက်မခံရန် အချက်ကြီး(၁၀)ချက်ကို ဟောခဲ့ပေသည်။ မိမိတို့၏ကိုယ်ပိုင်ဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်တုံတရား လက်ကိုင်ထားလျက် အကြောင်းတရား အကျိုးတရားများကို နှိုင်းယှဉ်သုံးသပ်ကြရန် ဟောညွှန်ပြခဲ့လေသည်။

"ဇာတ်သရုပ်ဆောင်ကောင်းဆိုတာ ဘယ်" ကိုးကွယ်ရာမှ ဆောင်ဖြစ်တတ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို တစ်သဝေမတိမ်းလိုက်နာသော ထေရဝါဒ ဗုဒ္ဓဘာသာ၏အမြင်ဘက်မှ လွဲမှားသော အယူအဆများ၊ လွဲမှားသော အစီအရင်များဖြင့် ထုလုပ်ထားသည့် ရုပ်ပွားဆင်းတုတော်များကို (လောဘ၊ ဒေါသ၊ မောဟများဖြင့်)ကိုးလေသာထူပြောစွာ ကိုးကွယ်မိကြရန် သတိချပ်သင့်ကြပေပြီ။ ။

ကျမ်းကိုး

- သိပ္ပံ၌ခေတ်စံတော်ဝင်အရိယာများ။ (ဓမ္မာစရိယ ဦးရွှေလှိုင်)
- စေတီဆင်းတုသမိုင်းနှင့် ကိုးကွယ်မှုအကျိုးကျေးဇူး။ (ဦးဇာဂရ–ရန်ကုန်)
- အရှေ့တိုင်းယဉ်ကျေးမှုမိုချုပ်ချက်များ။ တတိယနှစ် ဝိဇ္ဇာသင်တန်း အတွဲ(၁)
- ကြာ(နန္ဒာသိန်းဇံ)
- မိန်းမလားလွန် ဗုဒ္ဓဘာသာ(ဦးသောင်းလွင်)
- ဗုဒ္ဓဝါဒသည် ရိုလေးကျင်းခေါ်သည့် ဘာသာရေးမျိုးမဟုတ်။ (သံကုန်းအရှင်ဉာဏိသရ)
- ဗုဒ္ဓဝါဒနှင့်အယူအဆများ။ (ရွှေဥဒေါင်း)

ဓမ္မရုံသီ၊ ၁၉၉၅၊ ဒီဇင်ဘာလ။

www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းမြီးခြုံ၍ ဝင်လာခြင်း

"အကြင်ပုဂ္ဂိုလ်အား နာမ်တရား, ရုပ်တရား အားလုံး၌ ငါ, ငါ့ဥစ္စာဟု မြတ်နိုးစွဲလမ်းမှုမရှိ၊ ထို နာမ်ရုပ်ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို ဘိက္ခုအစစ်ဟူ၍ ဆိုအပ်၏" **(ဓမ္မပဒ–၃၆၇)**

ဘုရားမြတ်စွာသည် ပွင့်သစ်စ ဘုရားဖြစ်သည်မှ ပရိနိဗ္ဗာန် စံသည့်တိုင် အနတ္တဓမ္မကိုသာ ဟောညွှန်သွန်သင်ခဲ့ပါ၏။ အနတ္တ ဓမ္မကို အတ္တဟု စွဲယူခြင်းသည် ပညာမဲ့သူတို့၏ အယူမှားမှုသာ ဖြစ်ပါ၏။ စင်စစ်အားဖြင့် ဗုဒ္ဓဝါဒ၌ အတ္တအယူကို လုံးဝ လက်မခံ ချေ။

ယခုအခါ ဘုရားမြတ်စွာ၏ အနတ္တဝါဒအတွင်းသို့ အတ္တ အယူဝါဒသည် ခေါင်းမြီးခြုံ၍ ခိုးကြောင်ခိုးဝှက်ချဉ်းနင်းတိုးဖောက် ဝင်ရောက်လာသည်ကို စောင့်ကြည့်လျှင် တွေ့မြင်နိုင်ပါ၏။





တန္တရ မန္တရ မဟာယာန၊ ဗြဟ္မဏဝါဒီတို့၏ အတ္တအယူ ဝါဒအပေါ် အနတ္တကိုဖန်းပြ၍ အသက်တောင်ကျော်ရှည်ပါသည်ဟု ညာမဲ့စွာကြေညာသော သက်နီးဝတ်ပုဂ္ဂိုလ်တချို့နှင့် အရိမေတ္တေယျ ဘုရားပွင့်မှ ပရိနိဗ္ဗာန်ပြုမည့် (ပင်လယ်သမုဒ္ဒရာတွင် နေသည် ဆိုသော)ရဟန္တာဆိုသူများ၊ ဂိုဏ်းလုပ်ငန်းစဉ်ဆိုင်ရာ အသေထွက်၊ အရှင်ထွက်ပုဂ္ဂိုလ်များ စသည်တို့သည် အနတ္တ သာသနာတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာကို ခုတုံးလုပ်၍ အတ္တဝါဒကို ဖြန့်ဖြူးသူ တို့သာ ဖြစ်ကြပါ၏။

ဘုရားမြတ်စွာက အတ္တအယူအစွဲ ပြင်းထန်သူတို့အား ရည် [illegible]၍ သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ ဒိဋ္ဌိဝဂ်၊ သောအတ္တာသုတ် [illegible]–

"ရဟန်းတို့– ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် (ခန္ဓာငါးပါး)ရှိလျှင် ထိုခန္ဓာငါးပါးကိုအစွဲပြု၍ ထိုခန္ဓာငါးပါး၌ အမှားနှလုံးသွင်း၍ ထိုအတ္တသည်၊ ထိုလောကသည်၊ ထို ငါသည်၊ တမလွန်ဘဝ၌မြဲသည်၊ ခိုင်ခံ့သည်၊ တည်တံ့ သည်၊ ဖောက်ပြန်ခြင်းသဘော မရှိသည်ဖြစ်အံ့ ဟူသော အယူသည်ဖြစ်၏" ဟု ဟောတော်မူပါ၏။

ထေရဝါဒ ဗုဒ္ဓဘာသာ၌ ပုဂ္ဂိုလ်တစ်ဦး၏ အသက်အပိုင်း [illegible]နှင့်ပတ်သက်၍ တန်ခိုးကြီးပါဒ်ရှိသော ပုဂ္ဂိုလ်သည် မဟာ [illegible]ယ်လုံး အသက်ရှင်နိုင်သလောဟူသော "ကပ္ပဗလကထာ"ကို [illegible]ကထာဝတ္ထု၌ အောက်ပါအတိုင်း အတိအလင်း [illegible]နှုန်းဟောကြားထားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပရဝါဒီ(ထေရဝါဒ၏ပြင်ပ)မဟာသံဃိက ဂိုဏ်းသားတို့က တန်ခိုးဣဒ္ဓိပါဒ်ရှိသူ(ဝါ) ဣဒ္ဓိပါဒ်လေးပါးကိုပွားပြီး သူသည် မဟာကပ်ပတ်လုံးအသက်ရှည်လိုက အသက်ရှင်နေနိုင်သည်ဟု ယူဆကြ၏။မြတ်စွာဘုရားရှင်က "ယဿ ကဿစိ အာနန္ဒ စတ္တာရော ဣဒ္ဓိပါဒါ ဘာဝိတာ၊ သော အကင်္ခမာနော ကပ္ပံ ဝါ တိဋ္ဌေယျ' = ဣဒ္ဓိပါဒ်လေးပါးကို ပွားများပြီးသူသည် အလိုဆန္ဒရှိပါမူ ကပ်တစ်ခုကြာရှည်အောင် အသက်ရှင်လျက် တည်နေနိုင်၏။"ဟု မိန့်တော်မူ၏။

ထိုစကားရပ်၌ 'ကပ်'ဟူသည် အာယုကပ်,အသင်္ချေယျကပ်,မဟာကပ်ဟူ၍ သုံးမျိုးရှိ၏။ သတ္တဝါတို့၏ မျိုးရိုးဆုံ၍ အနေ ချောက်တည်ရှိသော သက်တမ်းကို အာယုကပ်ဟု ခေါ်၏။ ကမ္ဘာပျက်ချိန်ကာလ ပျက်ပြီးအတိုင်းရှိနေသော ကာလ၊ ကမ္ဘာတည်ချိန်ကာလ၊ ကမ္ဘာတည်ပြီးနောက် သတ္တဝါတို့နေထိုင်သော ကာလဟူ၍ ကမ္ဘာ၏အချိန်ကာလကို လေးပိုင်းပိုင်း၍ တစ်ပိုင်းစီကို အသင်္ချေယျကပ်ဟု ခေါ်၏။ ပရဝါဒီတို့က ဘုရားဟောပါဠိတော်၌ "ကပ္ပံ"အရကို မဟာကပ်ဟု ယူလို၏။

သကဝါဒီ(ထေရဝါဒ)အလိုအရ "ကပ္ပံ"၌ အာယုကပ်ဟူသော သက်တမ်းကာလကို ယူရမည်။ သက်တမ်းစေ့ အသက်ရှင်နေနိုင်သည်ဟု ဆိုလို၏။ တန်ခိုးဣဒ္ဓိပါဒ်သည် အသက်ဟူသော ဇီဝိတကို ဖန်ဆင်းနိုင်ခြင်း ဖန်တီးနိုင်ခြင်း မရှိချေ။ လူတို့၌ နှစ် ၁၀၀ တမ်း စသည်ဖြင့် သက်တမ်းများရှိရာ တန်ခိုးရှိသူသည် သက်တမ်းကို ကိုအောင်





ရှည်အောင် မပြုနိုင်ချေ။ အသက်ကို အန္တရာယ်ပြုတတ်သည့် ဘေးရန်အန္တရာယ်တို့မှ တန်ခိုးဖြင့် တားဆီးကာကွယ်နိုင်သောကြောင့် အကာလမရဏခေါ် အချိန်မတိုင်မီ သေရခြင်းမှ လွတ်၏။ တန်ခိုးမရှိသူမှာ ထိုသို့ မကာကွယ်နိုင်သဖြင့် သက်တမ်းမစေ့မီ သေနိုင်၏။ ထို့ကြောင့် တန်ခိုးရှင်သည် မဟာကပ်ပတ်လုံး အသက်ရှင်နေနိုင်ဟူသော ပရဝါဒကို ပယ်အပ်၏။ *(ကထာ၊ ဝတ္ထု ၁၁၂-ဣဒ္ဓိဗလကထာ 'ဗုဒ္ဓသာသနာတော်-၂၅၀၀ခရီး'မောင်အုံ၊ မဟာဝိဇ္ဇာ၊ ဘုံဘေ)*

'ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏'ဟူသော အနတ္တသဘာဝတွင် မြဲခြင်း၊ မပျက်စီးခြင်းတို့သည် မလိုလားအပ်သော သဘောတရားတို့ ဖြစ်ပါ၏။ မလိုလားအပ်သော ဝါဒသဘောများ မလိုလားအပ်သော ပုဂ္ဂိုလ်တို့၏ ဂိုဏ်းများကို ထေရဝါဒ ဗုဒ္ဓဘာသာအတွင်းသို့ ဝင်မလာ မကျူးကျော်စေရန် ကာကွယ်ရမည်မှာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်ဖြစ်ပါ၏။

အသေထွက်-အရှင်ထွက်ဖြင့် ထွက်ရပ်ပေါက်ကာ လူမမြင်ရသော ခန္ဓာကိုယ်ဖြင့်နေခြင်း၊ အသက်မသေဘဲ အာယုကပ်ကို အလွန်အလွန် ကျော်နေပြီဖြစ်သော ထွက်ရပ်ပေါက်ဆိုသူ ပုဂ္ဂိုလ်များ၏ ရုပ်တုတို့ကို ဘုရားဆောင်ပေါ်တင်ပြီး ကိုးကွယ်နေခြင်းတို့မှာ ထေရဝါဒ ဗုဒ္ဓဘာသာအတွက် အမည်းစွက်များပင် ဖြစ်ပါသော၏။ တစ်ဖန် ဝိဇ္ဇာဓိုရ်ဟု သမုတ်၍ အသက်ထောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ရှည်သည်ဆိုသော သက်န်းဝတ်ကြီးများ၏ပုံကို အမျှော်လောဘဖြင့် ကိုးကွယ်နေခြင်း၊ တန္တ ရ၊ မန္တ ရ၊ မဟာယာန စသည့် ဂိုဏ်းဆိုင်ရာ လုပ်ငန်းစဉ်များကိုသာ အားပါနေကြခြင်းများသည် ဘုရားမြတ်စွာ၏ အနတ္တသာသနာတော်အား ခြားနားပုန်ကန်ခြင်းပင် ဖြစ်ပါတော့၏။

ဤသို့သော အခြေအနေဆိုးများနှင့် ဆက်နွယ်၍ ၄-၃-၂၀၀၁ ရက်နေ့က ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး၌ သဘာပတိဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သော ဘိတ မဟာထေရ်မြတ်ကြီးက အောက်ပါအတိုင်း မိန့်ကြားတော်မူပါ၏။

"...အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ပရိယတ် ပဋိပတ်ဟူသော ဂန္ထ ဓုရ၊ ဝိပဿနာဓုရကို အားမထုတ်ကြဘဲ တန္တ ရ၊ မန္တ ရအလုပ်များကိုသာ အားထုတ်ခဲ့ကြသည့်အတွက် မြတ်ဗုဒ္ဓ၏ သာသနာတော် ကွယ်ပျောက်ခဲ့ရပါသည်ဘုရား။ တပည့်တော်တို့ မြန်မာနိုင်ငံ၌လည်း ထိုတန္တ ရ၊ မန္တ ရ ဝါဒများကို အချိန်မီ မတားမြစ်မပြုပြင်နိုင်ပါက မြတ်ဗုဒ္ဓ၏ ထေရဝါဒသာသနာတော်နောင်ရေးအတွက် စိတ်မအေးဖွယ် ဖြစ်ပါသည်။ ဤအချက်ကို လေးလေးနက်နက် စဉ်းစားဆင်ခြင်တော်မူကြကာ အချိန်မီထိန်းသိမ်း ကာကွယ်နိုင်အောင် နည်းလမ်းရှာကြ၍





ကာကွယ်ကြ ဆောင်ရွက်တော်မူကြပါရန် အထူးသတိပေး တိုက်တွန်းပါသည်ဘုရား" ဟူ၍ ဖြစ်ပါ၏။

ထိုအချက်ကား ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ **'အထူးတိုက်တွန်းချက်'** သာရဏီယ ဩဝါဒကထာကို သွေးမဖြူဘဲ အလေးမူကြပါရန် ဆရာ-ဒကာတို့အား တပ်လှန့်ပေးသောအသံပင် ဖြစ်ပါ၏။

သတ္တဝါတစ်ဦးသည် မိမိတို့ ပဋိသန္ဓေယူရသော ကာလ၏ အသက်အပိုင်းအခြားထက် နှစ်ပေါင်းများစွာကျော်လွန်၍ အသက်ရှင်နိုင်သည်ဟူ၍လည်း ပဋိကတ်ကျမ်းများ၌ ဖော်ပြထားချက် လုံးဝမရှိချေ။

တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ပြုစုရေးသားတော်မူသော 'နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ' ကျမ်းစာ၌-

"အာယုကပ်ဟူသည် လူတို့၏အသက်တမ်းတည်း။ အာယုကပ်၏ အကြွင်းအကျန်ဟူသည် အသက်တမ်းထက် အပိုအလွန်ဖြစ်သော ကာလတည်း။ ဤဗွိပါဒ်လေးပါးကို ပွားများထားသော ပုဂ္ဂိုလ်သည် ထိုအသက်တမ်းတိုင်အောင်လည်းကောင်း၊ အနည်းငယ်ပိုအောင်လည်းကောင်း နေနိုင်၏ဟု မိန့်တော်မူလိုသည်" ဟု ဖွင့်ဆိုချက်ပြုဖော်ပြထားပါ၏။

အရှင်မဟာကဿပ၊ အရှင်ဗာကုလ အရှင်မြတ်ကြီးတို့သည်ပင် အာယုကပ်ထက် အနည်းငယ်ကျော်၍သာ နေကြရတော်မူပါ၏။ ဤ၌ ပိဋကတ်လာ စိတ်သာန်နိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင်ကျမ်းပြု အရှင်ရာဟုလာ ဆရာတော်က ၎င်းကျမ်းတွင် "ဗုဒ္ဓဂယာအနီး၊ တောင်အနီး၊ ရွာအနီး၊ ဇနပုဒ်အနီးသို့ သွားလာ၍ တရားဟောသည်။ ထူထပ်သော သစ်တောကြီးများထဲသို့ တစ်ဦးတည်းသွားလာနေတတ်၏။ သို့ပါလျက် 'ဤဆေးကိုစားနေရ၍ သို့မဟုတ် ဤအကျင့်ကို ကျင့်သောကြောင့် တပည့်တော် အသက်တစ်သိန်း ရှိပါပြီ' ဟု လျှောက်ထားသော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ အကြောင်းကိုမျှ ပိဋကတ်၌ ဖော်ပြထားသည်ကို မတွေ့ရချေ" ဟု ထောက်ထား ဝေဖန်ပြတော်မူပါ၏။

ဖြစ်ပျက်အစဉ် သင်္ခါရတို့၌ အနှစ်အမြဲတေ အစွဲကိုရှာလျှင် မောရုံသာရှိမည်ဖြစ်၏။ အကယ်၍ လူသားသည် ငြိမ်းအေးရာ နိဗ္ဗာန်ကို တကယ်လိုလားလျှင် ဘုရားမြတ်စွာ၏ အနတ္တဓမ္မကိုပင် မြင်သိရှုပွားရမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အနတ္တဓမ္မသည် နိဗ္ဗာန်၏အကြောင်း ဖြစ်ပါ၏။

"အကြင်အခါ သဘာဝတရားအားလုံးတို့သည် အတ္တ မဟုတ်ကုန်ဟု ဝိပဿနာပညာဖြင့် ရှုမြင်ကုန်၏။ ထိုအခါ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။"

(ဓမ္မပဒ-၂၅၉)

ဓမ္မရံသီ၊ ၂၀၀၁၊ ဒီဇင်ဘာလ။

❀

# ဝိညာဉ်လိပ်ပြာ မှားမိစွာ

လွန်ခဲ့သော BC-၃၀၀၀–၁၁၅၀ ကာလ ရှေးအီဂျစ်တို့ ဘာသာရေးတွင် ရေ(Re)နတ်ဘုရားနှင့် အိုဆီရစ်(Osiris)နတ်ဘုရားတို့သည်သာ ထင်ပေါ်ကျော်ကြား၍ အများစု ကိုးကွယ်ယုံကြည်ကြ၏။

ထိုစဉ်ကာလ အီဂျစ်လူမျိုးတို့၏ ယုံကြည်ချက်တစ်ခုမှာ လူသေသော်လည်း ဝိညာဉ်သည် မသေချေ။ ဝိညာဉ်သည် ခန္ဓာကိုယ်အဟောင်းထဲသို့ ပြန်လည်ဝင်ရောက်ခဲ့သော် သေခြင်းကင်း၍ ထာဝစဉ်အသက်နှင့် ခန္ဓာကိုယ်တည်မြဲသွားသည်ဟု ယုံကြည်ကြ၏။ ထို့ကြောင့် အီဂျစ်တို့သည် လူသေများကို မပုပ်မသိုးအောင် ဆေးဝါးများဖြင့် စီရင်ထားပြီး တာရှည်ခံအောင် ပြုလုပ်ထားကြ သည်။ ဘုရင်များ သေဆုံးသောအခါ သေသူနှင့်အတူ ၎င်းအသုံးပြုခဲ့သောလက်နက်၊ အဝတ်အထည်အစားအစာ အသုံးအဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း ပရိဘောဂများကိုပါ ရုပ်အလောင်းနှင့်အတူ မြှုပ်နှံကြလေသည်။

အိုဆီရစ်နတ်ဘုရားသည် အီဂျစ်တို့အဖို့ တမလွန်ဘဝတွင် အဆုံးအဖြတ်ပေးသော နတ်ဘုရားဖြစ်၏။ လူတစ်ဦးတစ်ယောက် သေဆုံးလျှင် ထိုသူ၏ဝိညာဉ်သည် အိုဆီရစ်နတ်ဘုရား၏ အဆုံးအဖြတ်ပေးရာ ဘုံဗိမာန်သို့အရောက် အလွန်ရှည်လျားသော ခရီးမြင်းကို ဖြတ်ကျော်သွားရ၏။ ဗိမာန်သို့ရောက်သောအချိန်တွင် အိုဆီရစ်က သေသူ၏ ဝိညာဉ်နှလုံးသားကို ငှက်တောင်ဖြင့် ချိန်စက်ကြည့်သည်ဆို၏။ ထိုငှက်တောင်သည် မှန်ကန်ခြင်းနှင့် တရားမျှတခြင်း၏ အမှတ်အသားဖြစ်သည်ဟူ၏။

ယနေ့ AD-၂၁ရာစု ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ အချို့သော ဗုဒ္ဓဝါဒီဆိုသူတို့ သေသူ၏ဝိညာဉ်(လိပ်ပြာ)ကို ချိန်ခွင်ဖြင့် ချိန်စက်၍ လိပ်ပြာခွဲသော ဓလေ့တစ်ခု ရှင်သန်ဆဲဖြစ်ကြောင်း တင်ပြလိုပါ၏။

ဤ၌ ကြားဖြတ်၍တင်ပြလိုသည်မှာ ထေရဝါဒ ဗုဒ္ဓဘာသာ အဘိဓမ္မာသဘောအရ သတ္တဝါတို့၏ ကိုယ်တွင်း၌ အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်ဟူ၍ လုံးဝမရှိပါ။ သတ္တဝါသည် စုတိစိတ်ဖြစ်ပြီးနောက် ဘဝသစ်၌ ပဋိသန္ဓေ ချက်ချင်းဆက်၏။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့၏အလယ်မှာ (အကြားမှာ) အချိန်ကာလ အကြားကလေးမျှ မခြားတော့ချေ။ ဘဝသစ်သို့ရောက်ဖို့ရာ ထိုမျှလောက်ပင် မြန်ဆန်၏။ ဘဝဟောင်းနှင့် ဘဝသစ်၏ကြား၌ အကြားကာလ(ခုနစ်ရက်လည်သည်)ဆိုသည်လည်း မရှိပေ။





ယခုအခါ မြန်မာနိုင်ငံ ဒေသအချို့တို့၌ သားသည်အမေများ ကွယ်လွန်သည့်အခါ သားငယ်သမီးငယ်တို့ကို စွဲငြိသော သံယောဇဉ်ကြောင့် ထိုကွယ်လွန်သူမိခင်၏ (သူတို့အခေါ်)ဝိညာဉ်လိပ်ပြာသည် သားသမီးငယ်တို့၏ ထံပါး၌ တဝဲလည်လည်ဖြစ်နေသည် ဆို၏။ ထိုအခါ ကွယ်လွန်သူမိခင်နှင့် သားငယ်သမီးငယ်တို့ကို အသုဘ သင်္ဂြိုဟ်သည့်နေ့တွင် လိပ်ပြာခွဲကြပါတော့သည်။

လိပ်ပြာခွဲပုံမှာ ချိန်ခွင်တစ်ခုကို အသုဘမဏ္ဍပ်၏ ထုတ်တန်းတွင် ချိန်ဆွဲ၍ ချိန်၏။ အချို့ကလည်း ချိန်ခွင်ကို လက်ဖြင့်ကိုင်မြှောက်၍ ချိန်ကြ၏။ ချိန်ခွင်၏တစ်ဖက်ခွက်ထဲ၌ သေသူမိခင်၏အင်္ကျီကိုထည့်၍ ကျန်ခွက်ထဲ၌ ကျန်ရစ်သူသားငယ်သမီးငယ်တို့၏ အင်္ကျီကိုထည့်ကာ ချိန်ရ၏။ အကယ်၍ အလေးချိန်မညီလျှင်ညီအောင် ပေါ့သည့်ဘက်မှ တစ်စုံတစ်ခု ပံ့ပိုးထည့်ရ၏။ ချိန်ခွင်လျှာကို ၉၀ ဒီဂရီမတ်အောင် ငြိမ်ငြိမ်ထားပြီး ရစ်ကွက်ထဲမှ နတ်ကတော်သို့မဟုတ် ဘွားတော်ဆိုသူ တစ်ဦးဦးက သေဆုံးသူမိခင်အမည်ကို ခေါ်ဆိုရေရွတ်၍ ဝိညာဉ်လိပ်ပြာကို ဖိတ်ခေါ်ရ၏။

ခဏအကြာတွင် ကွယ်လွန်သူမိခင်၏ သားငယ်သမီးငယ်များကို ဦးကြီး၊ ဒေါ်ကြီး၊ မောင်ကြီး၊ မကြီးစသည့် တစ်ဦးဦးအားပေးထားခဲ့ရန် ကွယ်လွန်သူမိခင်၏ ဝိညာဉ်လိပ်ပြာထံ တောင်းဆိုရ၏။ ဝိညာဉ်လိပ်ပြာက မပေးဘူးဆိုလျှင် ချိန်ခွင်သည် လျှာမထွက်ဘဲ ပကတိငြိမ်သက်နေသည်ဆို၏။ အကယ်၍ ဝိညာဉ်လိပ်ပြာက ပေးမည်ဆိုလျှင် ချိန်ခွင်လျှာသည် သားသမီးများ၏ အင်္ကျီထည့်



www.burmeseclassic.com

ထားရာဘက်သို့ စောင်းငဲ့ကျသည်ဆို၏။ (အမှန်မှာ တစ်စုံတစ်ခုသော ပယောဂကြောင့် ချိန်ခွင်လျှာအနည်းငယ် လှုပ်ရှားခြင်းသာဖြစ်သည်။)ဤသို့ဖြင့် သေသူနှင့် လိပ်ပြာခွဲကြတော့၏။

တစ်ခါက ဤသို့အလုပ်ကောင်း၍ ထုတ်တန်း၌ ချိတ်ဆွဲထားသော ချိန်ခွင်လျှာသည် မည်သည့်ဘက်သို့မျှ မစောင်းငဲ့သဖြင့် (သေသူမိခင်က သားသမီးငယ်တို့ကို စိတ်ချလက်ချမထားနိုင်ခဲ့သောကြောင့်ဟု လီဆယ်ပြောကြသည်။) အသုဘမှာချိန်အလွန်အလွန် နောက်ကျခဲ့ရ၏။ ပါးနပ်သူတစ်ဦးက တစ်စုံတစ်ခုကို ချိန်ခွင်ထဲသို့ မသိမသာထည့်လိုက်တော့မှ လိပ်ပြာခွဲသည့်ကိစ္စ ပြီးဆုံး၍ အသုဘပို့ဆောင်ရတော့၏။

အကယ်၍ ချိန်ခွင်ကို လက်ဖြင့်ပင် ကိုင်မြှောက်၍ ချိန်စက်လျှင် အချိန်ကြာမြင့်ခြင်းဆိုသည့် ပြဿနာ မရှိတော့ပေ။ လက်လှည့်နည်းဖြင့် ချိန်ခွင်လျှာကို လိုသည့်ဘက်သို့ ထွက်စေကာလုပ်ကြံမှုကြီးကို ပြီးမြောက်စေ၏။ အချို့ ပါးနပ်သူတို့ကလည်း ချိန်ခွင်၏ပစ္စည်းထည့်ရာ အောက်ဘက်သို့ သံလိုက်ကပ်၍လည်း လှည့်စားလိမ်လည်ကြပါ၏။

အထက်ပါ လုပ်ရပ်များကို ထေရဝါဒ ဗုဒ္ဓဘာသာအမြင်ဖြင့် မီးမောင်းချိန်ထိုး စိစစ်ကြည့်လိုက်သောအခါ လူမိုက်သော သူခိုးကဲ့သို့ မပြေးသာမကွယ်သာ အလိမ်ထုပ်ကြီး ပြေကျရလေတော့၏။

ထေရဝါဒ ဗုဒ္ဓဘာသာ အဘိဓမ္မာ သဘောအရ အဆိုပါ အတ္တ၊ ဇီဝ၊ လိပ်ပြာ၊ ဝိညာဉ်ဟူသော အယူအဆတို့ကို လက်





ခံပါသော်လည်း မြန်မာနိုင်ငံသို့ ထိုဝါဒ အဘယ်မှ ဝင်ရောက်လာပါသနည်း။ ဗုဒ္ဓဘုရားရှင်နှင့် ခေတ်ပြိုင်ပေါ်ခဲ့သော ယခုအခါ ဂျိန်းဘာသာဟုခေါ်သော နိဂဏ္ဌနာဋပုတ္တ၏ အယူဆဖွဲ့မှုကား အတ္တမာဟုခေါ်သော ဝိညာဉ်လိပ်ပြာကောင်ရှိသည်ဟု ဆို၏။ ယင်းအတ္တမာဟုခေါ်သော ဝိညာဉ်လိပ်ပြာသည် ခန္ဓာကိုယ်ပမာဏ ထင်ရှားရှိသည်ဟု ဆို၏။

B.C-၃ ရာစု တတိယသင်္ဂါယနာတင် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီး၏ ကထာဝတ္ထုပါဠိတော်၌ 'ပုဂ္ဂလဟုခေါ်သော အတ္တ(ဇီဝ-ဝိ-ဝိညာဉ်လိပ်ပြာ) အမြဲရှိနေသည်။ မပျက်မစီး အမြဲတည်နေသည်။ ထိုဘဝမှ ဤဘဝသို့ ကူးပြောင်းကျင်လည်နေသည်ဟု ယူဆသော ပရဝါဒီ(ထေရဝါဒနှင့် ဆန့်ကျင်ဘက်ဂိုဏ်း)တို့၏ ဝိညာဉ်လိပ်ပြာ အယူအဆကို မှားယွင်းကြောင်း ထောက်ပြသန်ထားပါ၏။

ဤကထာဝတ္ထုကျမ်းကား သစ်ပင်၌တွယ်ကပ်ပေါက်နေသော ကျီးပေါင်းများစွာကို ခွာချပစ်သကဲ့သို့ မူရင်းဗုဒ္ဓဘာသာဖြစ်သော ထေရဝါဒပင်မကြီးအား တွယ်ကပ်လာသော ဆုံတူရိုးမှားအရားတုများကို ပယ်လှန်ခွာချသော ကျမ်းကြီးဖြစ်ပါ၏။

တစ်ဖန် ဤကထာဝတ္ထုကျမ်း ၇၄ အန္တရာဘဝကထာ၌လည်း 'ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ကူးပြောင်းရာ၌ ချက်ချင်းဘဝသစ်သို့ ကူးပြောင်းရောက်ရှိသွားသည်မဟုတ်' ဆိုသည့် ပရဝါဒီတို့၏ အဆိုကို 'ဘဝတစ်ခုနှင့် တစ်ခုအကြား၌ ကြားခံဘဝမှု၍မရှိ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘဝမှ တစ်ဘဝသို့ အခြားမရှိ တိုက်ရိုက်ကူးပြောင်း၏’ဟု ချေဖျက်ထားသည်။

မြန်မာနိုင်ငံ ဟံသာဝတီ ဆင်ဖြူရှင်ခေါ် ဘုရင့်နောင်မင်း (၉၁၂–၉၄၃) လက်ထက်တွင် ရှမ်းပြည်နယ်ဘက်၌ စော်ဘွားတို့ သေလျှင် စော်ဘွားစီးသော ဆင်၊ မြင်း၊ ကျေးကျွန်တို့ကိုသတ်၍ တွင်း၌အတူ ထည့်မြှုပ်ခြင်း(သေသည့်၏အခြားမဲ့၌ သေသူ၏ ဝိညာဉ်လိပ်ပြာသည် အခြွေအရံနှင့် ဥစ္စာပစ္စည်းများ ဆက်လက် ရရှိစေရန်)စသည့် မိစ္ဆာဒိဋ္ဌိအယူများကို ဘုရင့်နောင်မင်းတရားကြီးက အာဏာစက်ဖြင့် တားမြစ်ပိတ်ပင်ခဲ့ဖူးသည်။ *(အခြေပြု မြန်မာနိုင်ငံ ရေးသမိုင်း ပထမတွဲ နှာ–၃၇၃)*

ယခုအခါ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် အံမဝင်ခွင်မကျသော အယူအဆ၊ အယုံအကြည်၊ အပြောအဆို၊ အရေးအသား အပြုအမူ လုပ်ရပ်များကား များစွာရှိပါ၏။

လူသေသည့်အခါ အသက်လိပ်ပြာကောင် ထွက်သွားခြင်း၊ လောက်လမ်းသဖွယ် ဝိညာဉ်တွယ်ခြင်း၊ သေသူ၏ဝိညာဉ်လိပ်ပြာ ကို သံချိုင်းကုန်းမှ သစ်ခက်ဖြင့်ခေါ်ယူခြင်း၊ သူမ၏လိပ်ပြာလှ၍ နတ်က တော်ကောက်ခြင်း၊ လိပ်ပြာနုတ်ခြင်း၊ လိပ်ပြာခေါ်ခြင်း၊ လိပ်ပြာလန့်ခြင်း၊ လိပ်ပြာသန့်ခြင်း၊ လိပ်ပြာကြိုးဆွဲခြင်း၊ လူသေလျှင် ခုနစ်ရက်လည်မှ ဝိညာဉ်လိပ်ပြာက ဘဝကူးခြင်း၊ သေသူခုနစ်ရက် မပြည့်မချင်း သေသူအတွက် အိပ်ရာ၊ နေရာခင်းပေးခြင်း၊ အလောင်း အနီး၌(သို့မဟုတ်) အိပ်ရာနေရာအနီး၌ စားသောက်ဖွယ်ချကျွေး ခြင်း၊ စားမြိန်စာထုပ်၊ ကူးတို့ခထည့်ခြင်း၊ ရေအိုးခွဲခြင်း၊ အခေါင်း၌





လေရှူပေါက်ဖောက်ခြင်း၊ သေသူ၏ဝိညာဉ်ဆင်းရန် အိမ်၌ စတိ သဘော လှေကားလုပ်ခြင်း စသည် များလှစွာသော မှားယွင်း ချွတ်ချော်တိမ်းစောင်းမှုတို့သည် ဘုရားမြွက်စွာ၏ ဒေသနာတော် နှင့် မည်သို့မျှ မအပ်စပ်ပါပေ။ အမှားကြာလျှင် အမှန်ဖြစ်၍ အမှိုက်ကာစ ပြာသာဒ်မီးလောင်တတ်သည်ကို သတိမူရာ၏။

ကွယ်လွန်ခြင်းကိစ္စနှင့်ပတ်သက်၍ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ ပြုစုတော်မူသော ကိုယ်ကျင့် အဘိဓမ္မာကျမ်းစာ၌ အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားပါ၏။

“...တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရွှေ့ရာ၌ သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးလုံးမှလွတ်ကင်း၍ သမ္မာဒိဋ္ဌိ အယူဖြစ်အောင် သတိထားရမည်။ ထိုဒိဋ္ဌိနှစ်မျိုးတွင် ‘ဘဝဟောင်း ရုပ်နာမ် ခန္ဓာအိမ်၌ အသက်ကောင်လေးရှိ၏။ ထိုအသက်ကောင်ကလေး သည်ပင် ခန္ဓာအိမ်အသစ်လဲကာ ဘဝသစ်ပြောင်းရွှေ့၍ဖြစ်၏’ ဟူသော အယူသည် သဿတဒိဋ္ဌိတည်း။ (သဿတ=မပြတ်မစဲ အသက်ကောင် ကလေးမြဲဟူ၍+ဒိဋ္ဌိ=ယူမှားခြင်း) ‘ဘဝဟောင်းက ရုပ်နာမ်အားလုံးသည် (သူတို့ထင်သော အသက်ကောင်နှင့်အတူ) ဘဝသစ်၌ လုံးဝ အဆက်အစပ်မရှိတော့။ သတ္တဝါတစ်ကော င် သေလျှင် ဘဝဟောင်းက အရာဝတ္ထုတွေအားလုံး ပြတ်စဲ၏။ ဘဝသစ်၌ ထာဝရဘုရားရှင် ဖန်ဆင်းမှုကြောင့် အခြားသတ္တဝါ တစ်ယောက်သော အသစ်ဖြစ်တန်လျှင် ဖြစ်ရသည်’ ဟူသောအယူ သည် ဥစ္ဆေဒဒိဋ္ဌိမည်၏။ (ဥစ္ဆေဒ=တစ်ဘဝတုံးလျှင် တစ်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်နာမ်တွေအားလုံးပြတ်၏။ နောက်ထပ် ဆက်သွယ်ခြင်းမရှိ။ ဒိဋ္ဌိ=ယူမှားခြင်း)။

'သတ္တဝါတို့၏ အဝိဇ္ဇာ,တဏှာ,ကံ ဤတရားသုံးပါးသည် ဘဝသစ်၌ဖြစ်ဖို့ရာ အချုပ်အခြာတည်း။ သေခါနီး၌ အဝိဇ္ဇာသည် ဘဝသစ်၌ ရုပ်နာမ်ခန္ဓာအဖြစ်ကို မမြင်အောင် ဖုံးထား၏။ တဏှာက ထိုဘဝသစ်ကို တပ်မက်ခင်မင်လျက်ရှိ၏။ မကောင်းဆိုးဝါး ကြောက်မက်ဖွယ် ဂတိနိမိတ်ထင်လာစေကာမူ ထိုနိမိတ်တို့မှ လွတ်လပ်သောဘဝကို ရလိမ့်မည်ထင်၏။ ထိုသို့ အဝိဇ္ဇာဖုံးထားသဖြင့် အပြစ်မမြင်နိုင်ဘဲ တဏှာက ညွတ်ကိုင်းစွဲလမ်းရာ ဘဝသစ်၌ ကံအစွမ်းကြောင့် ပဋိသန္ဓေဟုခေါ်သော ရုပ်နာမ်တရားများ ရှေးဦးစွာ စတည်မိကြလေသည်' ။

ကျမ်းကိုး

၁။ ကိုယ်ကျင့်အဘိဓမ္မာ–အရှင်ဇနကာဘိဝံသ မဟာဂန္ဓာရုံ–တောင်မြို့။
၂။ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတွေးမြင်ယူဆမှု–အရှင်သုနန္ဒ
၃။ ပိဋကတ်တော်လာ စိတ်တန်ခိုးနှင့်အကြားအမြင်–အရှင်ရာဟုလာ
၄။ ဗုဒ္ဓသာသနာတော်–၂၅၀၀–ခရီး မောင်အုံ(မဟာဝိဇ္ဇာ–ဘုံဘော)
၅။ အခြေပြုမြန်မာနိုင်ငံရေးသမိုင်း–ပထမတွဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

ဓမ္မရုံသီး ၂၀၀၂၊ ဇန်နဝါရီလ

*

# ဆရာတော်ကြီးများ၏ ပွင့်လင်းစွာဆွေးနွေးခြင်းမှတ်ချက်များ

"တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း" ကို 'သုတေသနပြုသည်'ဟု အဘိဓာန်၌ ဖွင့်ဆိုပါ၏။ ခေတ်လူငယ်တို့၏ ခေတ်အမြင်၊ ခေတ်အတွေးသည် သုတေသနနယ်ပယ်သို့ ချဉ်းနင်းလျက်ရှိပါ၏။ ဤအခါ ဖြစ်စဉ်ဖြစ်ရပ်တို့ကို သင့်လျော်သော အကြောင်းဖြစ်၏–မဖြစ်၏၊ နည်းလမ်းကျ၏–မကျ၏၊ ယုံနိုင်ဖွယ်ရှိ၏–မရှိ၏၊ သဘာဝကျ၏–မကျ၏ စသည့် ယုတ္တိ–ယုတ္တာများဖြင့် ရှုမြင်ကြတော့၏။ ထိုမှတစ်ဖန် တိုးတက်၍ ဘုရားမြတ်စွာ၏ ဓိဘင္ဂဝါဒဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်း၊ ဝေဖန်ဆန်းစစ်ခြင်းတို့နှင့်အတူ ဉာဏ်ကွန့်–ဉာဏ်ပြန့်ကာ အနှစ်တရားထံသို့ တူရူပြုကြရပေတော့မည်။

စိတ်သွေ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ အတွေးအမြင်နှင့် ဝိဇ္ဇာဉာဏ် ထက်သန်စေရန် ရည်ရွယ်၍ ကျမ်းတတ်အကျော် ဆရာတော်ကြီးများ၏ ပွင့်လင်းသော ဝေဖန်ဆန်းစစ်မှုများကို မျှဝေတင်ပြမည်ဖြစ်ပါ၏။

## မြတ်စွာဘုရား၏အရပ်တော်

မြတ်စွာဘုရား၏ အရပ်တော်အဆုံးအဖြတ်ကို မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံ၏ ပွင့်လင်းသော ဆွေးနွေးချက်ကို မှတ်ချက်ပြုတင်ပြပါမည်။

ဘုရားရှင်၏အရပ်တော်ကို ဗုဒ္ဓဝင်ပါဠိတော်ကြီး၌ "သောဠသ ဟတ္ထုဗ္ဗေဓ=၁၆ တောင်" ဟု ဆို၏။ များစွာသော အဋ္ဌကထာတို့၌ "အဋ္ဌာရသ ဟတ္ထုဗ္ဗေဓ=၁၈ တောင်" ဟု ဆို၏။ သုတ်မဟာဝါ ဋီကာ၌ "ဒွါဒသ ဟတ္ထော=၁၂ တောင်မြင့်၏" ဟု အပရေဝါဒရှိ၏။ ၁၈ တောင် ယူသူတို့က ဘယ်ဝါဒကို အတည်ပြုကြသနည်း။ ၁၈ တောင်ဟူသည် တော်တော်မြင့်သော အိမ်၏ခေါင်မိုးလောက် ရှိ၏။ ထိုအတိုင်းမှန်လျှင် ဘုရားရှင်ကို ဆွမ်းလောင်းလိုသောအခါ လှေကားထောင်လျက် အတော်မြင့်အောင်တက်၍ လောင်းကြရပေလိမ့်မည်။

## ထောက်ထားလျက်

၁။ "မည်း ဖြူ ဆူ ကြုံ၊ နိမ့်မြင့်တုံ၊ မှတ်ကုန်ပြစ်ခြောက်ပါး" ဟူသော အပြစ်တို့တွင် မြင့်လွန်းသော အပြစ်ရှိရာ၏။





စင်စစ်ကား ဘုရားရှင်၏အရပ်တော်သည် မနိမ့်–မမြင့် အဆင်သင့်ရှိသာ။

၂။ အကယ်၍ ၁၈ တောင်မျှ အရပ်တော်မြင့်နေလျှင် "တန်ခိုးကြီးမှာပေါ့ကွာ၊ အရပ်တော်ကြီးကိုက နည်းတာမှမဟုတ်ဘဲ၊ လူသားစင်စစ် ဟုတ်ချင်မှလည်း ဟုတ်မှာ" ဟု ပြောစရာဖြစ်ပေလိမ့်မည်။ (မဟာပဒါနသုတ်ဋီကာ)

၃။ ထို့အပြင် အရပ်တော် ၁၈ တောင်ရှိနေလျှင် ကိုယ်လုံးတော် ပမာဏ၏ ရှေ့ပိုင်းထက်ဝက်မှာပင် လေးတောင်ခန့်ရှိရာ၏။ ထိုမျှကြီးကျယ်ခဲ့သော် ယခုကာလ မိန်းမများထက် အလွန်မကြီးမားသော မိဖုရားများနှင့်အတူ ထီးနန်းစံတော်မူလို့မှ သင့်လျော်ပါမည်လော။ (ဤနေရာ၌ တန်ခိုးတော်ဟု ဆိုကြဦးမည်လား)

၄။ "ဘုရားဖြစ်မှ အရပ်တော်မြင့်သွားသည်။ လူတုန်းကတော့ သူလို ကိုယ်လိုပါပဲ" ဟု ဆိုပြန်အံ့။ ဘုရားဖြစ်ပြီးမှလည်း ထူးခြား၍ မမြင့်ပါ။ ဘုရားဖြစ်ပြီး မကြာမီပင် ဥပကတက္ကတွန်းကြီးနှင့် လမ်းခရီးမှာ တွေ့ဖူး၏။ ဥပက,က သပ္ပာယ်သော ရဟန်းတစ်ပါးဟုသာ မှတ်ထင်လေ၏။ (မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ရာသိဝဂ်၊ ပါသရာသိသုတ်)

၅။ ........................။ ၆။ ........................

၇။ ........................

၈။ မဂဓတိုင်းမည်သော ပုဏ္ဏားသည် သမီးချောအတွက် သားမက်လိုက်ရှာလေရာ ဘုရားရှင်ကို တွေ့လေသည်။ အကယ်၍ သမီးနှင့်အရွယ်, အရပ်ချင်း အလွန်အမင်း ကွာခြား၍နေလျှင်



www.burmeseclassic.com

www.burmeseclassic.com



သားမက်ဖမ်းဖို့ မမှန်းတန်ရာ။ (ဓမ္မပဒအဋ္ဌကထာ၊ သမာဝတီဝတ္ထု)

၉။ ..................။ ၁၀။ ..................

၁၁။ ..................။ ၁၂။ ..................

၁၃။ ..................။ ၁၄။ ..................

၁၅။ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာသည် သူဆင်မြန်းနေကျဖြစ်သော "မဟာလတာ"တန်ဆာဖြင့် အလောင်းတော်ကို ပူဇော်လေရာ ဦးခေါင်းတော်မှ ခြေများတိုင်အောင် ဖုံးလွှမ်းနိုင်သည်မှာ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာဆိုသည်။ ၁၈ တောင်ဖြစ်ရိုးမှန်လျှင် ထိုတန်ဆာသည် အလောင်းတော်၏ တစ်ကိုယ်လုံးကို မဖုံးနိုင်ရာ။

(ရတနာဂုဏ်ရည် ကျမ်းစာ၊ နှာ–၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀။ အရှင်ဇနကာဘိဝံသ–မဟာဂန္ဓာရုံ)

## တိတ်တဆိတ်တောထွက်ခြင်းမဟုတ်

ထပ်မံတင်ပြမည်မှာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်းသည် တိတ်တဆိတ်မဟုတ်ကြောင်း အသျှင်သုနန္ဒ ဆရာတော်က အောက်ပါအတိုင်း ပွင့်လင်းစွာ ဆွေးနွေးတင်ပြခဲ့ပါသည်။

"သိဒ္ဓတ္ထမင်းသားအား ရဟန်းဘဝဝင်ရောက်ပြီး တောထွက်ဘုရားရာဖွေ ကျင့်သုံးခြင်းကို ခမည်းတော် သာကီယသုဒ္ဓေါဒနမဟာရာဇာနှင့် မယား,ဆွေမျိုးတို့က သဘောမတူသည်မှာ ပိဋကတွင် ထင်ရှားသည်။ ခမည်းတော်နှင့် သားမယား၊ ဆွေမျိုးများ





သိအောင် ညအချိန်နှင့် တိတ်တဆိတ် တောထွက်သည်ဆိုသော အကြောင်းသည် ပိဋကတ်တွင် မလာရှိချေ။ "မိဘများ သဘောမတူ တန့်ကွက်တားမြစ် ငိုယိုစဉ်ပင် တောထွက်ရဟန်းပြုခဲ့ကြောင်း" သာ ပိဋကတ်၌ လာလေသည်။"

(မဟာသစ္စကသုတ်၊ မဇ္ဈိမနိကာယ်နှင့် သင်္ဂါရဝသုတ်၊ ဗောဓိရာဇကုမာရသုတ်နှင့် အခြားသုတ်များတွင်) "နောင်အခါ၌ မျိုးမြစ်သည်သာလျှင် ဖြစ်၍ကောင်းစွာ မည်းနက်သည့် ဆံပင်ရှိသော ပဌမအရွယ်နှင့် ပြည့်စုံသဖြင့် အရွယ်ကောင်းသော ထိုငါသည် မလိုလားသော အမိအဖတို့ မျက်ရည်ယိုစီးလျက် ငိုကြွေးကုန်စဉ် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှထွက်ခွာ၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏" ဤသို့ ဗုဒ္ဓကိုယ်တိုင် ဟောကြားသော ဒေသနာများသည် ပိဋကတ်တို့တွင် အတော်များများ ပါရှိလေသည်။ သုတ္တန်ပိဋကတ်တော်လာ တောထွက် ရဟန်းပြုခန်းသည် အဋ္ဌကထာတို့တွင်လာသော ဘုရားလောင်း တောထွက်ခန်းနှင့် မတူညီချေ။ စင်စစ်ဘုရားလောင်းသည် သုတ္တန်ပိဋကတ်လာ စကားများအရ တောထွက်ကြောင်းသာ ဖြစ်တန်ရာသည်။ (ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု၊ ပထမတွဲ၊ နှာ–၁၀၉၊ ၁၁၀၊ အသျှင်သုနန္ဒ)

## အဋ္ဌကထာ ဋီကာ၌ မပါ–မရှိ

ယခုတစ်ဖန် သပိတ်အိုင်ဆရာတော် အရှင်ဉာဏိဿရ၏ ဓာတုဝိဘင်္ဂ သုတ္တန်တရားတော် ကျမ်းစာအုပ်မှ ဆရာတော်၏



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းသည့် ဟောပြောမှုကို မှတ်ချက်ပြုတင်ပြပါမည်။

"ဒီနေရာမှာ ဘုန်းကြီးတို့ တစ်ခုပြောရမယ်၊ ခြေဖျားနှင့် နင်းထားတယ်ဆိုတဲ့စကားသည် ဘုန်းကြီးတို့ အဋ္ဌကထာနှင့် ဋီကာမှာ မပါဘူး။ ဓာဌာဓာတုဝင်ကျမ်းက ဆိုတဲ့စကား။

အနာဂါမ်ပုဏ္ဏားက ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ စွယ်တော်ကို ခြေဖျားနှင့် နင်းထားတယ်ဆိုတာကို ဘုန်းကြီးတို့ မရိုသတ်ကတော့ ဘယ်လိုသဘောကျမလဲတော့ မသိဘူး၊ ဘုန်းကြီးကတော့ စာကြည့်ပြီး မကြိုက်ဘဲ ဖြစ်နေတယ်။

ဩော်-ဘုရားရဲ့စွယ်တော်ကိုများ ခြေဖျားနဲ့နင်းထားရသတဲ့လား၊ မီးသွေးခဲထဲ အသားလေးထိုးထည့်ပြီးတော့ ပြာလေး ဘာလေးနှင့် ဖုံးထားလဲ ဖြစ်သားပဲ"

(ဓာတုဝိဘင်္ဂသုတ္တန်တရားတော်၊ နှာ-၁၁၅၊ ၁၁၆)

## ရှင်လေးပါး သေလေးပါး

တစ်ဖန် ဆရာတော် အရှင်ရာဟုလာက ရှင်လေးပါး၊ သေလေးပါးအကြောင်းနှင့် ဆက်စပ်၍ အောက်ပါအတိုင်း ပွင့်လင်းစွာ ဆွေးနွေးပါသည်။

"ယင်းအထက်ပါ ရှင်လေးပါး သေလေးပါးမှာ မည်သည့် ပိဋကတ်ကျမ်းဂန်များမှာမှမလာဘဲ ရှေးခေတ်ကပေါ်ခဲ့သော ဘုရားရှိခိုး အမျိုးမျိုးစာအုပ်တွင် တွေ့ရဖူး၏။ မည်သူက စတင်တီထွင်လိုက်သည်ဟု လက်သည် အတိအကျမရှိဘဲ မြန်မာဗုဒ္ဓဘာသာဝင်များအတွင်းတို့ အယူဆတစ်မျိုး ရောက်နေသည်မှာ ဝမ်းနည်း





ဖွယ်ရာ ကောင်းလှ၏။ ရဟန္တာပုဂ္ဂိုလ်များ၏ ဂုဏ်တော်၊ ဗုဒ္ဓ၏ တရားတော်ကိုမျှမထောက်၊ ထင်ရာကိုဖန်တီးကြသည်မှာ ဗုဒ္ဓဘာသာဝင်များအဖို့ ကောင်းသောလက္ခဏာကား မဟုတ်ချေ။

(ပိဋကတ်တော်လာ စိတ်တန်ခိုးနှင့် အကြားအမြင်-ပထမအကြိမ်၊ နှာ-၂၆၊ ၂၇၊ ရှင်ရာဟုလာ)

## မဟာယာနတို့၏ဖန်တီးမှု

ဆရာတော် အရှင်ပညိန္ဒာဘိဝံသ(ပထမကျော်၊ ဓမ္မာစရိယ၊ ဘီ-အေ)ကလည်း ထေရဝါဒဗုဒ္ဓဘာသာတွင် ရှင်ဥပဂုတ်အဟုတ်မရှိကြောင်း အောက်ပါအတိုင်း ပွင့်လင်းစွာ ဆွေးနွေးထားပါသည်။

"ယခုအခါ မြန်မာပြည်အရပ်ရပ်၌ အကြီးအကျယ်ဖောင်ပွဲကာ ရှင်ဥပဂုတ်ကို ရေမျှောကြကုန်၏။ အနည်းဆုံး မိုးမရွာရန် ရှင်ဥပဂုတ်အား ပူဇော်ပသကြကုန်၏။ ဤသို့ အလုပ်မရှိ အလုပ်ရှာကာ အလွန်အဖိုးထိုက်တန်သည့် အချိန်နှင့် လူအင်အား၊ ငွေအင်အားတို့ကို ဖြုန်းတီးနေမှုသည် ယခုခေတ်အခါနှင့် မလိုက်လျောတော့ပေ။ စင်စစ်အားဖြင့် ရှင်ပဂုတ်သည် မဟာယာနဗုဒ္ဓဘာသာမှ လုံးဝ ဖန်တီးပေးလိုက်သော အရာဖြစ်ဟန် လက္ခဏာရှိပေ၏။"

(စင်ကြယ်သော ဗုဒ္ဓဘာသာ၊ ပထမအကြိမ်၊ နှာ-၂၄၊ အရှင်ပညိန္ဒာဘိဝံသ၊ ပထမကျော်၊ ဓမ္မာစရိယ၊ ဘီအေ)

www.burmeseclassic.com



ကျမ်းတတ်အကျော် ဆရာတော်ကြီးများ၏ ပွင့်လင်းသော ဝေဖန်ဆန်းစစ်မှုများ ကျန်ရှိပါသေး၏။ ထို့အပြင် လူပညာရှိကြီးများ၏ ဘာသာရေးနှင့် ဆက်နွယ်သည့် ပွင့်လင်းသော ဝေဖန်ဆန်းစစ်မှုများလည်း ရှိပါသေး၏။ ထိုဝေဖန် ဆန်းစစ်မှုများကို မျိုးဆက်သစ်လူငယ်များ များစွာလေ့လာသင့်ပါ၏။

ထိုသို့ လေ့လာမှသာလျှင် ဘုရားမြတ်စွာ၏ ထေရဝါဒ သဘောထရားသည် သဘာဝတရားနှင့် မဆန့်ကျင်ကြောင်း၊ သိပ္ပံနည်းပညာတို့၏ရှေ့သွားဖြစ်ကြောင်း၊ သစ္စာတရား၏လမ်းကြောင်း အမှန်ဖြစ်ကြောင်းများကို ထဲထဲဝင်ဝင် သိမြင်မည် ဖြစ်ပါတော့၏။

ဓမ္မရတနာ၊ ၂၀၀၂၊ ဧပြီလ။

*

# မိစ္ဆာများနှင့် ကခုန်ခြင်း

မိရိုးဖလာ အတွင်းအပြင် ဂြိုဟ်မင်းနတ်ဆိုသည်မှာ အမှန်တကယ် ရှိပါသလား။ ၎င်း ဂြိုဟ်မင်းနတ်များကို ကိုးကွယ်ဆည်းကပ်သင့်ပါသလား။ ကိုးကွယ်ဆည်းကပ်၍ အကျိုးစီးပွားများရနိုင်မရနိုင်။ ဂြိုဟ်မင်းနတ်ကို လူသားက ပူးကပ်ဝင်ရောက်၍ နတ်ကခြင်း၊ နတ်ပေါခြင်းများသည်လည်း အမှန်တကယ်ဟုတ်ပါသလား အစရှိသည့် မေးမြန်းဆွေးနွေးမှုများကို အခါများစွာ ကြုံတွေ့ခဲ့ရဖူးပေသည်။ ထိုသို့ မေးမြန်းဆွေးနွေးသူများမှာ ဘာသာဝင်အသီးသီးမှ စူးစမ်းဆင်ခြင်လေ့ရှိသော မျိုးဆက်သစ်လူငယ်များ ဖြစ်ကြပါသည်။

ယနေ့ ၂၁ ရာစုနှောင်းပိုင်းခေတ်ကာလတွင် မျိုးဆက်သစ်လူငယ်များ၏ ကိုးကွယ်ယုံကြည်မှုနှင့်သက်ဆိုင်ရာ စူးစမ်းစိစစ်မှု ဉာဏ်ရည်ဉာဏ်သွေး (I.Q=Intelligence Quotient)ကို ချိန်ထိုးနိုင်မှု



www.burmeseclassic.com

www.burmeseclassic.com



မပြုမိကြစေရန်၊ အမှားကို အမှန်-အမှန်ကို အမှားဟု လမ်းညွှန်မှု တိမ်းချော် ယွင်းယိုင်မသွားစေရန်၊ မသိသည်ကို အသိလုပ်၍ ဆရာကြီးယောင်ယောင် ဖြီးဖြန်းပြီး ဝေ့လည်ကြောင်ပတ် မပြောမိကြစေရန် သတိကြပ်ကြပ် ထားရပေလိမ့်မည်။

ထိုစုံစမ်းစိစစ်မှု ဉာဏ်ရည်ဉာဏ်သွေးကို ရှင်သန်တိုးတက် ထက်မြက်သည်ထက် ထက်မြက်လာစေရန် တွန်းအားများပေးသင့်ပေသည်။ သက်သေသာဓကများ၊ အကြောင်းအကျိုးတရားများ၊ ပိဋကတ်တော် အကိုးအထောက်များဖြင့် တတ်နိုင်သမျှ ရှင်းလင်းဖြေကြားကြရန်မှာ ယနေ့လူကြီးများ၏ ဘာသာ သာသနာတော်အတွက် အဓိကကျသော တာဝန်ဖြစ်ပေသည်။

နတ်ဟူသည် "နာထ"(ကိုးကွယ်ရာ)ဟူသော ဝေါဟာရမှ ဆင်းသက်လာသည်ဟု သုတေသီအချို့က အဆိုပြုကြ၏။

နတ်သုံးမျိုးသုံးစား ရှိပါသည်။ ၎င်းတို့မှာ ဝိသုဒ္ဓိနတ်၊ ဥပပတ္တိနတ်၊ သမ္မုတိနတ်တို့ ဖြစ်ကြသည်။

ဝိသုဒ္ဓိနတ်မှာ ဘုရား-ပစ္စေကဗုဒ္ဓါ-ရဟန္တာတို့ကို ဆိုလိုသည်။ ဥပပတ္တိနတ်မှာ နတ်ပြည် ဗြဟ္မာပြည်မှ နတ်ဗြဟ္မာတို့ကို ဆိုလိုသည်။ သမ္မုတိနတ်မှာ မင်း စသည့် အုပ်ချုပ်သူလူတန်းစားကို ဆိုလိုသည်။

နတ်ကိုးကွယ်မှုသည် ကမ္ဘာဦးလူတို့နှင့် မရှေးမနှောင်း ပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်တို့ ခန့်မှန်းကြ၏။ ထိုကမ္ဘာဦးလူသားသည် အသိအလိမ္မာ ပညာအရာတွင် ကောင်းစွာဖွံ့ဖြိုးမှု မရှိသေးကြောင်း လူတိုင်းလောက်ပင် သဘောပေါက်ထားကြပါ၏။ ထို





ကြောင့်ပင် ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ သစ်ပင်၊ တောတောင်၊ မြစ်ချောင်း၊ အင်းအိုင်၊ ရေ-လေ-နေ-မိုး စသည့် သဘာဝပစ္စည်းများကို ဝိညာဉ်ရှိသည်ဟု ထင်မှတ်မှားကြကုန်၏။ ထိုသဘာဝတရားသည် လူတို့၏ ကောင်းကျိုးဆိုးပြစ်တို့ကို ဖန်တီးနိုင်စွမ်းသည်၊ သူတို့နှစ်လိုလျှင် ကောင်းကျိုးကိုဖန်တီး၍ မနှစ်လိုလျှင် အဖျက်အဆီးပြုတတ်သည်ဟု ယုံကြည်စွဲလမ်းကြကုန်၏။ သဘာဝတရားကို ကိုးကွယ်ဆည်းကပ် အလေးအမြတ်ပြုကြသည်မှ နတ်ကိုးကွယ်ခြင်းကို အစပျိုးခဲ့ကြပေသည်။

ဗုဒ္ဓဘုရားရှင်သည် ဓမ္မပဒဂါထာ ၁၈၈ တွင်-

"ကြောက်ရွံ့ထိတ်လန့်ကုန်သော များစွာသော လူတို့သည် တောင်တို့ကိုလည်းကောင်း၊ တောတို့ကိုလည်းကောင်း၊ အရံတို့ကိုလည်းကောင်း၊ အဓိကရသစ်ပင်နှင့် စေတီနတ်ကွန်းတို့ကိုလည်းကောင်း ကိုးကွယ်ကြ၏"ဟု ဟောမိန့်တော်မူခဲ့ပေသည်။

မိရိုးဖလာ ၃၇ မင်းနတ်ဟူသည် အကယ်၍ အမှန်တကယ် ရှိပါကလည်း ၎င်းနတ်ဆိုသူတို့သည် ဝိနိပါတိကပြိတ္တာ အသူရာနတ်များသာဖြစ်ကြောင်း ပညာရှင်များစွာတို့ ရှင်းလင်းပြခဲ့ကြပြီး ဖြစ်ပေသည်။

ဝိနိပါတိကပြိတ္တာမျိုးသည် တောတောင်မြစ်ချောင်း သုသာန် စသော နေရာဌာနများတွင် အခြေမဲ့အနေမဲ့ နေထိုင်ကြသည် လူတို့စွန့်ပစ်ထားသော အပုပ်အသိုး မစင် အညစ်အကြေး၊ သားစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ငါးစိမ်းများကို ဆင်းရဲပင်ပန်းစွာ ရှာဖွေစားသောက်ကြရသည်ဟု ပိဋကတ်ကျမ်းစာများတွင် လေ့လာတွေ့ရှိနိုင်ပေသည်။

မိရိုးဖလာနတ်ဆိုသူတို့ သေဆုံးခြင်းမှာလည်း သေခြင်းမကောင်းလှဘဲ ဆိုးရွားစွာ အစိမ်းသေ-အဆန်းသေ သေကြရပေသည်။ ကျား၊ မြွေ၊ မီး၊ စိတ္တဇ၊ ကွပ်မျက်ခြင်း၊ အဖျား၊ ဘိန်း၊ အရက်၊ နူနာ အစရှိသည့် ဥပစ္ဆေဒက ကံဖြင့်သာ သေကြရပေသည်။ နတ် မိစ္ဆာများဖြစ်ကြောင်း ခွဲခွဲခြားခြားသိထားရန် လိုအပ်ပါသည်။

အတွင်းအပြင် ၃၇ မင်းနတ် အရေအတွက် သတ်မှတ်ခြင်းမှာလည်း ဗုဒ္ဓဘာသာကျမ်းစာ မဟာသမယသုတ်၊ အာဋာနာဋိယသုတ်တို့တွင် နတ်မင်းကြီး ၉ ပါး၊ နတ်စစ်သူကြီး ၂၈ ပါး၊ ပေါင်း ၃၇ ပါး၏ အရေအတွက် စာရင်းကိုအတုယူ၍ ရေတွက်ကြလေသည်။

မြန်မာနိုင်ငံတွင် အနော်ရထာမင်းမတိုင်ခင် နှစ်ပေါင်း ၄၀၀ ခန့်ကပင် မဟာယာနဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာတို့ ရောက်ရှိနေပြီဟု ပညာရှင်များ ခန့်မှန်းကြပါသည်။ မဟာယာနဗုဒ္ဓဘာသာမှ ဘုရားများသည် ထာဝရတည်မြဲကြောင်းနှင့် ဗောဓိသတ်ခေါ် အလောင်းတော်များမှာလည်း သေပြီးလျှင် နတ်ဖြစ်ကြောင်း ယုံကြည်ကြသည်။ ထိုအယူအဆနှင့် ဗြာဟ္မဏဘာသာတို့သည် ဆင်တူနေပေသည်။ မဟာယာနတန္တရဝါဒဂိုဏ်းဝင် အရည်းကြီး ရဟန်းတို့ ဘုန်းမီးနေလတောက်၍ လွှမ်းမိုးလာရာမှ နတ်ကိုးကွယ်ခြင်းသည်လည်း ထွန်းကားလာလေတော့သည်။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ (ဘုရားရှင်သည် ငါ၏





ကိုးကွယ်အားထားရာပါတည်း။ ဘုရားမှတစ်ပါးသော ကိုးကွယ်အားထားရာဟူ၍ ငါ့အဖို့ မရှိပါ။)ဟူသော စကားရပ်နှင့်အညီ ဤနတ်ကိုးကွယ်ခြင်းသည် သရဏဂုံသုံးပါး၏ အနှောင့်အယှက်၊ သရဏဂုံ ပျက်စီးစေတတ်သော အယူမှား မိစ္ဆာဝါဒီတို့၏ အလုပ်ဖြစ်၍ အသက်ကိုသတ်၍ ယဇ်ပူဇော်ခြင်း၊ အရက်မူးယစ်သောက်စားခြင်း၊ သူတစ်ပါးသားမယား ပြစ်မှားခြင်း အစရှိသည့် ကြီးလေးသော မကောင်းမှုတို့ တိုးပွားရာဖြစ်ကြောင်း၊ လောကအကျိုး-သံသရာအကျိုးကို ပျက်စီးစေတတ်ကြောင်း အသိရှိ သတိရှိရပေမည်။

မြန်မာနိုင်ငံသမိုင်းတွင် မိရိုးဖလာ ၃၇ မင်းနတ်ကိုးကွယ်မှုကို နှိမ်နင်းရာ၌ ထင်ရှားသော မင်းကောင်းများမှာ အနော်ရထာမင်းစော(၄၀၆-၄၃၉)သည် ရှေးဦးကျသည်ဟု ဆိုနိုင်၏။ ၎င်းမတိုင်မီက ထုလုပ်ကိုးကွယ်ခဲ့ကြသော ဘုရားမဟုတ်၊ နတ်မဟုတ် အရုပ်များနှင့် အခြားနတ်ရုပ်များကို စုရုံးစေပြီး အဆောက်အအုံတစ်ခုတွင်သွင်း၍ ပိတ်လှောင်ထားသဖြင့် နတ်လှောင်ကျောင်းဟု ယခုတိုင် ပုဂံဒေသတွင် ခေါ်တွင်နေလေသည်။

အနော်ရထာပြီးလျှင် နတ်ကိုးကွယ်မှုကို အကြီးအကျယ် အထင်အရှား ထိထိရောက်ရောက် နှိပ်ကွပ်ဖြိုဖျက်သောမင်းမှာ ဟံသာဝတီဆင်ဖြူရှင်ခေါ် ဘုရင့်နောင်မင်း(၉၁၂-၉၄၃)ဖြစ်သည်။ ထိုမင်းလက်ထက်မတိုင်မီက နှစ်စဉ် မဟာဂီရိနတ်အား (ထိုကာလက)ကျွဲဖြူ၊ နွားဖြူ၊ ဆိတ်ဖြူ၊ ဝက်ကြက်များစွာသတ်၍ သေအရက်နှင့် တင်ပပူဇော်ကိုးကွယ်သည့် အလေ့အထရှိနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် သောက်စားမူးယစ် ကြမ်းတမ်းရမ်းကားကြသဖြင့် ဘုရင့်နောင်သည် မင်းမိန့်ဖြင့် နှိမ်နင်းတားမြစ် ဖျက်ဆီးခဲ့ရပေသည်။

တစ်ဖန် အင်းဝခေတ် အနောက်ဘက်လွန်မင်းတရား (၉၆၇–၉၉၈)လက်ထက်တွင် တစ်ကြိမ် နတ်ကိုးကွယ်ခြင်းကို ဖျက်ဆီးတားမြစ်ခဲ့ပေသည်။

အင်းဝနောက်ဆုံးမင်း ဟံသာဝတီပါမင်း(၁၀၉၅–၁၁၁၃) လက်ထက်တွင်လည်း နတ်ကွန်းနတ်အိမ်တို့ကို သိမ်းနုတ်ဖျက်ဆီးခဲ့ပေသည်။

အရှင်မဟာသီလဝံသ၊ အရှင်မဟာရဋ္ဌသာရ၊ စိန္တကျော်သူ ဦးဩ အစရှိသည့် ကျော်စောထင်ရှားခဲ့သော ရဟန်းပညာရှိ လူပညာရှိ၊ စာဆိုပညာရှင်များကလည်း မိရိုးဖလာ ၃၇ မင်းများကို မကိုးကွယ် မဆည်းကပ်မိကြစေရန် ဆုံးမသွန်သင်တော်မူခဲ့ကြသည်။

အရှင်မဟာသီလဝံသ၏ သံဝေဂခန်းပျို့မှ စာသားအနည်းငယ်မှာ "ကာလရှည်လျား၊ လူ့ငနွားတို့၊ ကြီးမားယုတ်မာ၊ နတ်မိစ္ဆာကို၊ ဖိုးလာဖွားဘက်၊ မြေးသားဆက်၍ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့်၊ ပန်းခိုင်ရေအိုး၊ ဆယ်စုံဖြိုး၍၊ မြုတ်နိုးနှစ်သက်၊ အနက်အနီ၊ တလီခေါင်းပေါင်း၊ ကချေပွဲလမ်း၊ အခမ်းအနား၊ နတ်ထိန်းများနှင့် သောက်စားဟစ်အော်၊ တကြော်ကြော်နှင့်၊ မောင်တော်ရှင်ချစ်၊ နတ်သံပစ်၍ မူးယစ်မှိုင်းဝေ၊ အတွေတွေလျှင်၊ လူ့မြေရပ်ရွာ၊ နတ်မိစ္ဆာကို၊ ကယ်သာထင်မှတ်၊ သဘောကပ်၍၊ နတ်လူမြဟ္မာ၊ သတ္တဝါကို၊ ကံသာအရင်း၊ ပြုဖန်ဆင်းဟု၊ ယူလျှင်းအပ်စွာ၊





သာမှာကား၊ ချမ်းသာဆင်းရဲ နတ်ခပေးသည်၊ ပေးမြဲတို့မှာ၊ ထင်မှတ်ရာသည်၊ မိစ္ဆာယူမိ ယူမှားတည်း"ဟူ၍ ဖြစ်၏။

အထက်ပါ ပညာရှင်စာဆိုများ၊ မင်းကောင်းများ၏ နတ်ကိုးကွယ်ခြင်းကို ဆုံးမသွန်သင်ခဲ့ကြသော်လည်း မိရိုးဖလာ ၃၇ မင်းနတ်တို့သည် လုံးဝပျောက်ကွယ် ပျက်သုဉ်းမသွားကြပေ။ လူ၏ယုံကြည်ကိုးစွဲလမ်းမှု စိတ်၏လော်လည် ဖောက်ပြားမှုသည် ထိတ်လန့်ဖွယ် ကောင်းလှပေတော့သည်။

၃၇ မင်းနတ်ကို လူသားက ပူးကပ်ဝင်ရောက်၍ နတ်ကခြင်း၊ နတ်ဟောခြင်းလုပ်ရပ်မှာလည်း အမှန်စင်စစ် စိတ်အားငယ်တတ်သူ စိတ်ဓာတ်အင်အား မမြင့်မားသူများသာဖြစ်ကြောင်း၊ သုတေသီပညာရှင်များက ဖော်ထုတ်ကြပေသည်။ ဆက်၍ ရှင်းဦးအံ့။

မျက်မြင်ဒိဋ္ဌအားဖြင့် နတ်ကနားပွဲတစ်ပွဲတွင် လူ၏စိတ်အာရုံကို တိမ်းညွှတ်ယိမ်းယိုင်လာစေမည့် ဆွဲအားများကို သတိပြုကြရပေမည်။ ၎င်းတို့မှာ (၁) ဘုရားရှင်အပါအဝင် ရွှေချထားသော နတ်ရုပ်ကြီးနတ်ရုပ်ငယ်များကို စင်ပေါ်တွင် အဆင့်ဆင့်ပြသထားခြင်း။ (၂) အဆောင်အယောင် အဝတ်တန်ဆာ၊ ခေါင်းစည်းနှင့်စည်းကတောင်းအကျႌ တောင်ရှည်ပုဆိုးများ ဆင်မြန်းထားခြင်း။ (၃) ပိုက်ဆံများ၊ ပန်းစည်းများ၊ ရေမွှေးများ၊ သေရည်သေရက်များဖြင့် စိတ်အာရုံကို ညှို့ထားခြင်း။ (၄) ပတ်ဝန်းကျင်မှ ကြည့်ရှုသူများ၏ မျက်လုံးပေါင်းများစွာရှေ့တွင်ဖြစ်ခြင်း။ (၅) နတ်အကကာရာတွင်လည်း ကကြိုးကကွက် စည်းစနစ်ကျနမှုမလိုဘဲ သင်သလို ကခုန်နိုင်ခြင်း။ (၆) အတီးအမှုတ် အဆိုစသည့် ဆိုင်းဆိုင်း

www.burmeseclassic.com



နတ်ဒိုးသံများသည်လည်း မြူးကြွ၍ အပြင်းစားတီးကွက်များဖြင့် လူ၏စိတ်ကို လှုပ်ရှားစေ၊ သွေးမြောက်စေ ချောက်ချားစေခြင်း စသော အချက်များသည် နတ်ဝင်သည်၏ စိတ်အင်အားကို ထူးခြားစွာ ပြောင်းလဲဆွဲငင်စေနိုင်သော ဆွဲအား(Attraction)များ ဖြစ်ကြပေသည်။

နတ်ပူးသူတစ်ယောက်သည် နတ်ပူးနေစဉ်၌ သူ၏ ကိုယ်ကာယများသည် အေးစက်နေကြောင်း၊ ထိုသူတွင် မူလစိတ်ခါတ်အား မရှိတော့ဘဲ မေ့စိတ်များကိန်းနေကြောင်း၊ အနိုက်အတန့်အားဖြင့် စိတ္တဇဝေဒနာသည် ဘဝသို့ရောက်နေကြောင်း။ ထိုမေ့စိတ်များကိန်းအောင်းနေချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်နေကြောင်း၊ ထိုအချိန် စကားပြောနေသော်လည်း မိမိ ဘာပြောသည်ကို လုံးဝမသိရကြောင်း လေ့လာသိရှိရ၏။

ထိုအကြောင်းအချက်များကို သိပ္ပံနည်းကျကျလေ့လာပါက မသိစိတ်များ ကိန်းနေသောအချိန်ဟု ခေါ်ဆိုရမည်ဖြစ်၏။ မသိစိတ်သည် သတိလစ်နေခြင်းတစ်မျိုးဖြစ်ရာ စိတ်အားငယ်သူများအဖို့ အနိုက်အတန့်အားဖြင့် ဝင်ရောက်တတ်သော သဘာဝဖြစ်ကြောင်း သုတေသီပညာရှင်များက ဖော်ထုတ်ကြသည်ကို လေ့လာမှတ်သားဖူးပေသည်။

စာရေးသူတွေ့ကြုံခဲ့ဖူးသော နတ်ကတော်တစ်ဦးမှာ မန့်လေး (မန့်မိ)နတ်ဝင်ပူး၍ ပေါင်ဒါ–နူတ်ခမ်းဆိုးဆေးများဖြင့် ခြယ်သနေ၏။ (မန့်လေးနတ်သည် ငယ်ရွယ်သူ ၂–နှစ်သမီးဖြစ်၍ အလှအပများကို ကြိုက်နှစ်သက်သည်ဟု နတ်ယုံကြည်သူများက ဆိုသည်)





ထိုစဉ် နှုတ်ခမ်းနီကို နှုတ်ခမ်းပေါ်တည့်တည့်ဆိုးရာမှ ပါးပြင်ပေါ်သို့ တုန်တုန်ယင်ယင်ဖြင့် ဆိုးခြယ်နေ၏။ အေးတွင်ရှိနေသူများက "ဒီတစ်ခါ မမန့်ဝင်တာ အရမ်းပျော်နေတယ်၊ နှုတ်ခမ်းနီတွေ ပါးပြင်ကိုပါ ဆိုးခြယ်နေတယ်။ဘဲဥများလည်း ဆက်ပါတယ်" သည့်ဖြင့် ပြောဆိုကြသည်။

ထိုအခါ မန့်လေးဝင်သော နတ်ကတော်မှာ အသက်ထွက်သွားလေတော့သည်။ ဆေးရုံသို့ ချက်ချင်းခေါ်ဆောင်၍ပြသရာ ဆရာဝန်က ဦးနှောက်သွေးကြောပြတ်၍ သေဆုံးရကြောင်း စစ်ဆေးတွေ့ရှိရပေသည်။ (နှုတ်ခမ်းနီဖြင့် ပါးပြင်ထက်တိုင်ပါ ဆိုးခြယ်နေခြင်းမှာ သေဖို့ရန် အကြောဆွဲ အသက်ငင်နေခြင်းဟု နောက်ပိုင်းတွင်မှ သိရပေတော့သည်။)

တစ်ခါကလည်း ကနားပွဲတစ်ခုတွင် ရှမ်းနတ်ဝင်၍ ဓားက, ကနေစဉ် ဓားရိုးကျွတ်ထွက်၍ အေးမှ နတ်ကတော်တစ်ဦး၏ သည်မျိုကို ဓားသွားစိုက်ဝင်ပြီး သေပွဲဝင်ခဲ့သည်ကို ကြုံခဲ့ဖူးပေသည်။

နိုင်ငံခြားသားတစ်ဦး နတ်ကနားပွဲ ကြည့်ရှုလေ့လာစဉ် နတ်ဝင်သည်တစ်ဦးက နန်ကရိုင်းကျွဲနတ်ဝင်နေသည်။ ထိုနိုင်ငံခြားသားက ကောက်ချက်ချလိုက်ပုံမှာ–"ဪ၊ နတ်ကိုးကွယ်သည့် မြန်မာလူမျိုးတွေရဲ့ အမိအဖမျိုးရိုး အစဉ်အဆက်(မိရိုးဖလာ)တွေဟာ တိရစ္ဆာန်(ကျွဲ)တွေများလား" ဟုသတတ်။

နတ်ကနားပွဲများတွင် ယေရဝါဒဗုဒ္ဓဘာသာနှင့် မလျော်ကန်တ်သော မြင်ကွင်းများမှာ ခုရမင်းနတ်ရုပ်များ၏အလယ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားရှင်ကိုထားလျက် ဗုဒ္ဓဘုရားရှင်၏ ရှေ့တော်မှောက်တွင် နတ်ကနတ်ပူးရင်း အရက်သေစာ ပုလင်းကြီး ပုလင်းငယ်မျိုးစုံဖြင့် သောက်စားမူးယစ်ခြင်း၊ ရန့်ရင်းကြမ်းတမ်းသော ဖဲတော့မောင်တော့ ဗရုသဝါစာ စကားများ ပြောဆိုခြင်း၊ အဟိတ်သာတရားနှင့်ဆန့်ကျင်သည့် တုတ်ဓားများဖြင့် ချိန်ရွယ်အုပ်မိုး စီးခုတ်ခြင်း၊ နတ်ကတော်ဆိုသူ မိန်းမများနှင့် ယောက်ျားမဟုတ်၊ မိန်းမမဟုတ်သူများ၏ ကာမတဏှာကို ဖိတ်ခေါ်သည့် ပြည့်တီတီ အကြည့်များ၊ အပြောများ၊ ထို့ပြင် ကာမေသုမိစ္ဆာရက်ကို ပြောင်ကျကျ ကျူးလွန်သည့် မင်းကြီးမင်းကလေးနှင့် မင်္ဂလာဆောင်သည်ဆိုသည့် လုပ်ကြံလီဆယ်မှုများ အစရှိသည့် လုပ်ရပ်များ ဖြစ်သည်။

ဘုရားရှင်ကိုရှေ့တွင်ထားလျက် ဘုရားရှင်မနှစ်သက်သော တားမြစ်ပိတ်ပင်ထားသော လုပ်ရပ်များကို ကာယကံ ဝစီကံ မနောကံများဖြင့် မီးကုန်ယမ်းကုန် ကျူးလွန်မှောက်မှားသော ပွဲကြီးများဖြစ်ကြောင်း မျက်မြင်အားဖြင့် လေ့လာတွေ့ရှိရပေသည်။

ဆရာတော် အရှင်ဩဘာသာဘိဝံသ(နိုင်ငံတော် သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌ)ဆရာတော်ဘုရား မြုစုတော်မူသည့် သုတေသန သမ္မာမဂ္ဂင်ပဉ္စာကျမ်းတွင် ဖော်ပြထားသည်ကို တင်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

"ဘုရား ကိုးကွယ်ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာ အမည်ခံသူတစ်ယောက်က ကိုယ်ဆည်းကပ်ကိုးစားတဲ့ ဘုရားရဲ့ယုံကြည်စရာလိုရင်းဖြစ်တဲ့ ဂုဏ်တော်–ကျေးဇူးတော်–တန်ခိုးစွမ်းအင် သတ္တိ





…ဘော်တို့ကို ပညာရှိ ဆရာသမားများထံမှ သင်ယူကာ ကြားဖူး…ဘာမှ တစ်ဆင့်တက်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ "ကျ၊ ကြ၊ ဏာ၊ နှ" …ပင်ချွားပေမန်ကာ အမှန်သိဖြစ်အောင် လုပ်မထားနိုင်သေးရင် ပြောတိုင်းယုံ–ကြုံတိုင်းလိုက်–နှိုင်းတိုင်းလုပ်' ဗုဒ္ဓဘာသာ အစစ်…ဟုတ်ဘဲ လူပြောသူပြောနဲ့ ယုံနေတဲ့ နတ်–ဝိဇ္ဇာ–ဘိုးတော်–…ထမ်း–အထက်ဆရာကြီးတို့ပါ ရောနှောထားတဲ့ ရေရိရောရာ…သောင်ဝါးဝါး မှုန်ပြာပြာ ကပြား ဗုဒ္ဓဘာသာဖြစ်နေတော့မှာပေါ့ …ဘာကြီးတို့ရေ"

မြှုရုံ–သီ–၁၉၉၄၊ နိုဝင်ဘာလ။

*

www.burmeseclassic.com

# အဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အားမကောင်းမီ

သတ္တလောကသားတို့အား အဝိဇ္ဇာအမှောင်နယ်မှ ဝိဇ္ဇာဉာဏ်အလင်းသို့ လမ်းညွှန်တော်မူခဲ့သော ဗုဒ္ဓမြတ်စွာသည် သူ၏ဓမ္မဒေသနာတော်များကို "ဟေိ ပဿိကော" ယုံသူမယုံသူ ထိုနှစ်လူတို့ကို စစ်ဆေးရန်၊ ဝေဖန်ရန်၊ ဆွေးနွေးရန်၊ စုံစမ်းရန်၊ လက်တွေ့စမ်းသပ်ကြည့်ရန် စိတ်မနှူကပြု၍ အခွင့်ပေးတော်မူပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို အယောင်ဆောင်ဖန်းပြု၍ သာသနာပြုနေသည်ဟု စားပေါက်တွင် ဟစ်ကြွေးနေကြကုန်သော ဝိဇ္ဇာဂိုဏ်းများ၊ အထက်-အောက်ဘိုးတော်များ၏ အပြောအဆို၊ အပြုအမူ၊ အကျင့်အကြံ၊ အဆွယ်အမြှောက်များကြောင့် ဗုဒ္ဓ၏ ဓမ္မဒေသနာတော်များကို အခြေခံ





ကျ မလေ့လာခဲ့ဖူးသေးသော တွေးခေါ်မြော်မြင်ဉာဏ်ရှိသော မျိုးဆက်သစ် ထေရဝါဒဗုဒ္ဓဘာသာဝင် လူငယ်များနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူများ၊ နိုင်ငံခြားသားများ အစရှိသူတို့သည် ဝိဇ္ဇာဂိုဏ်းဂိုဏ်းဝင် အထက်အောက်ပုဂ္ဂိုလ်များ၏ ပြောဆိုပြုမူ၊ ကျင့်ကြံဆွယ်မြှောက်မှုများကိုပင် ဗုဒ္ဓဘုရားရှင်၏ ဓမ္မတရားတော်များ ဖြစ်မည်ဟု ထင်မှတ်မှားခဲ့ရပေသည်။

ဝိဇ္ဇာဂိုဏ်းဂိုဏ်းဝင် အထက်အောက်ဘိုးတော်များ၏ ဘုရားဟောသည်ကို ဘုရားဟောသယောင် ပြောဆိုပြုလုပ် ကျင့်ကြံမှုများကို "ဟေိ ပဿိကော" တရားဂုဏ်တော်ဖြင့် စစ်ဆေးဝေဖန် ဆွေးနွေးကြည့်လိုက်သောအခါ လုံးဝ စစ်ဆေးဝေဖန် ဆွေးနွေး စုံစမ်းမခံကြတော့ပေ။ ထိုအခါ ဝိဇ္ဇာဂိုဏ်းအထက်အောက် ဘိုးတော်များ၏ ပယောဂကြောင့် ဗုဒ္ဓ၏စစ်မှန်သော ဒေသနာတော်များအပေါ် သံသယ ဝင်ခဲ့ကြရပေတော့သည်။

အမှန်မှာ ဗုဒ္ဓမြတ်စွာ၏ ဓမ္မဒေသနာတော်များသည် ခြောက်ပါးသော ဂုဏ် - လက္ခဏာအင်္ဂါများနှင့် ပြည့်စုံသော၊ မဖောက်ပြန်သော၊ အမှန်တရား အစစ်ဖြစ်သော သန္တိသုခ(ဝါ) အေးငြိမ်းသော ချမ်းသာအစစ်သို့ရောက်အောင် ပို့ဆောင်ပေးသော တရားတော်များ ဖြစ်ပါသည်။

ဆိုခဲ့ပြီးသော ဝိဇ္ဇာဂိုဏ်းဂိုဏ်းဝင် အထက်အောက် ဘိုးတော်များထဲမှ ရေပန်းစားလူကြိုက်အများဆုံး ပုဂ္ဂိုလ်အချို့မှာ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရှင်အဇ္ဇဂေါဏ၊ ရှင်မထီး၊ ဗားမဲ့၊ ရက်ကန်းစင်တောင် အစရှိသူများပင် ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကို ထိုဝိဇ္ဇာဓိုရ် အထက်အောက် ဘိုးတော်များက ဦးဆောင်သာသနာပြုနေသဖြင့် ငှင်းဝိဇ္ဇာဓိုရ်များ မရှိတော့လျှင် ဗုဒ္ဓသာသနာတော်မြတ်ကြီးပင် ကွယ်ပရတော့မည်ကဲ့သို့ ပြောပြောရေးသားကြသည်မှာ အင်မတန်ရယ်စရာကောင်းသော ဟာသတစ်ပုဒ် ဖြစ်နေပေတော့သည်။

ထိုဂန္ဓာရီ ဝိဇ္ဇာဓိုရ်များနှင့်ပတ်သက်၍ လက်လှမ်းမီသမျှ လေ့လာကြည့်ရာ–

လယ်တီဆရာတော်နှင့် သေကျွတောင် ဦးတိလောက ဆရာတော်တို့ ရေးသားသော ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၌ (၁) ဝေဒ ဝိဇ္ဇာဓိုရ်၊ (၂) မန္တဝိဇ္ဇာဓိုရ်၊ (၃) ဂန္ဓာရီဝိဇ္ဇာဓိုရ်၊ (၄) လောကီယ ဝိဇ္ဇာဓိုရ်၊ (၅) အရိယ ဝိဇ္ဇာဓိုရ် စသည့် ဝိဇ္ဇာဓိုရ် ငါးမျိုးလာ၏။ ထိုဝိဇ္ဇာဓိုရ်များအနက် နံပါတ်(၅) အရိယဝိဇ္ဇာဓိုရ်ကို ခြွင်းချန်၍ နံပါတ်(၁)မှ(၄)အထိ ဝိဇ္ဇာဓိုရ်များ၏အကြောင်းကို တစေ့တစောင်း ဖော်ပြပါမည်။

ဝိဇ္ဇံ ဓရတီတိ ဝိဇ္ဇာဓရော။ ။ဝိဇ္ဇံ၊ အတတ်ကို။ ဓရတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိဇ္ဇာဓရော၊ ဝိဇ္ဇာဓရ မည်၏။ ဝိဇ္ဇာဓရော၊ ဝိဇ္ဇာဓိုရ်၊ ဝိနယဓရော– ဝိနည်းဓိုရ် ဆိုဘိ သကဲ့သို့ ဝိဇ္ဇာဓိုရ်ခေါ်သည်။ အဘယ်အတတ်ပညာဖြင့် အဘယ်သို့ ပြုပြင်စီရင်၍ ကောင်းကင်သို့ သွားနိုင်ကြောင်း၊ ကိုမူကား ကျမ်းဂန် ၌ သိသာထင်ရှားအောင် မပါချေ။ (သမ္ဗန္ဓစက္ခုဒီပနီ–ဒုတိယအုပ်)

ထိုဂန္ဓာရီဝိဇ္ဇာဓိုရ်ကိုပင် "ဇော်ဂျီ"ဟုလည်း ခေါ်ကြသည်။ "ဇော်ဂျီ"ကို "ဇော်ဂီ"ဟု စာဟောင်းတို့တွင် အတွေ့များရပေ





သည်။ "ဇော်ဂီ"ဝေါဟာရသည် ပါဠိသက္ကတနွယ် ဟိန္ဒီစကားလုံး "ယောဂီ"မှ ဆင်းသက်လာပုံရကြောင်း ပညာရှင်များ ယူဆကြပေသည်။ *(မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၄)*

ဇော်ဂျီဟု မြန်မာများက မြန်မာပြုထားသော ဝေါဟာရများ၏ မူရင်းအဓိပ္ပါယ်မှာ တပသီဖြစ်သည်။ တပသီပုဂ္ဂိုလ်နှင့် ပတ်သက်၍ ဗုဒ္ဓဘုရားရှင်က ပါထိကာဝဂ်၊ ဥဒုမ္ဗရိကာသုတ်၌ နိဂြောဓ ပရိဗိုဇ်အား "ဤလောက၌ တပသီပုဂ္ဂိုလ်သည် အဝတ်မဝတ်မူ၍ ကျင့်၏။ ရက်အပိုင်းအခြားအထိ အစာမစားဘဲနေ၏။ ဟင်းရွက် ပင်းကိုသော်လည်း စားနေ၏။ မြက်နွားချေး၊ တောသစ်ရွက်ကို သော်လည်း စားနေ၏။ သေသူထံမှ အဝတ်များ၊ ငှက်တောင်များ၊ သားရေများကိုသော်လည်း ဝတ်နေ၏။ ဆူးပေါ်၊ သစ်ရွက်ပေါ်၊ မြေအညစ်အကြေးပေါ်၌လည်း အိပ်နေ၏။ ထို တပသီပုဂ္ဂိုလ်သည် လာဘ်လာဘအတွက်၊ အကျော်အစောအတွက် ကျင့်၏။ သူတစ်ပါးအား ပညာပြိုင်ရန် အမြစိမ်ခေါ်၏။ ယင်းသည် တပသီ အကျင့်၏ ညစ်ညူးကြောင်းတို့ပေတည်း"ဟု ဟောတော်မူခဲ့ပေသည်။

ထို့အပြင် ကုလားမျိုး ၆၀ ကိုပြသော ဇမ္ဗူတံဆိပ်ကျမ်း၌ "ဇော်ဂီ"ဟု ကုလားတစ်မျိုးကိုပြဆိုထားရာ ယင်း"ဇော်ဂီ"ဟူသော ကုလားမျိုး၏အမည်ကို မြန်မာများကယူထားသလားဟူ၍ စဉ်းစားစရာရှိ၏။

ဂန္ဓာရီဆိုသည်မှာလည်း မဇ္ဈိမဒေသ အနောက်ဘက်တော၌ ရှိသော ဂန္ဓာရတိုင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မဟာဂန္ဓာရီဟူ၍ နှစ်မျိုးခွဲခြားပြထားပေသည်။ (*ပိဋကတ်လာ စိတ်တန်ခိုးနှင့် အကြားအမြင်၊ ရှင်ရာဟုလာ*)

ဂန္ဓာရီအတတ်နှင့် ဇတ်သက်၍ ဗုဒ္ဓဘုရားရှင်က သုတ်သီလက္ခန်အဋ္ဌကထာတွင် ဂန္ဓာရမည်သော ရသေ့သည် ပြုပြင်အပ်သောအတတ်၊ တစ်နည်းအားဖြင့် ဂန္ဓာရတိုင်း၌ဖြစ်သော အတတ်ဟု အဓိပ္ပာယ်ရရှိကြောင်းနှင့် ဂန္ဓာရီဝိဇ္ဇာအတတ်ကို တတ်မြောက်သော ပုဂ္ဂိုလ်သည် ထိုသို့သဘောရှိသော ဒေသ၌လည်းကောင်း၊ ကာလ၌လည်းကောင်း မန္တန်ကိုရွတ်၍ များသောအပြားအားဖြင့်လည်း မိမိကိုယ်ကိုပြ၏၊ ဆင် အစရှိသည်တို့ကိုလည်း ပြ၏၊ မမြင်အပ်သည်လည်း ဖြစ်၏၊ မီးတိုင်လုံးကိုလည်း ပြု၏၊ ရေတိုင်လုံးကိုလည်း ပြု၏၊ ကောင်းကင်၌လည်း မိမိကိုယ်ကို ပြ၏။ အလုံးစုံကို မျက်လှည့်နှင့် အလားတူဟု မှတ်အပ်၏ဟု ဟောတော်မူခဲ့ပေသည်။

ထို့ကြောင့် ဂန္ဓာရီအတတ်ဟူသည် သူတစ်ပါးမျက်စိကို လှည့်စားရုံမျှတစ်ပါး လက်တွေ့အားဖြင့် ဘာမှအရေးမပါ အရာမရောက်သည့် အတတ်ဖြစ်ကြောင်း သိရှိရပေသည်၊ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ စစ်သုံးခါတိုက်ပြီး သိမ်းပိုက်လွှမ်းမိုး အုပ်ချုပ်သည်ကို ထိုထိုဝိဇ္ဇာဓိုရ်များသည် ဘာမျှမခုခံ မကာကွယ်နိုင်ခဲ့ကြပေ။ ဤသို့အားဖြင့် ဂန္ဓာရီဝိဇ္ဇာအတတ်သည် လက်တွေ့အားဖြင့် ဘာမှအရေးမပါ အရာမရောက်ကြောင်းမှာ ထင်ရှားလှပေသည်။

တစ်ဖန် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော တရားဒေသနာ ဇာတ်နိပါတ်တော်များ၌လည်း ထိုဝိဇ္ဇာဓိုရ်များ၏ ကိုယ်





ကျင့်တရားသည် အောက်တန်းကျလှကြောင်း တွေ့ရှိနိုင်ပေသည်။

ဆက္ကနိပါတ်၊ ပဗ္ဗဇိတ ဝိဟောဒကဇာတ်တွင် ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်း မင်းပြုစဉ် ဘုရားလောင်းသည် သိကြားမင်းဖြစ်၏။ ထိုအခါ ဝိဇ္ဇာဓိုရ်တစ်ယောက်သည် မန္တရားကိုမန်း၍ သန်းခေါင်ယံ၌လာပြီး ဗာရာဏသီမင်း၏ မိဖုရားကို လွန်ကျူးပြစ်မှား၏။ မိဖုရားမှတ်လိုက်သော အမှတ်ဖြင့် ရှာဖွေသော် ထိုဝိဇ္ဇာဓိုရ်သည် ကောင်းကင်သို့ ပျံသွားကြောင်းကို ဆို၏။

နဝနိပါတ်၊ သမုဂ္ဂဇာတ်တော်တွင်လည်း ဝါယဿပုတ္တမည်သော ဝိဇ္ဇာဓိုရ်သည် ကောင်းကင်မှလာ၍ ရွှေကြုတ်အတွင်းထားသော မိန်းမငယ်သမုဂ္ဂသိဂီကို ပျော်ပါးကျူးလွန်စဉ် သမုဂ္ဂသိဂီအခင်ပွန်း ဒါနဝဘီလူး တာနေ့ယက္ခ ရောက်လာ၍ ဝိဇ္ဇာဓိုရ်နှင့်တကွ ကြုတ်ကိုငုံ၍သွားရာ ခံတွင်းမှထုတ်၍ ကြုတ်ကိုဖွင့်လိုက်လျှင် ဝိဇ္ဇာဓိုရ်လုလင်သည် မန္တန်စီမံ၍ သန်လျက်ကိုပိုက်ကာ ပျံသွားကြောင်း လာရှိ၏။

ဓမ္မပဒ၊ ဇေ့လသူဌေးဝတ္ထု၌လည်း ကောင်းကင်က ဝိဇ္ဇာဓိုရ် ပျံ၍ ပြာသာဒ်ဘုံခုနစ်ဆင့်တွင်ထားသော သူဌေးသမီးထံ လာရောက်ကြောင်းကို ဆို၏။

မြန်မာအဘိဓာန်အကျဉ်းချုပ် အတွဲ-၂ နှင့် ၄ ၌လည်း ဝိဇ္ဇာဓိုရ်ကို မြေလျှိုးမိုးပျံအတတ်၊ သက်ပြောင်းသက်ခွာအတတ်၊ ဆေးဝါး၊ မန္တရားအတတ် စသည်တို့တွင် ကျွမ်းကျင်သူ၊ ဟိမဝန္တာတောတွင်ပေါက်သော နွယ်ပင်တစ်မျိုးဖြစ်သည့် သူယောင်ပင်မှ သီးသော လူမိန်းမသဏ္ဌာန်အသီးကို အာသက်သွင်း၍ သူယောင်



www.burmeseclassic.com

www.burmeseclassic.com



မယ်နှင့် ယင်းဝိဇ္ဇာဖော်ကို တပသီတို့ ပျော်ပါးသည်ဟု မြန်မာကျမ်းဂန်များ၌ဆိုကြောင်း ဖော်ပြပါရှိပေသည်။

ရာမညာ ရာဇဝင်သတွင်လည်း ရာမညတိုင်း၌ သုဝဏ္ဏဘူမိမဟာညမီ ဝိဇ္ဇာမိုရ်လုလင်နှင့် နဂါးမ သင့်နေသည်။ နောင်အခါ နဂါးမဟု အဆတပ်သိလျှင် ဝိဇ္ဇာမိုရ်သည် ကောင်းကင်သို့ ပျံသွားကြောင်းကို ဆိုသည်။

အထက်ဖော်ပြပါ သာဓကများကိုထောက်လျှင် ဝိဇ္ဇာဖော်ကို တပသီတို့၏ ကိုယ်ကျင့်တရားကို သိသာလောက်ပေသည်။ ထိုဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဝေဒဝိဇ္ဇာ အစရှိသည့် ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၏ လမ်းစဉ်သည် ထေရဝါဒဗုဒ္ဓဘာသာနှင့် လုံးဝမပတ်သက်ကြောင်း။ ပြဒါးသေ၊ သံသေကိုစား၍ အသက်သိန်းသန်းရှည်သည်။ အင်းအစွမ်း၊ ဆေးအစွမ်း၊ မန္တန်အစွမ်းဖြင့် အသက်သိန်းသန်း ကုဋေရှည်သည်ဟု ဂိုဏ်းဝိဇ္ဇာတို့၏အဆိုနှင့် လုပ်နည်းကိုင်နည်းများကို ပိဋကတ်ကျမ်းများနှင့် (ဖေါ် ပသီကော)စစ်ဆေးစုံစမ်းကြည့်သောအခါ ဖော်ပြထားချက် လုံးဝမရှိကြောင်း တွေ့ရှိရပေသည်။

အနိစ္စတရားလက်ကိုင်ထားသော ဗုဒ္ဓဘာသာမပေါ်မီကမူ ဇော်ဂျီသည် မအိုမသေ အမြဲနုပျိုနေလိမ့်မည်ဟု ယုံကြည်နေကြသည်။ ဗုဒ္ဓဘာသာ ပေါ်ထွန်းလာသောအခါ၌ပင်လျှင် သေခြင်းကိုသာ တစ်ထစ်လျှော့လိုက်ပြီ၊ အိုခြင်းကိုမူကား မလျှော့၊ တင်းထားကြသေးသည်။

ထိုဝိဇ္ဇာဇော်ဂျီတို့သည် အသက်သိန်းသန်း ကုဋေရှည်၍





နောင်ပွင့်မည့်ဘုရား (အရိမေတ္တေယျ)ကို စောင့်မျှော်နေကြောင်း ထိုဘုရားပွင့်ထွန်းလျှင် ဝိဇ္ဇာဇော်ဂျီတို့ အစွမ်းဖြင့် ဖန်တီးထားသော ဥစ္စာသိုက်(ဥစ္စာစောင့်များ စောင့်ကြပ်သည်ဟူ၍လည်း ဆိုသည်)များမှ ရွှေငွေများဖြင့် အရိမေတ္တေယျ ဘုရားရှင်အား ကျောင်းဆောက်လှူဒါန်းမည်ဖြစ်ကြောင်းများသည် မဟာယာနဝါဒနွယ်လျက်ရှိပေသည်။

မဟာယာနဝါဒ၊ တန္တရဝါဒ၊ မန္တရဝါဒအနွယ်ဝင် အရည်းဘုန်းကြီး (အရှင်အဗ္ဗဂေါဏ၊ ရှင်မထီးအပါအဝင်)တို့သည် ဝိဇ္ဇာမယိဒ္ဓိပညာနှင့် စုန်းကဝေ အတတ်တို့ကို လေ့လာလိုက်စား၍ ပုဂံခေတ်က တစ်မွန်းတည့်မျှ ကောင်းစားခဲ့ကြကြောင်းကိုလည်း ရာဇဝင်မှတ်တမ်းများက ဖော်ပြကြကုန်၏။

ယခုအခါ ဝိဇ္ဇာမယိဒ္ဓိပညာကို လိုက်စားကာ ဝိဇ္ဇာဇော်ဂျီတို့အား ဘုရားစင်ပေါ်တင်၍ (ဘိုးဘိုးအောင်အပါအဝင်) ပန်းရေချမ်း ဆီမီးကပ်လှူကာ ရှိခိုးဦးချနေကြပေပြီ၊ ဘိုးတော်ဘတော်ဆိုသူတို့ကလည်း ကြီးပွားရေး၊ စီးပွားရေးနှင့် အခြားအရေးများကိုတော်လုံးပေး မြှုဆွယ်ခြောက်လှန့်၍ ထေရဝါဒ ဗုဒ္ဓသာသနာတော်အဆောက်အအုံ၌ မှိုတွယ်ကပ်ရပ် ပေါက်ရောက်နေကြသော [illegible]ပင်ညှောင်ပင်များကဲ့သို့ သာသနာတော်အား တိုက်ရိုက်ဖြစ်[illegible] သွယ်ဝိုက်၍ဖြစ်စေ နှောင့်ယှက်ဖျက်ဆီးနေခြင်းကို တချို့က [illegible]ပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေး စသည့် လူမှုရေး အခြေအနေများကို အောင်မြင်ပေါက်မြောက်စေရန် အထက်-အောက်[illegible]တော်ဘတော်များ၏ ညွှန်ကြားချက်ကြောင့်၊ အိမ်ကပေးမှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဟုဆိုကာ အမိဌာန်ဝင် ပုတီးစိပ်ခြင်း၊ ဝတ်ပြုဝတ်ခြင်း စသည်တို့ကို ကိလေသာလောဘ ထုပြောစွာပြုလုပ်၍ သာသနာဖျက်များကို အဆိပ်ပင်ရေလောင်း အားပေးအားမြှောက် ပြုနေကြပေပြီ။

ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်၏ အမှိုက်သရိုက်အတွင်းပုပ် အပြင်ပုပ် ပါပညစ်ခေါင် ဝိဇ္ဇာယောင် ဘိုးတော်ယောင်များ၏ နည်းမျိုးစုံဖြင့် လှည့်စားပြီး သာသနာတော်အား ခုတုံးလုပ်နောင့်ယှက်ဖျက်ဆီးနေသည့် အခြေအနေဆိုးများနှင့် ဆက်နွယ်၍ ၂၆–၈–၉၅ နေ့စွဲပါ ကြေးမုံသတင်းစာတွင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့နှင့် ပြည်နယ်နှင့်တိုင်း ကိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့များ လုပ်ငန်းလမ်းညွှန်ချက်၊ ရှင်းလင်းညှိနှိုင်းပွဲ၌ သာသနာရေးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်၏ သာသနာရေးဆိုင်ရာ လျှောက်ထားချက်များတွင်–

အချို့သော ပုဂ္ဂိုလ်များသည် နတ်ယောင်ယောင်၊ ဘိုးတော်ယောင်ယောင်၊ ဝိဇ္ဇာယောင်ယောင်၊ ဗေဒင်ဆရာယောင်ယောင်၊ အယောင်ဆောင်ပြီး တန်ခိုးပြကာ သာသနာတော်အား မှီခိုပူးကပ်၍ ကိုယ်ကျိုးရှာနေကြကြောင်း၊ ယင်း ဘုန်းတန်ခိုးပြ၍ သာသနာပြုခြင်းကို ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးက "မုရန်စ်ပါးကို အမိကမထားဘဲ ကာမဘောဂီ လောကီလူသားများကဲ့သို့ စီးပွားရေးလုပ်ငန်းတစ်ရပ် အနေဖြင့် ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ ယတြာချေခြင်း၊ ဓာတ်ခန်းဖွင့်ခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း၊ ရတနာဒီပံထွန်းခြင်းစသော ကုလဒူသက အနေသနကိစ္စများကို သံဃာတော်များ အားလုံးလုပ်ဆောင်ခြင်းမပြုကြစေရန်" ဟု ဆုံးဖြတ်ချက်ချမှတ်၍ တားမြစ်ထားပြီးဖြစ်ကြောင်း။





သို့ဖြစ်ပါ၍ ဘိုးတော်များ၊ ဝိဇ္ဇာယောင်ယောင်၊ ပေါက်ဆရာများ၏ ဗုဒ္ဓသာသနာတော်ကို မှီတွယ်ကပ်ရပ်လာမှုကို သတိသမ္ပဇဉ်ဉာဏ်ယှဉ်ပြီး ဖယ်ရှားနိုင်ပါမှ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ ထွန်းလင်းနိုင်မည်ဖြစ်ကြောင်း။

ဆရာတော်ဘုရားများက ဓမ္မစက်ဖြင့် ရှေ့ဆောင်တော်မူကြ၍ အခက်အခဲရှိပါက ဘုရားတပည့်တော်တို့က အာဏာစက်ဖြင့် ပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သော ဩဝါဒများ ချီးမြှင့်တော်မူကြပါရန် ရိုသေစွာ လျှောက်ထားပါကြောင်း . . . များကို ဖော်ပြရင်း ဤဆိုအပ်ခဲ့ပြီးသော ဆောင်းပါးကို နိဂုံးချုပ်ပါသည်။ ။

မမ္မရံသီ၊ ၁၉၉၆၊ ဒီဇင်ဘာလ။

www.burmeseclassic.com

www.burmeseclassic.com

# လမ်းဖြောင့်လမ်းသာ ရှိနေပါလျက်

ကာရဏာ ကာရဏံ မနတိ ဇာနာတီတိ မနုဿော= အကြောင်း ဟုတ်သည်မဟုတ်သည်ကို သိတတ်သောကြောင့်လူ။

အတ္ထာ နတ္ထံ မနတိ ဇာနာတီတိ မနုဿော= အကျိုးရှိသည် မရှိသည်ကို သိတတ်သောကြောင့် လူ။

မနော ဥဿန္နံ ဧတေသန္တိ မနုဿော= မြန့်မြောထက်မြက်သော စိတ်ရှိသောကြောင့် လူ-ဟု ခေါ်ပါ၏။

ဇမ္ဗူဒိပ်ကျွန်းသား(ကျွန်ုပ်တို့လူသား)များသည် (၁) ရဲရင့်သည့်နေရာ၊ (၂)သတိရှိသည့်နေရာ၊ (၃)မြင့်မြတ်သည့်အကျင့်ကို ကျင့်သုံးသည့်နေရာ၌ နတ်ဒေဝတာများထက် သာလွန်ကြောင်း သစ္စာဝိဘင်္ဂ၊ တိဗ္ဗာနသုတ်၊ နဝကအင်္ဂုတ္တိုရ်၌ ဘုရားမြတ်စွာ ဟောကြားတော်မူပါ၏။





ထို့ကြောင့် အကြောင်းအကျိုးကို သိတတ်သော၊ ပြန့်ပြောထက်မြက်သည့် စိတ်ရှိသော လူ့ဘဝ၌ ကြုံတောင့်ကြုံခဲသော ဗုဒ္ဓဘာသာတရား ငါးပါးနှင့် ကြုံကြိုက်စဉ် တွေဝေမေ့မှူးပြီး လမ်းလွဲ လိုက်မိရန် အလွန်အရေးကြီးပါ၏။

ဤသို့ လမ်းလွဲလိုက်ခြင်းဟူရာတွင် လူနှင့်လူ့ဘဝ၏ ဖြစ်ကြောင်းကုန်စင် ကိစ္စအဝဝတို့အား လောကကို အစိုးရသော၊ တည်သော၊ အနန္တတန်ခိုးရှင်၊ ဖန်ဆင်းရှင်တစ်ဦးဦးက ကြိုးကိုင် ခြယ်လှယ်ဖန်တီးသည်ဟု ယူဆသော ဣဿရနိမ္မာန ဝါဒဘက် သို့ လမ်းလွဲမလိုက်မိရန် ဖြစ်ပါ၏။

လူသည် မှလာက ပြဋ္ဌာန်းပြီးသော အကြောင်းတို့၊ အတိတ် ကံအတိုင်း ချမ်းသာမှု၊ ဆင်းရဲမှုတို့နှင့် လူတို့၏ အားလုံးသော ထူးခြားမှုတို့သည် ရှေးဘဝကပြုခဲ့သည့် အတိတ်ကံကြောင့်သာ ဖြစ်သည်ဟူသော ပုဗ္ဗေကတဟေတုဒိဋ္ဌိ လမ်းဘက်သို့ လွဲချော် လျှောက်လှမ်းမိရန် ဖြစ်ပါ၏။

အကြောင်းအကျိုးတရားတို့ကို လုံးဝပယ်သော အဟေတုက အပစ္စယ ဝါဒဘက်သို့လည်း လွဲမှားပြီး မလိုက်မိရန် အလွန်အရေး ကြီးပါ၏။

"ရဟန်းတို့- ပုဗ္ဗေကတဟေတု- ရှေးကပြုခဲ့သော အတိတ်ကံအကြောင်းတို့ကိုသာ စွဲလမ်းယုံကြည်ကြသူတို့ အား၊ ဣဿရနိမ္မာနဟေတု-လောကကိုအစိုးရသူ ဖန်ဆင်း ခြင်းကိုသာလျှင် စွဲလမ်းယုံကြည်သူတို့အား၊ အဟေတု အပစ္စယဟေတု အကြောင်းမရှိ အထောက်အပံ့မရှိခြင်းကို



www.burmeseclassic.com

သာလျှင် စွဲလမ်းယုံကြည်သူတို့အား ဤအမှုကိစ္စကို ပြုလုပ်ရန်သော်လည်းကောင်း၊ မပြုလုပ်ရန်သော်လည်းကောင်း၊ အလိုဆန္ဒသည်လည်းကောင်း၊ အားထုတ်မှုဝီရိယသည်လည်းကောင်း မဖြစ်တော့ချေ" (တိတ္ထာယတနသုတ်-အင်္ဂုတ္တိုရ်)

ထေရဝါဒ ဗုဒ္ဓဘာသာ၏ လမ်းညွှန်မှု၌ လွဲမှားသောလမ်းကြောင်း ၆၂ လမ်းကို ဖော်ပြပါ၏။ ထိုလွဲမှားသော လမ်း ၆၂ လမ်းကို အဓိကလမ်းမှားကြီးနှစ်လမ်းမှ သွားလာကြပါ၏။ (၁)သဿတဒိဋ္ဌိလမ်း၊ (၂)ဥစ္ဆေဒဒိဋ္ဌိလမ်းတို့ ဖြစ်ကြပါ၏။ ထိုထိုလွဲမှားသော လမ်းများသည် အေးငြိမ်းခြင်း သန္တိသုခသို့ မရောက်နိုင်။ ထိုလမ်းတို့၏အလယ်၌ မဇ္ဈိမပဋိပဒါလမ်း(ဝါ)မဂ္ဂင်လမ်းသည်သာ လမ်းမှန်ဖြစ်၍ အေးငြိမ်းခြင်း သန္တိသုခသို့ ရရာ ရောက်ရာ ဖြစ်ပါ၏။

လူသည် ပြင်းစွာစွဲလမ်းတတ်သော ဥပါဒါန်လေးမျိုး စွဲကပ်ပြီဆိုလျှင် သံသရာဘေးဒုက္ခနှင့် မလွဲမသွေ တွေ့ကြုံရပေတော့မည်။ ကာမဂုဏ်ကို စွဲလမ်းတတ်သော လောဘတရား(ကာမုပါဒါန်)၊ မှားသောမြင်ခြင်းဖြင့် စွဲလမ်းတတ်သော ဒိဋ္ဌိတရား (ဒိဋ္ဌုပါဒါန်)၊ ခွေး,နွား,မြင်း စသည်တို့၏အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟု စွဲလမ်းတတ်သော ဒိဋ္ဌိတရား(သီလဗ္ဗတုပါဒါန်)၊ မိမိ၏အယူဝါဒသာမှန်၏ဟု အယူများကို စွဲလမ်းတတ်သော ဒိဋ္ဌိတရား(အတ္တဝါဒုပါဒါန်)ဟူသော ဥပါဒါန်တို့သည် ဘဝထိုထိုဘေးထိုထိုထံသို့သွားရန် ဝင်ခွင့်(VISA-ဗီဇာ)လက်မှတ်များပင်





ဖြစ်ပါ၏။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုသည့် ပပဉ္စတရားသုံးပါးသည် သံသရာကို ချဲ့ထွင်စေသည့် တရားများ ဖြစ်ပါ၏။

မြန်မာနိုင်ငံမှ ထေရဝါဒီအချို့သည် ယခုအခါ လွဲမှားသော ဒိဋ္ဌိလမ်းလွဲများဘက်သို့ အတော်များများ ခြေဦးလှည့်နေကြပြီ။

ပုဗ္ဗေကတဟေတုဒိဋ္ဌိ လမ်းများသို့ လျှောက်လှမ်းနေသူ ဒါဒီအချို့ကို တွေ့မြင်ရပါ၏။ ထိုသူတို့သည် ယခု ပစ္စုပ္ပန်ဘဝ၏ သောဆင်းရဲ အစုစုတို့သည် ရှေးအတိတ်ဘဝက မိမိတို့ပြုခဲ့ဖူးသည့် ကုသိုလ်,အကုသိုလ်ကံများကြောင့်သာဟု တစ်ထစ်ချပုံအောင် လက်ခံယူဆထားကြပါတော့၏။ ပုဗ္ဗေကတဟေတုဝါဒသည် ဏ္ဌာ(တိတ္ထိ)တို့၏ အယူအဆ ဖြစ်ပါ၏။

"သိဝက-ထိုသို့ဖြစ်ရာ ဤသတ္တဝါပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သုခကိုဖြစ်စေ၊ ဒုက္ခကိုဖြစ်စေ၊ ဥပေက္ခာကိုဖြစ်စေ ခံစား၏၊ ထိုအားလုံးသည် ရှေးကံကြောင့်ဖြစ်၏ဟု ဤသို့ဆိုလေ့ရှိကုန်သော သမဏ၊ ဗြာဟ္မဏတို့သည် ကိုယ်တိုင်သိအပ်သည်ကိုလည်း ကျော်လွန်ကုန်၏၊ လောက၌အမှန်ဟု သမုတ်အပ်သည်ကိုလည်း ကျော်လွန်ကုန်၏။ ထိုသို့ဖြစ်သောကြောင့် ထိုသမဏ၊ ဗြာဟ္မဏတို့၏ စကားကို အမှားဟု ငါဆို၏" (သိဝကသုတ်-ဝေဒနာသံယုတ်)

သဿတဒိဋ္ဌိ လမ်းများဘက်သို့ လျှောက်လှမ်းနေသူတို့ကလည်း ယခုဘဝ ပြုပြုသမျှ ဒါန, သီလ, ဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်အဖို့တို့သည် နောင်တမလွန်ဘဝ၌ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ ဖြစ်ရေးဆိုသည့် တမလွန်ဘုံဘဝတို့ကိုမျှော်ကိုး၍ ကုသိုလ်အမှုတို့ကို ပြုကြပါတော့၏။

"...ပုဏ္ဏက– အကြင်သူတို့သည် လူ, နတ်, ဗြဟ္မာအဖြစ်ကို တောင့်တကုန်၏။ လူ့ဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ အလှူ၏ အကျိုးအာနိသင်ကို ချီးမွမ်းကုန်၏။ မြွက်ဆိုတမ်းတကုန်၏။ ပူဇော်ပသကြကုန်၏။ လူ,နတ်,ဗြဟ္မာအဖြစ် ရမှုကိုစွဲ၍ ကာမတို့ကို တမ်းတကုန်၏။ ထိုသူတို့သည် ပူဇော်မှုကို အားထုတ်ကြကုန်သော်လည်း ဘဝကို တပ်စွန်းမှုတဏှာဖြင့် တပ်မက်ကုန်သောကြောင့် ပဋိသန္ဓေနေမှု၊ အိုမှု စသော ဝဋ်ဆင်းရဲကို မလွန်မြောက်နိုင်ဟုငါဆို၏" (ပါရာယနဝဂ်၊ ပုဏ္ဏကမာဏဝပုစ္ဆာ၊ သုတ္တနိပါတ်)

ဣဿရနိမ္မာနဟောတု လမ်းများသို့ သွားနေကြသူများသည်လည်း တန်ခိုးရှင်များ၊ ကယ်တင်ရှင်များ ရှိလိမ့်နိုးနိုးဖြင့် ခယဝပ်တွား ဒူးထောက်နေကြလေပြီ။ တစ်နည်းအားဖြင့်ဆိုသော် အောင်စေ၊ ပိုင်စေ၊ နိုင်စေ၊ ပြီးစေ၊ ပြည့်စေ၊ ပျောက်စေ ဆိုသည့် စေတစ်လုံးပိုင်ရှင်များ ရှိလိမ့်နိုးနိုး၊ ဗေဒင်၊ ယတြာက ကယ်နိုင်လိမ့်နိုးနိုး၊ အဆောင်အယောင်၊ မန္တန်၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့များက ကူညီစောင်မနိုင်လိမ့်နိုးနိုး၊ ဘုန်းကြီးရဟန်းများက ကယ်တင်နိုင်လိမ့်နိုးနိုး၊ ဘိုးတော်၊ ဘွားတော်၊ နတ်ကတော်များက မစနိုင်လိမ့်နိုးနိုး၊ ဂိုဏ်းလုပ်ငန်းဆိုင်ရာများက စောင်မ ကြည့်ရှုနိုင်လိမ့်နိုးနိုးဖြင့် အကျိုးမဲ့လမ်းများသို့ မျက်ကန်းတစ္ဆေမကြောက်





လျှောက်လှမ်းနေကြပေပြီ။ ဣဿရနိမ္မာနဝါဒသည် ဗြာဟ္မဏဘို့ဇော်ဝါဒ ဖြစ်ပါ၏။

အထက်ပါ ဖြစ်လာလိမ့်နိုး၊ ရလာလိမ့်နိုး တပ်မက်မှု အမျိုးမျိုးဖြင့် ဇွတ်တရွတ် လျှောက်လှမ်းနေကြသူများ၏ လူ့ဘဝ၊ လူ့တန်ဖိုးသည် အလွန်အောက်တန်း၊ နောက်တန်း ကျလှပေတော့သည်။ ခြသေ့်ဆီသည် သိင်္ဂီရွှေခွက်မှာသာ တည်သင့်ပါလျက် ဆွေးမြည့်သော ဝါးနီးခြင်းစုတ်ထဲသို့ သွန်ပစ်သည့်ပမာ သံသရာလည်သည့် အရိုင်းဘုံထဲသို့ ဇွတ်အတင်း ခုန်ဆင်းနေကြသည်မှာ အဆတန် နှစ်နာလွန်းလှပေတော့သည်။ ဇမ္ဗူဒိပ်ကျွန်းသားများသည် နတ်ဒေဝတာများထက် သာလွန်ကြောင်းရှေ့တွင် ဖော်ပြပြီးသော ဘုရားဟော တရားဒေသနာတော်အား ဥပေက္ခာပြုရာ ရောက်နေပေတော့သည်။

ဘုရားမြတ်စွာ၏ သာသနာတော်ကြီးနှင့် ကြုံတောင့်ကြုံခဲ ကြုံတွေ့နေရပါလျက် လွဲမှားသော သာသနာပဝါဒ လမ်းများဘက်သို့ လွဲမှားစွာ လျှောက်လှမ်းနေကြသည်မှာ သနားကရုဏာသက်ဖွယ် ကောင်းလေစွ။

သဘာဝလောကအမြင်ဖြင့် ကြည့်လျှင် လူသားသည် အသုံးခံအပြုဋ္ဌာန်းခံ သက်သက်မဖြစ်သင့်ချေ။ "အတ္တာဟိ အတ္တနောနာထော" ဟူသော ဒေသနာအရ လူသည် မိမိ၏ အကျိုးစီးပွားအတွက် မိမိသည်သာ ပဓာနဖြစ်ပါ၏။ မိမိသည်သာ မိမိ၏ ကိုးကွယ်ရာ ဖြစ်ပါ၏။ ထို့ကြောင့် လူသားသည် မည်သည့်အရှင် တန်ခိုးရှင်၊ ကယ်တင်ရှင်၊ စေတစ်လုံးပိုင်ရှင်၊ ဘိုးတော်၊



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်တို့နှင့်တကွ ရှေးအတိတ်ကာလတို့၏ လက်ဝေခံ အသုံးခံ အဖြစ်မှ ရုန်းထွက်လွတ်မြောက်ရန် သတိရှေးရှု၍ ကြိုးစားသင့် ပါ၏။

ဗုဒ္ဓဝါဒီတစ်ဦး ပီပီပြင်ပြင်ဖြစ်ရေးအတွက် အကြောင်းအကျိုး နိယာမတရားတို့ကို သိမြင်မှုသည် အလွန်အရေးကြီးပါ၏။ မိမိ၏ အစွမ်း၊ အရည်အသွေး၊ ဝီရိယတို့ကို ပမာဏထား လက်ခံအတည် ပြုခြင်း၊ ပစ္စုပ္ပန်ကာလ၌ မိမိသူတစ်ပါးအကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုပြုမူခြင်းဖြင့် အထက်၌ဆိုခဲ့သော လွဲမှားသည့် လမ်းများဘက် သို့ သွေဖည်မလှမ်းမိရန် ဉာဏ်ပညာဖြင့် သတိပြုဆင်ခြင်ကြ ရာ၏။ သတိပြုဆင်ခြင်နိုင်ကြပါစေသတည်း။ ။

ဓမ္မရုံသီ၊ ၂၀၀၁၊ ဩဂုတ်လ။

*

# အယူသီးမှု၏ရလဒ်

"အခြေအမြစ်မရှိသော ယုံကြည်မှုများကို 'အယူသီးမှု' ဟု ခေါ်ပါ၏။

အယူသီးမှုကို ပညာရှင်များ အဓိပ္ပာယ်ဖွင့်ဆိုပြခဲ့ကြသည့် အနက် အထက်ပါဖွင့်ဆိုမှုကို နှစ်သက်မိပါ၏။

အနောက်နိုင်ငံများတွင် အယူသီးမှုနှင့် သက်ဆိုင်သော ယုံကြည်လက်ခံမှုများမှာ သွားနေသည့်လမ်းတွင်ရှေ့မှ ကြောင်နက် တစ်ကောင် ဖြတ်သွားသည်ဖြစ်စေ၊ လှေကားအောက်သို့ ဝင် ရောက်ဖြတ်သန်းသွားမိသည်ဖြစ်စေ၊ မိမိကြည့်နေသည့်မှန် အောက် သို့ကျကွဲသွားသည်ဖြစ်စေ၊ အိမ်အတွင်း၌ ထီးကိုဖွင့်ဆောင်းမိသည် ဖြစ်စေ၊ ထမင်းစားပွဲတွင် မတော်တဆ ဆားဖိတ်သွားသည်ဖြစ် စေ၊ လူတစ်ယောက်အား ငွေယပ်တစ်ချောင်း(သို့မဟုတ်)ကပ် ကြေးတစ်လက်ကို ပေးမိသည်ဖြစ်စေ ဘေးအန္တရာယ် တစ်ခုခု ဖြစ်တတ်သည်ဟု ယုံကြည်ယူဆကြပါ၏။

မိတ်ဆွေစာပေ

•

www.burmeseclassic.com



အင်္ဂလန်၊ အမေရိကန်စသော အနောက်နိုင်ငံသားများ၌လည်း ၁၃ ဂဏန်းကို မင်္ဂလာမရှိသော အမှတ်ဟူ၍လည်းကောင်း၊ သောကြာနေ့ကို အမင်္ဂလာနေ့ဟုလည်းကောင်း၊ အထူးသဖြင့် သောကြာနေ့တွင် ကျရောက်သော ၁၃ ရက်သည် မင်္ဂလာမရှိဆုံးနေ့၊ အဆိုးဆုံးနေ့ဟု ယုံကြည်ယူဆကြကြောင်း သိရပါ၏။

ထို့အတူ မြန်မာနိုင်ငံ၌လည်း အခြေအမြစ်မရှိသောယုံကြည်ကိုးကွယ်ခြင်း၊ အယူသီးမှုများ များစွာရှိပါ၏။ ငှက်အော်သံ၊ အိမ်မြှောင်စုတ်ထိုးသံ၊ တောက်တဲ့အော်သံ၊ ရက်ရာဇာ၊ ပြဿဒါး၊ ဝါရမိတ္တူ၊ အတိတ်၊ နိမိတ်၊ နဂါးလှည့်အိမ်ဆောက်၊ အမည်ပေး၊ အခါရွေး၊ ဗေဒင်၊ စုန်း၊ နတ် အစရှိသော သဘောတရားများကို အခြေအမြစ်မရှိ ယုံကြည်လက်ခံ အယူသီးမှုများ ရှိနေကြပါ၏။

နက္ခတ္တံ ပတိမာနေန္တံ၊ အတ္တော ဗာလံ ဥပစ္စဂါ။

အတ္တော အတ္ထဿ နက္ခတ္တံ၊ ကိံကရိဿန္တိ တာရကာ။

"နက္ခတ်ကောင်း အချိန်ကောင်းကို ငံ့လင့်နေသော အသိဉာဏ်မဲ့သူကို လိုအပ်သော အကျိုးသည် ကပ်လာပြီးမှ ကျော်လွန်သွားတတ်၏။ လိုအပ်သောအကျိုးကိုရခြင်းသည် လိုအပ်သော အကျိုး၏ နက္ခတ်ကောင်း အချိန်အခါကောင်းပေတည်း။ ကောင်းကင်က ကြယ်တာရာတို့သည် အဘယ်အကျိုးကို ပြုနိုင်ကုန်အံ့နည်း။ ပြုနိုင်ကုန်အံ့နည်း" ဟု ဘုရားမြတ်စွာက ဟောကြားတော်မူခဲ့ပါ၏။ ဇာတ်ဝတ္ထုဖြစ်သည့် နက္ခတ္တဇာတကတွင် ဟောကြားဆုံးမတော်မူသည်ကို သတိပြုသင့်ပါ၏။





ပညာရှင်တစ်ဦးကမူ "ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း စသည့် စိတ်ခံစားမှုများပါသည့် ယုံကြည်မှုသည်သာလျှင် အယူသီးမှုဟု ခေါ်ဆိုရမည်ဖြစ်ပေသည်" ဟု ဖွင့်ဆိုပါ၏။

ဤသည်မှာ အသိဉာဏ်မဖွံ့ဖြိုးသေးသော ကျောက်ခေတ်လူသားတို့၏ ယုံကြည်ကိုးကွယ်မှုနှင့် ထူးမခြားနားလှပေ။ ယခုခေတ်သည် အဏုမြူကွန်ပျူတာခေတ်ဖြစ်သည့်အလျောက် အခြေအမြစ်မရှိသော ကြောက်ရွံ့စိုးရိမ် ထိတ်လန့်ခြင်းတို့ကြောင့် ကိုးကွယ်သော ယုံကြည်မှုမျိုး မရှိသင့်တော့ပေ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် မြန်မာနိုင်ငံသည်လည်း အားသွန်ကြိုးပမ်းနေချိန် ဖြစ်ပါ၍ အဆောင့်မြင့်တိုက်အိမ်၏ အိမ်ရှေ့ဝရန်တာမှ ကြိုးပတ်စလောင်းခ်အနီးတွင် သုံးထပ်လည်ပေါ် ကျွဲနတ်စင်ရှိနေသည်ဆိုပါလျှင် ရယ်စရာ ဖြစ်နေပါလိမ့်မည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်းဟူရာ၌ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု(အသွင်သဏ္ဌာန်)နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (အနှစ်သာရ)ဟူ၍ ရှိပါ၏။ အသွင်သဏ္ဌာန်နှင့်အနှစ်သာရ နှစ်ခုလုံး တိုးတက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်းဟု ကျွန်ုပ်တို့ လက်ခံအတည်ပြုရပါမည်။

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သည်ဖြစ်၍ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု (အနှစ်သာရ) ကို ထေရဝါဒ ဗုဒ္ဓယဉ်ကျေးမှုက အထူးအပြည့်အဝ ပေးခဲ့၏။ သို့သော် ထေရဝါဒမဟုတ်သော ဝါဒသဘောတရားများဖြင့် လွှမ်းမိုး

www.burmeseclassic.com



မှုကို ရှေးနှစ်ပေါင်း ၂၀၀၀ ခန့်မှ စတင်ခံခဲ့ရပါ၏။ ဗိဿနိုးခေတ် (AD ၁ ရာစုမှ ၄-၅ ရာစု) သရေခေတ္တရာခေတ်(AD ၃ ရာစုမှ ၁၀ ရာစု)၊ ပုဂံခေတ်(AD ၁၁ ရာစုမှ ၁၃ ရာစု)စသည့် ခေတ်များ၏ ကိုးကွယ်ယုံကြည်မှုများကို သုတေသနပြုလုပ်ကြည့်လျှင် သိသာထင်ရှားပါ၏။

ယခုခေတ်တွင်လည်း ခေတ်သစ်ခေတ်ဟောင်း ဝါဒထူး ဝါဒဆန်းများ၏ ထိုးနှက်ချက်ကြောင့် အယူသီးမှုများစွာ၏ ဒဏ်ကို နှုးညွှတ်ခံနေရပါ၏။ ဥပမာ ဘုရားဆင်းတုတော်က ပြုံးခြင်း၊ မဲ့ခြင်း၊ မွေးညှင်းပေါက်ခြင်း၊ ချွေးစို့ခြင်း၊ လက်မှားထွက်ခြင်း၊ မျက်မှန် တပ်ခြင်း၊ သံကြိုးခတ်ခြင်း၊ မိုးရှင်ရွှေခြင်း၊ လက်ညှိုးတော်မှ ရေစက်ကျခြင်း စသည့် အခြေအမြစ်မရှိသော အယူသီးမှုများ 'နေအထွက်မှာ ရွှေခွက်ဖြင့် ငွေအပြည့်ပေးပါ' 'ဥစ္စာစရဏာ ၁ မှာနော' စသည့် နံရံကပ်စာများနှင့် ငွေစက္ကူပုံများ ရိုက်နှိပ်ထားသော နံရံကပ်ပိုစတာများ စသည့် အခြေအမြစ်မရှိသော ယုံကြည် အယူသီးမှုများသည်လည်း လူသား၏ စိတ်ဓာတ်ကြံ့ခိုင်မြင့်မားရေးကို နှိပ်ကွပ်ချိုးနှိမ်သလို ဖြစ်ပါ၏။

"...ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဤ(ဗေဒင် သုံးပုံ)၌ ကိုးစားကပ်ရောက်၍ နစ်မြုပ်ကုန်၏။ နစ်မြုပ်၍ ပျက်စီးခြင်းသို့ ရောက်ကုန်၏။ (တံလျှပ်ကို ရေမှတ်၍ အခြောက်တိုက်ကူးသည်နှင့် တူကုန်၏တကား။ ထို့ကြောင့် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဤဗေဒင် သုံးပုံတို့ကို (ရွာမနီးသော)တောကြီးဟူ၍လည်း ဆိုအပ်ကုန်၏။ ဗေဒင်





သုံးပုံကို ပျက်စီးရာပျက်စီးကြောင်း ဟူ၍လည်း ဆိုအပ်၏"ဟု ဘုရားမြတ်စွာက ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ် ပါဠိတော်၊ တေဝိဇ္ဇသုတ်၌ ဟောကြားဆုံးမတော်မူသည်ကို လိုက်နာသတိပြုသင့်ပါ၏။

အချို့သော စာရေးသူများကလည်း ဘုရားအကြိုက်ထက် များအကြိုက်ဖြစ်သော အပင့်အမြှောက် အခြောက်အလှန့်များ၊ င်အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်များ။ အကျိုးမရှိသော ထူးအဆန်းများ၊ စုန်း၊ မှော်၊ ကဝေ၊ ပယောဂ၊ ဂန္ဓာရီ အတတ် ဖြင့် အခြေအမြစ်မရှိသည့် အယူသီးမှုများကို ရေးသား၍ ဆက်သစ်လူငယ်များအား မှိုင်းတိုက်နေကြသည်မှာ အတော် တန်ပင် မှိုင်းငွေ့ဝလင်နေကြပေပြီ။

အယူသီးမှုသည် စိတ်ဓာတ်အင်အား ကျဆင်းခြင်းပင် ဖြစ် ၏။ အခြေအမြစ်မရှိသည်ကို လက်ခံယုံကြည်ခြင်းမှာ ခြေခြေ မြစ်မြစ် လေ့လာတွေးတောဆင်ခြင်ရန် အားနည်းသောကြောင့် ပါ၏။

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်သို့ ရှေးရှုချီတက်နေ သော မြန်မာနိုင်ငံသည် အထက်ပါအခြေအမြစ်မရှိသော ယုံကြည် ခံမှုများကြောင့် ရှေးခရီးမတွင် ဖြစ်နေပါတော့၏။ ယခုအခါ ဝါဒ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများသည် အရာရာ၌ မြစ်မြစ် ထဲထဲဝင်ဝင် လေ့လာဆန်းစစ် ဆင်ခြင်ရန် အခါ ကောင်းသေးပါ။ သို့မဟုတ်ပါဘဲ အကန်းယုံ၊ အရမ်းပ ဖြင့် ဆက်အယူသီးနေကြမည်ဆိုပါလျှင် အောက်တန်း ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တန်းကျ၍ နောက်ဆုံး၌ ထေရဝါဒ ဗုဒ္ဓဘာသာယဉ်ကျေးမှုသည် ပင်လျှင် တိမ်ကောပျောက်ဆုံးရပါလိမ့်မည်။

အယူသီးမှုတို့သည် ယခုအခါ ချုံ့သွားကျုံ့သွားရမည့်အစား ချဲ့ကားကျယ်ပြန့်လာသည်ကို တွေ့မြင်ရပါ၏။ ဤသို့ဖြစ်ရခြင်းမှာ စာပေဖော်းပွခြင်း၊ လူသား၏အလိုလောဘများ ကြီးထွားလာခြင်း ရေသာခို အချောင်လိုက်လိုခြင်း၊ ကိုယ့်အားကိုယ်မကိုးလိုခြင်း ထေရဝါဒမဟုတ်သော အပဝါဒများ လွှမ်းမိုးလာခြင်း စသည့် အကြောင်းအချက်တို့ကြောင့် ဖြစ်တန်ရာ၏။

ထေရဝါဒ ဗုဒ္ဓဘာသာ၊ ထေရဝါဒ ဗုဒ္ဓယဉ်ကျေးမှုသည် ကိုယ့်အား ကိုယ်ကိုးသော (အတ္တာဟိ အတ္တနော နာထော)ဝါဒ ဖြစ်ပါ၏။ ခြေခြေမြစ်မြစ် လေ့လာတွေးတောဆင်ခြင်သော ဝိဘဇ္ဇ ဉာဏ်ကို မွေးမြူပေးပါ၏။ အရာရာကို ဝေဖန်ပိုင်းခြားရန် (ပေ ပဿိကော)လည်း လွတ်လပ်မှုအပြည့်အဝ ပေးပါ၏။ ထို့ကြောင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လှမ်းချီရာတွင် ထေရဝါဒဗုဒ္ဓဘာသာ၊ ထေရဝါဒဗုဒ္ဓယဉ်ကျေးမှု လမ်းစဉ်နှင့်အညီ ကျင့်ကြံအားထုတ်မည်ဆိုလျှင် လောကီလောကုတ် ဘက်စုံဖွံ့ဖြိုး တိုးတက်မည်မှာ ဧကန်မုချဖြစ်ပါ၏။ ။

**ကျမ်းကိုး**

၁။ အယူသီးနှင့်သိပ္ပံ (မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း)စာဖေ့ပ်နှင့်
၂။ အယူသီးမှု နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့် (ခင်မောင်သန်း စိတ်ပညာ)

မှုရုံသီ၊ ၂၀၀၁၊ ဝန်နှုဝါရီလ

✱

# အမျိုးသမီးများ ကျေးဇူးဆပ်ရန်ရှိသည်မှာ

ရဟန်းတို့–ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဟူသော ...ကြီးအားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ...ဖြစ်သော အမည်၊ အနွယ်တို့ကိုစွန့်၍ “မဟာသမုဒ္ဒရာ” ...ဆင် ရေတွက်ခြင်းသို့ ရောက်ကုန်သကဲ့သို့ ဤအတူပင် မင်း၊ ...း ကုန်သည်၊ သူဆင်းရဲဟူသော ဤအမျိုးလေးပါးတို့သည် ...ဘုရားဟောတော်မူသော ဓမ္မဝိနယ သာသနာတော်၌ ...ဘောင်မှ ရဟန်းဘောင်သို့ ရောက်ကုန်လတ်သော် ရှေး၌ ...ကုန်သော အမည်၊ အနွယ်တို့ကိုစွန့်၍ “သာကီဝင်မင်းသား ...သားတော် ရဟန်းတို့”ဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက် ...။ (ဥ၊ ပါတိမောက္ခ၊ ဥပနက္ခန္ဓက၊ စူဠဝဂ်)

အနတ္တတရားကိုအခြေခံ၍ ပဋိစ္စသမုပ္ပါဒ်တရားကို အလေး

မိတ်ငဆွေ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထားသော ဘုရားမြတ်စွာ၏သာသနာတော်၌ လူတန်းစားခွဲခြားမှု အမျိုးဇာတ်ခွဲခြားမှုတို့သည် ရှိကောင်းသောအရာများ မဟုတ်ပါချေ။

ဘုရားမြတ်စွာမပွင့်ထွန်းခင်က အိန္ဒိယနိုင်ငံ၌ အမျိုးဇာတ်ခွဲခြားမှု လူတန်းစားခွဲခြားမှုတို့သည် အရှိန်အဟုန် ကြီးမားခဲ့ပါ၏။

အထူးသဖြင့် အမျိုးသမီးများကို အလွန်နှိမ့်ချထား၏။ "ကူတ္တိ ဘလ္လာန မုတ္တမံ" ဟူသော စကားအရ အမျိုးသမီးများကို အမျိုးသားတို့၏ သုံးဆောင်ဖွယ်ရာပစ္စည်းဘဏ္ဍာတို့တွင် အကောင်း အမွန် အမြင့်မြတ်ဆုံးသော ပစ္စည်းဘဏ္ဍာတစ်ခုဟု ယူဆထားကြကုန်၏။ သို့ဖြစ်ရကား မိမိပိုင် ပစ္စည်းဝတ္ထုကို အခြားသူများ မမြင်ရအောင် ဖုံးအုပ်ထားသည့်အလား မိန်းမများ၏မျက်နှာကို ဖုံးအုပ်ထားကြကုန်၏။ ရှေးအခါက လင်သေသောအခါ မိန်းမများသည် လင်နှင့်အတူ မီးသဂြိုဟ်ခံရသည့် ဓလေ့ထုံးစံပင် ရှိခဲ့ဖူးပါ၏။

ထိုခေတ်ကထွန်းတောက်ခဲ့သော ဗြာဟ္မဏဝါဒ အရှိန်အဝါ အောက်တွင် ပြားပြားဝပ်မျှ အနိမ့်ခံ-အဖိနှိပ်ခံ လူတန်းစားတစ်ရပ် ဖြစ်ခဲ့သော အမျိုးသမီးတို့၏ အခွင့်အရေးကား အလွန်နည်းပါးလွန်းပါ၏။ ဘာသာရေးတွင်လည်းကောင်း၊ လူမှုရေးတွင်လည်းကောင်း အပြုခံတို့သာဖြစ်ပြီး လွတ်လပ်မှုမရှိခဲ့ကြချေ။ ဗြာဟ္မဏတို့၏ ဘာသာရေးတွင် အမျိုးသမီးများအဖို့ လုံးဝ နေရာမပေးခဲ့ချေ။

ဘုရားမြတ်စွာ၏မူဝါဒ၌ အမျိုးသမီးများအား ဖိနှိပ်ချုပ်ချယ်ကန့်သတ်ခြင်းတို့ မရှိခဲ့ချေ။ ဘုရားမြတ်စွာသည် ခန္ဓာငါးပါးကို





ဦးတည်ယူဆမှုရှိပြီး ပုဂ္ဂိုလ်သတ္တဝါ- သူငါ- ယောကျ်ား- မိန်းမ စသည်ဖြင့် ခွဲခြားပြီး မဟောခဲ့ပါ။

အမျိုးသမီးများလွတ်လပ်မှုနည်းပါးလှသော ယခင် အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုတွင် ဗုဒ္ဓနှင့် ဗုဒ္ဓအယူအဆများကြောင့် အမျိုးသမီးများလွတ်လပ်မှု ပိုမိုရရှိခဲ့ခြင်း ဖြစ်နိုင်ချေ၏။

ဘုရားရှင်တို့၏ ပရိသတ်လေးပါးတွင် ရဟန်း ယောကျ်ားပရိသတ်၊ ရဟန်းမိန်းမပရိသတ်၊ ဥပါသကာ ယောကျ်ားပရိသတ်၊ ဥပါသိကာမိန်းမ ပရိသတ်ဟူ၍ရှိရာ သာသနာတော်၌ မိန်းမတို့၏ အခန်းကဏ္ဍသည် ထည်ဝါခမ်းနားခဲ့ပါ၏။

မဟာပဇာပတိဂေါတမီ၊ ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ၊ ပဋာစာရီထေရီ၊ ဓမ္မဒိန္နာထေရီ စသော ရဟန်းမိန်းမ ဆယ့်သုံးဦးတို့သည် ဘုရားမြတ်စွာ၏ သာသနာတော်တွင် ဧတဒဂ်ဘွဲ့ ရရှိ သတ်မှတ်ခြင်း ခံရသူတို့ ဖြစ်ပါ၏။ (အင်္ဂုတ္တိုရ်၊ ဧကကနိပါတ၊ ဧတဒဂ္ဂဝဂ်)

ဘုရားမြတ်စွာသည် အမျိုးသမီးများ၏ မိခင်မေတ္တာစိတ်ကို လေးစား၍ ကလေးသူငယ်၏ကြီးပွားချမ်းသာမှုကို များစွာ လိုလားတော်မူပါ၏။ သာဝကပြုရသော ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးသည် ဘိက္ခုနီတို့ထံ၌ ရဟန်းပြု၏။ များမကြာမီ ထို ဘိက္ခုနီမသည် ကလေးမွေးဖွား၍ ဘုရားရှင်အား လျှောက်ကြား၏။ ထိုအခါ ဘုရားရှင်က ထိုသူငယ် သိ-ကြား လိမ္မာချိန်ရောက်သည့် တိုင်အောင် မွေးမြူရန် ခွင့်ပြုပြီးသော အကူအညီရစေရန် အခြား ဘိက္ခုနီမ တစ်ယောက်အား မိခင်၏အဖော်အဖြစ် ခွင့်ပြုတော်မူ



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ (*အကျယ်ကိုသိလိုသော် ဘိက္ခုနီက္ခန္ဓက၊ စူဠဝဂ်၌ ရှုပါ*)

ဘုရားမြတ်စွာသည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာ အားလျော်စွာ လူတို့၏ အဆင့်အတန်းကို သတ်မှတ်ပါ၏။ ဝိမုတ္တိဉာဏဒဿနကို မြင်မှုမမြင်မှုဖြင့်သာ ခြားနား၏၊ မိန်းမ–ယောကျ်ားအားဖြင့်ကား ခြားနားကန့်သတ်မှု မပြုချေ။

ဖော်ပြပါ အကြောင်းအချက်တို့ကို ထောက်ချင့်ခြင်းအားဖြင့် ဘုရားမြတ်စွာသည် အမျိုးသမီးများ၏ ဒါဗိန္နိပ်ခံ–အနှိမ်ခံ အဖြစ်မှ ကင်းလွတ်ခွင့်ပေးခဲ့လေပြီ။ သို့အတွက် ဘုရားမြတ်စွာ၏ ကျေးဇူးတော်သည် အမျိုးသမီးများအပေါ်၌ နှိုင်းရမဲ့ ဖြစ်တော်မူပါ၏။

ကတညုတ ကတဝေဒီ= သူ့ကျေးဇူးကို သိတတ်ခြင်း၊ သူ့ကျေးဇူးကို ပေးဆပ်ခြင်းသည် သူတော်ကောင်းတို့၏အလုပ် ဖြစ်ပါ၏။ မင်္ဂလာလည်း မည်ပါ၏။

စင်စစ် ဘုရားမြတ်စွာသည် အမျိုးသမီးများအား ဖိနှိပ် ချုပ်ချယ်သော ပုဂ္ဂိုလ်မဟုတ်ခဲ့ချေ။ ယခုအခါ အချို့သော နေရာဒေသတို့၌ သိမ်များ–ဘုရားတန်ဆောင်းများထဲသို့ အမျိုးသမီးများ မဝင်ရခြင်းသည် ခေတ်စားလာ၏။ မော်လမြိုင်မြို့နယ်၊ ကျိုက္ကမိ ကျိုက်မရော၊ ကတိုးကော့နပ်နှင့် ကျိုက်ထီးရိုး စသည်တို့၌ "မိန်းမများမဝင်ရ" ဟု တားမြစ်ထားပါတော့၏။

ဤသို့ သတ်မှတ်ခြင်းတို့သည် အကယ်တန္တ၊ ထေရဝါဒ ဗုဒ္ဓဘာသာ၏ ကန့်သတ်ချက်တို့ မဟုတ်ကုန်။ ထေရဝါဒ ဗုဒ္ဓဘာသာမှ အပဝါဒများ၏ စည်းကမ်းချက်တို့သာ ဖြစ်ပါ၏။





ဤနေရာ၌ အိမ်တွင်းသာသနာလုပ်ငန်းသည် အမျိုးသမီး မိခင်များ၏လက်ဝယ်၌ တည်ပါ၏။ အိမ်တွင်းသာသနာ သန့်ရှင်း စင်ကြယ်မှ ရပ်တွင်း–မြို့တွင်း သာသနာလည်း သန့်ရှင်းစင်ကြယ် တည်တံ့ပြန့်ပွားပါမည်။ ထိုမှတစ်ဆင့် တိုးတက်၍ ကျယ်ပြန့်စွာသော ရပ်ဝန်းသို့ ဘုရားမြတ်စွာ၏ သာသနာတော်ကို ပြန့်ပွား ထွန်းကားစေရာ၏။ ထို့ကြောင့် ဘုရားမြတ်စွာ၏ ကျေးဇူးတော်ကို အထူးပေးဆပ်သင့်ပါ၏။

ထို့ကြောင့် ဘုရားမြတ်စွာ၏ ကျေးဇူးတော်ကို သိတတ်ပါလျှင်၊ ဘုရားမြတ်စွာ၏ကျေးဇူးကို ပေးဆပ်လိုပါလျှင် ဘုရားမြတ်စွာ၏ ထေရဝါဒ သာသနာတော်ကို ထေရဝါဒ နည်းလမ်းကျကျ လိုက်နာကျင့်ကြံသင့်ပါကြောင်း အမျိုးသမီးအပေါင်းအား သတိပေး–အသိပေးရပါတော့၏။ ။

**ကျမ်းကိုး**

၁။ မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာစာတမ်း–အရှင်ပညာဝံသ (ရွှေကျင် ခါတော်မှိ)

၂။ ထေရဝါဒဗုဒ္ဓဘာသာ–ရေစကြိုအရှင်ဒေသိက

မေမြို့ရဲ့သီး ၂၀၀၀၊ နိုဝင်ဘာလ။

✱

www.burmeseclassic.com

## နတ်နှင့်နဂါး လှည့်စားသူ

နတ်ဆိုသည်မှာ ပါဠိဝေါဟာရ 'နာထ'မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရ ဖြစ်ပါ၏။ အဓိပ္ပာယ်မှာ ကိုးကွယ်ရာ၊ ဆည်းကပ်ရာ ဖြစ်ပါ၏။ လောက၌ နတ်သုံးမျိုးသုံးစား ရှိပါ၏။ ဝိသုဒ္ဓိနတ်၊ ဥပပတ္တိနတ်၊ သမ္မုတိနတ်တို့ ဖြစ်ကြ၏။

ဝိသုဒ္ဓိနတ်မှာ ဘုရား-ပစ္စေကဗုဒ္ဓါ-ရဟန္တာတို့ကို ဆိုလိုပါ၏။ ဥပပတ္တိနတ်မှာ အထက်နတ်ဘုံခြောက်ဘုံနှင့် ဗြဟ္မာပြည်မှ နတ်ဗြဟ္မာတို့ကို ဆိုလိုပါ၏။ သမ္မုတိနတ်မှာ မင်းစသည် တိုင်းပြည် အုပ်ချုပ်သူများကို ဆိုလိုပါ၏။

ဤ၌ မိရိုးဖလာ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းသည် နာထ(၄) နတ်စာရင်း၌ မပါဝင်ချေ။ ၎င်း ၃၇ မင်းတို့သည် ဝိနိပါတိက ပြိတ္တာ အပါယ်ဘုံသားများသာ ဖြစ်ကြပါ၏။





နတ်ကိုးကွယ်မှုသည် ကမ္ဘာဦးလူ့တို့နှင့် မရှေးမနှောင်းတွင်ပင် ပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်တို့ ခန့်မှန်းကြ၏။

မြန်မာနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်၊ ဗိသနိုး ခေတ် ပျူယဉ်ကျေးမှုမှစ၍ သရေခေတ္တရာခေတ်၊ ပုဂံခေတ်နှင့် ယနေ့တိုင်အောင် နတ်ကိုးကွယ်မှု(ဝါ)မိရိုးဖလာ နတ်ကိုးကွယ်မှု ကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ကြောင်း သာဓကများစွာ တွေ့ရှိ ရပါ၏။ ထိုသော ဤနတ်ကိုးကွယ်မှုသည် ထေရဝါဒဗုဒ္ဓဘာသာ နှင့် လုံးလုံးမသက်ဆိုင်ကြောင်း သတိချပ်သင့်၏။ ဘုရားမြတ်စွာ အလိုတော်ကျ သမ္မာဒိဋ္ဌိအယူမှဟုတ်ဘဲ မိစ္ဆာဒိဋ္ဌိတို့၏ အယူသာ ဖြစ်ပါ၏။ အဆိုပါ မိရိုးဖလာနတ်ကိုးကွယ်မှုသည် ဗိသနိုးပျူခေတ် မှစ၍ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ကပ်မှီတွယ်ခို ခိုတုံးလုပ် ကာ ယနေ့တိုင် ရှင်သန်ဆဲဖြစ်ပါ၏။

ကိုးကွယ်ယုံကြည်မှုများစွာ၌ နတ်ပြီးလျှင် နဂါးဖြစ်၏။ နတ်နှင့်နဂါးသည် တွဲဖက်အသုံးများသော စကားစုဖြစ်ပါ၏။

'နာဂ'ဟူသော ပါဠိမှ နဂါးဖြစ်လာသော တိရစ္ဆာန်ကို အဘိဓာန်တို့၌ တန်ခိုးကြီးပါဒ်ရှိသော 'မြွေ'ဟု ဖော်ပြကြ၏။

နဂါး(ဝါ) မြွေကိုးကွယ်မှုကို အိန္ဒိယနိုင်ငံ ဣန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှု(BC-၃၀၀၀ခန့်)မှ ဆင်းသက်လာသည်ဟု သုတေသီ တို့ ယူဆကြ၏။ ဟာရပ္ပါ၊ ဇီလပ်နှင့် ဘောဘီလုံတို့တွင် အထင်အရှား ကိုးကွယ်မှုရှိကြောင်း တွေ့ရှိရ၏။

ဣန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုကို တည်ထောင်သူတို့မှာ ဒရာဗီး ယန်လူမျိုးများဖြစ်ကြ၏။ ၎င်းတို့သည် သစ်ပင်၊ တောတောင်



www.burmeseclassic.com

www.burmeseclassic.com



သည်တို့ကိုလည်း ကိုးကွယ်ကြ၏။ ၎င်းတို့၏ စကားအရ မြွေသတ္တဝါကို 'နာဂ' ဟုခေါ်၍ နဂါး(ဝါ)မြွေကိုးကွယ်မှုကို စတင်သူများဖြစ်ကြောင်း လေ့လာရပါ၏။ နဂါးကိုးကွယ်မှု နဂါးဘာသာဝင်တို့သည် အင်အားကြီးထွားလာသောအခါ နဂါးဘာသာဝင်ဖြစ်ရခြင်း(ဝါ) နဂါးမျိုးဖြစ်ရခြင်းကို ဂုဏ်ယူဝင့်ကြွားကြ၏။ ၎င်းတို့၏ အုပ်ချုပ်သူအား နဂါးမင်းဟု ခေါ်ဝေါ်ကြ၏။

အိန္ဒိယပြည်မ၌ စတင်ခဲ့သော နဂါး(ဝါ) မြွေ တိရစ္ဆာန်ကိုးကွယ်မှုသည် မြန်မာပြည်နှင့် အရှေ့တောင်အာရှ နိုင်ငံများ၊ တရုတ်၊ ဂျပန်နိုင်ငံများသို့လည်း ပျံ့နှံ့ရောက်ရှိသွားခဲ့၏။ အိန္ဒိယပြည်မတွင်မူ မြွေနဂါးကိုးကွယ်မှုသည် ယနေ့ခေတ် အထိပင်ရှိသေး၏။

မြန်မာနိုင်ငံ၌လည်း နဂါးကို ရှေးအစဉ်အဆက်ကပင် သိရှိကိုးကွယ်ခဲ့ကြ၏။ 'မှန်နန်းရာဇဝင်တော်ကြီး၌ သရေခေတ္တရာမြို့တည်နန်းတည် အကြောင်းနှင့်စပ်လျဉ်း၍ ဂဝံပတေ၊ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသွရာ ဆိုသူတို့က ဘုရားမြတ်စွာ ဗျာဒိတ်တော်အတိုင်း သရေခေတ္တရာမြို့ကို စတင်တည်ထောင်ကြောင်း ပါရှိလေ၏။ (ဤအကြောင်းရင်းမှာ ဘုရားမြတ်စွာ ဟောကြားတော်မူသော ပိဋကတ်တော်၌ မပါမရှိပါ)

ပုဂံပြည် တောင်သူကြီးမင်းဖြစ်သော ညောင်ဦးစောရဟန်းမင်း လက်ထက်တွင်လည်း နဂါးမြွေတို့ကို ကိုးကွယ်ကြောင်း ဖတ်ရှုရ၏။ ကျန်စစ်သားမင်းလက်ထက်တွင် မဟာယာနတန္တရ ဂိုဏ်းဆိုင်ရာ ကိုးကွယ်မှုများဖြစ်သည့် စိဿနိုးကိုးကွယ်မှု၊ နဂါး





ကိုးကွယ်မှု၊ ဂဝံပတိကိုးကွယ်မှု စသည့် ထေရဝါဒ ဗုဒ္ဓဘာသာ မဟုတ်သော ကိုးကွယ်မှုများရှိခဲ့ကြောင်း ကျန်စစ်သားမင်းကြီး၏ နန်းတည်ကျောက်စာ၊ ပုဂံနတ်လှောင်ကျောင်းနှင့် အပါယ်ရတနာ ဂူဘုရားများရှိ ပန်းချီတို့အရ သိရပါ၏။

ယခုအခါ မြန်မာနိုင်ငံ၌ နဂါး(ဝါ) မြွေကိုးကွယ်မှု မရှိတော့သော်လည်း နဂါးယုံကြည်လက်ခံမှုသည် ကျယ်ပြန့်ထင်ရှားစွာ ရှိကြောင်း မြန်မာပြက္ခဒိန်က ဦးစွာသက်သေခံပါ၏။

ဗြာဟ္မဏဝါဒလာ နက္ခတ်ဗေဒင်၌ နဂါးလှည့်ကိုကြည့်၍ ဆောင်ရန်ရှောင်ရန်များကို မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ လက်ခံယုံကြည်ကြ၏။ တစ်ဖန် ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံ စေတီပုထိုးများ၌လည်း စနေဂြိုဟ်ခွင်၏အရပ် (အနောက်တောင်ထောင့်)၌ စနေဂြိုဟ်မင်း၏ စီးတော်ယာဉ်နဂါးတိရစ္ဆာန်ကို တွေ့ရှိရ၏။

ဤသို့ မြန်မာနိုင်ငံတွင် မိစ္ဆာဒိဋ္ဌိ အယူအစွဲရှိသူ မိရိုးဖလာ ဘုရားယုံကြည်သူတို့၏ "နတ်နှင့်နဂါး မလှည့်စားနှင့်" ဟူသော ဆောင်ပုဒ်အို ဆောင်ပုဒ်ဆွေးကြီးကို လက်ကိုင်ထား၍ ယင်းဆောင်ပုဒ်ကိုပင် လှည့်စားနေသူတို့မှာ ထိုနတ်နဂါး ယုံကြည်သူများပင်ဖြစ်ကြောင်း တင်ပြပါဦးအံ့။

မိရိုးဖလာ နတ်ယုံကြည်သူတို့သည် နတ်ကို မည်သို့လှည့်စားသနည်းဟူမူ နကရိုင်း(ကျွဲ)နတ်ပူဇော်မှု အခမ်းအနား၌ ကျွတ်ကျွဲ(သို့) သတ်ကျွဲ အစီအစဉ်ပါဝင်၏။ ထိုအခါ တကယ့်ကျွဲအစား ငါးရံ့နှစ်ကောင်ကို ကျွဲတစ်ရှဉ်းဟု လှည့်စားခေါ်ဝေါ်ကာ ငါးရံ့နှစ်ကောင်ကို လွှတ်ကြ၏။ သတ်ကျွဲအစီအစဉ်၌လည်း ငါးရံ့

www.burmeseclassic.com



နှစ်ကောင်ကိုပင် ကျွဲတစ်ရှဉ်းဟု လှည့်စားခေါ်ဝေါ်ကာ ခေါင်းဖြတ်သတ်ကြ၏။

ဤသို့ ငါးရံ့ကိုကျွဲဟု လှည့်စားခြင်းမှာ နတ်ယုံကြည်သူတို့ပင်ဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်ပါ၏။ အမေရေရှင်နတ် ပူဇော်ပသ စားတော်စာ ဆက်ကြရာ၌လည်း အမေရေရှင်နတ် မူရင်းစားတော်စာမှာ ဝက်သား(သွားဖုံးမြုပ်သား)ဖြစ်ပါ၏။ သို့သော် အောက်ပြည်ရောက် အမေရေရှင်အား ဝက်သားဖြင့် မဆက်သကြတော့ချေ။ ဝက်သားအစား အခြားစားတော်စာများဖြင့် လှည့်ပတ်ကာ ဆက်သကြသည်ကို တွေ့မြင်ရပါ၏။

ယခင် ဦးမင်းကျော်နတ်၏ မူရင်းနတ်ချင်း တစ်ပုဒ်၌ "...ကြက်ကလေးငယ် ဆူပါလွှန်း၊ ဝက်တို့ဝက်သားပြွမ်း။ ဝက်သားပြွမ်းနှင့် အရက်၊ သောက်ချိန်တန်ချည့်လေး"ဟု ပါရှိရာ ယခု ဦးမင်းကျော်နတ်သည် ဝက်သားမစားရဟု နတ်ကတော်များက လှည့်ပတ်ပြောဆိုကာ ဝက်သားဖြင့် တင်မြှောက်ခြင်းမပြုကြတော့၍ ဦးမင်းကျော်ဟူသော မြန်မာစစ်စစ် နတ်ကြီးလည်း ဝက်သားမစားရတော့ဘဲ အလှည့်စားခံရရှာလေတော့သည်။

အချို့သော ကနားစီးတို့သည် ကနားပွဲကို ကန့်ထမိုက်စနစ်ဖြင့် လက်ခံကျင်းပကြ၏။ ထိုအခါ ကနားစီးကန့်ထမိုက်သည် မိမိအမြတ်အစွန်း ရရှိရေးအတွက် သကြားကျိုချက်ထားသော အရည်ကို ရှိုးရိုးအရက်ဖြူနှင့်ရော၍ အရောင်တင်ကာ ရမ်(RUM)အရက်အတုဖြင့် နတ်ကိုလှည့်စားကာ တင်မြှောက်ကြတော့၏။

ဘုရင့်နောင်မင်း(၉၁၂–၉၄၃)လက်ထက်မတိုင်ခင်က အိမ်





တွင်း မင်းမဟာဂီရိနတ်အား ကျွဲဖြူ၊ နွားဖြူ၊ ဆိတ်ဖြူ၊ ဝက်၊ ကြက်များသတ်ကာ သွေးအရက်နှင့်တကွ တင်ပသူဇော်ကြရ၏။ ဘုရင့်နောင်မင်း လက်ထက်တွင် နတ်ဝင်သည်(ဝါ)နတ်ကတော်များက မင်းစိန့်အာဏာစက်ကို ကြောက်ရွံ့ကာ ဖော်ပြပါ ကျွဲ[ဖြူ] နွားဖြူ၊ ဝက်၊ အရက်သွေးစာများဖြင့် တင်မြှောက်မှု မပြုကြတော့ချေ။ အခြား မုန့်ဖြူ၊ မုန့်နီ၊ လက်ဖက် စသည်တို့ကိုသာ လှည့်ပြောင်း၍ တင်ပသူဇော်ကြတော့၏။

တစ်ဖန် မြင်းဖြူရှင်နတ်(ရွာတော်အရှင်)ကိုးကွယ်မှု၌လည်း မြင်း၏အရှင်သခင်အား ကိုးကွယ်ရမည့်အစား မြင်းတိရစ္ဆာန်ကို ကိုးကွယ်သမှုပြုမူခြင်းများကို ထောက်ချင့်ရှုမြင် သုံးသပ်ခြင်းဖြင့် "နတ်နှင့်နဂါး မှလှည့်စားနှင့်"ဟု နတ်ကိုးကွယ်သူ အသံကောင်းဟစ်နေကြသော်လည်း ၎င်းတို့ကိုယ်၌က နတ်လှည့်စားနေကြောင်း တွေ့ရှိရပါ၏။

နဂါးလှည့်စားမှု၌ နဂါးဦးခေါင်းလှည့်သည်ကို တွက်ချက်ခန့်မှန်းသွားမှုကိစ္စကို ပြုကြ၏။ ဥပမာ–မြောက်အရပ်သို့ နဂါးဦးခေါင်း လှည့်နေလျှင် တောင်အရပ်သို့ မသွားကောင်းဟု အယူသီးကြ၏။ အကယ်၍ တောင်အရပ်သို့ သွားမိပါက နဂါးခံတွင်းသို့ သည့်ကြောင့် ဘေးဆိုးဒုက္ခများနှင့် ကြုံတွေ့ရမည်ဟု နတ်ကိုးကွယ်ယုံကြည်သူတို့က လန့်ခြောက်ကြ၏။

အကြောင်းကိစ္စဖြင့် မလွှဲမသွေ တောင်အရပ်(နဂါးခံတွင်း)သို့ သွားရမည်ဆိုပါက နဂါးကို လှည့်စားကြတော့၏။ အကယ်သို့ လှည့်စားသနည်းဟူမူ တောင်အရပ်(နဂါးခံတွင်း)သို့ သွားရမည့်



www.burmeseclassic.com

www.burmeseclassic.com



သူသည် ပထမအနောက်အရပ်သို့ ဟန်ပြသွား၏။ ထိုဟန်ပြသွားသောအရပ်မှ မိမိသွားလိုရင်းအရပ်သို့ သွားခြင်းဖြင့် နဂါးခံတွင်း မဝင်မိဘဲ နဂါးကို ကန့်လန့်ဖြတ်ဖောက်ထွက်သွားသည်ဟုသတ်မှတ်ကာ နဂါးကို လှည့်စားကြတော့၏။

လူတို့၏ကြောက်ရွံ့မှု မသိနားမလည်မှုတို့ကြောင့် နတ်များပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု မနုဿဗေဒ ပညာရှင်များက မိန့်ဆိုထားပါ၏။

နတ်ဝင်သည်တို့သည် "နတ်နှင့်နဂါး မလှည့်စားနှင့်"ဟု ခွေးမြည်းဟောင်းနွမ်းနေသော ဆောင်ပုဒ်အိုကြီးကို ပါးစပ်သေနတ်ပစ်သလို ပြောဆိုလှန့်ခြောက်ပါကုန်၏။ ၎င်းတို့ ပြောဆိုကိုးကွယ်သော နတ် နဂါးတို့သည် အကယ်တန္တု ပြိတ္တာဘုံသားများနှင့် တိရစ္ဆာန်ဘုံသားများသာ ဖြစ်ကြပါ၏။ မိမိတို့တစ်ဘဝတာ အစားချောင်၊ အနေချောင်ရေးအတွက် ထိုဘုံသားများကို ဖန်းပြခိုင်းစားကာ လူအပေါင်းတို့အား ကိုးကွယ်သမှုပြုရန် လှည့်စား-လှန့်ခြောက်ခြင်းသာ ဖြစ်ပါ၏။

နတ်-နဂါးတို့ကို ကိုးကွယ်ဆည်းကပ်ခြင်းသည် အကုသိုလ်တံခါးမှင့်၍ ကုသိုလ်တံခါး ပိတ်ခြင်းသာဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် သမ္မာဒိဋ္ဌိ အယူအမြင် မဟုတ်ခြင်း၊ ယုတ္တိကင်းမဲ့ခြင်း၊ မိစ္ဆာယုံကြည်မှုများသာဖြစ်ခြင်း၊ စသည်တို့ကြောင့် ဘဝလမ်းအကြမ်းမှာ ထာဝရအရှုံးအကာန်း၊ မယုံကြည်မိကြစေရန် ဤဆောင်းပါးဖြင့် မီးမောင်းထိုးပြရပါတော့၏။ ။

မြရိပ်သီ၊ ၂၀၀၀၊ စက်တင်ဘာလ။

*

# ပဋ္ဌာနန္တရိယကံထက် အပြစ်ကြီးသူ

"အာရောဂျာ ပရမာ လာဘာ"

အနာရောဂါကင်းရှင်း ကျန်းမာခြင်းသည် မြတ်သော လာဘ်မည်ပါ၏။

အနာရောဂါဟူရာ၌ ရုပ်ခန္ဓာ၏ အနာရောဂါနှင့် နာမ်ခန္ဓာ (စိတ်)၏ အနာရောဂါဟူ၍ ရှိပါ၏။ ရုပ်ခန္ဓာ၏ အနာရောဂါကို သိသာထင်ရှားသဖြင့် မတင်ပြတော့ပြီ။ နာမ်ခန္ဓာ(စိတ်)ရောဂါနှင့် ပတ်သက်၍ တစ်စေ့တစ်စောင်း တင်ပြပါမည်။

"ပုထုဇ္ဇနော ဥမ္မတ္တကော"

ပုထုဇဉ်သည် အရူးဖြစ်၏ဟု မြတ်စွာဘုရား ဟောကြား တော်မူပါ၏။ ပုထုဇဉ်သည် ယုံကြည်ကိုးကွယ်မှု မနိုင်မြဲသော

မိတ်ဆွေဇာလေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အရှူးများသာဖြစ်ကြောင်း ဆိုလိုပါ၏။ ဤနေရာ၌ အရှူးဟူသည် စိတ်ရောဂါ(စိတ္တဇဝေဒနာ)တစ်မျိုးပင် ဖြစ်ပါ၏။

ပုထုဇဉ်ဟူသမျှသည် တစ်မျိုးစီတစ်မျိုးစီ အသီးသီး ရှူးနေကြသူများသာ ဖြစ်ပါ၏။ အချို့သော သူတို့အတွက်မူ အရှူးဟူသော ဝေါဟာရ၏နောက်၌ အနှမ်းအသွပ် ဟူသော အသုံးအနှုန်းကို ပညတ်ကြရပါ၏။ ယဥ်ယဥ်ကလေးရှူးခြင်း၊ သွက်သွက်ခါအောင် ရှူးသွပ်ခြင်းတို့ကို ခွဲခြားသော ပညတ်ဖြစ်ပါ၏။ ရိုးရိုးပုထုဇဉ်ကို ယဥ်ယဥ်ကလေး ရှူးနေသူဟု ခေါ်ဆိုပါက အန္ဓပုထုဇဉ်ကို သွက်သွက်ခါအောင် ရှူးသွပ်သူဟု ပညတ်သင့်ပါလိမ့်မည်။

ဘုရားမြတ်စွာသည် ကိလေသာ အနာရောဂါဟူသမျှကို ပျောက်ကင်းချမ်းသာအောင် ကုသပေးသော ဓမ္မဆေးတော်ကြီးကို ရှာဖွေဖော်စပ်ပေးသူလည်းဖြစ်သော မဟာသမားတော်ကြီး (ဘေသဇ္ဇဂုရု)ဖြစ်တော်မူပါ၏။

အန္ဓပုထုဇဉ်နှင့် ပုထုဇဉ်သည် ယုံကြည်မှု မခိုင်မြဲသော ကြောင့် မိမိကိုယ်ကိုမိမိ ရူးမှန်းရူးသွပ်မှန်း မသိရှာကြချေ။ အချို့လည်း မိမိကိုယ်ကို ယဥ်ယဥ်ကလေးရူးနေသူမှန်း တစ်ချက်တစ်ချက် အသိဝင်၏။ သို့သော် ဆေးဝါးမှီဝဲရန် တွန့်ဆုတ်ကြ၏။ အချို့လည်း ဆေးဝါးမှီဝဲရကောင်းမှန်းမသိဘဲ သွက်သွက်ခါအောင် ရူးသွပ်နေကြပါ၏။

ထိုအခါ နေမြင့်လေ အရူးရင့်လေဆိုသည့်အတိုင်း ကိလေသာရောဂါ ကျွမ်းလောင်ကာ သံသရာတစ်လျှောက် အရူးကြီး တစ်ယောက် ဖြစ်ရရှာတော့၏။





အရူးဆိုသည်မှာ ဉာဏ်ပညာထိန်းကွပ်မှု မရှိသူဖြစ်၍ မိမိကိုယ်မိမိ ရူးနေသူဟု မထင်မိတတ်ကြချေ။ ထိုအခါ သံသရာလောင်မီးအတွင်း ရဲတင်းစွာတိုးဝင်သည့် ပိုးဖလံပမာ ဆင်းရဲခြင်းကြီးမားရတော့၏။

ဆိုအပ်ခဲ့သည့်အတိုင်း ကိလေသာအရူးရောဂါ စွဲကပ်သူ အန္ဓပုထုဇဉ်နှင့် သာမန်ပုထုဇဉ်များ၏ ရူးခြင်း၊ ရူးသွပ်ခြင်းတို့တွင် ဘုရားဂုဏ်တော်သိမြင်၍ ရူးခြင်း၊ အလှမာန်၌ရူးခြင်း၊ ပစ္စည်းဥစ္စာ၌ရူးခြင်း၊ အဓောကာမဉ္စရူးခြင်း၊ ပညာမာန်တက်၍ရူးခြင်း စသည်ရှိပါ၏။ ထိုထိုအရူးတို့ထက် အခြေအနေဆိုးဝါးသော ရူးသွပ်ခြင်းတို့မှာ ယုံကြည်ကိုးကွယ်မှုအမှားကို အမှန်ဟု ထင်ကြရှာသော ရူးသွပ်သူတစ်စုတို့ပင် ဖြစ်ကြပါ၏။

ထိုသူတို့တွင် မိရိုးဖလာနတ်ယုံကြည်သူ၊ ဘိုးတော်ယယ်တော်ယုံကြည်သူ၊ ဗေဒင်ယတြာ တာတ်ရိုက်ရက်ရာဇာ ပြဿဒါးစသည့် ကာတုပါလ မင်္ဂလာကို ယုံကြည်သူတို့၏ ရူးသွပ်ခြင်းမှာ ဆိုးဝါးသောရူးသွပ်ခြင်းပင် ဖြစ်ပါ၏။

အထက်ပါလွဲမှားသည့် ယုံကြည်စွဲလမ်းမှု (စိတ္တဇရောဂါ) အမြစ်စွဲနေသူတို့၏ လောက၌ အမှားကိုအမှန်၊ အဖြူကိုအမည်း၊ မဟုတ်သည်ကိုအဟုတ်၊ အဝိနယကိုဝိနယ၊ အဓမ္မကို ဓမ္မဟု ပြောဆိုကျင့်ကြံကြ၏။ တဖြည်းဖြည်း အရူးရင့်လာကာ အများသူငါကို နည်းမျိုးစုံသော အခြောက်တရား၊ အချော့တရားတို့ဖြင့် သိမ်းသွင်းစည်းရုံးကြတော့၏။ ရူးသွပ်ခြင်းရောဂါကို ကူးစက်ပြန့်ပွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ကောတုဟလ ရှုးသွပ်မှုရောဂါသည် ကူးစက်မှုများစွာ တိုးပွားလာနေ၏။ အနည်းစုနှင့် အများစုတွင် အများစု၌ စာရင်းဝင်၏။ အရေအတွက်တိုးပွားလာသည်နှင့်အမျှ အရူးရောဂါ (ဂိုဏ်းလုပ်ငန်းစဉ်နှင့် ဓာတ်ခန်းနတ်နန်းလုပ်ငန်းစဉ်)တို့သည်လည်း ဆန်းပြားလာရတော့၏။ အထူးအဆန်းတို့စုံသည်နှင့် အရူးအနှမ်းတို့ အုံလာကြတော့၏။ အထူးအမွတ်အဖြစ် နိုင်းကြသည်နှင့် အရူးအသွပ်တို့ ဝိုင်းလာကြတော့၏။

ဆိုအပ်ခဲ့ပြီးသည့် ယုံကြည်ကိုးကွယ်မှု လွဲမှား၍ မိစ္ဆာဒိဋ္ဌိ အရူးရောဂါစွဲမိသူ၏အပြစ်သည် လွန်စွာကြီးမားလှ၏။ ပဉ္စာနန္တရိယကံဟုခေါ်သော အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ ဘုရားမြတ်စွာကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို သင်းခွဲခြင်းဆိုသည့် ကြီးလေးသည့် ကံကြီးငါးမျိုးကို ကျူးလွန်သူထက်ပင် ပိုမိုအပြစ်ကြီးလေးသေး၏။

ပဉ္စာနန္တရိယကံ ကျူးလွန်သူသည် ကမ္ဘာပျက်ဒါနီးတွင် ငရဲသို့ ရောက်သည်ဖြစ်အံ့၊ ကမ္ဘာပျက်လျှင် ငရဲမှလွတ်ခွင့်ရှိသေး၏။ တစ်စုံတစ်ခုသော မိစ္ဆာဒိဋ္ဌိအယူကို စွဲစွဲမြဲမြဲ ယူမိသူကား ကမ္ဘာပျက်သော်လည်း ငရဲသက်မစေ့သေးလျှင် မပျက်သောကမ္ဘာသို့ ပြောင်းရွှေ့၍ ငရဲခံရကြောင်း မှတ်သားရဖူးပါ၏။ (ဗုဒ္ဓဘာသာ တရားတော် အခြေခံအဆင့် နှာ-၂၀၇၊ သာသနာရေးဝန်ကြီးဌာန)

လောက၌ လူလိမ္မာနှင့်လူမိုက် မည်သည်က များသနည်းဟူသောအမေးကို လူမိုက်သာလျှင် များလွန်ကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် ဥပမာပြု၍ ဖြေကြားတော်မူခဲ့ပါ၏။

မိတ်ဆွေ စာပေ



ထို့ကြောင့် မိမိသည် အများစုထဲကလား၊ အနည်းစုထဲက လားဆိုသည်ကို သတိပညာဖြင့် ခွဲခြမ်းစိတ်ဖြာသင့်လှပေတော့၏။ တစ်ဖန် "ပုထုဇ္ဇနော ဥမ္မတ္တကော" နယ်ပယ်မှ ရုန်းထွက်လွတ်မြောက်ရန်နှင့် အန္ဓပုထုဇဉ်မှ ပုထုဇဉ်၊ ပုထုဇဉ်မှ ကလျာဏပုထုဇဉ်၊ ကလျာဏပုထုဇဉ်မှ အထက်အထက် အရိယာနယ်သို့ လှမ်းတက်နိုင်ရန် ယခုပစ္စုပ္ပန်အချိန်သည် အခါမနှောင်းသေးပါ။

လောက၌ ဘေသဇ္ဇဂုရု မဟာသမားတော် ဘုရားမြတ်စွာသည်လည်း ပွင့်ထွန်းတော်မူပါ၏။

ချမ်းသာခြင်း သန္တိသုခကို ဖြစ်ထွန်းစေသော ဓမ္မဆေးဝါးသည်လည်း ရှိပါပေ၏။

ကိလေသာ အနာရောဂါ၏ အကြောင်းအကျိုးကိုလည်း သိပါ၏။

သို့သော် ကုသခြင်းမပြုပါက မပြုသူ၏ မိုက်မဲခြင်းသာ ဖြစ်ပါတော့၏။ ။

ဓမ္မရံသီ၊ ၂၀၀၀၊ ဇူလိုင်လ။

*

www.burmeseclassic.com

www.burmeseclassic.com

# တာဝန်

"လမ်းမှားကျင့်ရာ၌ ဝီရိယနည်းသူသက်သာ၍ ဝီရိယကြီးသူ ဆင်းရဲရ၏။ လမ်းစဉ်မှန်ကို ကျင့်ရာ၌ကား ဝီရိယနည်းသူ ဆင်းရဲရ၍ ဝီရိယကြီးသူ ချမ်းသာရ၏။" **(ကောက်၊ အင်္ဂုတ္တရပါဠိတော်)**

မကြာသေးသော ကာလက အသက်(၂၀) ကျော်ကျော် ဘိုးတော်ဆိုသူတစ်ဦး စာရေးသူတို့ နေထိုင်ရာအရပ်သို့ ရောက်လာခဲ့ပါ၏။ အကြင်ဘိုးတော်သည် အင်မတန်မှ ပက်စက်သော ဆဲဆိုမှုများကို အချိန်ပြည့်ပြု၏။ မောင်နှင့်နှမ သားနှင့်အမိ မကြားမနာသာအောင် ဆဲရေးတိုင်းထွာ၏။ ဈေး၌ ငါးစိမ်းရောင်းသူကပင် နားနှစ်ဖက်ကို ပိတ်ထားရတော့၏။





အကြင်ဘိုးတော်သည် ညအချိန်မတော် ခေါက်ဆွဲကြော်ကို လှုတ်ပလောင်းစား၏။ အမျိုးသမီးများကို ညအချိန်မတော် နှင်းနှိပ်ခိုင်း၏။ အကြင်ဘိုးတော်ကို လက်ခံယုံကြည်သူတို့က 'ဦးပဥ္စင်းလေး' ဟုခေါ်၏။ အချို့ကလည်း 'ဘဘုရား' ဟုခေါ်၏။ အကြင်ဘိုးတော်သည် သံဃာတော်အရှင်သူမြတ်များ ဝတ်ရုံသော သင်္ကန်းတော်ကိုဝတ်ရုံ၍ ဦးပြည်းခေါင်းတုံးနှင့်ဖြစ်၏။ သင်္ကန်းကို ခေါင်းမြီးခြုံထားလေ့ရှိ၏။

အထက်ပါ ဆဲရေးတိုင်းထွာမှုတို့သည် ဘိုးမင်းခေါင်ဓာတ်စီး၍ ဆဲဆိုခြင်းဖြစ်ကြောင်း ပြောင်လိမ်ပါ၏။ ညအချိန်မတော် ခေါက်ဆွဲကြော် စားခြင်းကို ဘိုးမင်းခေါင်ဓာတ်စီး၍ စားကြောင်း ပြောင်စားပါ၏။ ဤသို့ ပြောင်လိမ်၊ ပြောင်စားအလုပ်ကို လူ ရိုးသတ်အလယ်ကောင်၌ ရဲရဲဝံ့ဝံ့ မြူလုပ်နေလေစွတကား။

လူပရိသတ်ဟုဆိုရာ၌ အကြင်ဘိုးတော်ကို ယုံကြည်သူတို့ သာများ၏။ အလိုတူများ ပေါင်းစုထားခြင်းဖြစ်၏။ ထိုယုံကြည်သူ တို့ကလည်း လောဘဇောတက်၍ အကန်းယုံ၊ အရမ်းယုံများသာ ဖြစ်၏။ နှစ်လုံးထီ၊ ချဲထီ လောင်းကစားသမားများသာ ဖြစ်ပါ၏။

ထိုလောင်းကစားသမားများသည် အကြင်ဘိုးတော်ထံမှ နှစ်လုံး သုံးလုံးဂဏန်း(သို့မဟုတ်) အတိတ်စိမ်းရရှိရန် တိုးဝှေ့၍ ချဉ်းကပ်ကြတော့၏။ ကိုးကွယ်ကြတော့၏။ အတိတ်စိမ်းတစ်ခုမှာ အလွန်အလွန် ညစ်ညမ်းပေဟုရမ်းသော အတိတ်စိမ်း ဖြစ်တော့၏။

မှတ်မိပါသေး၏။ 'မြင်းခြံကိုးဆောင်မှ' မဟာပရိတ်တော်ကြီး သံသယသစ် မင်္ဂလာသုတ်အမွှန်းမှ "ဗာလာနံ=ကိုယ်ကျင့်ကြ

www.burmeseclassic.com



ကြမ်း။ နှုတ်သော့သွမ်းနှင့် ပေါ့ရမ်းအကြံ သုံးပါးကံကို၊ အားသန် မထိန်း။ မသိမ်းမပိုက်၊ စရိုက်မောဟမူ၊ မိုက်သောသူတို့ကို၊ အသေ ဝနာစ–ပေါ်ဝ်းမည်ကိုကား၊ မဆိုထားဘိ၊ စကားမျှပင်၊ မချေတင် ရဲဘဲ မမြင်ရလို မကြားလိုဟု အပဟိုမြင့်ညောင်း၊ ဘုရားလောင်းတို့ တောင်းဆုအလျော်၊ အကြောင်းမျော်၍ မပေါ်င်းဖော် မယှဉ်တွဲ မမှီဝဲမဆည်းကပ်ရခြင်းသည်လည်း တစ်ပါး"ဟုပါရှိရာ လူယုတ် လူမိုက်များ၏ စရိုက်လက္ခဏာသည် အကြင်ဘိုးတော်ဆိုသူ၏ စရိုက်လက္ခဏာနှင့် တစ်ထေရာတည်း ဖြစ်နေပါတော့၏။

"ခုနစ်ရက်သားသမီးများကို ကယ်တင်ရန်အတွက် ဦးပဥ္စင်း ဓာတ်ကျ၍ ဤအရပ်သို့ သာသနာပြုရင်း လာရောက်သီတင်းသုံး ရပါသည်"ဟု အကြင်ဘိုးတော်က ဆို၏။ ဘုရားမြတ်စွာသည်ပင် ကယ်တင်ရှင် မဟုတ်ပါဘဲ အကြင်ဘိုးတော်က ကယ်တင်မည် ဆိုသောစကားမှာ နားလည်သူအတွက် ရယ်စရာ ဖြစ်ပါ၏။ နားမလည်သူ နလပိန်းတုံးများအတွက် မဟာကယ်တင်ရှင်ကြီး အလား အထင်တစ်ခွဲသားဖြင့် ယုံကြည်ကိုးကွယ်ကြတော့၏။

အကြင်ဘိုးတော်၏ နှစ်လုံးထီ၊ ချဲထီဂဏန်းများ၊ အတိတ် စိမ်းများသည်လည်း ပရိယာယ်မာယာ များလှ၏။ ဂဏန်းနှင့် အတိတ်စိမ်းများကိုလည်း ဟိုလူ့တစ်မျိုး၊ ဒီလူ့တစ်ပုံ စုံစနအောင် ပေးတတ်၏။ စုံစမ်းကြည့်ရာ ဘိုးတော်ပေးသော ဂဏန်းနှင့် အတိတ်စိမ်းများမှာ ပေါက်ဂဏန်းနှင့်တက်တက်စင်အောင် လွဲချော် နေသည်ကများ၏။ အချို့သူများ ဘိုးတော်၏ဂဏန်းတက်တက်စင် အောင် လွဲချော်နေသဖြင့် ရပ်ထဲရွာထဲ မျက်နှာမပြရဲအောင် ဖြစ်





ကြရ၏။ "ရှေ့နေကယ်မှ ထောင်လုံးလုံးကျ"အဖြစ်မျိုးဟု ဆိုရ လောက်အောင် သောကဗျာပါ များကြရတော့၏။ ဖွတ်မထွက်ခင် တောင်ပို့ကို ဘုရားမှတ်၍ အကာန်းအရမ်း ကိုးကွယ်ကြတော့၏။

ပုထုဇဉ်တို့၏ မိုက်မဲရူးသွပ်ခြင်းသည် ဘုရားမြတ်စွာ၏ သာသနာတော်ကိုပင် ထိခိုက်ညှစ်နွမ်းခဲ့ရလေပြီ၊ သာသနာတော်ကို ပြုသူရှိသလို ဖျက်ဆီးသူလည်း ရှိပေဦးတော့မည်။ ဖျက်ဆီးခြင်း ကို အားပေးအားမြှောက်သူလည်း ရှိပေဦးတော့မည်ဟု သံဝေဂ ယူရပါတော့၏။

ဘုရားမြတ်စွာ၏ သာသနာတော်နှစ် ၁၀၀၀ ကျော်ခန့်က ပေါ်ပေါက်ခဲ့သော ဝဇီရယာနခေါ် တန္တရဂါဒမှ အကျင့်ပျက်ရဟန်း ယုတ်များ၏ပယောဂကြောင့် မဇ္ဈိမဒေသ၌ သာသနာတော် ကွယ် ပျောက်ခဲ့ရသော သာသနာတော်သမိုင်းကို မမေ့သင့်ရာ။ ယခု သာသနာတော် နှစ် ၂၅၄၅ ခုနှစ်တွင်လည်း ဤမျှလောက် အခြေ အနေ မဆိုးရွားသင့်ပါ။ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားရာ မြန်မာနိုင်ငံတော်၌ ဘုရားမြတ်စွာ၏ ရွှေနှုတ်တော်မှ ဟောဖော် သွန်သင်တော်မူသော ပိဋကတ်သုံးပုံမွေစက် တိတိကျကျ ထွန်းပ ထင်ရှားလျက်ရှိသောကြောင့် ဖြစ်ပါ၏။

သို့သော် အန္ဓပုထုဇဉ် အကာန်းတို့၏ နားကန်းတစ်လုံးမျှ နားမလည်မှု လောဘဇောတက်မှုတို့ကြောင့် မကြည်ညိုသင့်သည် ကိုကြည်ညို၊ မယုံကြည်သင့်သည်ကို ယုံကြည်မှုတို့ကြောင့် ဘုရားမြတ်စွာ၏ သာသနာ့အဆောက်အအုံအခြေကို တူးဖြိုနေ သကဲ့သို့ အဆိပ်ပင်ရေလောင်းကာ သာသနာဖျက်ခြင်းကို အား

ပေးကူညီနေခြင်းမှာ ဝမ်းနည်းဖွယ်၊ သနားဖွယ် ကောင်းလှပ
တော့၏။

ထို့အပြင် ဘိုးတော်ဆိုသူများနှင့် သာသနာတော်ကို ခုတုံး
လုပ်အဆန်းထွင် လုပ်စားသူများကလည်း အဝိစိကိုမမြင် တစ်ဘ
တာအတွက် အစားထွင်၍ ဘနပူးသိုက်တူးသကဲ့သို့ သက်န
တော်ကို ခြုံလွှမ်းလျက် မြောင်လိမ်၊ မြောင်စား လုပ်နေကြပေပြီ

"သူတော်မဟုတ်၊ ယုတ်သောအကျင့်ရှိသော အလဇ္ဇီ
ပုဂ္ဂိုလ်တို့ကား သဒ္ဓါဒုဗ္ဗလ–ပညာနည်းလှသော သူတို့ကိုသာ ရှာ
ပေါင်းကြသည်။ သဒ္ဓါဒုဗ္ဗလ–ပညာနည်းလှစွာ သူတို့ကလည်
အလဇ္ဇီပုဂ္ဂိုလ်တို့ကိုသာ ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုကြသည်

"ခွေးတို့ရှစ္စာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီး
နိုင်။ ထိုသို့ မဖျက်ဆီးနိုင်သောခွေးသည် အဝိစိသို့မကျရ
လူသည် သာသနာတော်မြတ်ကို ဖျက်ဆီးနိုင်သည်။ ထိုသို့
ဖျက်ဆီးနိုင်သောလူသည် အဝိစိကျရသည်။ မောင်မင်းတို့
သည် သာသနာတော်မြတ်ကို ဖျက်ဆီးကုန်သော အလဇ္ဇီ
ပုဂ္ဂိုလ်တို့အား ချီးမြှောက်ထောက်ပံ့ခြင်းကို မပြုကြကုန်
လင့်၊ အဝိစိငရဲကြီးသို့ ကျဆင်းရမည်ကို ကြောက်ကြကုန်"
ဟူသော မင်းတုန်းမင်းတရားကြီး၏ 'ဓမ္မဝိနယအမိန့်တော်
ပြန်တမ်း' ကို သတိတရရှိမိပါ၏။

ဓမ္မဝါဒနှင့် အဓမ္မဝါဒသည် သဘာဝအရ အားပြိုင်လျက်
ရှိကြ၏။ ဓမ္မဝါဒ အင်အားကောင်းလျှင် အဓမ္မဝါဒ ငုပ်လျှိုးပုန်း
ရှောင်ရ၏။ အဓမ္မဝါဒ အင်အားကောင်းလာလျှင် ဓမ္မဝါဒ တိမ်းဖယ်





ရသည်။ ယခုကာလသည် သာသနာရောင်ဝါ နေသို့ထွန်းစဉ်ကာလ
ဖြစ်ပါ၏။ ထို့ကြောင့် အဓမ္မဝါဒ ခေါင်းထောင်ချင် ခေါင်းထောင်
ညည်။ ဦးမော့ချင်မော့မည်။ သို့သော် အစဉ်သဖြင့်တော့ ခေါင်း
မထောင်နိုင်ပါ။ ဦးမမော့နိုင်ပါ။ တစ်မှုန်းတည့်မျှသာ ဖြစ်ပါမည်။
အဘယ်ကြောင့်ဆိုသော် ဓမ္မဝါဒဘက်၌ ဘုရားမြတ်စွာ၏ ဓမ္မစက်
တော်များရှိသလို အုပ်ချုပ်သူတို့၏ အာဏာစက်သည်လည်း
အချုပ်အခြာအာဏာ တည်လျက်ရှိပါ၏။

ဘုရားမြတ်စွာ၏ ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း
စင်ကြယ် တည်တံ့ထွန်းကား ပြန့်ပွားရေးသည် ဖော်ပြပါဓမ္မစက်၊
အာဏာစက်အပေါ်တွင် မူတည်လျက်ရှိပါ၏။ ထို့ကြောင့် ဓမ္မစက်၊
အာဏာစက်တို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီး၏ (အခြေခံ
မှ ဗဟိုထိ)ပံ့ပိုးကူညီမှုဖြင့် ဆရာ၊ ဒကာလက်တွဲကာ သာသနာ့
တာဝန်ကို ဦးပဲ့ထမ်း၍ ရှေ့ခရီးလမ်းကို လှမ်းနှင်ရပေဦးတော့မည်။

ဤ၌ အဓမ္မဝါဒီ(ဘိုးတော်၊ ရဟန်းယောင်)များ၏ သာသနာ
ဖျက်ဆီးမှုကို "သူလုပ်လျှင် သူခံရမည်။ တို့တော့ ကြားထဲက
ငရဲမယူပါဘူး" ဟူသော စကားသံများကိုလည်း ရံခါကြားရပါသေး
၏။ ဤစကားသည် အပေါ်ယံအားဖြင့်ကြည့်လျှင် ဟုတ်သလိုလို
ရှိ၏။ သို့သော် စေ့စေ့တွေးကြည့်လျှင် တာဝန်မဲ့စကားသာ ဖြစ်
ပါ၏။

ဘုရားမြတ်စွာ၏ သာသနာတော်တွင်း သာသနာတော်ကို
ခုတုံးလုပ်၍ ဘုရားမဟောသည်ကို ဘုရားဟောသကဲ့သို့၊ ဘုရား
လက်မခံသည်ကို ဘုရားလက်ခံသကဲ့သို့ လိမ်လည်နေသောသူတို့

www.burmeseclassic.com



သည့် သာသနာ့အဆောက်အအုံထက် မစင်တက်စွန့်ခြင်းနှင့် စာပါ၏။ သာသနာ၏ အညစ်အကြေး ဖြစ်ပါ၏။ မိမိတို့၏ အိမ်ဦး ခန်း မစင်တက်စွန့်သောသူကို "သူလုပ်တာ သူခံရပါလိမ့်မည် တို့တော့ ကြားထဲက ငရဲမယူပါဘူး" ဟု ပြောမည့်အိမ်ရှင် မရှိတ ကောင်းချေ။

ဘုရားမြတ်စွာကလည်း သာသနာတော်၏ ရှေ့ခရီးအတွက် တာဝန်ကို ပရိသတ်လေးပါးဖြစ်သည့် ရဟန်းယောကျာ်း ရဟ မိန်းမ၊ လူဒါယကာ၊ ဒါယိကာမများ၏လက်သို့သာအပ်ရန် တာ ပေးခဲ့ကြောင်း ပိဋကတ်တော်၌ အထင်အရှားရှိပါ၏။

ထို့ကြောင့် တာဝန်မဲ့စကားမပြောကြားဘဲ "တာဝန်သိသ မှာ တာဝန်ရှိသည်" ဟူသော အဆိုအမိန့်ဆောင်ပုဒ်အတိုင်း ရဟ ဖြစ်စေ၊ လူဖြစ်စေ တာဝန်သိကြရန်၊ တာဝန်ရှိကြရန် ဤအချိန်သည် အရေးကြီးသောအချိန်သာဖြစ်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက် ရပါတော့၏။ ။

မွေ့ရတနာ၊ ၂၀၀၂၊ မတ်

*

## မှားယွင်းသော ဟောပြောမှုများ

"အသိပညာ၊ မဲ့တို့မှာကား
ပြည်ရွာမနီး၊ ကြီးသည့်ကြက်လို
နေ့ညကိုလျှင်၊ ဗဟိုရ်မသိ၊
တွန်မိတွန်ရာ၊ တွန်တတ်စွာသို့"

(မဃဒေဝ)

### ဘုရားလည်း ပဌာန်းရွတ်သည်တဲ့

တစ်ခါက ရှင်ဥပဂုတ်ဖောင် မဏ္ဍပ်တစ်ခု၌ ပဌာန်းရွတ်ဖတ် ဆော်ပွဲကျင်းပရန် လော်စပီကာဖြင့် အလှူခံပါ၏။ ထိုအခါ ဟော ပြောအလှူခံသူ ပုဂ္ဂိုလ်တစ်ဦးက လော်စပီကာမှ (လိုသည်ထက် သော)ကျယ်လောင်မှုဖြင့် ဟောပြောရာတွင် "ကျွန်တော်တို့ ကြီးဂေါတမသည်ပင် ပဌာန်းကျမ်းကြီးကို ရွတ်ဖတ်လိုက်တော့မှ

www.burmeseclassic.com



ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးခဲ့ရပါသည်" ဟု ဟောပြောသံ ကြားရပါ၏။

မှားလေစွတကား။ ဘုရားမြတ်စွာသည် ပဋ္ဌာန်းဒေသနာတော်ကို အနုလုံ, ပဋိလုံ ဆင်ခြင်သုံးသပ်တော်မူခြင်း ဖြစ်ပါ၏။ မရွတ်ဖတ်ပါ။ ပဋ္ဌာန်းဒေသနာတော်သည်လည်း ရွတ်ဖတ်ရန်သက်သက်မဟုတ်ပါ။ ဆင်ခြင်သုံးသပ်ရန် ဖြစ်ပါ၏။ သာသနာတော်သည်လည်း "အရွတ်"သာသနာမဟုတ်ပါ။ ဆင်ခြင်ကျင့်ကြံမှုများရသော သာသနာဖြစ်ပါ၏။

## ဘုရားကိုမှားသည်ဟု စွပ်စွဲခြင်း

တစ်ခါက အသင်းတစ်ခု၏ ဟောပြောဆွေးနွေးပွဲ၌ အသင်းလူကြီးတစ်ဦးက ဟောပြောဆွေးနွေးရာတွင် "လူဆိုသည်မှာ အမှားနှင့် မကင်းတတ်ကြပါ။ ထို့ကြောင့် ကျွန်တော်တို့လဲ အမှားနှင့်မကင်းကြပါ။ ဘုရားရှင်တောင် အမှားလုပ်ခဲ့တဲ့ သာဓက ရှိပါသေးတယ်။ ဘုရားရှင်သည် မှားယွင်းသော ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်တိုင်တိုင် မှားယွင်းကျင့်ခဲ့ကြောင်း ထင်ရှားပါတယ်" ဟု အာပေါင်အာရင်းသန်သန်ဖြင့် ဟောပြောဆွေးနွေးပါ၏။

မှားလေစွတကား။ မှားယွင်းသော ဒုက္ကရစရိယာအကျင့်ကို ဘုရားမြတ်စွာမကျင့်ပါ။ ဘုရားမဖြစ်သေးသော သိဒ္ဓတ္ထသာလျှင် ကျင့်ပါ၏။





သိဒ္ဓတ္ထသည် ဘုရားမဟုတ်ပါ။ ဘုရားသည်လည်း သိဒ္ဓတ္ထမဟုတ်ပါ။ သိဒ္ဓတ္ထသည် ကိလေသာချေးညစ်ထည်း၏။ ဘုရားမြတ်စွာသည် ကိလေသာကို မြူမျှပင်မကျန်အောင် စင်ကြယ်ပြီး ဖြစ်ပါ၏။ ထို့ကြောင့် ဘုရားမြတ်စွာသည် မှားယွင်းမှုကို ခြွင်းချက်အားဖြင့်မင် မပြုမကျင့်တော့ပါပေ။

## ဘုရားလည်း ငိုတတ်သည်ဟူ၍

တစ်ခါက ရပ်ကွက်သာရေးနာရေးအသင်းတစ်ခု၏ သာရေးကိစ္စတစ်ခုတွင် သက်ကြီးရွယ်အိုပုဂ္ဂိုလ်တစ်ဦးက လူငယ်အများအား ဗုဒ္ဓဝင်ကို ဤသို့ပြောပါ၏။ "ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို ဘုရားရှင်ရရှိပိုင်ဆိုင်သောအခါ မာရ်နတ်နှင့်အပေါင်းပါများက လုယက်၏။ ထိုအခါ ဘုရားရှင်၏ မျက်ရည်တစ်စက် မြေသို့ဆင်းသက်ခဲ့၏။ ဤအခါ မဟာပထဝီမြေကြီးသည် ဘုရားရှင်၏ မျက်ရည်စက်ဒဏ်ကို ကြံ့ကြံ့မခံနိုင်ရာ၍ အိုးထိန်းစက်ကဲ့သို့ ချာလပတ်လည်၏" ဟု ပြောဆိုပါ၏။

မှားလေစွတကား။ မဟာဗုဒ္ဓဝင်ကျမ်း၌ ဘုရားမြတ်စွာ မျက်ရည်ကျကြောင်း လုံးဝ မပါရှိပါ။ မျက်ရည်ကျသည့်ဆိုခြင်းမှာလည်း လုံးဝအဓိပ္ပာယ်မရှိပါ။ အမှန်မှာ သဗ္ဗညုတရွှေဉာဏ်တော်နှင့် ဗောဓိပင်နှင့် ရွှေပလ္လင်တော်တို့ကိုရရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ကြောင်း ကမ္ဘာမြေကြီးကို သက်သေထားသည့် သစ္စာစကားတော်ကြောင့်သာ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေကြီး အသံမြည်ဟည်းလျက်တုန်လှုပ်ကြောင်း၊ မာရ်နတ်နှင့်အပေါင်းပါများ ထွက်ပြေးကြောင်းသော သုတ္တနိပါတ အဋ္ဌကထာ၊ အပဒါန အဋ္ဌကထာတို့၌ ဆိုထားပါ၏။ *(ဤ၌ ဝသုန္ဒရီဆံရေညှစ် ဗုဒ္ဓဝင်သည်လည်း ထေရဝါဒ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းဂန်များ၌ တစ်စိုးတစ်စိမျှ မပါမရှိပါ။ မဟာယာနဂိုဏ်းထွက်သာ ဖြစ်ပါ၏။)*

## ဘိုးတော်အချုပ်

တစ်ခါတုန်းက သာသနာ့အလံတော် ဖောက်ထိုးလွှင့်ထူထားသော အလှူခံမဏ္ဍပ်တစ်ခုမှ "ရှင်ဥပဂုတ် ရဟန္တာသည် ပဉ္စမဗုဒ္ဓါ ဖြစ်ကြောင်းနှင့် ဘိုးတော်များအားလုံး၏ အချုပ်အခြာဖြစ်၍ ဘိုးတော်အချုပ် ရှင်ဥပဂုတ်ဖြစ်ကြောင်း" များကို လေသံပြင်းပြင်းဖြင့် ဟောပြော အလှူခံနေပါ၏။

မှားလေစွတကား။ ရှင်ဥပဂုတ်သည် ထေရဝါဒဗုဒ္ဓဘာသာ၌ ယခင်ကာလနှင့်ယခုကာလတွင်း လုံးဝမရှိခဲ့ကြောင်း ထိုဟောပြောသူ မသိရှာပေ။ ရှင်ဥပဂုတ်သည် မဟာယာနဂိုဏ်းမှလာကြောင်း ထိုဟောပြောသူ မသိရှာပေ။ ပို၍ဆိုးသည်မှာ ဂေါတမဘုရားရှင်၏ သာသနာတွင်းကာလ၌ ပဉ္စမဗုဒ္ဓါ ပေါ်ပေါက်ခွင့် မရှိပါချေ။ သာသနာပ ကာလများ၌သာ ပဉ္စမဗုဒ္ဓါ ပေါ်ပေါက်နိုင်ကြောင်း ပိဋကတ်တော်၌ ဘုရားမြတ်စွာ အထင်အရှား ဟောကြားပါ၏။ "ရဟန္တာ" ဟုဆိုပြီး "ပဉ္စမ ဗုဒ္ဓါ" ဟုလည်း ထိုပုဂ္ဂိုလ်က ရောထွေးပေါင်းစပ် ဖော်ညွှန်းလိုက်ပါသေး၏။





## နောက်နှစ် ၁၀၀ ဆိုလျှင် သာသနာကွယ်မည်ဆိုခြင်း

တစ်ခါက အလှူခံမဏ္ဍပ်တစ်ခုကပင် "နောက်နှစ် ၁၀၀ ဆိုလျှင် သာသနာတော် လုံးဝကွယ်ပတော့မည်ဖြစ်၍ ယခုကတည်းက ဒါနအမှုများကိုပြုကြရန်လိုကြောင်း" များကို ကြောက်အောင် ခြောက်လှန့်၍ ဟောပြောအလှူခံပါ၏။ မှားလေစွတကား။

အချို့ကလည်း "ဘုရားသာသနာက ၂၅၀၀၊ သကြားသာသနာက ၂၅၀၀ စုစုပေါင်း သာသနာတော်နှစ် ၅၀၀၀ ကြာမည်" ဟု ဟောပြောကြပါသေး၏။ မှားလေစွတကား။

သာသနာတော် နောက်နှစ် ၁၀၀ တွင် ကွယ်မည်ဆိုသည်ကို အပထားဘိဦး။ သာသနာတော်နှစ် ၅၀၀၀ ကြာလျှင် ကွယ်ပမည်ဆိုသော စကားရပ်သည်ပင် ဘုရားဟောမဟုတ်ပါ။ အဋ္ဌကထာဆရာ အရှင်များ၏စကားလည်း မဟုတ်ပါ။ "ရဟန်းတော်များ ကောင်းစွာ ကြိုးကုတ်အားထုတ် နေထိုင်သမျှ ကာလပတ်လုံး ရဟန္တာတို့ မဆိတ်သုဉ်းနိုင်ကြောင်း" မဟာပရိနိဗ္ဗာနသုတ်၌ ဘုရားမြတ်စွာ ဟောကြားတော်မူသည်ကိုထောက်၍ ရဟန္တာမဆိတ်သုဉ်းသမျှ သာသနာတော်သည်လည်း မကွယ်ပနိုင်ကြောင်း ချင့်ချိန်ရာ၏။

အထက်ပါ ဘာသာရေးဆိုင်ရာ ဟောပြောချက်တို့၏ မှားယွင်းမှုအစုစုတို့သည် မပြောပလောက်ဟုဆိုက ဆိုနိုင်ပါ၏။ ဘာသာရေးအမြင်အားဖြင့် အသွင်သဏ္ဍာန်ပိုင်း မှားယွင်းမှုဟုဆိုက ဆိုနိုင်ပါ၏။ မပြောပလောက်သည်ကို ပုံကြီးချဲ့ခြင်းမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုဟောပြောမှုများအား နောင်မျိုးဆက်သစ်လူငယ်များ အမှတ်မှားကာ အမှားကိုအမှန်ဟု ယူဆမိပါက အန္တရာယ်သည် မသေးငယ်လှပါ။ အသွင်သဏ္ဌာန်ပိုင်း၌ ဤရွေ့ဤမျှ လွဲချော်မှားယွင်းနေပါလျှင် အနှစ်သာရ(သစ္စာတရား)၌ အဘယ်မျှ ယွင်းယိုင်တိမ်းချော်နေမည်ကို မှန်းဆသိနိုင်ပါ၏။ အမှားကြာလျှင် အမှန်ဖြစ်သွားမည်ကိုလည်း သတိမူရာ၏။

"အဓမ္မဝါဒ အင်အားမကောင်းမီ ငါတို့ သင်္ဂါယနာတင်ကြပါကုန်စို့" ဟူသော အရှင်မဟာကဿပ၏ ဆိုမိန့်စကားတော်ကို ကြားယောင်မိပါ၏။ "ရထားလမ်းချော် တိမ်းမှောက်ခြင်းသည် ဆံခြည်တစ်ခြည်ခန့်လွဲချော်ရာမှ အစပြုတိမ်းမှောက်သည်" ဟူသော ဆရာကြီးမှော်စရိယဦးဖွေးလှိုင်၏စကားသံကို ကြားယောင်မိပါ၏။

ထို့ကြောင့် မပြောပလောက်ဟုဆိုကာ ဥပေက္ခာပြုနေ၍ မဖြစ်တော့သည့်အခြေအနေမျိုး ဆိုက်လာလျှင် (ပြောရလောက်အောင် မကြီးကျယ်ခင်)ပြောထားခြင်းသည် ပြဿနာကို သေးငယ်စေ၏။

ယခင်က အဓမ္မကို ဓမ္မလုပ်၍ အဓမ္မအင်အား အတော်အတန် ကြီးထွားလာသောအခါ စင်ပြိုင်သင်္ဂါယနာတင်ပွဲများအထိ သာသနာတော်တွင်း၌ ဂိုဏ်းဂဏများ ပေါက်ဖွားပေါ်ထွက်လာသည်ကို မမေ့သင့်ရာ။

စာရေးသူ အဓိကဆိုလိုသည်မှာ မည်သူ၏ ဟောပြောချက်ပင်ဖြစ်စေ၊ မည်သူ၏ရေးသားချက်ပင်ဖြစ်စေ၊ မည်သည့်ကျမ်းဂန်၏ ဖော်ပြမှုပင်ဖြစ်စေ၊ အရမ်းမယုံသင့်၊ အရမ်းလက်မခံသင့်





ကြောင်း မျိုးဆက်သစ်လူငယ်များကို သတိပေးလိုခြင်းသာ ဖြစ်ပါ၏။

ထိုသို့ သတိပေးရခြင်းသည်လည်း ဘုရားမြတ်စွာ၏ (အံဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ကေသမုတ္တိသုတ်တော်လာ) သြဝါဒတော်များကြောင့် ဖြစ်ပါ၏။ ထိုသြဝါဒတော်များမှာ–

၁။ အဆင့်ဆင့် ပြောဆိုလာခဲ့သည့် ရှေးစကားကြောင့်လည်း။ ၂။ အစဉ်အဆက်ကျင့်သုံးလာသည့် ဓလေ့ထုံးစံကြောင့်လည်း၊ ၃။ သူတစ်ပါးပြောတိုင်း မစုံစမ်းမစစ်ဆေးခြင်းနှင့်လည်း။ ၄။ ကျမ်းဂန်စာပေဖြင့် ရေးသားဖော်ပြထားသည်ဆိုတိုင်းလည်း။ ၅။ မိမိ၏အတွေးအကြံတိုင်းကိုလည်း၊ ၆။ မှီရာနည်းနိဿယများအားလုံးကိုလည်း။ ၇။ မိမိအကြံအစည် အတွေးအခေါ်ကို မိမိဘာသာ အကြောင်းအထောက်အထားပေးပြီး ခိုင်လုံလှပြီဆိုတိုင်းလည်း။ ၈။ မိမိတွေးတောလက်ခံထားသော အယူအဆနှင့် တစ်စုံတစ်ယောက်၏အယူအဆ ကိုက်ညီပါသည်ဆိုတိုင်းလည်း၊ ၉။ သင်ရှားကျော်ကြားပြီး လူအများ ချစ်ခင်လေးစားသည့် ပုဂ္ဂိုလ်ကြီး၏ စကားချပ်ပဲ ဆိုပြီးတော့လည်း၊ ၁၀။ ငါတို့လေးစားသည့် ငါတို့ဆရာ့စကားပဲ ဆိုတိုင်းလည်း၊ အရမ်းလက်မခံရန် သြဝါဒပေး သွန်သင်တော်မူပါ၏။ ။

မွေ့ရံသီ၊ ၂၀၀၂၊ ဧပြီလ။

www.burmeseclassic.com

*

www.burmeseclassic.com

# အဓမ္မဝါဒ မထွန်းပစီ

ဗုဒ္ဓသာသနာတော်ကြီးကို စတင် တည်ထောင်တော်မူခဲ့သော ဂေါတမဘုရားရှင်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၆၁၉ နှစ်က မွေးဖွားသန့်စင်တော်မူခဲ့၍ သက်တော် ၈၀ နှစ်၊ ဝါတော် ၄၅ ဝါတွင် ပရိနိဗ္ဗာန်စံတော်မူခဲ့သည်မှာ ယနေ့တွင် နှစ်ပေါင်း ၂၅၃၉ နှစ် ရှိခဲ့ပေပြီ။

ဗုဒ္ဓသာသနာတော် နှစ်ပေါင်း ၂၅၃၉ နှစ် ခရီးလမ်းတစ်လျှောက်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်အတွင်းသို့ အခြားအခြားသောဝါဒ (အဓမ္မဝါဒ)များ ဝင်ရောက်လာခြင်း၊ ရဟန်းဆိုးရဟန်းပျက်(အလဇ္ဇီဒုဿီလ)များ ပေါ်ပေါက်လာခြင်း၊ ဂိုဏ်းဂဏကွဲပြားလာခြင်း စသော သာသနာ့ရန်သူ၊ သာသနာ့အန္တရာယ်များကြောင့် သာသနာတော်ကြီး ညှစ်ထေးမှုမှ ကာကွယ်ရှုံ၊ အရှည်တည်တံ့ စင်ကြယ်ပြန့်ပွားနိုင်စေရန် အထက်က ဆိုခဲ့သော





နှစ်ပေါင်း ၂၅၃၉ နှစ်အတွင်း သင်္ဂါယနာတင်ခဲ့ရသည်မှာ ခြောက်ကြိမ်မြောက်ပင် ရှိခဲ့ပေပြီ။

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးသုံးရပ် အနှစ်များမြောင် ကာလရှည်အောင် တည်တံ့တော်မူနေရန် အဓိက အရေးကြီးသောအချက်မှာ သာသနာတော်မြတ်ကြီးသုံးရပ် သန့်ရှင်းစင်ကြယ်စေရန် ညှစ်ထေးမသွားရန်၊ ခွမ်းဆန်ထဲ ကြွက်ချေးရောသလို ရောကောသောကော သာသနာဖြစ်မသွားရန် အလွန်အရေးကြီးလှပေသည်။ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုဟု ရွတ်ဆိုနေရုံဖြင့် သာသနာတော်မြတ်ကြီး အရှည်တည်တံ့၍ မနေပေ။

သာသနာတော်မြတ်ကြီး အရှည်တည်တံ့စေရန် ထေရဝါဒ ဗုဒ္ဓဘာသာနှင့်ဆန့်ကျင်သော အယူဝါဒများ၊ ထေရဝါဒဗုဒ္ဓဘာသာ၏ ဘောင်အပြင်ဘက်မှ ဝါဒများကို ဘောင်အပြင်ဘက်မှာပင် ထား၍ ထေရဝါဒ ဗုဒ္ဓဘာသာအတွင်းမှ လွဲချော်နေသော မှားယွင်းမှုများကို ဗုဒ္ဓ၏စစ်မှန်သော ဓမ္မဒေသနာတော်များဖြင့် အမှန်ကို ပြန်လည်ဖော်ထုတ်ရန် ဆရာဒါယကာ(ဘိက္ခုနှင့်ဥပါသကာ)ပူးပေါင်း၍ ဆောင်ရွက်မှသာ သာသနာတော်မြတ်ကြီးသုံးရပ် ကာလရှည်ကြာ တည်တံ့တော်မူပေလိမ့်မည်။

မြန်မာပြည်သည် ဗုဒ္ဓဘုရားရှင်၏ ဓမ္မဘဏ္ဍာတော်တိုက်ကြီး ဖြစ်ပါသည်။ ထိုဓမ္မဘဏ္ဍာတော်တိုက်ကြီးထဲမှ ဓမ္မပိဋကတ်တော်များကို အဓမ္မဝါဒီများနှင့် အလဇ္ဇီဒုဿီလ ကြွက်ဆိုးများက ကိုက်ဖြတ်ဖျက်ဆီးနေခြင်းမှာ အင်အားမသေးလှပါ။



www.burmeseclassic.com

www.burmeseclassic.com



အမှားများ၍ အမှားအင်အား ကောင်းလာလျှင် ထိုအမှားသည်ပင် အမှန်ဟုထင်မှတ်ရပေမည်။ "အများညီလျှင် ဤကို ကျွဲဖတ်"ဟုဆိုသလို ဤကို ကျွဲဟုဖတ်သူများ တိုးပွားမလာခင် ဤဟာဤ ကျွဲဟာကျွဲဟု အများသိမြင်သဘောပေါက်ရန် လိုအပ်နေပါသည်။

မျိုးဆက်သစ် ဗုဒ္ဓဘာသာဝင်လူငယ်များ ထေရဝါဒ ဗုဒ္ဓဘာသာအပေါ် အတွေးအမြင် ယိမ်းယိုင်တွေဝေမှုမဖြစ်စေရန် မျက်မှောက်ခေတ် ထေရဝါဒ ဗုဒ္ဓဘာသာအတွင်းမှ ထေရဝါဒ ဗုဒ္ဓဘာသာကို ကရော်ကမည်ပြု၍ အယောင်ဆောင်ဝါဒထူး ဝါဒဆန်းများဖြစ်ကြသော သိဒ္ဓိတင်ခြင်း၊ ဓာတ်စီးခြင်း၊ နှာမ်ကိန်းခြင်း၊ ပျောက်စေဘိုးတော်၊ ဘတော်၊ မယ်တော်များ၊ ဂန္ဓာရီဝိဇ္ဇာများ၊ နတ်ကိုးကွယ်မှုများ၊ ဘုရားလောင်းကိုးကွယ်မှုများ၊ ဘုရားကိုးဆူ ပူဇော်မှု၊ မှော်၊ စုန်း၊ ပယောဂ၊ အဂ္ဂိရတ်၊ သိုက်၊ တပေါင်း၊ အတိတ်နိမိတ်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်၊ အင်းအိုင်ခါးလှည့် လက်ဖွဲ့၊ မန္တရ၊ တန္တရ၊ မဟာယာန၊ ဗြဟ္မဏဝါဒ စသော အယူဝါဒပေါင်းများစွာတို့ ရောနှောရှုပ်ထွေးခံနေရသည့် ထေရဝါဒ ဗုဒ္ဓဘာသာကို မရှင်းလင်းမသုတ်သင်ဘဲ ဗုဒ္ဓသာသနာ စိရံတိဋ္ဌတုဟု အခွန်းထောင်သောင်း ရွတ်၍နေသော်လည်း အချည်းနှီးပင်ဖြစ်မည်ဟု မြူစင်သော မေတ္တာစေတနာဖြင့် သတိပေးရပေသည်။

ဆက်လက်၍ ယနေ့မျက်မှောက် မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတော်အတွင်းမှ သာသနာပြုအမည်ခံသူ တချို့၏ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မကိုက်ညီသော လွဲချော်မှားယွင်းသော





ဟောပြောမှု၊ ရေးသားမှု၊ ပြုလုပ်မှုတချို့ကို ဖော်ပြပါမည်။ မျိုးဆက်သစ် ထေရဝါဒ ဗုဒ္ဓဘာသာဝင် လူငယ်များကို နားလည်မှု ရှုပ်ထွေးစေရန် ဖန်တီးနေသော အဓိကအကြောင်းတစ်ချက်မှာ အလှူခံမဏ္ဍပ်တချို့မှ တချို့သောသူတို့၏ အသံချဲ့စက်ဖြင့် ဘာသာရေးတရား ဟောပြောနေမှု ဖြစ်ပါသည်။ ထိုအချို့သောသူတို့သည် ထေရဝါဒအယူအဆ၊ မဟာယာနအယူအဆ၊ ဗြဟ္မဏဝါဒအယူအဆတို့ကို ခွဲခွဲခြားခြား သိရှိထားကြဟန် မတူချေ။ ၎င်းတို့၏ အလှူခံမဏ္ဍပ်၌ လှင့်ထူထားသော သာသနာ့အလံသည်လည်း "ပဘဿရ=ပြိုးပြိုးပြက်ပြက်ရောင်ခြည်တော်"၏ သင်္ကေတ အရောင်တွင် အပြာရောင်အကွက်ငယ်ကို အောက်ဘက်၌ထား၍ လွဲမှားစွာ စောက်ထိုးလွှင့်ထားခြင်း၊ သာသနာ့အလံတော်၏အလျား အနံ၊ အချိုး (အလျား ၉ ဆ၊ အနံ ၅ ဆရှိရမည်။ အလျားကို ၆ချိုးအညီအမျှ ချိုးရမည်။)တို့ကို လွဲမှားစွာ ပြုလုပ်သုံးစွဲခြင်း၊ ကြီးကျယ်သော ဘာသာရေးအခမ်းအနားမဟုတ်ဘဲ အလံတော်ကို နေ့ညမပြတ်လွှင့်ထူထားခြင်း စသည့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းကို ချိုးဖောက်လျက် သာသနာ့အလံတော်ကို အသုံးပြုနေကြသည်။

ထို့အပြင် ထိုအလှူခံမဏ္ဍပ်တချို့၏ မျက်နှာစာ စင်မြင့်ပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်ဆန့်ကျင်သော ထွက်ရပ်ပေါက် ဘိုးတော်ဘတော်များ၊ ရက်ကန်းစင်တောင်၊ ဗားမဲ့ဆရာတော်သည့် ရုပ်တုများ ပြသထားခြင်းကို မြင်တွေ့ရပေသည်။

ဟောပြောမှုများမှာလည်း အခြေအနေ မကောင်းလှပါ။



www.burmeseclassic.com

www.burmeseclassic.com



၃၈ဖြာ မင်္ဂလာတရားတော်ထဲသို့ ဗြဟ္မဏဝါဒလာ လောကီမင်္ဂလ
၁၂ပါးကို ရောနှောထည့်သွင်းနေကြပါသည်။

ထို့ပြင် အလှူရှင်များအား မေတ္တာပို့ပေး၊ ဆုတောင်းပေးရာ
ဦး-ခြောင်းသံတွေထည့်ပြီး အောင်စေသတည်း...ပြီးစေသတည်
...စသည်ဖြင့်လည်းကောင်း၊ အချို့သော ဂိုဏ်းချုပ်၏အမည်ကို
ထုတ်ဖော်ပြီး ကူညီ၊ စောင့်ရှောက် မစတော်မူပါစေ-ဟူ၍လည်း
ကောင်း ကြွေးကြော်နေကြပါသည်။

ဟောပြောမှု ရေးသားမှုနှစ်ရပ်တွင် ဟောပြောမှုသည်
လည်း အများသူငါထံသို့ အလွယ်တကူအရောက်မြန်၊ အကြာ
အသိ မြန်လှပေသည်။ လူတန်းစားအလွှာပေါင်းစုံထဲသို့လည်
လွယ်လင့်တကူ ရောက်သွားနိုင်ပေသည်။ ဘာသာခြား လူမျိုးခြား
များထံသို့လည်း လွယ်လင့်တကူ ရောက်သွားနိုင်ပေသည်။

ဟောပြောမှုများ၌ ဗုဒ္ဓ၏ဓမ္မအစစ်အမှန်များကို ဟောပြော
လျှင် စစ်မှန်သော သာသနာပြုခြင်းပေ။ ဟောပြောမှု လွဲချော်
များယွင်းနေလျှင် ဗုဒ္ဓ၏ သာသနာတော်အတွက်လည်းကော
ဟောပြောသူအတွက်လည်းကောင်း၊ နာကြားမိသူအတွက်လည်
ကောင်း၊ ပစ္စုပ္ပန်နှင့်အနာဂတ် သာသနာတော်အတွက်လည်
ကောင်း၊ အလားအလာမကောင်းလှပေ။ ဘာသာခြား၊ လူမျိုးခြာ
အနေဖြင့်လည်း ဗုဒ္ဓမြတ်စွာ၏ စစ်မှန်သော တရားဒေသနာအပေ
ကောက်ချက်ချ လွဲသွားနိုင်ပေသည်။

ထို့ကြောင့် အလှူခံမဏ္ဍပ်တချို့မှ အသံချဲ့စက်ဖြင့် (လိုအ
သည်ထက်ပိုသော ကျယ်လောင်မှုဖြင့်) ဟောပြောအလှူခံမှု





ပြီးရော မပြုလုပ်မိကြရန်၊ ထင်ရာမြင်ရာကို မဟောပြောမိကြ
ထေရဝါဒဗုဒ္ဓဘာသာကို အခြေအမြစ်ကျကျ လေ့လာပြီးမှ
ဟောပြောကြပါရန်၊ ပြသထားသော ရုပ်တုများကိုလည်း ဆင်ဆင်
ခြင် ပြသကြပါရန်၊ သာသနာ့အလံတော်ကိုလည်း စည်းမျဉ်း
ကမ်းနှင့်အညီ ပြုလုပ်သုံးစွဲကြပါရန် ဖြူစင်သောမေတ္တာဖြင့်
ကြံပြုအပ်ပါသည်။

ထို့အပြင် သာသနာ့အလံ တံဆိပ်ပေါ်တွင် နေနှင့်လရုပ်
သားထားသော အခဆောင်သဘော သက်ဝင်သည့်ပုံများကို
တော်ကားရှေ့မှန်များနှင့် ဈေးဆိုင်များ အိမ်များတွင် အတော်
တွေ့ရပေသည်။ ထိုနေနှင့်လတို့၏အကြောင်းကို ထေရဝါဒ
များတွင် အလေးအနက် အဓိကသဘောအားဖြင့် ဖော်ပြမှု
စာရေးသူ မတွေ့ရှိခဲ့သေးပေ။

မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောကြားချိန်မှာ နေဝင်
လထွက်ခါစအချိန်ဖြစ်ကြောင်းနှင့် အင်္ဂုတ္တရပါဠိတော်၊
၂၈၆- ပဋိစ္ဆန္နသုတ်တွင် ဘုရားရှင်က-

ရဟန်းတို့- သုံးပါးသောအရာတို့ကား လျှို့လျှို့ဝှက်ဝှက်
ပြုလုပ်တတ်ကုန်၏။ သုံးပါးတို့ဟူသည် အဘယ်နည်း။
ဗြဟ္မဏတို့၏ မန္တန်၊ မမှန်ကန်သော တရားတို့တည်း။
တို့ကား လျှို့ဝှက်စွာ မပွင့်မလင်းပြုလုပ်တတ်ကုန်၏။
—သုံးပါးသောအရာတို့ကား ပွင့်ပွင့်လင်းလင်း မလျှို့မဝှက်
တတ်ကုန်၏။ သုံးပါးတို့ဟူသည် အဘယ်နည်း။ လဝန်း၊
ဘုရားဟော ဓမ္မဝိနယပင်တည်း။ ဤသုံးပါးတို့ကား



www.burmeseclassic.com

www.burmeseclassic.com



မှုင်မှုံ့မှိုင်းလေင်း မလျှို့မဝှက် ထွန်းပတောက်ကုန်၏” ဟု တွေ့ရှိ
ပါသည်။ ဓမ္မပဒ–၃၇၈ နှင့် ဩပမ္မသံယုတ်၊ ဓနုဂ္ဂဟသုတ် စသည်
သုတ်များတွင် ဥပမာသာဓက သဘောဆောင်သည့် ဖော်ပြမှု
ကိုသာ တွေ့ရပေသည်။

နေ့နှင့်လအကြောင်းကို ဆက်စပ်၍ အရှင်ပညိန္ဒာဘိဝံသ
(ပဋ္ဌမကျော်၊ ဓမ္မာစရိယ၊ ဘီအေ)ရေးသားပြုစုသည့် စင်ကြယ်
သော ဗုဒ္ဓဘာသာကျမ်း စာမျက်နှာ ၂၃၃ တွင်ပါရှိသည့် အကြောင်း
အရာကို အနည်းငယ်ဖော်ပြပါမည်။

“ထီးလှိုင်ဆရာ ရှင်ပုပ္ပားလည်း ကြီးစွာသော ယတြာ
တို့ကို စီရင်ပေး၏။ ယတြာစီရင်သောအကြောင်းက ဆုန်မောင်
သမတားတို့ကို မန္တန်ရုတ်ပြီးသော် ဆင်ဦးခင်း၊ မြင်းကဦး၊ ဒိုင်း
လွှား၊ ကား၊ ရဲလုံတို့၌ နေရုပ်၊ လရုပ် ရေးပြီးသော် အင်းမန္တန်
ရုံစေ၏” ဟူသော မှန်နန်းမဟာရာဇဝင်တော်ကြီး၏ စကားရပ်ပြ
အရေးကြီးတို့သည် ယတြာစီရင်ခြင်း၊ မန္တန်ရုတ်ခြင်း၊ အင်းချခြင်
စသော ဝိဇ္ဇာ မယိမ္မိပညာနှင့် စုန်းကဝေ အတတ်တို့ကို တစ်
မြောက်ကြောင်း ထင်ရှားလှပေသည်” ဟု တွေ့ရှိမှတ်သားမှုပေ
သည်။

နိဂုံးချုပ်ရေးသားလိုသည်မှာ အချို့သော ဘာသာရေး
သာသနာရေးဆိုင်ရာ ပရိဝုဏ်အတွင်း၌ ကျွမ်းယင်မယ်တော်
သူရသတီ၊ ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ရက်ကန်းစင်ဆော
ဆရာတော်၊ ဖားမဲ့ ဖားဘောဂျော၊ ဖားမြိုက်၊ ဖားကရာဆရာတော်
များစသည့် ရုပ်တုများကို ထားမြဲထားနား ပြုလုပ်ပြသထားသည်





များမှာ “ဗုဒ္ဓသာသနာ့ စိရံ တိဋ္ဌတု” ဟု ရွတ်ဆိုနေရုံမျှဖြင့် မဖြစ်
တော့ကြောင်း၊ စေတနာကောင်းဖြင့် တင်ပြရင်း–သုဘဒ်ရဟန်း
ကြီး၏ မြွက်ကြားချက်ကို သံဝေဂယူတော်မူပြီး ပဌမသင်္ဂါယနာ
တင်ရန် နှိုးဆော်မိန့်မြွက်တော်မူခဲ့သော အရှင်မဟာကဿပ
မထေရ်ကြီး၏ ဩဝါဒတော်ကို ဖော်ပြအပ်ပါသည်။

ငါ့ရှင်တို့...
မတားရ အဓမ္မဝါဒီ မထွန်းပမီ၊
တားရမှု တားမြစ်ပိတ်ပင်ခြင်းမခံရမီ၊
မဟုတ်မမှန်သော ဝိနည်းစည်းကမ်း မထွန်းပမီ၊
ဟုတ်မှန်သော ဝိနည်းတရား တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊
အဓမ္မဝါဒီ ပုဂ္ဂိုလ်များ အင်အားမကောင်းမီ၊
ဓမ္မဝါဒီ ပုဂ္ဂိုလ်များ အင်အားမနည်းမီ၊
ဝိနည်းမလေးစား မလိုက်နာသူများ အင်အားမကောင်းမီ၊
ဝိနည်းလေးစား လိုက်နာသူများ အင်အားမနည်းမီ၊
ဓမ္မဝိနယတို့ ယခု ငါတို့ သင်္ဂါယနာ တင်ကြပါကုန်စို့...။

ဓမ္မရံသီ၊ ၁၉၉၉၊ ဖေဖော်ဝါရီလ။

*

www.burmeseclassic.com

## ဖုတ်တစ္ဆေကို ထုတ်လေသောအခါ

- မည်သည့် အသက်အပိုင်းအခြားတွင် သေရမည်ကို
- မည်သည့်ရောဂါဖြင့် သေရမည်ကို
- မည်သည့်ဥတုကာလ၌ သေရမည်ကို
- မည်သည့်ဌာန၌ သေရမည်ကို
- မည်သည့်ဂတိသို့ ရောက်ရမည်ကို

သက်ရှိလောက၌ ဤငါးပါးကို ကြိုတင်၍ နိမိတ်မတပ်နိုင်၊ မသိနိုင်ကြကုန်။

**(ဝိသုဒ္ဓိမဂ်)**

ခန္ဓာငါးပါး ရုပ်နာမ်တရားကို ရပြီဆိုမှဖြင့် လူသတ္တဝါသည် အိုကြရမည်၊ နာကြရမည်၊ သေကြရဦးမည် ဖြစ်ပါ၏။ ထိုအခါ တုန်လှုပ်မှု-ရှုံ့ကြောက်မှု မဖြစ်စေရန် ယခုပစ္စုပ္ပန် အချိန်မှပင် မရဏာနုဿတိ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့ကို **စီးဖြန်းကြ**





ရာ၏။ "ကိလေသာရန်သူကို မအောင်မြင်သေးသမျှ ကာလပတ်လုံး သေမင်းရန်သူကိုလည်း မအောင်နိုင်ချေ" *(မဟာဝံသ-၃၂)*

သေခြင်းကိစ္စ၌ အကြောင်းလေးပါးရှိပါ၏။ (၁) အသက်တမ်းကုန်ခြင်း။ (၂) ကံစွမ်းကုန်ခြင်း၊ (၃) သက်တမ်း-ကံစွမ်း နှစ်မျိုးလုံးကုန်ခြင်း၊ (၄) ဥပစ္ဆေဒကံက သတ်ဖြတ်ခြင်းဟူ၍ ဖြစ်ပါ၏။ *(ကိုယ်ကျင့်အဘိဓမ္မာ)*

ဘယ်နေ့ဘယ်အချိန်တွင် သေရမည်ကို ကြိုတင်မသိနိုင်ဟု ဝိသုဒ္ဓိမဂ်၌ ဟောကြားထားပါ၏။ ယခုအခါ ဆေးသိပ္ပံတတ်ကျွမ်း တိုးတက်ထွန်းကားသောအချိန်၌ပင် ရောဂါဝေဒနာရှင်တစ်ဦးကို တတ်ကျွမ်းသော ဆရာဝန်က နောင်ခြောက်လခန့်-တစ်နှစ်ခန့်တွင် သေရမည်ဟု ခန့်မှန်းခြေသဘောမျှလောက်ကိုသာ သိနိုင်ပြောနိုင်ပါ၏။ သေရမည့်အချိန်ကို တိတိကျကျ မပြောဆို မသိနိုင်ပါ။ ထိုသို့ မသိနိုင်-မပြောနိုင်ခြင်းမှာ လူသား၏ ကံစွမ်းကို ဘုရား-ရဟန္တာများမှ သိနိုင်သောကြောင့် ဖြစ်ပါ၏။ လူသား၏ကံစွမ်းအားကို လောကီစိတ် အတတ်ပညာဖြင့် သိနိုင်ဖို့ဆိုသည်မှာ "မကြံစည်အပ်သော အစိန္တေယျကို ကြံစည်သူသည် ရူးသွပ်ခြင်းသာဖြစ်ကြောင်း" ဘုရားမြတ်စွာက အင်္ဂုတ္တရပါဠိတော်၊ အစိန္တေယျသုတ်၌ ဟောကြားထားပါသည်။

ဤနေရာ၌ စာရေးသူ တင်ပြလိုသည်မှာ ဆရာဝန်(အချို့လည်း ဗိန္ဓောဆရာ)က လူနာပိုင်ရှင်အား ဤလူမမာ ဘယ်အချိန်ကာလမန့်တွင် သေမည်ဟု ခန့်မှန်းခြေ ကောက်ချက်ချ၏။ ထိုလူမမာ၏ ကံစွမ်းအားအလျောက် ဆရာဝန် ကောက်ချက်ချ



www.burmeseclassic.com

www.burmeseclassic.com



သော အချိန်ကာလကို ကျော်လွန်လျက် လူမမာမှာ ဆက်လက် အသက်ရှင်နေ၏။ အစာရေစာစားခြင်း၊ နှိပ်နယ်မိုင်းခြင်းတို့ကို ပြု၏။ ထိုအခါ လူမမာပိုင်ရှင်များက မိမိတို့၏ လူမမာသည် ဆရာဝန်ပြောသောကာလတွင် မသေဆုံးခြင်းမှာ 'ဖုတ်ဝင်'နေသော ကြောင့်သာ ဖြစ်သည်ဟု လွဲမှားစွာ ယိုးစွပ်လိုက်ကြတော့၏။ ယုံကြည်စွဲလမ်းလိုက်ကြတော့၏။

ဖုတ်ဝင်နေသူဟု ယိုးစွပ်ခံထားရသော နာတာရှည်ရောဂါ သည်တစ်ဦး၏ဖြစ်ထွေကို အကျဉ်းချုပ် တင်ပြလိုက်ပါသည်။

ထိုလူနာအား ဖုတ်ဝင်နေသူဟု သတ်မှတ်ကာ ဖုတ်ထုတ် ဆရာက အစီအရင်ပြုပါသည်။ သူက လူမမာ၏ အိပ်ရာအောက် တွင် ညှော်ရွက်ကိုးရွက်၊ ကုလားဖဲသုံးချပ်၊ သိမ်ပန်းနက်တိုင်၊ ဖိနပ်စုတ်တို့ကို ထားစေ၏။ ထို့နောက် လူမမာအား ကနစွာဇဏ် ထီးဖြူ(ဖုတ်ရှင်ဘုရင်)ဆောင်းပေး၏။ အိမ်ရှိပြတင်းပေါက်များကို ဖွင့်၍ ဖုတ်ထွက်သွားစေရန် ဥုံ–ဩောင်း မန္တန်များ ရွတ်ဖတ်ကာ ဖုတ်ထုတ်ကြပါလေတော့သည်။ ရောဂါသည်ခမျာ ကသိကအောင့် ခံစားလိုက်ရရုံမျှမက များမကြာမီ ဘဝတတ်သိမ်းသွားရှာပါ၏။

အချို့ဂိုဏ်းဆရာ(ဖုတ်ထုတ်သူ)တို့က လူမမာအား တိုက် ကျွေးနေကျ ဆေးဝါးအစာရေစာတို့ကိုဖြတ်တောက်ပြီး ဖုတ်ထုတ် သော အလေ့အထလည်း ရှိပါ၏။ ထိုအခါ လူမမာခမျာ ဆာ လောင်မွတ်သိပ်၍ အစာရေစာ တောင်းတတ်၏။ (သို့)မိမိဘာသာ သွားလာနိုင်ပါက လူအလစ်တွင်ထ၍ စားသောက်တတ်၏။

ဤသို့ လူမမာက ပြုမူသောအခါ ဖုတ်ဝင်၍ (ဖုတ်သူရိုး)





ဖုတ်က ထစားသည်ဟု ယိုးစွပ်ကာ ဖုတ်ထုတ်နည်းပေါင်းစုံဖြင့် (ဖုတ်ကောင်လည်း အမျိုးမျိုးရှိ၏) ဖုတ်ထုတ်ကြပြန်၏။ သိပ် မကြာပါ။ လူနာခမျာ သေပွဲဝင်ရတော့၏။ လူမမာသေမှ ဖုတ် ထွက်သွားသောကြောင့် သေရသည်၊ ဖုတ်သက်သာရှိနေ၍ လူနာ၏အသက်မှာ သေတာကြာပြီ သေသေချင်း ပုပ်စော်နံသည် သည့် ယုတ္တိမရှိသော ယုံကြည်မှုလုပ် ပြောဆိုမှုများကို တွေ့ကြုံ ကြားသိနေရဖူးပါသည်။ အမြော်အမြင်ကင်းမဲ့ခြင်း၊ စာနာညှာတာမှု ကင်းမဲ့ခြင်း၏ သာဓကလက္ခဏာများဟု ဆိုရပါတော့မည်။

ဖုတ်ထုတ်သူ(ဂိုဏ်းဆရာ)နှင့် ဝိုင်းဝန်းပံ့ပိုးကြသူများသည် လည်း တစ်နေ့သောအခါ အို နာ သေ ဘေးကို မလွဲကေန် ကြုံတွေ့ရဦးမည်။ ထိုအခါ ၎င်းတို့နာမကျန်းဖြစ်မှ ၎င်းတို့အား ဖုတ်ဝင်သည်ဟု တစ်ဖန်ယိုးစွပ်ခံရကာ ၎င်းတို့ကိုယ်တိုင်ပင် ဖုတ် ပြန်ဖြစ်၍ ဝဋ်လည်ကြပေဦးတော့မည်။ ဝဋ်ဆိုသည်မှာ လည့်တတ် သည့်သဘောရှိကြောင်း ဗုဒ္ဓဘာသာဝင်တို့ နားလည်ထားကြပါ သည်။

ဖုတ်နှင့်ပတ်သက်၍ ပါဠိတော်၌တွေ့ရသည်မှာ ဘူတ သဒ္ဒါ မှ ဘုတ်၊ ၎င်းမှတစ်ဆင့် ဖုတ် ဟု ဆင်းသက်လာသော ပါဠိသက် ဝေါဟာရဖြစ်ပါ၏။ (ပါဠိသက်အဘိဓာန်)

တစ်ဖန် ဖုတ်ကို မြေစောင့်ပြိတ္တာ၊ ဝိနိပါတိကအသုရာ၊ နာနာဘာဝကောင်ဟု မြန်မာအဘိဓာန်က ဖွင့်ပါသည်။

ပါဠိ အဋ္ဌကထာ၊ ဋီကာတို့၌ ကုသိုလ်ကံ နိမ့်နေသော သူတို့ထဲ ဖုတ်(ပြိတ္တာ၊ နာနာဘာဝ)တို့က ပူးဝင်ခြင်း၊ နှိပ်စက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ကုစားရန် ဖုတ်ထုတ်သည့်အတတ်ကို မန္တန်တစ်မျိုး ရွ
ဆိုခြင်းသာဖြစ်ကြောင်း ဥပမာ–သုတသီကရဏမန္တ (သီ၊ ငြိ၊ သ
၁၊ ၃၇၁)၊ ဘူတဝေဇ္ဇမန္တ (ဒီ၊ ၌၊ ၁၊ ၈၈)၊ ဘူတာ–ဝိသနမန္တ (သီ၊ ငြိ၊ သ
၃၅၉)စသည်၌ ပြဆိုပါသည်။ ထိုမန္တန်ကိုလည်း တိတိကျ
ပြဆိုမထားပါ။

ယခုအခါ ထေရဝါဒ ဗုဒ္ဓဘာသာနာတော်အတွင်း၌ ပျော
စေ–ငြိမ်းစေ–အောင်စေ ဆိုသော အသံကို ခပ်ကျယ်ကျယ်အော
ဟစ်ကာ ဂိုဏ်းဆရာဆိုသူတို့က ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျ
တို့ကို ခုတုံးလုပ်၍ နေလေပြီ။ ဖုတ်ထွက်မထွက်တော့ မသိပ
အသက်ထွက်သည်က သေချာသည်။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးသည်သာ ယုံကြည
ရာ၊ ကိုးစားရာ၊ လဲလျောင်းရာ ဖြစ်ပါ၏။ သာသနာပဝါဒ ဂိုဏ
လုပ်ငန်းစဉ်တို့သည် ပုဂံခေတ် အရည်းကြီးတို့ထံမှ မျိုးပွားဆင
သက်လာခြင်း ဖြစ်ပါ၏။ ဖုတ်ထုတ်သည်ဆိုသော ဂိုဏ်းဆရာတို
လုပ်ရပ်သည်လည်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများနှင့် လွဲချော
နေပါသည်။

စင်စစ် ဗုဒ္ဓဘာသာ သဘောတရားအရ မကျန်းမမာဖြစ်၍
သေရမည့်ဘက်သို့ အားများကာ စုတေဖို့ရာ အချိန်နီးကပ်လာလျှင်
ဆရာသမားကောင်း၊ ဆွေမျိုးကောင်း၊ မိတ်ဆွေကောင်းများက
သေမည့်သူ အာရုံကောင်းထင်လာစေရန် ပြုပြင်ပေးရ၏။ လူမမာ
သည် ယခုရောဂါမှ လွတ်မြောက်နိုင်တော့မည်ဟု မထင်လျှင်
လူမမာ၏ အနီးအပါး၌ သန့်သန့်ရှင်းရှင်းထားခြင်း၊ ဘုရားတရား





သံဃာ ရတနာမြတ်သုံးပါးကိုရည်မှန်း၍ ပန်း ရေချမ်း ဆီမီး အမွှေး
နံ့သာများ လှူဒါန်းခြင်း၊ မှတ်ကြားစေသော တရားစာများကို ရွတ်
ဖတ်ပေးခြင်းများ ပြုလုပ်ပေးရပါမည်။ သို့မှသာ စုတေသည့်တိုင်
အောင် ကုသိုလ်စေတနာများ စောနေလျှင် ဝကန်မုချ သုဂတိသို့
ရောက်ပါမည်။ သို့မဟုတ်ပါဘဲ အကုသိုလ်စေတနာများ စောနေလျှင်
(ဖုတ်ထုတ်ခံရခြင်းကြောင့်) ဝကန်မုချ အပါယ်ဘုံသို့ ရောက်ရပေ
တော့မည်။

သတ္တဝါတစ်ဦးက သတ္တဝါတစ်ဦးကို လူတစ်ဦးက လူ
တစ်ဦးကို ညှဉ်းပန်းခြင်း၊ စော်ကားခြင်း၊ သနားကရုဏာထား
ခြင်း၊ ကိုယ်ချင်းစာခြင်း စသည့် ဗြဟ္မစိုရ်တရားများ လွှမ်းပတ်
ထားရပါမည်။

အထက်ပါ ဂိုဏ်းဆရာ သို့မဟုတ် ဖုတ်ထုတ်သူ၊ သို့မဟုတ်
အရည်းကြီးတို့၏ ကိုယ်စားလှယ်ဆိုသူများ လုပ်ပုံလုပ်ရပ်မှာ
ဗြဟ္မစိုရ်တရား ခေါင်းပါးလှသည်။ မောဟမောဟရမ်းရမ်း ပရမ်း
ပတာ လုပ်ရပ်သာဖြစ်ကြောင်း ၎င်းတို့၏လုပ်ရပ်က သက်သေခံ
နေပါသည်။ ထိုလုပ်ရပ်တို့ကို အားပေးကူညီ လိုက်နာသူတို့သည်
လည်း ဗုဒ္ဓသာသနာတော်ကို မထီမဲ့မြင်ပြုရာ ရောက်ပါသည်။
မူရင်းဖြစ်သည့် ဗုဒ္ဓဓမ္မသည် ဉာဏ်ပညာထိန်းကွပ်မှုကို ပဓာန
ပြုပါ၏။

နိဂုံးချုပ်ရေးသားလိုသည်မှာ ထေရဝါဒဗုဒ္ဓဘာသာဝင်စစ်စစ်
တစ်ဦးဖြစ်လိုပါလျှင် အရမ်းယုံ၊ အကန်းယုံခြင်းများကို ခဝါချ
ဆေးကြော၍ ဝိဘဇ္ဇဉာဏ် ထက်သန်ရန် ထေရဝါဒ ဗုဒ္ဓစာပေ



www.burmeseclassic.com

www.burmeseclassic.com



များကို စေ့စုံသေချာစွာ စိစစ်ပေးမှု ထဲထဲဝင်ဝင်ရေးသားလိုက်စရာ ကျင့်ဆောင်ဖို့ရန် ယခုအခါသည် အခါကောင်းပင်ဖြစ်ကြောင်း နှိုးဆော်လိုက်ရပါတော့သည်။ ။

ကျမ်းကိုး

၁။ ကိုယ်ကျင့်အဘိဓမ္မာ အရှင်ဇနကာဘိဝံသ မဟာဂန္ဓာရုံ
၂။ အဆေးတာတ်နည်း နိုင်ငံရေးသမား မဟာလာဦးသိန်းမောင်(စက်ရှင်တရားသူကြီး)
၃။ ပါဠိသက်အဘိဓာန် ရွှေဥဩ
၄။ မြန်မာအဘိဓာန်အကျဉ်းချုပ် မြန်မာစာအဖွဲ့ ပညာရေး ဝန်ကြီးဌာန
၅။ မှတ်ဝင်သူ တကယ်ရှိမရှိပြသနာ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း ရွှေဟင်္သာ ၂၅/၉၇ ရွှေအောင်လံမဂ္ဂဇင်း)

မေမြို့သီ၊ ၂၀၀၀၊ ဧပြီလ။

☸

# မကောင်းဆိုးဝါးတစ်ကောင်၏ မာယာ

ဗုဒ္ဓဝါဒသည် တစ်စုံတစ်ယောက်သောသူအား မစဉ်းစားဘဲ အရမ်းမဲ့ယုံကြည်ရန် အတင်းမတိုက်တွန်းပါ။

(မိနံဆရာတော် အရှင်ကဿပ MA)

မစဉ်းစားဘဲ အရမ်းမဲ့ယုံကြည်ရန် အတင်းမတိုက်တွန်းသည့် ထေရဝါဒဗုဒ္ဓဘာသာတွင် အရမ်းမဲ့ယုံကြည်နေကြသူ များစွာရှိပါ၏။ အရမ်းမဲ့ယုံကြည်ရန် အတင်းတိုက်တွန်းသူများလည်း များစွာ ရှိပါ၏။

ထိုသို့ အရမ်းမဲ့ယုံကြည်သူရော တိုက်တွန်းသူပါ ဝေဖန်ဆန်းစစ်မှုများ မရှိသမျှကာလပတ်လုံး မိမိကိုယ်မိမိ တုံးပြီးသူကဲ့သို့သည်း ဖြစ်မည်။ ဘာသာတရားအတွက်လည်း ရေရှည်ရာရာ

www.burmeseclassic.com

www.burmeseclassic.com



အားမထားရ။ နိုင်ငံနှင့်လူမျိုးအတွက်ပါ အချည်းနှီးအကျိုးယု
မွယ်သာ ရှိချေတော့မည်။

ဆိုက်ကိုအနာလစ်စစ်(Psychoanalysis) စိတ်ပညာအ
"လူတို့သည် မိမိတို့ ယုံကြည်ချက်တစ်ခုအပေါ် ဝေဖန်ဆန်းစ
ကို သည်းမခံနိုင်လေ၊ ထိုယုံကြည်ချက်သည် အခြေအမြစ် ယု
ကင်းမဲ့ကြောင်း ထင်ရှားလေဖြစ်၏"ဟု မှတ်သားဖူးပါ၏။

အခြေအမြစ်လည်းမရှိ ယုတ္တိလည်းကင်းမဲ့သော ယုံကြ
စွဲလမ်းမှုများမှ စာရေးသူ သတိထားမိသော ဖြစ်စဉ်တချို့အန
ဖြစ်ရပ်အနည်းငယ်ကို တင်ပြလိုက်ပါသည်။

သန်လျင်ရေလယ်ကျောက်တန်း ကျိုက်မှော်ဝန်းဘုရာ
အင်းစိန်ဆေးဝက်ပါဘုရား၊ မြန်မာပြည်အရပ်ရပ်မှ အချို့သေ
လွမ်းစေတီဘုရားများသို့ ချစ်သူစုံတွဲများ အတူယှဉ်တွဲသွားရောေ
ဖူးမြော်ပါက ချစ်သူများ ကွေကွင်းခွဲခွာရတတ်သည်ဟု အရမ်း
ယုံကြည်စွဲလမ်းသူများရှိ၏။ သူတို့သည် ထိုဘုရားစေတီများ
ယှူယှဉ်ကာ မသွားရဲ မဖူးရဲကြပေ။

တစ်ဖန် ရွှေတိဂုံစေတီရင်ပြင်ပေါ်ရှိ ရှင်မကွဲဘုရား၌ ချစ်
စုံတွဲများ ဖူးမြော်ဆုတောင်းပါက အသက်ရှင်စဉ်ကာလ၌ မ
မကွာ အတူယှဉ်တွဲနေရမည်ဟု အရမ်းမဲ့ယုံကြည်လက်ခံသူမျ
ကိုလည်း တွေ့ကြုံခဲ့ရဖူးပါ၏။

ဤကဲ့သို့ အရမ်းမဲ့ယုံကြည်ကိုးကွယ်သူများ ကိုပင် တ
တချို့သော ဗေဒင်ဆရာ၊ နတ်ကတော်၊ ဘိုးတော်ဆိုသူများ
အကြောက်တရား၊ အမြှောက်တရားပေးကာ ဘယ်နေ့သားနှ





ယ်နေ့သမီး မယူကောင်း။ ဘယ်နေ့သားနှင့် ဘယ်နေ့သမီး
လျှင် စီးပွားဥစ္စာတိုးတက်မည်၊ ဘယ်နတ်က တော်ကောက်
၍ အိမ်ထောင်မပြုကောင်း။ ဘယ်သိုက်နန်းကလာသဖြင့်
ထောင်ပြုလျှင် သိုက်နန်းက ပြန်ခေါ်၍ သေဆုံးရမည် စသော
ကြောက်တရား အမြှောက်တရားအမှုံပုံဖြင့် ဗုဒ္ဓဘာသာကို
ဖြုံကန်သလို ဖြစ်နေချေပြီ။

ထိုကဲ့သို့ စိတ္တဇဆန်သော စွဲလမ်းယုံကြည်ကိုးကွယ်ကြ
များမှာ စင်စစ် ၎င်းတို့ကိုယ်တိုင် ဘာသာရေးကိုယ်ခံအား
ည်းလွန်းကြသောကြောင့်သာလျှင် တစ်ဖက်မှာလည်း ခြောက်
နှံမြှောက်ပင့်ရန် အခွင့်သာနေကြခြင်း ဖြစ်ပါ၏။

ယခုအခါ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းပြန့်ပွား
တွင် ထိုဗေဒင်၏သဘော၊ နတ်ပေးခြင်း၊ နတ်ဝင်ခြင်း
သော၊ ဂိုဏ်းဆရာတို့၏ ဂိုဏ်းလုပ်ငန်းစဉ်သဘောတို့ကို ရေရေ
ရာ ဝေဖန်ဆန်းစစ်မှုပြုရန် အချိန်မနှောင်းသေးပါ။ အကယ်၍
သဘောများကို ဝေဖန်ဆန်းစစ်မည်ဆိုပါကလည်း ထိုသဘော
ရားပိုင်ရှင်တို့ ကြုံကြုံမခံနိုင်ပါချေ။

လောကသားအားလုံးတို့၏ မဟာကရုဏာရှင် ဘုရား
တ်စွာထံပါး ဝပ်တွားဦးနှိမ် ဖူးမြော်ခြင်းဖြင့် ကွေကွင်းခွဲခွာရမည်၊
ဟုတ် မကွဲမကွာပေါင်းသင်းဆက်ဆံရမည်ဆိုသည့် ယုံကြည်မှု
သည် ထေရဝါဒဗုဒ္ဓဘာသာ၏ ယုံကြည်မှုမျိုးမဟုတ်ပါ။ ဘုရား
တ်စွာသည်လည်း ဖူးစာရေးနတ်ဘုရားမဟုတ်ပါ။ ဘုရားမြတ်စွာ
ဒေမှာလည်း ဆုတောင်းဆုယူ ဆုပေးဒဏ်ပေးဝါဒမျိုးမဟုတ်ပါ။



www.burmeseclassic.com

ပြင်းပြင်းပြပြမှာ ကွဲလမ်းသည့် ဥပါဒါန်၏ ရှင်သန်ကြီးထွားမှုသည် လူသားအား ဒုက္ခသံသရာချောက်ထဲသို့ ဆွဲချနေချေပြီ။

ထိုဒုက္ခသံသရာချောက်အတွင်းသို့မကျစေရန် ဆုံးမကြြဝါဒ များအနက် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက လောကမှာ အချစ်ဆုံးအရာဟာ ဒုက္ခအပေးဆုံး။ ချစ်စရာတစ်ခု သာရှိရင် ဒုက္ခတစ်ခု၊ ချစ်စရာများရင် ဒုက္ခလည်းများ။ ချစ်စရာ မရှိလျှင် ဒုက္ခမရှိတော့ဟူ၍မှတ်'' ဟု မိန့်တော်မူခဲ့ပါသည်။

အသိဉာဏ်မထွန်းပသေးသော ကျောက်ခေတ်လူသားသည် အကြောက်တရားနှင့် အမျှော်တရားတို့ကြောင့် ကိုးကွယ်မှုကို စတင်ခဲ့ကြသည် ဖြစ်၏။ ယနေ့ခေတ်လူသားလည်း အကြောက် တရားနှင့် အမျှော်တရားတို့ ကြီးစိုးလွှမ်းမိုး၍ ကိုးကွယ်မှုပြုသည် ဆိုလျှင် ကျောက်ခေတ်လူသားနှင့် မခြားလှပေ။ မိမိကိုယ်မိမိ ဆန်းစစ်ဆင်ခြင်သင့်လှပေတော့သည်။

ဘုရားမြတ်စွာ၏ဝါဒမှာ ဝေဖန်ဆန်းစစ်သော ဝိဘဇ္ဇဝါဒ ဖြစ်သည့်အလျောက် သတ္တဝါအားလုံးတို့အား ဝိဘဇ္ဇဉာဏ်အလင်း တစ်ဝါးကိုမြင့်ရန် မေ့ရတနာခွေတော့ကို ပေးပါ၏။

သို့အတွက် ကြောက်ရွံ့ထိတ်လန့်မှု၊ စိုးရိမ်ပူပန်မှုများ ကင်းဝေးရန်အတွက် ဘုရားမြတ်စွာက ''ချစ်မြတ်နိုးခြင်းကြောင့် စိုးရိမ်ပူပန်ရ၏။ ချစ်မြတ်နိုးခြင်းကြောင့် ကြောက်ရွံ့ရ၏။ ချစ်မြတ် နိုးခြင်းမှ ကင်းလွတ်သူသည် အဘယ်မှာ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ ခြင်း ရှိနိုင်အံ့နည်း'' (ဓမ္မပဒ-၂၁၃)ဟု ဆုံးမသွန်သင်တော်မူသည် ကို ယင်တင်လျောက်ပတ်စွာ နှလုံးသွင်းခြင်းဖြင့် အကြောက်တရား





နှင့် အမျှော်တရားဆိုသည်မှာ မိမိ၏အစွဲအလန်းမှ ပေါက်ဖွားလာသော ဥပါဒါန်ဆိုသည့် မကောင်းဆိုးဝါးတစ်ကောင်၏ မာယာဖြစ်ကြောင်း ထင်ရှားလှပေတော့သည်။ ။

မှူးရှိသီ၊ ၁၉၉၉၊ ဇော်တင်အောလ။

*

www.burmeseclassic.com

# မာန်စွယ်နှင့်သိဒ္ဓိ

စိတ်ကိုမကောင်းအောင် ခြယ်လှယ်သော အကုသိုလ်စေတသိက် ၁၄ ပါး ရှိပါ၏။ ၎င်းတို့မှာ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာတို့ ဖြစ်ပါ၏။ ထိုအကုသိုလ်စေတသိက်များမှ 'မာန' နှင့်ပတ်သက်သည့် အကြောင်းအနည်းငယ်ကို တင်ပြလိုပါ၏။

မာန=မာန်ဟူသည် "ထောင်လွှားမောက်မာခြင်း" ကို ခေါ်ပါ၏။ ဇာတိမာန်၊ ရာထူးအာဏာမာန်၊ ပညာမာန်၊ ဥစ္စာဓနမာန်၊ လှပမှုအဆင်းမာန်၊ ခွန်အားဗလမာန်၊ ဆွေမျိုးသားချင်းမာန်၊ ခြွေရံသင်းပင်းမာန်၊ ရောဂါကင်းခြင်းမာန် စသော ဂုဏ်မာန်များ တက်ကြွထောင်လွှား မောက်မာမှုတို့သည် မာန်မာနပင်ဖြစ်ပါ၏။

ဤနေရာ၌ မာန်မာနသုံးမျိုးကွဲပြား၍ (၁) ငါဟာ သူ့ထက်





မြတ်သည်ဟု မှတ်ထင်သော သေယျမာန်။ (၂) သင်းတို့နှင့် ငါ အတူတူသာ ဖြစ်သည်၊ ဘာမှ မထူးခြားဟု မှတ်ထင်သော သဒိသမာန်။ (၃) ငါဟာ သင်းတို့အောက်ကလူဖြစ်သော်လည်း ဘာအရေးစိုက်စရာလိုသလဲဟု မှတ်ထင်သော ဟီနမာန်ဟူ၍ သုံးမျိုးပြား၏။

မည်သို့သည့်မာန်ပင်ဖြစ်စေ၊ အကုသိုလ်အသင်းဝင်ပင် ဖြစ်ပါ၏။ အဆိပ်ရှိသော မြွေသည် အဆိပ်အားကိုးဖြင့် ပါးပျဉ်းထောင်ရန်မူမာန်တက်သကဲ့သို့ အစွယ်ရှိသော သတ္တဝါကလည်း အစွယ်အားကိုးဖြင့် ရန်မူမာန်တက်တတ်၏။ ကိလေသာထူပြောသည့် သတ္တဝါမည်သည် ဇာတိပညာဂုဏ်မာန တက်ကြွစမြဲပင်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နယ်ချဲ့စစ်၊ ဝါဒစစ်၊ လူမျိုးရေးစစ်၊ ဘာသာရေးစစ်၊ စီးပွားရေးစစ်၊ နည်းပညာစစ်၊ အာကာသစစ် စသည့် မည်သည့်စစ်ပွဲပင်ဖြစ်စေ မာန်မာနထောင်လွှားမောက်မာမှုတို့ကြောင့်သာဖြစ်သော စစ်ပွဲကများ၏။

တစ်ဖက်သားကို အထင်အမြင်မသေးရန်၊ မထီမဲ့မြင်မပြုရန်၊ ကိုယ်နှုတ်နှလုံး သုံးပါးကို ကြမ်းတမ်းခက်ထန်မှုမရှိစေရန် "နိဝါတမင်္ဂလာ" ဟူသည့် မိမိကိုယ်ကိုနှိမ့်ချကာ မာန်မာန ထောင်လွှားမောက်မာမှု ကင်းခြင်းဖြင့် ကမ္ဘာလောကရှိ မိမိနှင့်ပတ်ဝန်းကျင်ကို ငြိမ်းချမ်းသာယာရေးအတွက် ဘုရားမြတ်စွာက ၃၈ ဖြာ မင်္ဂလာတရား ဒေသနာတော်မြတ်ကို ဟောကြားသွန်သင်ခဲ့ပါ၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် 'အစွယ်ကျိုးသောမြွေ၊ ဦးချိုကျိုးသောနွား၊ ခြေသုတ်ပုဆိုးအလား' ကျင့်ကြံနိုင်ရန် မာန်မာန



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပါးလွှာကင်းရှင်းစေရာ၏။ သို့မှသာ အကုသိုလ်စေတသိက် ကြေးညှော်များ တစ်ထပ်ပြီးတစ်ထပ် ခွာလုပ်သုတ်သင်ခြင်းဖြင့် စစ်မှန်ငြိမ်းချမ်းသော သန္တိသုခဆီသို့ တူရူပြုနိုင်ပေလိမ့်မည်။

ဤနေရာ၌ အကြောင်းဖန်၍ တင်ပြလိုသည်မှာ ထေရဝါ ဗုဒ္ဓဘာသနာတော်အတွင်းဝယ် လူတချို့၊ သို့မဟုတ် ဂိုဏ်းတချို ၏ ယုတ်နိမ့်အောက်တန်းကျသော ပြုမူလုပ်ဆောင်ချက်တစ်ရ မှာ ဆင်၊ ဝက်၊ ကျား၊ ခြင်္သေ့ စသည့် အဟိတ်-တိရစ္ဆာန်များ သံဝါသမာန်၊ အစားမာန်၊ နေရာဒေသမာန် စသည့် မာန်တို့ကြော နိုက်ရန် သတ်ပုတ်ကြရာမှ ကျိုးကျန်ရစ်သော အစွယ်(မာန်စွယ် ကို ဘုရားမြတ်စွာရုပ်တု၊ ရှင်သီဝလိနှင့်အခြားရဟန္တာများ ရုပ များထုလုပ်၍ သိဒ္ဓိအဆောင် လက်ဖွဲ့ကောင်းအဖြစ် မက်မက်မေ မော ပြုမူလုပ်ဆောင်နေကြပေသည်။

ကိလေသာထုပြော ညစ်ညမ်းသိမ်ဖျင်းသည့် သံဝါသ- အစား-အအိပ်တို့ကြောင့်ကျိုးသည့် အဟိတ်ရစ္ဆာန်တို့၏ မာန်စွယ် ကို ကိလေသာ စင်ကြယ်သန့်ရှင်းသည့် ဘုရားရဟန္တာများ ပုံတော်ထုလုပ်၍ မိမိတို့ကိုယ်ကျိုးအတွက် ဖုံရဲသူတို့၏ ဘာသာ အဆင့်အတန်းမှာ မည်သို့ရှိမည်နည်း။ စဉ်းစားဆင်ခြင်သင့်ကြ ပေပြီ။

ဘုရားမြတ်စွာသည် မာန်မာနထောင်လွှား မောက်မာ ကင်းစေရန် 'နိဝါတမင်္ဂလာ' ကို ကျင့်ကြံပွားများရမည်ဖြစ်ကြောင် သွန်သင်ဆုံးမ၍ စစ်မှန်ငြိမ်းချမ်းသော သန္တိသုခသို့ တူရူပြုနိုင် ထေရဝါဒဗုဒ္ဓဘာသာဝင်တချို့နှင့် ထေရဝါဒကို ခုတုံးလုပ်နေသည်





ဂိုဏ်းတချို့တို့က အဟိတ်တိရစ္ဆာန်တို့၏ မာန်ထ၍ ကျိုးသော မာန်စွယ် ဘုရားမြတ်စွာနှင့် သာဝကကြီးတို့၏ ရုပ်တုရုပ်ပွားများ ထုလုပ်၍ အဆောင်ပြုလုပ်ကြ၏။ အကာအကွယ်ပြုကြ၏။

ထိုသူတို့သည် သူ့အကြောင်းနှင့်သူ ဒုဂ္ဂတိသို့ သွားကြပါ သော်လည်း မျက်မှောက်အခြေအနေအထိ ၎င်းတို့၏ လုပ်ရပ် သည် ထေရဝါဒဗုဒ္ဓဘာသနာတော်ကို သေးသိမ်ယုတ်ညံ့စေသော မထီမဲ့မြင် အပြုအမူများသာဖြစ်ပါ၏။ ထိုလုပ်ရပ်များကို ထေရဝါဒ ဗုဒ္ဓဘာသာဝင် မျိုးဆက်သစ်များ နည်းမယူမိကြစေရန်အတွက် ထေရဝါဒဗုဒ္ဓဘာသနာတော်ကို နှစ်သက်မြတ်နိုးသူတိုင်း တားဆီး ကာကွယ်စောင့်ရှောက်နိုင်ရန် အသိပေးရေးသားရပါတော့သည်။

မွေ့ရုံသီ၊ ၁၉၉၉၊ ဖေဖော်ဝါရီလ။

*

www.burmeseclassic.com

## ရောပလီများ လွင့်စေသား

ယောဂီဟူသော ဝေါဟာရကို အဘိဓာန်တို့၌ ကမ္မဋ္ဌာန်းစီးဖြန်းသူ၊ ဘာဝနာကိုအားထုတ်သူ၊ ကမ္မဋ္ဌာန်းနှင့်ယှဉ်သူ၊ ဖြူစင်သော အကျင့်ရှိသူဟု ဖွင့်ဆိုပါ၏။ ယောဂီရောင်ကို နီညိုရင့်ရောင်ဟုလည်း ဖွင့်ဆိုပါ၏။

ယောဂီပုဂ္ဂိုလ်များသည် ဗုဒ္ဓ၏ခေတ်ကာလ၌လည်းကောင်း၊ ဗုဒ္ဓမတိုင်မီ ကာလ၌လည်းကောင်း၊ အိန္ဒိယပြည်၌ လူ့ဘောင်ကို စွန့်ကာတောထွက်၍ (အမှန်တရား၊ ငြိမ်းအေးခြင်းတရား)ကိုရရန် တရားကျင့်သုံးအားထုတ်ကြသော ပုဂ္ဂိုလ်များဖြစ်ကြောင်း မှတ်သားဖူးပါ၏။

ယောဂီဝတ်စုံ၏အရောင်မှာ နီညိုရင့်ရောင်ဟုဆိုထားရာ ရဟန်းသံဃာတော်များဝတ်ရုံသော သင်္ကန်းရောင်နှင့်လည်း မတိမ်းမယိမ်း အရောင်တူပါ၏။





ထို့ကြောင့် ယောဂီရောင်ဝတ်စုံကို ဝတ်ဆင်ထားသူပုဂ္ဂိုလ် (ယောကျ်ား၊ မိန်းမ)များကို တရားဘာဝနာ ကျင့်ကြံပွားသူများဟု ယေဘုယျအားဖြင့် လက်ခံထားကြပါသည်။ သို့ရာတွင် အချို့နေရာများ၌ ယောဂီရောင်ဝတ်စုံကို စတိုင်လ်(Style–ထူးခြားသည့်ဟန်ပန်)တစ်မျိုးအနေဖြင့် ဝတ်ဆင်နေကြသည်ကိုလည်း ရံဖန်ရံခါ တွေ့မြင်ရပါ၏။

စင်စစ် ဗုဒ္ဓသာသနာတော်၌ အသွင်အပြင်သဏ္ဌာန်ထက် အနှစ်သာရပိုင်းကို ပဓာနအရင်းပြုပါ၏။ မူလပဏ္ဏာသပါဠိတော် မဟာယမကဝဂ်စူဠအဿပုရသုတ်၌ ဘုရားမြတ်စွာ ဟောကြားချက် အောက်ပါအတိုင်း ပါရှိပါသည်။

"ရဟန်းတို့...ရဟန်းတို့ဟုဆိုရာ၌ ဘာကိုခေါ်ရသနည်း။ ညီသူသည် ရဟန်းဖြစ်သနည်း။ ရဟန်းတရား၌ ရှိသေစွာ လိုက်နာကျင့်ဆောင်မှ ရဟန်းဟု ငါဆို၏။ သင်္ကန်းဝတ်ရုံကာမျှဖြင့် ရဟန်းဟု ငါမဆို"

တစ်ဖန်တုံ ဓမ္မပဒ သန္တတိအမတ် ဝတ္ထုတော်၌လည်း "ပကတိသော လူဝတ်တန်ဆာဆင်လျက်လည်း ညီညွတ်စွာ ကျင့်ပေငြားအံ့။ ငြိမ်သက်သော စိတ်နှလုံးရှိသည်ဖြစ်၍ ယဉ်ကျေးသော စိတ်နှလုံးရှိသည်ဖြစ်၍ အလုံးစုံသတ္တဝါတို့၌ ကံသုံးပါးဖြင့် ထိပါးခြင်းကို ပယ်စွန့်ချထား၍ အမြဲလျှင် ကာမဂုဏ်အာရုံနှင့်ဝေး–မြတ်သောအကျင့်ရှိသည် ဖြစ်ပေငြားအံ့။ ထိုလူဝတ်ပကတိဆင်ယင်လျက်ရှိသော သူသည် ရဟန်းပင်တည်း။ အရိယာပင်

www.burmeseclassic.com



တည်း" ဟု ဟောကြားတော်မူပါ၏။ (သုမင်္ဂလဝိလာသိနီ မြေပုံဒပစ္စတော်ကြီး ဒုတိယတွဲ သန္တတီအမတ်ဝတ္ထု)

ထို့ကြောင့် ဗုဒ္ဓသာသနာတော်၌ အဝတ်တန်ဆာသည် ပဓာနမကျဘဲ အကျင့်စရဏသည်သာ ပဓာနအရင်းခံဖြစ်ကြောင်း သိသာထင်ရှားပါ၏။

ထင်ရှားပြပါဦးအံ့။ ငါးရာငါးဆယ် နိပါတ်တော်၌ ဘုရားအလောင်းတော်အား ဓေဝဒတ်အလောင်းသတ်၍ သေရသော ဇာတ်တော်မြောက်ဇာတ် ပါရှိသည်။ (မုံတိုင်ပင်ဆရာတော်၏ 'သုံးပုံလေ့ကားနှင့် သုံးပုံတံတား'၌ ငါးဇာတ်ဟုဖော်ပြ၍ ကင်းဝန်မင်းကြီး၏ 'ကင်းဝန်မင်းကြီးကဗျာစု'၌လည်း ငါးဇာတ်ဟုပင် ဖော်ပြပါသည်။ ကျီးသဲလေးထပ်ဆရာတော်၏ 'ရွှယ်စုံကျော်ထင် အဖြေကျမ်း'၌သာ မြောက်ဇာတ်ဟု ပုဏ္ဏာဖြေဆိုထားပါသည်။

ထိုမြောက်ဇာတ်မှ ဆဒ္ဒန်ဆင်မင်းဇာတ်တွင် မိသောနုတ္တရ မုဆိုးသည် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ဆင်လျက် အလောင်းတော် ဆဒ္ဒန်ဆင်မင်းအား မြားဖြင့်ပစ်ခွင်း၍ လုပ်ကြံသော သာဓက ရှိပူပါ၏။ ဤနေရာ၌ မုဆိုးသည် မိမိကိုယ်တွင် ဖန်ရည်ဆိုးသော အဝတ်ဖြင့် ဝတ်ရုံခြုံလွှမ်းလျက် လုပ်ကြံမှုကြီးကို အကွက်ကျကျ ပိပိရိရိ ဖန်တီးခဲ့ပါသည်။

မှန်လှ၏။ ယခုအခါ ယောဂီရောင် သင်္ကန်းရောင်များကို ဝတ်ဆင်လွှမ်းရုံ၍ ဘုရားမြတ်စွာ၏ သာသနာတော်အား မတော်မတရား လုပ်ကြံနေကြသည်များကို တွေ့မြင်ကြားသိနေရပါသည်။

ထင်ရှားပါအံ့။ အိမ်စွင်း၌ ထိုင်ကနားပေးသော နတ်





ကတော်အချို့သည်လည်း အထက်အောက် ယောဂီရောင်ကို ဝတ်ဆင်၍ နတ်ပူး၏။ ကိုယ်ကြီးကျော်နတ် ပူးဝင်သောအခါ၌ ထိုယောဂီဝတ်နှင့်ပင် အရက်သောက်၏။ ဗေဒင်ဟောသူ၊ အကြားအမြင်ဟောသူ အချို့တလည်း ယောဂီအရောင်ကိုပင် ဝတ်ဆင်၍ သာသနာပြုသူဟု ကြေညာ၏။ အချို့သော ဘိုးတော်ဘွားတော်ဆိုသူ လူလိမ်တို့ကလည်း ယောဂီဝတ်နှင့်ပင် သာသနာပြုရန်ဟု အကြောင်းပြ၍ သူ့တစ်ပါး၏ သားပျိုသမီးပျိုတို့ကို မှောက်မှား သွန်ကျူး၏။ ရွှေငွေ ဥစ္စာတို့ကို လိမ်လည်လှည့်ဖြား၏။

တချို့ သာသနာပြုနယ်မြေများတွင် အချို့မှာ အထက်အောက် ယောဂီရောင်ဝတ်စုံများကို ဝတ်ဆင်လျက် ရင်ဘတ်၌ သည်း ဆိုင်ရာအသင်း အဖွဲ့တံဆိပ် ရင်ထိုးများတပ်ဆင်ကာ ဓာတ်စီးခြင်း၊ နတ်ပူးခြင်း၊ ဈာကောန်း အာရုံယူခြင်းများ ပြုလုပ်နေကြသည်ကို တွေ့မြင်ရပါ၏။

ထို့ပြင် ရိပ်သာတစ်ခုသို့ ၁၀ ရက်စခန်းလာဝင်သည်ဆိုသော ယောဂီရောင်ဝတ် ယောဂီအမျိုးသမီးတစ်ဦးကို တရားအခြေအနေ စုံစမ်းကြည့်ရာ နှစ်လုံးထီဂဏန်းနှင့် သုံးလုံးချဲထီဂဏန်းများ အာရုံ ယူနိုင်ရန်အတွက် ၁၀ ရက် အဓိဋ္ဌာန်စခန်းဝင်လာခြင်းဖြစ်ကြောင်း တိုးတိုးတိတ်တိတ် ကြားသိခဲ့ရပါသည်။ အတော်ပင် စိတ်ပျက်စရာကောင်းလှသည်။ သီသရာတည်းဟူသော ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်ဆိုသည့် ရည်ရွယ်ချက်ကား အဘယ်နည်း။ စဉ်းစားကြပါကုန်။

စာရေးသူဆိုလိုသည်မှာ မရိုးမသား မဖြောင့်မမှန်သော



www.burmeseclassic.com

www.burmeseclassic.com



ယောဂီဝတ်များ သာသနာတော်ကို ခုတုံးလုပ် ကိုယ်ကျိုးစီးပွားရှာသော အယောင်ဆောင်ယောဂီဝတ်များ၊ သောနုတ္တရမှုဆိုးကဲ့သို့ သာသနာတော်ကိုလုပ်ကြံသော သင်္ကန်းဝတ်နှင့် ယောဂီဝတ်များကိုသာ ညွှန်းဆိုပါသည်။ ထောက်ပြပါသည်။

ဤ၌ ဂန္ထဓူရ၊ ဝိပဿနာဓူရဟူသော ဓူရနှစ်ဖြာကို သဒ္ဓါ ဝီရိယအပြည့်ဖြင့် ဖြည့်ကျင့်အားထုတ်တော်မူကြသော လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းသံဃာတော် အရှင်သူမြတ်များကို ဆိုလိုခြင်း မဟုတ်ပါ။ ထို့ပြင် ရိုးသားဖြူစင်စွာ ဝိပဿနာတရားစခန်း ရှိပ်သာ ဝင်ကြသော လူဝတ်ကြောင် သူတော်စင်ယောဂီပုဂ္ဂိုလ်များစွာကို မရည်ညွှန်း မဆိုလိုပါကြောင်း ရိုးသားစွာ ဝန်ခံရပါသည်။ ထိုသို့သော ပုဂ္ဂိုလ်များကိုမူ တကယ့်သာသနာပြု ပုဂ္ဂိုလ်များအဖြစ် ထာဝရဦးထိပ်ပန်ဆင်လျက် ရှိပါသည်။

ဤသို့ရေးရခြင်းမှာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား ထိခိုက်နစ်နာစေလိုသော စိတ်ထားဖြင့် ရေးသားနေခြင်းမဟုတ်ပါ။ စင်စစ် လမ်းမှားနေသူများ လမ်းမှန်ပေါ် ရောက်လာစေရန်နှင့် အတုနှင့်အစစ်ကို ခွဲခြားစိစစ်နိုင်ကြရန် ရှေးရှု၍ တင်ပြရခြင်းသာ ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ပုံစံအတိုင်း ဆင်ယင်ထုံးဖွဲ့မှုမျိုးကို တစ်သဝေမတိမ်း မြင်တွေ့လိုပါလျှင် မြန်မာနိုင်ငံမှ ရဟန်းသံဃာတော်များ၏ ဆင်ယင်ထုံးဖွဲ့မှုမျှသာပင် ယောဘုယျ ကျန်ရှိနိုင်သလောက် ရှိပေသည်ဟု ဆိုရတော့မည် ဖြစ်ပါ၏။ ယောဂါဝစရ ကမ္မဋ္ဌာန်းဝိပဿနာအကျင့်ကို ကျင့်ကြသော ယောဂီ





တို့ဝတ်ဆင်သည့် ယောဂီရောင်(နီညိုရင့်ရောင်)သည်လည်း လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ယောဂီတို့ ထိန်းသိမ်းထားသော အရောင်သာ ဖြစ်ပါ၏။

ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလမှ ယနေ့တိုင်အောင် အစဉ်အလာကြီးမားစွာဖြင့် ထိန်းသိမ်းစောင့် ရှောက်လာခဲ့သော ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှု၏ဆင်ယင် ထုံးဖွဲ့မှုသည် သာသနာတော်၏ဂုဏ်၊ မြန်မာနိုင်ငံ၏ဂုဏ်၊ အမျိုးသားယဉ်ကျေးမှု၏ဂုဏ်တို့ကို မြင့်မားဝင့်ထည်စေပါ၏။

အထက်ပါ ဂုဏ်အရပ်ရပ်ကို ဖျက်ဆီးသူအယောင်ဆောင် ယောဂီဝတ် အယောင်ဆောင် သင်္ကန်းဝတ် ဟူသော ပုဂ္ဂိုလ်ယောင်များကို မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်းက ဆန့်ကျင် တည့်မတ်ပေးခြင်းအားဖြင့် သာသနာတော်နှင့် မြန်မာ့ယဉ်ကျေးမှု တို့ကို ကာကွယ်စောင့်ရှောက်ကြပါရန် တိုက်တွန်းလိုက်ရပါတော့ သတည်း။ ။

မေ့ရှုံသံ၊ ၂၀၀၁၊ အောက်တိုဘာလ။

*

www.burmeseclassic.com

# ဆိုးရေးရိုက ဆိုအပ်လှ၏

ယနေ့ခေတ်တွင် ပုဂ္ဂိုလ်တချို့ ဝစီပိတ်အကျင့်ကို အကျင့်ထူးအကျင့်မြတ်ပမာ လွဲမှားစွာ ပြုကျင့်နေကြ၏။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်လည်း ထိုအကျင့်မျိုး ကျင့်မှားသူအချို့ ရှိခဲ့ဖူးပေသည်။

တစ်ခုသော ဝါတွင်းကာလတွင် အချို့သော ရဟန်းတို့သည် ဝါတွင်းကာလတစ်လျှောက် တစ်ဦးနှင့်တစ်ဦး စကားမပြောဆိုကြရန် တိုင်ပင်သဘောတူ ကျင့်ကြံနေထိုင်ကြလျက် ဝါတွင်းကာလကို ကုန်လွန်စေ၏။ ဝါကျွတ်၍ ဘုရားထံမှောက် အဖူးအမြော်ရောက်သောအခါ ရှင်တော်ဘုရားက 'ဝါတွင်းကာလတွင် အဘယ်ကဲ့သို့ ကျင့်ကြံနေထိုင်ကြပါသနည်း' ဟု မေးမြန်း၏။

ထိုရဟန်းတို့က မိမိတို့သဘောတူ တစ်ဦးနှင့်တစ်ဦး စကားမပြောဆိုကြဘဲ ကျင့်ကြံနေထိုင်ကြကြောင်းကို လျှောက်ထားရာ





ဘုရားရှင်က အပြစ်ဆိုပြီးလျှင် 'နွားတို့သိုးတို့၏ နေထိုင်ခြင်း၊ နှမ်းသူတို့၏နေထိုင်ခြင်း၊ လူ့အတို့၏ အမှုအကျင့်၊ တစ္ဆေတို့၏ အမှုအကျင့်သာဖြစ်သည်ဟု ကဲ့ရဲ့ရှုတ်ချတော်မူ၏။

မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့စကားမပြောဆိုဘဲ နေထိုင်ကျင့်ကြံကြခြင်းကို အပြစ်ဆိုပြီးလျှင် နွားတို့သိုးတို့ နေထိုင်ခြင်း၊ လူအတို့၏ အမှုအကျင့် တစ္ဆေတို့၏ အမှုအကျင့်သာဖြစ်သည်ဟု ကဲ့ရဲ့ရှုတ်ချတော်မူ၏။ မြတ်စွာဘုရားသည် ရဟန်းတို့အား စကားမပြောဆိုဘဲ နေထိုင်ခြင်းမျိုး မပြုလုပ်ရန် တားမြစ်ပြီးလျှင် ဝါကျွတ်သည့်အခါ အချင်းချင်းဖိတ်ခေါ်ခြင်း=ပဝါရဏာပြုခြင်းကို အခွင့်ပြုတော်မူခဲ့ပေသည်။ ဤသို့ ပဝါရဏာပြုခြင်းသည်သာ အချင်းချင်းမှန့်လင်းစွာ စကားပြောဆိုရန် သင့်လျော်သောအပြုအမူ၊ အပြစ်အာပတ်မှ ကင်းလွတ်ရေးနှင့် ဝိနည်းကို အလေးထားသော အပြုအမူဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

ထိုအခါမှစ၍ ပရိမဝါကပ်သော ရဟန်းတော်များသည် သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာပြုကြပေသည်။ ပစ္ဆိမဝါကပ်သော ရဟန်းတော်များသည် တန်ဆောင်မုန်းလပြည့်နေ့တွင် ပဝါရဏာပြုကြရပေသည်။

ပဝါရဏာပွဲပြုပုံမှာ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ တင်ဝါဆိုနေထိုင်ခဲ့ကြသော ရဟန်းတော်များသည် သီတင်းကျွတ်လပြည့်နေ့တွင် ဝါတွင်းသုံးလပြည့်မြောက်ခဲ့ကြပြီဖြစ်၍ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့တွင် လိုရာခရီးကို လွတ်လပ်စွာ သွားလာနိုင်ကြပြီဖြစ်၏။ ထိုသို့ မသွားလာကြမီ ဝါတွင်းသုံးပ



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၊ နေထိုင်ခဲ့ကြစဉ် မိမိအပေါ် အခြားသီတင်းသုံးဖော်များက မျက်မြင်(ဒိဋ္ဌ)၊ အကြား(သုတ)၊ ယုံမှားမှုယ်(ပရိသင်္က)တစ်ခုခုဖြင့် အပြစ်ရှိသည်ဟု ထင်မြင်ပါက ထုတ်ဖော်ပြောကြားရန် ဖိတ်ကြားကြရ၏။ အပြစ်ရှိခဲ့ပါလျှင် ကုစားပါ။ (ဝိနည်းဥပဒေတော်နှင့်အညီ လိုက်နာဆောင်ရွက်ပါမည်)ဟု ကတိပြုကြရ၏။ ယင်းသို့ ဖိတ်ကြားခြင်း၊ ကတိပြုဝန်ခံခြင်းကို ပဝါရဏာပြုသည်ဟု ခေါ်ပါသည်။ ဤသို့ ဖိတ်ခေါ်သည့်နေ့ကို (ဝါ) သီတင်းကျွတ်လပြည့်နေ့ကို မဟာပဝါရဏာနေ့ဟု ခေါ်ပါသည်။

စာရေးသူတို့၏ ဇာတိဒေသ ချောင်းဦးမြို့၌ နှစ်စဉ် မဟာပဝါရဏာပွဲတော်ကို ထူးထူးခြားခြားစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သော အစဉ်အလာ ရှိပေသည်။ ပဝါရဏာပွဲတော်တွင် မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ အမျိုးသားအမျိုးသမီးများစွာသည် မိမိတို့ရပ်ကွက်အလိုက် ပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများကို ရဟန်းတော်များ စုပေါင်းပဝါရဏာပြုကြမည့် ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်လှူဒါန်းကြသည်။ ယိမ်းအကများ၊ သံချပ်အဖွဲ့များ၊ ဝေါဆိုဖြေဖျော်မှုများ၊ အလှအပတန်ဆာဆင်ထားသော မော်တော်ယာဉ်များဖြင့် တစ်မြို့လုံးသို့ လှည့်လည်ဖြေဖျော်ကာ ညဘက်တွင် အငြိမ့်ဇာတ်ပွဲများဖြင့် ပဝါရဏာပွဲတော်ကို စည်ကားစွာ ကျင်းပကြသည်။

စာရေးသူ ဤဆောင်းပါးကို ရေးခြင်း၏ရည်ရွယ်ချက်မှာ တစ်ခုသော ပဝါရဏာပွဲတော်တွင် 'မှန်တာပြောလျှင် ရွာပြင်အထုတ်ခံရတတ်သည်' ဆိုသည့် မြန်မာ့စကားပုံနှယ်ပယ်မှ ဆိုရိုး





စကားရပ်ကို ပုံဆောင်သရုပ်ပြကာ သံချပ်တိုင်သွားသော စကားရပ်နှင့်ဆက်နွှယ်၍ ကောင်ပြုလိုခြင်းဖြစ်ပါသည်။

ယခုအခါ ထေရဝါဒဗုဒ္ဓဘာသာအတွင်း ရတနာသုံးပါးကို အကြောင်းပြု ခုတုံးလုပ်လျက် မိမိတို့၏ အကျိုးစီးပွားအတွက် ဖန်တီးနေကြခြင်းများ ရှိပါသည်။ ဘာသာ သာသနာတော်အရေးကိစ္စနှင့် ကြုံတွေ့လာပါလျှင် မည်သူ၏မျက်နှာကိုမျှ မကြည့်ဘဲ ဘုရားရှင်၏ ရွှေမျက်နှာတော်ကိုသာ ကြည့်မည်' ဟူသော ခံယူချက်ဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။ ယခုရုပ်မှ နောင်ရှင်းလင်းပေမည်။ ယခု လမ်းတံတားမျက်စီးလျှင် ယခုပြင်မှ နောင်မျိုးဆက်သစ်များ လျှောက်လှမ်းရသည့်အခါ ခလုတ်မထိ ဆူးမငြိဖြစ်ပေမည်။

သီလက္ခန္ဓဝဂ္ဂပါဠိတော်၊ ဗြဟ္မဇာလသုတ်တွင် 'မဟုတ်မမှန်သည်ကို မဟုတ်မမှန်ကြောင်း ဖြေရှင်း ပြောကြားကြရမည်' ဟု မိန့်တော်မူပါသည်။ စာရေးသူတို့အနေဖြင့် (အခြေအနေ အချိန်အခါ နေရာဒေသကို ရှုကြည့်ဆင်ခြင်၍) အမှန်ကိုအမှန်၊ အမှားကို အမှား၊ မဟုတ်သည်ကို မဟုတ်ဟု ပြောဆိုရေးသားကြရာတွင် မိစ္ဆာဒိဋ္ဌိ ကိုယ်ကျိုးရှာသမားတို့က သူတို့၏ အသိုးအပုပ်ကို မပေါ်စေရန် 'မှန်တာပြောလျှင် ရွာပြင်အထုတ်ခံရသည်' ဆိုသော စကားရပ်ဖြင့် တားမြစ်ပိတ်ပင် ဖုံးဖိကာကွယ်ကြလေသည်။

မှန်တာပြောသူကို ရွာပြင်ထုတ်သည်ဆိုလျှင် ရွာထဲတွင် အမှန်မပြောသူ၊ လိမ်ညာမုသာဝါဒပြောသူများသာ ကျန်ချေတော့မည်။ ဤသည်လည်း သဘာဝမကျလှပါ။ ထို့ကြောင့် ဤစကားကို ခွဲခြမ်းစိတ်ဖြာကြည့်ရာ–



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံရောအခါ သူတစ်ဦးသည် အမှန်တရားကိုလိုလား အမှန်ပြောသူကို ရှာဖွေ၏။ ရွာတစ်ရွာတွင် အမှန်ပြောသူရှိသည်ဟု သတင်းကြားသိ၏။ ထိုရွာသို့သွား၍ အမှန်ပြောသူကို မေးမြ ရှာဖွေစဉ် ရွာသားတစ်ဦးက မှန်တာပြောလွန်း၍ ရွာပြင်ထုတ် ထားရသော အဘွားအိုတစ်ဦး ရွာပြင်တွင် နေထိုင်သည်ဟု ညွှန် အမှန်ကို လိုလားသူသည် အမှန်ကိုသာပြောသော အဘွားအိုနှ နှစ်ဦးတည်းတွေ့ဆုံ၍ အလ္လာပသလ္လာပ ပြောဆိုဆွေးနွေး၏။ ထို ဆွေးနွေးပြီးသောအခါ အဘွားအိုအား နှုတ်ဆက်၍ ထပြန်သွားစဉ် အဘွားအို၏စကားကို ကြားလိုက်ရ၏။ "ဟဲ့...မျက်စိတစ်ဖက် လပ်နှင့်သူငယ်၊ မင်းရဲ့ခမောက် ကျန်ခဲ့တယ်၊ ပြန်ယူပါဦး"ဟု ပြော၏။ မျက်စိတစ်ဖက်လပ်နေသည့် အမှန်ကိုလိုလားသူက သူ အား မျက်စိတစ်ဖက်လပ်ဟု ခေါ်သည့်အတွက် စိတ်ဆိုးမာန်ဆို ဖြင့် "ဒီမှာအဘွားကြီး ဒီရွာကလူတွေမှ ရွာပြင်ထုတ်တာ၊ ကျွ တော်သာ ဒီရွာသားဆို ခင်ဗျားကြီးကို သတ်ပစ်တယ်"ဟုသတ

(သံချပ်အဖွဲ့ ပုံဆောင်သရုပ်ပြမှု)

အထက်ပါပုံပြင်၌ အဘွားအို၏စကားရပ်ကို စဉ်းစားကြည် ရာ အမှုမဲ့ဆိုလျှင် အဘွားအိုမှန်သောစကားပြောသည်ဟု ထင် စရာရှိ၏။ စင်စစ် အဘွားအို၏စကားသည် မမှန်ပါ။ အဘယ် ကြောင့်ဆိုသော် လူပုဂ္ဂိုလ်နှစ်ဦးတည်းရှိ၍ စကားပြောဆိုရာတွင် အမည်နာမကို မလိုအပ်လျှင်မသုံးဘဲ အမည်နာမအစား အခြ နာမ်စားကို အသုံးပြုကြလေသည်။ ဥပမာ–အရှင်ဘုရား၊ တပည်





တော်၊ သင်နှင့်ကျွန်ုပ်၊ မင်းနှင့်ငါ၊ ရှင်နှင့်ကျွန်မ၊ ညည်း၊ တော်၊ အဒေါ်၊ ဦးလေး၊ သူငယ်၊ သူငယ်မ၊ မောင်ရင်၊ လုံမ။

အထက်ပါပုံပြင်တွင် အဘွားအိုသုံးစွဲသော စကားရပ်မှာ 'မျက်စိတစ်ဖက်လပ်နှင့်သူငယ်'၊ 'မျက်စိတစ်ဖက်လပ်'မှာ အပို စကားရပ်ဖြစ်၍ 'သူငယ်'ဆိုသော စကားရပ်သည်သာ လိုရင်း စကားရပ်ဖြစ်သည်။ လိုသည်ထက်ပိုလျှင် အစွန်းထွက်သွားပြီ။ အစွန်းထွက်ခြင်းသည် အမှန်တရားနှင့်မသက်ဆိုင်။ မဇ္ဈိမပဋိပဒါ မဟုတ်။ ထို့ကြောင့် အဘွားအို၏စကားရပ်သည် မမှန်ကန်ပါဟု ဆိုခဲ့ရပေသည်။

ထိုဖြစ်စဉ်တွင် အမှန်ပြောသူကို ရွာပြင်ထုတ်ခြင်းမဟုတ်ဘဲ လိုသည်ထက်ပို၍ အစွန်းထွက်သူကိုသာ ရွာပြင်ထုတ်ခြင်းဖြစ် ကြောင်း တွေ့ရှိနိုင်ပေ၏။

ကမ္ဘာအဆက်ဆက် ခေတ်အဆက်ဆက်တွင် ပေါ်ပေါက် ခဲ့သော ဘုရားရှင်များ၊ ပညာရှိပုဂ္ဂိုလ်များအားလုံးတို့သည် အမှန် တရားကိုသာ ပြောကြားခဲ့ကြပေသည်။ 'ဘုရားအလောင်းသည်ပင် မုသာဝါဒ သိက္ခာပုဒ်မှလွဲ၍ ကျန်သိက္ခာပုဒ်များကို အကြောင်း အားလျော်စွာ ကျူးလွန်ခဲ့သေးကြောင်း ကျမ်းဂန်များ၌ ဆို၏'ဟု ဆရာကြီးဦးရွှေအောင်၏ 'ဘဝအမြင်သစ်'၌ မှတ်သားဖူးပါသည်။

ပဝါရဏာပြုရာတွင်လည်း မျက်မြင်၊ အကြား၊ ယုံမှားဖွယ် တို့ကို ပွင့်လင်းမှန်ကန်စွာ ထုတ်ဖော်ပြောကြားရန် ဖိတ်ခေါ်ခြင်း ပင်ဖြစ်ပေသည်။ မှန်တာပြောလျှင် ရွာပြင်ထုတ်ခံရမည်ဆိုလျှင် ထိုထိုဘုရားရှင်များ၊ ဘုရားလောင်းများ၊ ရဟန်းရှင်လူ ပညာရှိ



www.burmeseclassic.com

www.burmeseclassic.com



များစွာကိုလည်း ရှာပြင်ထုတ်၍ ဝိုင်းပယ်ထားရပေတော့မည်။ ပဝါရဏာပြုရန် ပညတ်ချက်ကိုလည်း ဘုရားရှင်ပညတ်ရန်လို တော့မည်မဟုတ်။ အမှန်မှာ မှန်တာပြောလျှင် ရှာပြင်ထုတ်ခံရမည် ဆိုသည့် စကားရပ်သည်သာ မဟာအမှား ဖြစ်နေပေတော့သည်။

စကားပြောဆိုရာတွင်လည်း ဗုဒ္ဓမြတ်စွာက မူလပဏ္ဏာသ၊ ဂဟပတိဝဂ်၊ အဘယရာဇ ကုမာရသုတ်၌ အောက်ပါအတိုင်း ပြောဆိုရန် သတိပေးဆုံးမတော်မူပါသည်။

မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက်။ ထိုစကားမျိုးကို မပြောဆိုရာ။

ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်ကားမစပ်၊ သူတစ်ပါး တို့လည်း မနှစ်သက်။ ထိုစကားမျိုးကို မပြောဆိုရာ။

ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်လည်း စပ်၏။ သူတစ်ပါး တို့ကား မနှစ်သက်။ ထိုစကားမျိုးကို အခါအားလျော်စွာ ပြောဆိုရာ၏။

မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏။ ထိုစကားမျိုးကို မပြောဆိုရာ။

ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏။ ထိုစကားမျိုးကိုလည်း မပြောဆိုရာ။

ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်စပ်၏။ သူတစ်ပါးတို့ လည်း နှစ်သက်၏။ ထိုစကားမျိုးကို အခါအားလျော်စွာ ပြောဆိုရာ၏။

အထက်ပါ ဗုဒ္ဓဘုရားရှင်၏ စကားရပ်ခြောက်မျိုးတွင် နံပါတ်

မိတ်ဆွေ စာပေ



၃၌ ဟုတ်မှန်မှုလည်း ရှိမည်၊ အကျိုးစီးပွားနှင့်လည်း စပ်ယှဉ်မည်၊ သို့သော် တစ်ပါးသူ နှစ်သက်မှုမရှိသော်လည်း ထိုစကားမျိုးကို အခြေအနေအရ အခါအားလျော်စွာ ပြောဆိုရမည်ဟု ညွှန်ကြား ထားပါသည်။

ယခုအခါ ထေရဝါဒဗုဒ္ဓသာသနာတော်အား ကျူးကျော် နှောင့်ယှက် အန္တရာယ်ပြုနေသော သာသနာပဝါဒီများ၏ ကိုယ် စားလှယ် နတ်ကတော်၊ ဘိုးတော်၊ ဘတော်၊ ဂန္ဓာရီ အထွက်ဂိုဏ်း၊ အထက်ဂိုဏ်း၊ ဓာတ်ဂိုဏ်းများမှ ပုဂ္ဂိုလ်တို့သည် အဓမ္မကို ဓမ္မ၊ အဝိနယကို ဝိနယ၊ အမှားကိုကား အမှန်၊ ဘုရားမဟောကြား သည်ကို ဘုရားဟောဟု ပြောဆိုရေးသားလျက် ရှိကြပါ၏။ ၎င်း ပုဂ္ဂိုလ်တို့ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ မည်သူ၏ မျက်နှာကိုမျှ မထောက်ညှာ၊ ဗုဒ္ဓသာသနာတော်၏ မျက်နှာကိုသာ ကြည့်၍ အဓမ္မကို အဓမ္မ၊ အမှားကို အမှား၊ အမှန်ကို အမှန်ဟု အခြေအနေအရ အခါအားလျော်စွာ ရှင်းလင်းပြောဆိုရေးသား ရမည်မှာ မြန်မာနိုင်ငံရှိ ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း၏ လွှဲရှောင် တိမ်းဖယ်၍မရသော တာဝန်သာ ဖြစ်ပေတော့သည်။ ။

မဲ့ရှုံသီ၊ ၁၉၉၉၊ ဇူလိုင်လ။

*

www.burmeseclassic.com

www.burmeseclassic.com

## ဘုရားရှင်အား မျက်နှာပြောင်တိုက်မှုများ

"ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဤ(ဗေဒင်သုံးပုံ)၌ ကိုးစားကပ်ရောက်၍ နှစ်မြုပ်ကုန်၏။ နှစ်မြုပ်၍ ပျက်စီးခြင်းသို့ ရောက်ကုန်၏။ (တံလျှပ်ကို ရေမှတ်၍)အခြောက်တိုက်ကူးသည်နှင့် တူကုန်၏။ထို့ကြောင့် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဤဗေဒင်သုံးပုံတို့ကို (ရွာမနီးသော)တောကြီးဟူ၍လည်း ဆိုအပ်ကုန်၏။ ဗေဒင်သုံးပုံတို့ကို ပျက်စီးရာပျက်စီးကြောင်း ဟူ၍လည်း ဆိုအပ်ကုန်၏"

ဗုဒ္ဓဘုရားရှင်သည် ဗြာဟ္မဏဝါဒလာ ဗေဒင်နှင့်ပတ်သက်၍ သီလက္ခန္ဓဝဂ်၊ တေဝိဇ္ဇသုတ်၌ ဝါသေဋ္ဌဆိုသူ လုလင်အား အထက်ပါအတိုင်း ဟောကြားဆုံးမတော်မူပေသည်။

မကြာသေးသောကာလက ဒါယိကာမတစ်ဦးသည် သံဃာ





တော်တစ်ပါးအား 'ဝါမဝင်ခင် ဝါဆိုသင်္ကန်းကပ်လှူပါမည့်အကြောင်း တောင်းပန်လျှောက်ထားစဉ် ထိုလျှောက်ထားသော ဒါယိကာမ၏ တူမဖြစ်သူက "အဒေါ် သင်္ကန်းလှူမယ်ဆိုရင် ဝါဝင်ပြီးမှ လှူပါ၊ အကယ်၍ ဝါမဝင်ခင်မှာ သင်္ကန်းလှူပါက အသက်နှင့်စည်းစိမ်တစ်ခုခု ပျက်စီးနိုင်သည်ဟု ဗေဒင်ဆရာက ဟောကြားကြောင်း"သတိပေးရာ ထိုဒါယိကာမကြီး၏ ဝါဆိုသင်္ကန်း ကပ်လှူမည့် အစီအစဉ်(ပုဗ္ဗ မုဉ္စ အပရစေတနာ)ကို ပယ်ဖျက်လိုက်လေသည်။ ထိုအခြင်းအရာတို့ကို တွေ့မြင်ကြားသိခဲ့ရာမှ ဤဆောင်းပါးကို ရေးသားတင်ပြရပေသည်။

မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတော် ခံတမ်းကြီး၌ အတွင်းရန် အပြင်ရန် အန္တရာယ်နှစ်ရပ်၏ ထိုးနှက်တိုက်ခိုက်မှုဒဏ်ကို အလူးအလဲ ခံနေရပေသည်။ အပြင်ရန်သည် သိသာထင်ရှားသော်လည်း အတွင်းရန်သည် ထင်ရှားစွာမရှိဘဲ အတွင်းသားနှင့် ရိုးတွင်းခြင်ဆီအထိ လောက်ကိုက်ခြစားသလို လိုက်စားကာ နောက်ဆုံး၌ လဲပြို၍ နိဂုံးချုပ်ရသည်ထိ ဖြစ်ရပေတော့မည်။

ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ရာ မဇ္ဈိမဒေသ အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာကွယ်ပျောက်ခြင်းမှာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း ၇၀၀ ခန့်(B.C ၂ရာစုခန့်)တွင်နန်းတက်သော ဗြာဟ္မဏ ပုဏ္ဏားမျိုး သုင်္ဂမျိုးဆက်(အသောကမင်းကြီး နောက်မင်း ခြောက်ဆယ်မြောက်)မင်းလက်ထက်၌ ဗုဒ္ဓဘာသာ သံဃာတော်တစ်ပါး၏ ဦးခေါင်းတစ်လုံးကိုဖြတ်ယူ၍ ဆက်သပါက ဆုငွေ ၁၀၀/-ကျပ် ကြေညာမှုများအပါအဝင် ဗြာဟ္မဏဝါဒ၏ အမျိုးမျိုးသောထိုးနှက်

www.burmeseclassic.com



တိုက်ခိုက်မှုများကြောင့် ဗုဒ္ဓသာသနာ ကွယ်ပျောက်ခဲ့ရကြောင်း သာသနာတော်၏သမိုင်းက သက်သေခံလျက် ရှိပေသည်။

ယနေ့ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာတော်အတွင်း၌ ဗြာဟ္မဏဝါဒ၊ မဟာယာနဝါဒများ၏ ရောနှောမှု(လောက်ကိုင်ခြစားခြင်း)ပမာဏမှာ ကြီးမားလျက် ရှိနေပေသည်။ ထေရဝါဒ ဗုဒ္ဓဘာသာအပေါ်ကိုပင် ရုံမန်ရုံ၍ ဩဇာသက်ရောက်လွှမ်းမိုး၍ နေပေတော့သည်။ သာဓကအနေဖြင့် ဖော်ပြရလျှင်-

ဗေဒင်-နက္ခတ်-ယတြာ-ဓာတ်ရိုက်-အတိတ်ကောင်း-နိမိတ်ကောင်း-အခါကောင်း ရွေးချယ်မှုများ။ လူသေလျှင် ကူးတို့စားမြိန်စာထုပ်၊ ခုနစ်ရက် ရက်လည်ခြင်းများ၊ ဘုရားကိုးဆူ ပူဇော်ခြင်း၊ သင်္ကြန်အတာကူးခြင်းနှင့် သင်္ကြန်စာ၊ ရိုးရာနတ်ပူဇော်ပသမှု ရက်ရာဇာ-ပြဿဒါး-နဂါးလှည့်-ဂါထာမန္တရား-နေ့နံဖြင့် အမည်နာမပေးခြင်း(ရဟန်းသံဃာတော်များ ဘွဲ့အမည်ပေးရာတွင်-မွေးနေ့မွေးနံများနှင့်အညီ အမည်ပေးကြသည်။)လောကီမင်္ဂလာ ၃၂ ပါး ယုံကြည်မှု၊ ဘုရားရိုက်သည်ဟု ပြောဆိုမှု၊ ဘုရားရှူးကျိန်တွယ်ခြင်းများသည်လည်း ထေရဝါဒဗုဒ္ဓဘာသာ၏ အသုံးအနှုန်း မဟုတ်ကြကုန်။ ဗြာဟ္မဏဝါဒလာ စကားရပ်များသာ ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာသည် မဟာကရုဏာရှင်ဖြစ်တော်မူ၍ မည်သူ့ကိုမှလည်း မရိုက်ပါ။ မည်သူ့ကိုမှလည်း အမျက်တော် မရှူးရှုပါ။

ယေဘုယျအားဖြင့် အလဇ္ဇီ ရဟန်းတချို့နှင့် ဒါယကာ၊ ဒါယိကာမတို့သည် အထက်ပါ ဗြာဟ္မဏဝါဒလာ ဓလေ့ထုံးစံများ





ကိုယုံကြည်စွဲလမ်းကိုးစားလျက် ထေရဝါဒဗုဒ္ဓဘာသာမှ မသိမသာ (တချို့လည်း သိသိသာသာ)ဖောက်ပြန်သွေဖည်ကာ မိမိလက်ရှိဘဝ တိုးတက်ကောင်းစားရေး တစ်ခုတည်းအတွက် လောဘဒေါသ မောဟများဖြင့် ဗေဒင်ဆရာ (ဘိုးတော် ဘတော် နတ်ကတော်)တို့၏ ဟောပြောမှုအတိုင်း ဒါန သီလ ဘာဝနာကိစ္စများကို စေတနာမပါ (ပါခဲ့သော် စစ်မှန်စင်ကြယ်သော စေတနာပါဟုဆိုသာ)ဘဲ ပြုလုပ်နေကြလေပြီ။

ထိုအပြုအမူများအနက် နေ့ရက်အချိန်အခါကို ရွေးချယ်၍ ကြီးကိုးကြီးအဓိဋ္ဌာန်၊ ဘုရားစေတီတို့၏ ဂြိုဟ်ကောင်ဂြိုဟ်ရုပ်များပြုလုပ်၍ နေ့ခင်းကြောင်တောင် အလင်းတိုင်သက်စေလှူခြင်း။ ဥဩြောင်းဓကာ ဂါထာမန္တရားများ မန်းမှုတ်၍ ပုတီးစိပ်ခြင်း၊ ဘေးဘယာကင်းစေရန် ဘယာကြော် ၁၀၈ ခု လှူခြင်း၊ ဩဇာအာဏာရှိရေးအတွက် ဩဇာသီးကို အလုံးလိုက်လှူခြင်း၊ မကောင်းသော ပါပဂြိုဟ်များပျောက်၍ ကောင်းသော သောမဂြိုဟ်များရောက်စေရန် မာလကာသီးလေးလုံးကို အလုံးလိုက်လှူခြင်း (သစ်သီးအကြီးအသေးများကို အလုံးလိုက်လှူခြင်းသည် ဝိနည်းတော်အရ မအပ်စပ်ပါ။) ပူမလောင်သောရင်ကို အေးမြစေရန် ရွှေရင်အေးလှူခြင်း။ သူတစ်ပါးထက် သာလွန်စေရန် သာကူလှူခြင်း၊ လာဘ်ခေါ်-မိတ်ခေါ်-ဈေးခေါ်-ကက်ကင်းဓာတ် အဆောင်အစွည်းများကို သဗ္ဗညုဘုရားရှင်ထက် ရိုသေလေးစားပူဇော်ခြင်းသည်ဖြင့် ဗြာဟ္မဏဝါဒလာ ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်များကို ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဆိုသူတို့ ယုံကြည်လက်ခံလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်တို့ကို ဖော်ပြရလျှင် ကျမ်းတစ်စောင်နီးနီး ဖြစ်သွားနိုင်ပေသည်။

ဒါန သီလ ဘာဝနာအလုပ်ကိုလုပ်ရာတွင် ယုံကြည်မှုသဒ္ဓါတရားသည် အဓိကအရေးကြီးလှပေသည်။ ယုံကြည်မှုသဒ္ဓါတွင် ပသာဒသဒ္ဓါ၊ ဩကပ္ပနသဒ္ဓါ၊ အဝေစ္စပသာဒသဒ္ဓါဟူ၍ သုံးမျိုးရှိပေသည်။ (အကျယ်ကို သိလိုသော် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သမ္မာပဋိပဒါဓမ္မနိယာမသုတ် တရားတော်ကျမ်းစာအုပ်၌ ရှုပါ)။

ထိုယုံကြည်မှုသဒ္ဓါတရားသည် ဘုရားတရားသံဃာ ရတနာသုံးပါးအပေါ် ခြွင်းချက်မရှိ ခိုင်ခိုင်မြဲမြဲယုံကြည်၍ ရတနာသုံးပါးမှ လွဲ၍ မည်သည့်သဘောတရား အယူဝါဒကိုမှ မယုံကြည်၊ သြဇာလွှမ်းမိုးမှုကို လက်မခံ၊ ထို့ကြောင့် သာသနာပကာလမဟုတ်သော သာသနာတွင်းကာလတွင် ရတနာသုံးပါးအပေါ် ယုံကြည်မှုသဒ္ဓါ ပျက်ကွက်ယိမ်းယိုင် လွဲချော်နေသော ဒါန သီလ ဘာဝနာများသည် စေတနာမမှန်သော၊ လွဲချော်မှားယွင်းသော အပြုအမူများသာ ဖြစ်ပေရာမည်။

ဗုဒ္ဓဘုရားရှင်က နိပါတ်တော်တစ်နေရာ (ဝိသာသဘောဇနဇာတ်)တွင် "အတွင်းရန်သည် အပြင်ရန်ထက် ဒုက္ခပေးမြန်သည်"ဟု မိန့်ဆိုပေသည်။

ယခုကာလ ဗုဒ္ဓဘာသာဝင်ပါဟု ဆိုသူတော်တော်များများသည် မိမိတို့၏ ပစ္စက်ရှိဘဝ အဆင်ပြေရေးတစ်ခုတည်းအတွက် တစ်ပါးသောဝါဒ၊ တစ်ပါးသောပုဂ္ဂိုလ်ကို အားကိုးအားထားရာကာ





ကိုယ့်အားကိုယ်ကိုးချင်စိတ် ကုန်ခန်း၍ ရေသာခို သူတောင်းစားစိတ်ဓာတ်များဖြင့် ဗုဒ္ဓဘုရားရှင်၏ "အတ္တာဟိ အတ္တနော နာထော" (ကိုယ့်ကိုယ်ကို အားကိုး၊ ကိုးကွယ်ပါ)ဟူသော စကားတော်ကို ဆန့်ကျင်ဘက်ပြု မျက်နှာပြောင်တိုက်ကာ ဒုရမင်းနတ်၊ ဗေဒင်၊ ဘိုးတော်၊ ဝိဇ္ဇာ အစရှိသည်တို့ကို မျက်ကန်းတစ္ဆေမကြောက် အားကိုးရှာနေခြင်းမှာ လက်ရှိဘဝနှင့် သံသရာအတွက် မဟာ အမှား ဆင်းရဲမှုကြီးသာ ဖြစ်ပေတော့သည်။

"အကြောင်းမစစ်၊ ဉာဏ်မဲ့လစ်မှု၊ ဖြစ်ကာယတ်ဆန်း
မှတ်ယူမှန်းလျက်၊ ဆင်ကန်းတောတိုး၊ ပိုးဝါးတွေးထင်၊
မဆင်ခြင်ဘဲ၊ ထန်းပင်ထက်ဖျား၊ ကျီးသိုက်ကြားကာ၊
ပဇ္ဇမြားရောင်တွက်၊ ရေကန်နက်ကို၊ ကော်ပက်မဆုံး၊
တရုန်းရုန်းနှင့်၊ အားလုံးလူစု၊ ဆင်းရဲမှုတည့်"

ဆိုသည့် မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ သင်္ကာသည့် ရတနာသုံးပါးမှ သွေဖည်၍ အခြားအားကိုးရာနေသူများကို တိုက်ရိုက်ညွှန်းဆိုနေခြင်းသာ ဖြစ်ပါတော့သည်။ တစ်ဖန် မန်လည်ဆရာတော်ဘုရားကြီးက —

"ခြေမ ဆူးပူး၊ နဖူး ဆူးရှာ၊ ရေလာ တလွဲ၊ ခဝဲ တခြား
ဟူသောလားနှင့် ယုန်ကားတောင်ပြေး၊ ခွေးကား မြောက်
လိုက်၊ ယိုက်မထိုက်ကို ဉာဏ်၌မရှု၊ ကျင့်မပြုနှင့်"

ဟု မဃဒေဝလင်္ကာဖြင့် သတိပေး သွန်သင်ခဲ့ပေသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် အတွင်းရန်–အပြင်ရန် တို့၏ နှောင့်ယှက်ဖျက်ဆီးမှုကို ခံလာခဲ့ရသည်မှာ အထူးအဆန်း



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ပါချေ။ သာသနာဝင် အဆက်ဆက်ကပင် ဖြစ်ပါ၏။ ယနေ့ကာလ၌လည်း နှောင့်ယှက်ဖျက်ဆီးမှုများ ရှိနေသည့်သာ ဖြစ်ပါ၏။ ထို့ကြောင့်ပင် ရဟန်းရှင်လူ မင်းနှင့်ပြည်သူတို့ အမျိုးဘာသာ သာသနာ၏ အန္တရာယ်ကို နိုးနိုးကြားကြား ကာကွယ်တားဆီးနေကြရပေသည်။

ယင်းကဲ့သို့သော အချိန်အခါမျိုး၌ ထေရဝါဒဗုဒ္ဓဘာသာ မဟုတ်သည်တို့ကို အဟုတ်လုပ်ကာ ကိုယ်ကျိုးစီးပွားအတွက် သာသနာဖျက်နေသူများမှာ ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးသူသာ မဟုတ်၊ နိုင်ငံနှင့်လူမျိုးကိုပါ ဖျက်ဆီးပစ်နေသူများအဖြစ် သတ်မှတ်ခြင်းခံကြရမည် ဖြစ်ပေသည်။ အကြောင်းမှာ ကျွန်ုပ်တို့နိုင်ငံသည် စင်ကြယ်သော ဗုဒ္ဓဝါဒကို အခြေပြုထားသော ယဉ်ကျေးမှုရေးရာ စရိုက်လက္ခဏာများဖြင့် တင့်တယ်နှံညားစွာ ရပ်တည်လာခဲ့သည့် နိုင်ငံဖြစ်သောကြောင့်ပင်။

နိဂုံးချုပ်ဖော်ပြလိုသည်မှာ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ 'ဘာသာသွေး' ကျမ်းစာ့နိဂုံးပိုင်းတွင် ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ရေးသားထားပေသည်။

## နေရဲသေရဲသူဖြစ်အောင်

"ဤသာသနာတော်ကြီးသည် ပြုပြင်သူရှိသောအခါ ထိပ်တန်းရောက်အောင်တက်၍ ပြုပြင်သူမရှိသောအခါ ဘဖြည်းဖြည်းနိမ့်ကျ၍ ကချို့တိုင်းပြည်များမှာ လုံးလုံးပင်





ကွယ်ပျောက်ခဲ့ပါပြီ။ ထို့ကြောင့် သာသနာတော်ကြီးကို 'ထောက်ရှာငှက် ပျံသည့်ပမာ နိမ့်ချည်မြင့်ချည်သာသနာ' ဟု ပြောစမှတ်ပြုခဲ့ကြပါသည်။

"ဤလက်ထက်တွင် ဆရာဒကာတို့သည် ဤသာသနာကို မြင့်အောင်ပြုနိုင်ပါမှ 'ပါရမီဓာတ်ခံ ရင့်သန်သူ'ဟု မိမိကိုယ်ကို ဆုံးဖြတ်၍ နေရဲသေရဲသူများ ဖြစ်ကြပါလိမ့်မည်။ ဤသာသနာတော်ကို အရာထင်အောင် ပြုပြင်၍ မသွားနိုင်ပါလျှင် နောင်တစ်ခေတ်၌ ပြုပြင်သူပေါ်လာစေကာမူ အလွန်ခဲယဉ်းစွာ ပြုပြင်ရပါလိမ့်မည်။ သို့မဟုတ် လုံးလုံးမပြုနိုင်ဘဲ သာသနာတော်သာ ကစဉ့်ကရဲဖြစ်၍ ကွယ်ရပါလိမ့်မည်။

"ဗုဒ္ဓမြတ်စွာ၏ ကမ္ဘာများစွာဝယ် အသက်စည်းစိမ်များစွာကိုစတေးကို တည်ထားတော်မူအပ်သော သာသနာတော် အဆောက်အအုံကြီးသည် ဤနှစ်ထောင့်ငါးရာကျော်ရုံမျှဖြင့် ဤမျှလောက် မဆုတ်သင့်သေးပါ။ ထို့ကြောင့် ဆရာဒကာအချင်းချင်း စိုင်းပြင်းဆွေးနွေး၍ ဤသာသနာတော်အရေးကို လေးလေးနက်နက် စဉ်းစားကြဖို့ရန် တိုက်တွန်းပါသည်"

## စစ်လို့သေဘော်သား၍ ကြိုးစားပါ

"စစ်တိုက်သောအခါ ဆုတ်စစ် ခံစစ် ထိုးစစ်ဟု သုံးမျိုးရှိ၏။ မိမိဘက်က ခံနိုင်ပုံမရလျှင် စနစ်တကျဆုတ်နိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရ၏။ ခံနိုင်ပုံရလျှင် ကြံ့ကြံ့ခံရ၏။ ထိုသို့ ကြံ့ကြံ့ခံရာမှ အားရှိလာလျှင် ထိုးစစ်သို့ပြောင်းကာ တိုးတက်စေရာ၏။

"ထို့အတူ ဤသာသနာတော်သည် ဆုတ်၍ဆုတ်၍ လာရကား ဆုတ်စစ်နှင့် တူနေ၏။ ဆုတ်ပုံကလည်း အလှူဒါနပြုမှု၊ စာပေသင်မှု စသည်၌ စနစ်မရှိ၊ (သူတစ်မျိုး ငါတစ်ဖုံ)ယုပ်နေကြသောကြောင့် အကွပ်မရှိသော ကြမ်းကဲ့သို့ ပရမ်းပတာဖြစ်၍ စနစ်တကျ ဆုတ်ခြင်းမဟုတ်၊ သို့ရာဝယ် ဘုရားဥပဒေတော်နှင့်အညီ စည်းကမ်းတကျ ရပ်တန့်၍ မြဲမြဲနိုင်ကြပါလျှင် ခံစစ်သဘောသို့ပြောင်းကာ အဆုတ်ရပ်တန့်မည်သာ၊ ထိုအခါ တိုင်းသူပြည်သားတို့၏ အကူအညီကိုလမ်းမှန်ကျသဖြင့် ထိုးစစ်သဘောသို့ မကြာမီ ပြောင်းလဲ၍ သာသနာ့အောင်ပွဲကို နွှဲနိုင်ကြပါလိမ့်မည်"

ဓမ္မရံသီ၊ ၁၉၉၇၊ ဇန်နဝါရီလ။

*

# သိမ်ထဲမှာ ဆင်ခြင်ဖွယ်ရာ

သိမာဆိုသည့် ပါဠိဝေါဟာရမှ 'သိမ်'ဆိုသည့် ပါဠိသက် ဝေါဟာရဖြစ်လာကာ မြန်မာလို 'သီးသန့်ပိုင်းခြား သတ်မှတ်ထားသည့်နေရာဒေသ'ဟု ခေါ်ပါသည်။

သီးခြားသတ်မှတ်ထားသော 'သိမ်'သည် ဘုရားမြတ်စွာ၏ သာသနာတော်၌ သာသနာ့ဝန်ထမ်း ရဟန်းတော်များ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ရဟန်းခံခြင်း၊ ကထိန်ခင်းခြင်း၊ သံဃာ့ကိစ္စအားလုံးကိုကုစားရန် ပရိတ်သ ဆောက်ကည့်ခြင်းစ သောတိဆောင်ရာဌာန ဖြစ်ပါ၏။

သိမ်သည် သာသနာတော်၏ ရေသောက်မြစ်ကြီးသဖွယ် ဖြစ်ပါ၏။ 'သဒ္ဒါမှာ လိင်၊ ဝိနည်းမှာ သိမ်'ဆိုသည့်အတိုင်း ပါဠိသဒ္ဒါ၌ ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုံသကလိင် ဟူသော လိင်သည် အရေးကြီးသကဲ့သို့ ဝိနည်း၌ သိမ်သည် အလွန်အရေးကြီးလှပါ၏။ စေ့ဖန်

မိတ်ဆွေစာ(၆)

www.burmeseclassic.com



ကျောင်းမှာ သိမ်၊ ဘုရားမှာ စိုန်၊ သင်္ကန်းမှာ ကထိန်၊ ဆွမ်းမှာ ပိဏ္ဍ(ပိဏ္ဍပါတ်ဆွမ်း)ဆိုသည့် ထူးထူးမြတ်မြတ် သတ်မှတ်ထားသည့် သာသနာ့ရေးရာတို့တွင် သိမ်သည် မရှိမဖြစ် ပါဝင်နေပါ၏။

ပဗာပြုရသော်(သီရိလင်္ကာ)သီဟိုဠ်ပြည့်ရှင် ဒေဝါနံပိယတိဿမင်းကြီးက အရှင်မဟိန္ဒမထေရ်မြတ်အား "သီဟိုဠ်ကျွန်းမှာ ဘုရားမြတ်စွာ၏ သာသနာတော် တည်ပါပြီလော" ဟု မေးလျှောက်ထားရာ-

"မြတ်သောမင်းကြီး...ဤသို့ တရားနာရုံမျှဖြင့် ဘုရားမြတ်စွာ၏ သာသနာတော်ကား မတည်သေးချေ။ ရဟန်းသံဃာတို့ ဥပုသ်-ပဝါရဏာ-ကံကြီးကံငယ်ပြုခြင်းငှာ ဘုရားမြတ်စွာ ဓမ္မစကာဖြစ်သော ဥတ္တိ စတုတ္ထ ကမ္မဝါစာဖြင့် 'သိမ်'ကို ဖွဲ့ပြီးမှ သာလျှင် ဘုရားမြတ်စွာ၏ သာသနာတော်တည်ပေလတ္တံ့"ဟု အရှင်မဟိန္ဒမထေရ်မြတ်၏ မိန့်တော်မူချက်ကို ထောက်ရှုခြင်းအားဖြင့် ဘုရားမြတ်စွာ၏သာသနာတော် တည်ရာစည်ရာအတွက် သိမ်သည် ပဓာနကျသော အရင်းအမြစ် ဖြစ်ပါ၏။

မြန်မာနိုင်ငံ သာသနာ့သမိုင်း တစ်နေရာမှ ရာမညတိုင်း ဟံသာဝတီ ထီးနန်းတွင် ဓမ္မစေတီမင်းကြီး (သက္ကရာဇ်-၈၂၀) စိုးစံခဲ့၏။ ရဟန်းအချို့တို့၏ အကျင့်ဖောက်ပြား ဆိုးသွမ်းမှုနှင့် ဆက်စပ်ပြီး ရဟန်းအဖြစ်၏ စင်ကြယ်ရေးတွင် ပထမအရေးကြီးဆုံးဖြစ်သည့် သိမ်ကို ဝိနယကုက္ကုစ္စ မဖြစ်ရအောင် ဆောင်ရွက်ခဲ့ပါ၏။





ဆောင်ရွက်ပုံမှာ လက်ရွေးစင် ရဟန်းအချို့နှင့် ရဟန်းလောင်း သာမဏေများစွာကို သီဟိုဠ်ကျွန်းသို့ပို့၍ မဟာဝိဟာရဝါသီဓေါ် အရှင်မဟိန္ဒအနွယ်တော် ရဟန်းသံဃာများထံ၌ ရဟန်းခံစေပါ၏။ သီဟိုဠ် ကလျာဏီမြစ်အတွင်း ဥဒကုက္ခေပ ရေသိမ်၌ ရဟန်းခံပြီး မြန်မာနိုင်ငံသို့ ပြန်ကြွလာကာ ယခု ကလျာဏီသိမ်ကို သက္ကရာဇ် ၈၃၈ ၌ သမုတ်တော်မူကြ၏။ ထို့နောက် ရာမညတိုင်းသား ရဟန်းများကို ထိုကလျာဏီသိမ်တော်၌ ရဟန်းထပ်ခံစေခြင်းဖြင့် ဝိနယကုက္ကုစ္စကင်းကာ အကျင့်ဖောက်ပြားသည့် ရဟန်းဆိုးများကို ရှင်းလင်းဟန့်တားခဲ့ကြောင်း သာသနာတော်သမိုင်းက မှတ်တမ်းတင်ထားခဲ့လေပြီ။

ထို့ကြောင့် သိမ်ဆိုသည့် သီးခြားအပိုင်းအခြားသည် ဘုရားမြတ်စွာ၏ သာသနာတော်၌ မည်မျှအရေးကြီးကြောင်း သိသာပေပြီ၊ သိမ်တစ်ခုကို သမုတ်ရာတွင် အောင်မြင်မှု မအောင်မြင်မှု၊ မှန်ကန်မှု မမှန်ကန်မှုကိုလိုက်၍ အကျိုးအပြစ်များစွာ ဖြစ်နိုင်ပါ၏။ သိမ်စစ် သိမ်မှန်တွင် ရဟန်းခံသောသူသည် ရဟန်းစစ် ရဟန်းမှန် ဖြစ်၍ သိမ်ဟုသိမ်မစစ်တွင် ရဟန်းခံသူတို့မှာ ရဟန်းစစ် ရဟန်းမှန် အဖြစ်သို့ မရောက်တော့ဘဲ ရဟန်းအတုသာ ဖြစ်နိုင်ပါတော့သည်။

သိမ်တွင် အကျဉ်းအားဖြင့် နှစ်မျိုးနှစ်စား ရှိပါ၏။

(၁) ကမ္မဝါစာဖြင့် သမုတ်ဖွဲ့အပ်သော အပိုင်းအခြားကို ဗဒ္ဓသိမ်၊

(၂) ကမ္မဝါစာဖြင့် မသမုတ်ဘဲ သူ့အလိုလို အပိုင်းအခြားကို အဗဒ္ဓသိမ်၊



www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမသိမ်တွင်-မဟာသိမ်နှင့် ခဏ္ဍသိမ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ အမဇ္ဈိမသိမ်တွင်=ဂါမသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပ သိမ်အားဖြင့် သုံးပါးအပြားရှိ၏။

သိမ်သမုတ်ခြင်းအကြောင်းကိုဖော်ပြလိုသော်လည်း မဂ္ဂဇင်း စာမျက်နှာကို ငဲ့ရပါသဖြင့် ကျဉ်း၍မဖော်ပြတော့ပြီ။ အကျယ်ကို သိလိုသော် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)၏ သိမ် သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယနှင့် အခြားနိုးစပ်ရာတို့၌ လေ့လာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သိမ်နှင့်ဆက်နွယ်၍ ဆက်လက်ဖော်ပြလိုသည်မှာ "သာ သနာတော်၏အသက်သည် ဝိနည်း" ဝိနည်း၌ သိမ်သည် အလွန် အရေးကြီးပါ၏။ သာသနာ၏ ရေသောက်မြစ်သဖွယ်ဖြစ်သော သိမ်အတွင်း၌ သာသနာနှင့် မအပ်စပ်သော သာသနာပဝါဒရှင် များ၏ အယူအဆ အပြုအမူများနှင့် ဂိုဏ်းဆရာတို့၏ လုပ်ရပ် များကို မြင်တွေ့ရသည်မှာ မသင့်တော်လှပါ။

သိမ်၏အတွင်း၌ သိုက်ပွဲများ၊ နာဘ်ပွဲများ၊ နတ်ပွဲများ အောင်ပွဲများစသည့် ပွဲအမျိုးမျိုးထိုးကာ ဘုရားသတိရုပ်တု၊ ဘိုးတော် ဘတော်တို့၏ရုပ်တု၊ အမ်းကုန်းရုပ်တုနှင့် ဂြိုဟ်ဇော်ဂျီရုပ်တုများ ထားရှိပူဇော်ခြင်းမှာ ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်မြတ်နှင့် မအပ် မရာ ဖြစ်ပါတော့သည်။

ဘုရားမြတ်စွာ ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေသမွှစက် ဖြစ်သည့် ဥက္ကဋ္ဌစတုတ္ထ ကမ္မဝါစာဖြင့် သမုတ်၍ ဖွဲ့စည်းအပ်သော သိမ်ကို သာသနာတော်နှင့် မဆိုင်မဆိုင်သော အယူဝါဒ အပြုအမူ





တို့ကြောင့် ဘုရားမြတ်စွာ၏ အာဏာဝမ္မစက် ညှိုးမှိန်သကဲ့သို့ ရှိပါ၏။

ထို့ကြောင့် ဘုရားမြတ်စွာ၏ ဓမ္မအာဏာစက်လည်း မညှိုး ငယ်ရအောင်၊ သာသနာတော်လည်း သန့်ရှင်းစင်ကြယ်ရအောင် သာသနာတော်နှင့် မအပ်မရာသည့် အထက်ပါ အယူဝါဒ-အပြု အမူတို့ကို သာသနာတော်နှင့် သက်ဆိုင်ရာ နေရာဌာနတို့၌ မပြုလုပ် မထားရှိစေဘဲ စောင့်ထိန်းရှိသေကြမည်ဆိုလျှင် ဘုရား မြတ်စွာ၏ ဓမ္မအာဏာစက်လည်း တည်တံ့ထွန်းလင်း ပြန့်ပွားကာ သာသနာတော်မြတ်လည်း ဂုဏ်ကျက်သရေ တိုးပွားနေမည်မှာ ဧကန်ဖြစ်ပါတော့သည်။ ။

ဓမ္မရုံသိ၊ ၁၉၉၉၊ ဒီဇင်ဘာလ။

www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့မျိုးဆက် တိုးတက်ဖို့

ရဟန်းသံဃာများနှင့် ရှင်သာမဏေများ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ ပိဋကသုံးပုံ ကျမ်းအစုံအလင် ရှိကြသည်ဆိုပါစို့။ တစ်ဖန် ရွှေ၊ ငွေ၊ ကြေး စသည်တို့ဖြင့် သွန်းလုပ်ထားသည့် ရုပ်ပွားဆင်းတုတော် အစုံအလင်နှင့် အခြားတန်ဖိုးကြီးမား ပစ္စည်းများလည်း ရှိသည်ဆိုကြပါစို့။ အကယ်၍ ထိုဘုန်းတော်ကြီးကျောင်းကို အမှတ်မထင်သောအချိန်၌ မီးကြီးလောင်ခဲ့ပါလျှင် ဘာကို ယူဆောင်၍ ပြေးမည်နည်းဟု ဆိုလာခဲ့ပါမူ. . .။

ဤနေရာ၌ အတွေးအကြံ ကိုယ်စီရှိကြပါ၏။ ထိုအတွေးအကြံများထဲမှ 'ကိုရင်ကလေးများကို ခေါ်၍ထွက်ရာသို့ ခေါ်ဆောင်သွားမည်' ဆိုသည့် တွေးကြံလုပ်ဆောင်ချက်ကိုသာ စာရေးသူနှစ်ထောင်းအားရ ဖြစ်မိပါ၏။





ကိုရင်ကလေးများသည် ဗုဒ္ဓဘာသာမြတ်စွာ သာသနာတော်၏ သာသနာ့မျိုးဆက်သစ်များ ဖြစ်ကြပါ၏။ ယေဘုယျအားဖြင့် အရိယာသံဃာတော်များနှင့် ပိဋကသုံးပုံ အာဂုံဆောင်တော်မူသော ဆရာတော် မဟာထေရ်ရှင်မြတ်ကြီးများပင် ကိုရင်လေးဘဝမှစ၍ သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ခြင်း ဖြစ်ပါ၏။

ဘုရားမြတ်စွာရှိစဉ်ကပင် ကိုရင်ကလေးများ၏ အခန်းကဏ္ဍသည် တခမ်းတနားနှင့် အဝေဖြာလာ ကြီးမားခဲ့ပါ၏။ ရှင်ရာဟုလာ၊ ရှင်ရေဝတ၊ ရှင်ပဏ္ဍိတ စသည့် ကိုရင်ကလေးများသည် ခုနစ်နှစ်သားအရွယ် ရဟန္တာများဖြစ်ကြပါ၏။

ထိုကိုရင်ကလေးတို့သည် 'ဖြစ်စေသတည်း' ဆိုရုံဖြင့် ရဟန္တာဖြစ်ကြသည် မဟုတ်ပါ။ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာများကို တင်းပြည့်ကျပ်ပြည့် အားထုတ်တော်မူပြီးမှ ဖြစ်ကြရပါ၏။

တတိယသင်္ဂါယနာတင်ခေတ် နိဂြောဓကိုရင်၊ သီဟိုဠ်ခေတ် မိဂပေါတကကိုရင်၊ သံဃရက္ခိတကိုရင်၊ တိဿကိုရင်တို့သည်လည်း သာသနာတော်၌ ထင်ပေါ်ကျော်ကြားခဲ့ရသော ကိုရင်ကလေးများ ဖြစ်ကြပါ၏။

စပြုသည်ဆိုရာ၌ ကောင်းမွန်မြင့်မြတ်ခြင်းကိုပြုသော 'စ' နှင့် မကောင်းမကန်း၊ နိမ့်ချသည်ကိုပြုသော 'စ' ဟူ၍ ရှိပါ၏။ 'စ' ဆိုသည်မှာ နိုင်းနှိုင်းတိုင်းတာခြင်းဖြစ်ရာ အထက်ပါ ကိုရင်ကလေးများသည် သာသနာတော်၌ အားထားရသော အရိယာသူတော်စင်များသာ ဖြစ်ပါ၏။ သီဟိုဠ်ခေတ်၌ပင် တန်ခိုးတော်ကြီးလှန်းသော ကိုရင်ကလေးတစ်ပါး၊ ဈာန်ကစားလှန်းရာက



www.burmeseclassic.com

www.burmeseclassic.com



ရက်ကန်းသည် အကန်းမနှင့် ညားခဲ့ရသော သာဓကသည့် မကောင်းသည်ကို အတုယူမများမိစေရန် ပြဆိုသော ပြယုဂ်စံသာ ဖြစ်ပါ၏။

အထက်ဖော်ပြပါ ကိုရင်ကလေးများသည် လူ့သဘာဝနှင့် တွက်ချိန်လျှင် ကလေးငယ်များသာ ဖြစ်ပါ၏။ ထို့အတူ ယနေ့ သာသနာတော်နှစ် ၂၅၄၃ ရောက်ကာလ ကိုရင်ကလေးများသည် လည်း ကလေးငယ်(လူမမည်) အရွယ်လေးများသာ ဖြစ်ပါ၏။ ကလေးဟူသည် စိတ်လိုလက်ရ ပြုတတ်၏။ ဆင်ခြင်ဝေဖန်အား နည်းသေး၏။ ထို့ကြောင့် ယနေ့ ကိုရင်ကလေးတို့၏ အချို့သော အပြုအမူ အပြောအဆိုတို့သည် ကလေးတို့သဘာဝသာ ဖြစ်ကြ၏။ သို့အတွက်ကြောင့်လည်း သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားမြတ်စွာက သူတို့လေးတွေ ထမ်းဆောင်နိုင်ရံ့ သိက္ခာပုဒ်တို့ကိုသာ ထုတ်ပြန်တော်မူထားသည်ကို ကျွန်ုပ်တို့ နားလည်ထားရပေမည်။

အသက်အရွယ်အားဖြင့် နုနယ်သောအရွယ်တွင် မိဘ ညီအစ်ကိုမောင်နှမများနှင့် ရင်အုပ်မကွာရှိနေရမည့် အရွယ်၌ မနေလင့်ဘဲ သာသနာ့ဘောင်ဝန်ကို ထမ်းရွက်နေသော ကိုရင် ကလေးများကို ကျွန်ုပ်တို့ အလေးအနက် ဂရုတစိုက်ပြုရပေမည်။

ထိုအခါ ကိုရင်ကလေးများအနေဖြင့် ဆွမ်း အစရှိသည်ကို အလှူခံရာတွင် မသင့်မအပ်သည့် အပြုတို့ကို ပြုလာတတ်ကြပါသည်။ ဥပမာ 'စားသောက်ဆိုင်အတွင်း၊ ဈေးအတွင်း စသည့် လူစည်ကားရာဌာနတို့တွင် တွန်းတွန်းတိုက်တိုက် အလှူခံကြခြင်း စသည်ဖြစ်ပါ၏။





ထိုအခါ အချို့သော စားသောက်ဝယ်ခြမ်းနေသူများမှာ (လူတို့၏ အဇ္ဈတ္တသဘောအရ)စိတ်ကသိကအောက် ဖြစ်ကြရ၏။ ဘာသာခြား၊ လူမျိုးခြားတို့ကလည်း ဝေဖန်လိုဟန် အကြည့် အပြောများကို ကြုံရဖူးပါ၏။ စာရေးသူအနေဖြင့် ထိုထိုပုဂ္ဂိုလ်တို့ကို အပြစ်မတင်လိုပါ။ ကိုရင်ကလေးများကိုယ်တိုင်က ဘုရားမြတ်စွာ ချမှတ်ခဲ့သော ရှင်သာမဏေကျင့်ဝတ်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက ချမှတ်ထားသော စည်းမျဉ်းဥပဒေတော်များကို ကျော်နင်းသောကြောင့်သာဟု ဆန်ရင်းနာနာဖွယ်ပါ ရတော့မည်။

စားသောက်ဆိုင်အတွင်း၊ ဈေးပွဲရုံအတွင်း အလှူခံသွားဖို့ နေနေသာသာ ရိုးရိုးသားသား သွားခြင်းကိုပင် တားမြစ်ပိတ်ပင်ထားကြောင်း "စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး"က အတည်ပြု ပြဋ္ဌာန်းထုတ်ပြန်ထားသော ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်းဥပဒေ အပိုဒ် ၂၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါ၏။

၂၇။ ။ရောင်းဝယ်ဖောက်ကားရာဖြစ်သော ဈေးပြင်ကနားအရပ်တို့သည် ယောက်ျားမိန်းမတို့ ပွမ်းတီးရောနှောရာ အရပ်များဖြစ်၍ ရဟန်းသာမဏေတို့သွားလာခြင်းငှာ လျောက်ပတ်သော အရပ်များမဟုတ်သောကြောင့် ထိုအရပ်များသို့ လှည့်လည်သွားလာကြည့်ရှု တိုးဝှေ့ခြင်း မရှိရအောင် ရဟန်းသာမဏေတို့ကို တရားလမ်းပြ၍ ဩဝါဒပေးကြရမည်။

ပြဋ္ဌာန်းချက် အပိုဒ် ၂၉ တွင်လည်း "လူမြင်ကွင်း၌လည်း

ကောင်း၊ စားသောက်ဆိုင်များ၌လည်းကောင်း၊ နေ့လွဲညစာ စားသုံးခြင်း၊ မော်တော်ယာဉ်အမိုးပေါ်၌ တက်စီးခြင်း၊ မော်တော်ယာဉ်နောက်၌ တွယ်စီးခြင်း၊ ဘုတာရုံ ကားဆိပ်၊ စားသောက်ဆိုင်စသည်တို့၌ သပိတ်ဖြင့် တွန်း၍လည်းကောင်း၊ လက်ဖြန့်၍လည်းကောင်း၊ လက်တို့၍လည်းကောင်း၊ သာသနာတော် ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် ကုလခြမ်းမဲ့ အလှူခံနည်းများဖြင့် အလှူခံခြင်း စသည်တို့ကို မပြုမလုပ် ရှောင်ကြဉ်ကြရန် တင်းတင်းကြပ်ကြပ်တားမြစ်ကြရမည်" ဟူ၍ ပါရှိပါ၏။

ကိုရင်ကလေးများသည် ကလေးအရွယ်များသာဖြစ်သဖြင့် ဆွမ်း စသည် ဘောဇဉ်စားဖွယ်တို့ကို ရလိုချင်သည့် ဆန္ဒတစ်ခုတည်းကိုသာ ရှေ့တန်းတင်မိကြ၏။ ထို့ကြောင့် ကိုရင်ကလေးများကို သူတို့၏ ဥပဇ္ဈာယ်ဆရာနှင့် ကျောင်းတိုက်ရှိကြီးကဲသော ရဟန်းသံဃာတော်များက လေးလေးနက်နက်ဂရုတစိုက် သွန်သင်ကြပ်မတ်ပေးခြင်းဖြင့် သာသနာတော်၏ ဂုဏ်သိက္ခာကို ဆတက်ထမ်းပိုး ထိန်းသိမ်းစောင့်ရှောက်သင့်လှပေသည်။

ထို့ပြင်ဒါယကာများအကြောင်းကလည်း ရဟန်း-ရှင် သာမဏေကျင့်ဝတ်နှင့် သံဃမဟာနာယကအဖွဲ့ကြီးက ထုတ်ပြန်ထားသော စည်းမျဉ်းဥပဒေများကို လေ့လာမှတ်သားကာ ကိုရင်ငယ်ကလေးများကို မအပ် မသင့်သည့်၌ မအပ်မသင့်တော်ကြောင်း ယဉ်ကျေးသိမ်မွေ့စွာ လက်အုပ်ချီလျက် သတိပေးသင့်လှပါ၏။

နိဂုံးချုပ်အားဖြင့် ခရေးသားလိုသည်မှာ သာသနာတော်၏ မျိုးဆက်သစ် ရှင်သာမဏေ ကိုရင်ငယ်ကလေးများကို အမှက်





ဖက်မှ ဝိုင်းဝန်း၍ ပြုစုပျိုးထောင်စောင့်ရှောက်ခြင်းဖြင့် ဘုရားမြတ်စွာ၏ သာသနာ့ဂုဏ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို မြင့်မားသည်ထက်မြင့်မားအောင် အားစိုက်ရန်မှာ မြန်မာနိုင်ငံသားအားလုံး၏ အထူးတာဝန်သာ ဖြစ်ပါတော့သည်ဟူ၍...။

**ကျမ်းကိုး**

၁။ စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ အတည်ပြုပြဋ္ဌာန်းထုတ်ပြန်သော ရဟန်းသာမဏေများလိုက်နာရန် စည်းမျဉ်းဥပဒေ။
၂။ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ 'မွှောစရိယဦးဖွေးလှိုင်'
၃။ ရုပ်ပုံရှင်ကျင့်ဝတ် 'အရှင်ဇနကာဘိဝံသ(မဟာဂန္ဓာရုံ)'

မေ့ရှင်သီ၊ ၂၀၀၀၊ ဩဂုတ်လ။

*

# စင်ကြယ်သော ဥပါသကာ

မဟာသမုဒ္ဒရာသည် အကောင်ပုပ် အမှိုက်သရိုက်တို့ကို ပင်လယ်ထဲ၌မထားဘဲ ကမ်း၌ ကုန်းအရပ်သို့ တင်ပို့သကဲ့သို့ အလဇ္ဇီဒုဿီလ အပုပ်အသိုး ရဟန်းဆိုးတို့ကို ရဟန်းကောင်း ရဟန်းမြတ်တို့က မပေါင်းသင်းမကြည်ညိုဘဲ ထိုထိုဒါယကာ-ဒါယိကာမတို့က ကဲ့ရဲ့ရှုတ်ချ၍ သာသနာတော်မှ ထုတ်ပယ်စွန့်ပစ်ကြလေသည်။ ဤသည်မှာ အံ့ဖွယ်ရှစ်ဖြာသာသနာတော်၏ နံပါတ်(၃)အံ့ဖွယ်အရာ ဖြစ်ပါပေသည်။

ဗုဒ္ဓဘုရားရှင် တည်ထောင်တော်မူခဲ့သော ထေရဝါဒ ဗုဒ္ဓသာသနာတော်တွင် ဗုဒ္ဓဘာသာ အမည်ခံသူများ၏ အပြောအဆို-အရေးအသား အမူအကျင့်များသည် ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော ဝိနည်း-သုတ်-အဘိဓမ္မာတရားတော်များနှင့် အံဝင်ခွင်ကျ မရှိဘဲ ဖီလာကန့်လန့် ဆန့်ကျင်ဘက်ဖြစ်နေခဲ့ပါလျှင် သူငြိမ်စေ၊





ရဟန်းဖြစ်စေ ထိုဖီလာဆန့်ကျင်သူကို သာသနာတော်၏ အမှိုက်သရိုက်၊ အပုပ်အသိုး၊ သာသနာဖျက်အဖြစ် ကျွန်ုပ်တို့ (ဒါယကာ၊ ဒါယိကာမ)က မဆည်းကပ် မပေါင်းသင်း မကြည်ညိုဘဲ ကဲ့ရဲ့ရှုတ်ချ၍ သာသနာတော်မှ ထုတ်ပယ်စွန့်ပစ်ကြဟူ၍ သဘော အဓိပ္ပာယ် ရှိပါ၏။

ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကို အစွန့်ရှည် တည်တံ့ ပြန့်ပွားစေရန် ရဟန်းတော်များ၊ သီလရှင်များ၏ တာဝန်သာ မဟုတ်၊ လူဒါယကာ ဒါယိကာမ(ဥပါသကာ ဥပါသိကာ)များ၏ တာဝန်လည်း ရှိပေသည်။

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီး မကြာမီကာလ မာရ်နတ်လာ၍ ပရိနိဗ္ဗာန်စံရန် တောင်းပန်လျှောက်ထားစဉ် ဗုဒ္ဓမြတ်စွာက "ငါဘုရား၏ သာသနာတော်တွင် ဘိက္ခုမရှိသတ်၊ ဘိက္ခုနီမရှိသတ်၊ ဥပါသကာမရှိသတ်၊ ဥပါသိကာမရှိသတ်၊ ဤပရိသတ်လေးပါးတို့ ငါဘုရား၏တရားကို ပိုင်ပိုင်နိုင်နိုင် မဆောင်ရွက်နိုင်ကြသေး၊ သူတစ်ပါးကို မဟောပြောနိုင်ကြသေး၊ ဆန့်ကျင်ဘက် ပြောသူတို့ကို တရားသဖြင့် မနှိမ်နင်းနိုင်ကြသေး၊ ထိုကဲ့သို့ ငါဘုရား၏ ပရိသတ်လေးပါးတို့ ဂုဏ်အရည်အချင်း မပြည့်စုံသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံနိုင်သေး"ဟု မိန့်ဆိုခဲ့ပေသည်။

ယင်းစကားတော်ကိုထောက်၍ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်တွင် ဥပါသကာ၊ ဥပါသိကာတို့၏ အခန်းကဏ္ဍသည်လည်း ပေါ့သေးသေးမဟုတ်ကြောင်း ထင်ရှားလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိနည်း၊ ဓမ္မသာသနာတော်ကို လေ့လာမည် ဆိုလျှင်လည်း "ဝိနယောနာမ သာသနဿအာယု = ဝိနည်းတရားတော်သည် သာသနာတော်၏အသက်"ဟု ဘုရားရှင်မိန့်ဆိုခဲ့ရာ ကုဋေကိုထောင်ကျော် (၉၁,၉၀,၅၀,၃၆,၀၀၀) ထုတ်ပြန်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်အားလုံး၏ တစ်ဝက်နည်းပါးခန့်သည် လူဥပါသကာများ၏ အကူအညီ အထောက်အပံ့ပေးမှုကြောင့် (ကိုရဲ့မှုကြောင့်) ပေါ်ပေါက်ခဲ့ရပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်များ နေထိုင်သွားလာ စားသောက်ပြောဆို အကျင့်အကြံများနှင့်ပတ်သက်၍ မသင့်မလျော် မလျောက်ပတ်ခြင်းများ၊ ရဟန်းကောင်းရဟန်းမြတ်များ ပေါ်ထွက်လာရေးနှင့် ရဟန်းတုရဟန်းယောင်များ ပပျောက်ရေးအတွက် လူဥပါသကာများ၏ အပြုသဘောဆောင်သည့် ကိုရဲ့ရှုတ်ချခြင်းသည် (မုန်းတီး၍ ကဲ့ရဲ့ခြင်းမဟုတ်ပါ။) သာသနာတော်အတွက် အထောက်အပံ့သာ ဖြစ်ပါသည်။

ဆိုပါဦးမည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ကောသမ္ဗီပြည်သား သင်းပင်းငါးရာစီရှိသော ဝိနယဓရမထေရ်နှင့် ဓမ္မကထိကမထေရ်တို့ ရှိခဲ့ကြသည်။

၎င်းတို့သည် ဝစ္စကုဋီသန့်သက်ခွက်၌ ရေကြွင်းထားရာမှ ထိုမထေရ်နှစ်ပါး၏ အုပ်စုတို့အချင်းချင်း ငြင်းခုံခိုက်ရန် ဖြစ်ပွားကြသည်။ ဘုရားရှင်သုံးကြိမ်တိုင်တိုင် ဖျောင်းဖျတားမြစ်တော်မူသည်ကိုပင် ဂရုမစိုက် လက်မခံဘဲ ဆက်လက်ငြင်းခုံ ခိုက်ရန်ဖြစ်ပွားကြလေသည်။ ဘုရားရှင်လည်း ကောသမ္ဗီပြည်မှ ခုနစ်ယူဇနာခန့်





ကွာဝေးသော ပါလိလေယျတောအုပ်သို့ တစ်ပါးတည်းကြွရောက် ဝါဆိုတော်မူ၏။

ထိုငြင်းခုံခိုက်ရန်ဖြစ်ပွားကြသည့် ဆိုးသွမ်းသော ရဟန်းယုတ်များကို ဒါယကာ ဒါယိကာမများက ရှိမခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း၊ ဆွမ်းကွမ်းလှူဒါန်းခြင်းများ မပြုလုပ်ကြရန် အချင်းချင်းတိုင်ပင်၍ ကဲ့ရဲ့ရှုတ်ချကြလေ၏။ ထိုအခါ ထိုရဟန်းများ (ဆွမ်းမရ၍သပိတ်မှောက်ထားရသည်။) သံဝေဂရကာ အမိုက်ရူးငြိမ်းအေး၍ နောက်ဆုံး၌ ဘုရားရှင်၏တရားတော်ကို ကြားနာကာ အကျွတ်တရား ရသွားခြင်းများသည် ဥပါသကာ ဥပါသိကာများ၏ သာသနာတော်အား ပံ့ပိုးကူညီမှုများပင် ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်မျက်မှောက်ကာလ လူပုဂ္ဂိုလ်များထဲမှ လူဝတ်ကြောင်အဖြစ်နှင့် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံဝင်သူ ငါးဦး။ ဗုဒ္ဓဘုရားရှင်၏ တရားတော်အရ လူစင်စစ်က နတ်ပြည်ရောက်ရ-နေရမှုးသူလေးဦး။ လူပုဂ္ဂိုလ် ဥပါသကာ ဧတဒဂ်ဘွဲ့ထူးရဆယ်ဦး။ လူပုဂ္ဂိုလ် ဥပါသိကာ ဧတဒဂ်ဘွဲ့ထူးရဆယ်ဦး။ ဧတဒဂ်ဘွဲ့ထူးမရသော်လည်း ဗုဒ္ဓဘုရားရှင်၏သာသနာတော်တွင် ထင်ရှား၍ အရေးပါအရာရောက်ခဲ့သော ဥပါသကာ(ကောသလမင်းကြီး၊ ဗိမ္ဗိသာရမင်းကြီး...)အများအပြားပင် ရှိပေသေးသည်။

ဥပါသကာတို့၏ ဂုဏ်အနိမ့်အမြင့် အကျင့်အကြံကိုလည်း ဗုဒ္ဓဘုရားရှင်က အင်္ဂုတ္တရ နိကာယ၊ ပဉ္စကနိပါတ၊ စဏ္ဍာလသုတ်၌ အောက်ပါအတိုင်း ဟောကြားခဲ့ပေသည်။

"ရဟန်းတို့-တရားငါးပါးနှင့် ပြည့်စုံသော ဥပါသကာသည်



www.burmeseclassic.com

www.burmeseclassic.com



ဥပါသကာ ဒွန်းစဏ္ဍားလည်းမည်၏၊ ဥပါသကာ ညစ်လည်းမည်၏၊ ဥပါသကာ ညံ့လည်းမည်၊ အဘယ်ငါးမျိုးတို့နည်းဟူမူ (၁) ယုံကြည်မှု သဒ္ဓါတရားမရှိ၊ (၂) စောင့်ထိန်းမှုသီလမရှိ၊ (၃) ကောတုဟလ မင်္ဂလာကို ယုံကြည်မှုရှိ၏၊ (၄) မင်္ဂလာကို ယုံကြည်၍ ကံကိုမယုံ၊ (၅) ဤသာသနာတော်မှ ပြင်ပဘက်၌လည်း အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏၊ ထိုသာသနာ့အပြင်ဘက်၌လည်း ရှေးဦးစွာ ကောင်းမှုကိုပြု၏။

အထက်ပါ ဒွန်းစဏ္ဍားဥပါသကာတို့၏ တရားငါးမျိုးတွင် အမြင်ကျဉ်းမြောင်းခြင်း၊ လက်ရှိဘဝ ကောင်းစားရေးကိုသာ အဓိကထားခြင်း၊ ဟိရိဩတ္တပ္ပမရှိခြင်း၊ အတိတ်ကောင်း–နိမိတ်ကောင်း–မင်္ဂလာအခါကောင်းများကို ယုံကြည်စွဲလမ်းခြင်း၊ မြေခံ၊ နဂါးလှည့်၊ ပြဿဒါး၊ ရက်ရာဇာ၊ ဓာတ်ရိုက်ယတြာ၊ အင်းအိုင် လက်ဖွဲ့၊ ဂါထာမန္တရား၊ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဝိဇ္ဇာမယိဒ္ဓိ၊ မှော် စသည့် တန္တရဝါဒ၊ မန္တရဝါဒတို့ကို မျက်ကန်းသဖွယ် ယုံကြည် စွဲလမ်းခြင်း သာသနာတော်နှင့် ဘာမျှမသက်ဆိုင်သည့် သာသနာ့ အပြင်ဘက်၌ဖြစ်ကြသော ဥရမင်း၊ ဝိဇ္ဇာဇော်ဂျီ ထွက်ရပ်ပေါက် တို့ကို ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးဝပ်တွား (လက်ဖဝါး သူတောင်းစားစိတ်ဓာတ်ဖြင့်) အသနားခံခြင်း စသည့် ယုတ်နိမ့် အောက်တန်းကျသော ဥပါသကာကို စဏ္ဍာလလူတန်းစားနှင့် နှိုင်းကာ စဏ္ဍာလသုတ်မှ ဒွန်းစဏ္ဍား ဥပါသကာအကြောင်းကို ဗုဒ္ဓဘုရားရှင် ဟောတော်မူလေသည်။

ထိုစဏ္ဍာလသုတ်မှာပင် အလွန်အဖိုးတန်သည့် အထက်





တန်းစား ဥပါသကာ ရတနာဖြစ်စေရန် တရားငါးမျိုးကိုဆက်၍ ဗုဒ္ဓဘုရားရှင် ဟောတော်မူပါသည်။

ရဟန်းတို့ တရားငါးမျိုးတို့နှင့်ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ရတနာလည်းမည်၏၊ ဥပါသကာ ပဒုမ္မာလည်းမည်၏၊ ဥပါသကာ ပုဏ္ဍရီကာလည်း မည်၏၊ အဘယ်ငါးမျိုးတို့နည်းဟူမူ (၁) ယုံကြည်မှု သဒ္ဓါတရားရှိ၏၊ (၂) စောင့်ထိန်းမှုသီလရှိ၏၊ (၃) ကောတုဟလမင်္ဂလာကို ယုံကြည်မှုမရှိ။ (၄) ကံကိုယုံ၍ မင်္ဂလာကိုမယုံကြည်၊ (၅) သာသနာတော်မှ ပြင်ဘက်၌ အလှူခံ ပုဂ္ဂိုလ်ကို မရှာမှီးတတ်၊ ဤသာသနာတော်၌သာ ရှေးဦးစွာ ကောင်းမှုကိုပြု၏။

အထက်ပါ ဥပါသကာရတနာသည် ဒွန်းစဏ္ဍားဥပါသကာ တို့ယုံကြည်ရာ စွဲလမ်းရာ၊ မယုံကြည်မစွဲလမ်း။ မည်သည့်ထွက်ရပ် ပေါက် ဘိုးတော်–မယ်တော်–ဥရမင်း၊ ဝိဇ္ဇာဇော်ဂျီ၊ အင်းအိုင်– ဂါထာ ‥ ရားတို့ထံကိုမျှ သူတောင်းစားလို အသနားမခံ အား မကိုး။ ဥပါသကာ ရတနာသည် ကံ၊ ကံ၏အကျိုးကိုသာ ယုံကြည် ၍ ကြိုးစားလျှင် ဘုရားပင်ဖြစ်နိုင်ကြောင်းကို လက်ခံယုံကြည် သည်။ သခင်စိတ်ဓာတ်–အရှင်စိတ်ဓာတ်များဖြင့် သိကြားစသော နတ်များနှင့် ထွက်ရပ်ပေါက် ဝိဇ္ဇာဇော်ဂျီ စသည်တို့၏ ရိုသေရှိခိုး မှုကို မုဒိတာစွာ ခံယူနေသူမှာ ဥပါသကာရတနာပင် ဖြစ်ပေသည်။

သာသနာတော်နှစ် ၂၅၄၀ ခရီးလမ်းသမိုင်းတစ်လျှောက် တွင်လည်း ခြောက်ကြိမ်တိုင်တိုင် သင်္ဂါယနာတင်ခြင်းနှင့် သင်္ဂါ ယနာတင်ခေတ်မဟုတ်သော ခေတ်များတွင် လူဥပါသကာများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ)များ၏ သာသနာတော်အတွက် ပံ့ပိုးကူညီမှုများသည်လည်း အရှိန်အဟုန် မသေးလှပါ။ သင်္ဂါယနာတင်သည် ဆိုရာတွင်လည်း သာသနာတော်၏ ရန်ဆူးရန်ငြောင့်နှင့် သာသနာတော်၏ အပုပ်အသိုး သာသနာဖျက်များ၏ အန္တရာယ်များကြောင့် သင်္ဂါယနာတင်ခြင်းသာ ဖြစ်ပါသည်။

မျက်မှောက်မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတော် (ပ)တွင်းဝယ် ရဟန်းတချို့တို့သည် "တိရစ္ဆာန ဝိဇ္ဇာ နာမ ယံကိဉ္စိ ဗာဟိရ ကံ အနတ္ထ သံဟိတံ= သာသနာတော်မှ အပဖြစ်သော အကျိုးမဲ့အတတ်ပညာများ"ကို လိုက်စားရှိလည်းကောင်း၊ ယင်းတို့ကိုယ်တိုင်သော်လည်း၊ ဘိုးတော်ဘတော်အမည်ခံ မလျော်ကန်သော လူရုပ်တို့ကို (အမ်ကုန်း၊ ဆာဖူး၊ ဆိုင်းဘာဘာ အပါအဝင်) လည်းကောင်း။ မယ်တော်ကြီး၊ မယ်တော်ငယ်၊ မင်းကြီး၊ မင်းကလေး၊ ကိုးမြို့ရှင်၊ နယ်ပိုင်ရှင် စသော အမျိုးမျိုးသော နတ်ရုပ်တို့ကို ပြသလျက်လည်းကောင်း၊ ဓာတ်စီး၊ နာမ်ကိန်း၊ ထုံကူး၊ ဗေဒင်၊ သိုက်ဆက်၊ ပဒ္ဒာန်းဆက် စသည့် ခြောက်လုံးမြှောက်လုံးများဖြင့် အစမွှအလှူငွေများ တောင်းခံခြင်း၊ ပွဲတင်၊ ပွဲထိုး၊ ပွဲဆက်ရန်ဟု အကြောင်းပြကာ ငွေများတောင်းခံခြင်း စသည့် သာသနာတော်နှင့် မထိုက်တန်သော အလုပ်တို့ကို သာသနာပြု အမည်တပ်ကာ ရဲဝံ့စွာလုပ်ကိုင်လာလေသည်။

ယင်းသို့ဖြင့် အထက်ပါအခြေအနေဆိုးများကို ကုစားနိုင်ရန် ခရစ်နှစ် ၁၉၈၀ ပြည့်၊ မေလ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာ





တော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်အဖွဲ့၊ အစည်းအဝေးက သံဃာ့အဖွဲ့ အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပေသည်။

ယခုအခါ လူဒါယကာတချို့ဘက်ကလည်း အလဇ္ဇီဒုဿီလများအား ရဲဝံ့စွာ ကဲ့ရဲ့ရှုတ်ချရမည်ကို ငရဲပဲကြီးတော့မလို၊ မြွေပဲမျိုတော့မလို၊ မိုးကြိုးပဲ ပစ်တော့မလို အထင်ရောက်နေကြ၏။ သာသနာတော်အား ခေါင်းရှောင်မျက်နှာလွှဲ၍သော်လည်းကောင်း။ အလဇ္ဇီဒုဿီလရဟန်းအား တကာမန့်ရဟန္တာကြီးအလား အားပေးအားမြှောက်ကိုးကွယ်၍ အဆိပ်ပင်ရေလောင်းကာ သာသနာဖျက်ခြင်းကို အားပေးနေကြပေပြီ။

"ခွေးတိရစ္ဆာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီးနိုင်၊ ထိုသို့ မဖျက်ဆီးနိုင်သောခွေးသည် အဝီစိသို့ မကျ၊ လူသည် သာသနာတော်မြတ်ကို ဖျက်ဆီးနိုင်သည်၊ ထိုသို့ ဖျက်ဆီးနိုင်သောလူသည် အဝီစိသို့ကျရသည်။ မောင်မင်းတို့သည် သာသနာတော်မြတ်ကို ဖျက်ဆီးသော အလဇ္ဇီပုဂ္ဂိုလ်တို့အား ချီးမြှင့်ထောက်ပံ့ခြင်းကို မပြုကြကုန်လင့်" ဟူသော ပဉ္စမသင်္ဂါယနာတင် ဒါယကာ မင်းတုန်းမင်းတရားကြီး၏ စကားရပ်ကို ကဏ္ဍကောစ မပြုသင့်ချေ။

သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်တွင် ဘုရားရှင်က "မဟုတ်သည်ကို မဟုတ်သည့်အတိုင်း သင်တို့ ဖြေရှင်းကြရမည်။ ဟုတ်မှန်သည်ကို ဟုတ်မှန်သည့်အတိုင်း သင်တို့ ဝန်ခံကြရမည်။



www.burmeseclassic.com

www.burmeseclassic.com



နည်းမမှန်၊ လမ်းမကျသည့်အရာကို မမှန်ကန်ကြောင်း ဖြေရှင်းကြရမည်" ဆိုသည့် စကားတော်အရ အမှန်တရား မမှုဝီနယနှင့် ပတ်သက်လာလျှင် မမှန်ကန်သည်ကို မမှန်ကန်ကြောင်း ဖြေရှင်းကြရမည်မှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် ဥပါသကာများ၏ အသက်နှင့်ရင်းရမည့် တာဝန်တစ်ရပ်ဖြစ်မေသည်။

နိဂုံးချုပ် ရေးသားလိုသည်မှာ ဒုတိယသင်္ဂါယနာတင်ရာတွင်ဦးဆောင်ခဲ့သော ရှင်မဟာယသမထေရ်မြတ်၏ ဩဝါဒတော်သည့် မှတ်သား(အတုယူ)လိုက်နာဖွယ်ပင် ဖြစ်ပါသည်။ ရှင်မဟာယသမထေရ်မြတ်က–

"ဗုဒ္ဓသာသနာတော်အတွက် အန္တရာယ် ပေါ်ပေါက်နေသည်ကို တွေ့ရှိပါလျက် ငါသည် ကိုယ်ရေးကိုသာ ဦးစားပေးပြီး သာသနာရေးကို လျစ်လျူရှုရန် မတော်ပေ။

သာသနာ့အာဇာနည် သူရဲကောင်းသည် သာသနာအတွက် ပေါ်ပေါက်နေသည့် ရန်စွယ်ကို မခုတ်မဖျက် မတိုက်မခိုက်ဘဲ ရှောင်လွှဲခြင်းသည် သာသနာအတွက် လွန်စွာ သူရဲဘောကြောင်ရာကျမည်။

မည်သည့်ရန်စွယ်ပင် ပေါ်ပေါက်ပါစေ၊ ထိုရန်စွယ်ကို အပြီးတိုင် တိုက်ခိုက်၍ သာသနာတော်အတွက် အသက်စွန့်မည်" ။

မဟေသီ၊ ၁၉၉၇၊ ဇွန်လ

*

## ဥပါဒါန်များနှင့် တွေးကြံခြင်း

မည်သည့်သဘောတရားဖြစ်စေ အသွင်သဏ္ဌာန်ပိုင်းနှင့် အနှစ်သာရပိုင်းဟူ၍ ရှိပါ၏။

အသွင်သဏ္ဌာန်ပိုင်းကိုကြည့်လျှင် အသွင်သဏ္ဌာန်ပိုင်းကိုသာမြင်ရ၍ အနှစ်သာရပိုင်းကိုကြည့်လျှင် အနှစ်သာရပိုင်းကို မြင်ရပါမည်။

သာမန်အားဖြင့်မူ အသွင်သဏ္ဌာန်ပိုင်းကိုသာ မြင်မိတတ်ကြ၏။ စူးစမ်းလိုသူ၊ ခွဲခြမ်းစိတ်ဖြာလိုသူတို့သာ အနှစ်သာရပိုင်းကို မြင်မိကြ၏။ ထိုအခါ သာမန်အကြည့်နှင့် စူးစမ်းသည့်အကြည့် အမြင်ချင်း ကွဲပြားခြားနားလာ၏။ အမြင်ချင်း ကွဲပြားခြားနားမှုကြောင့် ငြင်းခုံမှုမဖြစ်စေရန် အထူးအရေးကြီးပါ၏။ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို နှစ်ခုစလုံးမြင်အောင် ကြည့်နိုင်ပါက အမြင်များ



www.burmeseclassic.com

www.burmeseclassic.com



ပီပြင်ပြတ်သားလှပေါ်နိုင်၏။ ဤနေရာ၌ အနှစ်သာရပိုင်းသည် ပဓာန ကျသော ပင်ရင်းမူလ ဖြစ်ပါ၏။

ကျွန်ုပ်တို့၏ဘုရားမြတ်စွာသည် ယေဘုယျအားဖြင့် အနှစ်သာရပိုင်းကို ကြည့်ရှုသိမြင်နိုင်ရန် လိုလားတော်မူပါ၏။ ဘုရားမြတ်စွာ၏ ဝါဒတစ်ရပ်မှာ ဝိဘဇ္ဇဝါဒ(ဝိ)ခွဲခြမ်းစိတ်ဖြာသည့်ဝါဒ ဖြစ်ပါ၏။ တစ်ဖန် တရားဂုဏ်တော်ခြောက်ပါးတွင် ဧဟိပဿိက ဂုဏ်တော်မှာ "စူးစမ်းပါ၊ လေ့လာပါ၊ ဝေဖန်ပါ၊ လက်တွေ့စမ်းသပ်ကြည့်ပါ" ဟုဖိတ်မန္တကပြုထားမှုသည် အနှစ်သာရပိုင်းကို အာမခံခြင်း ဖြစ်ပါ၏။

ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့သည် အသွင်သဏ္ဌာန်ပိုင်းထက် အနှစ်သာရပိုင်းကို ရှုမြင်သုံးသပ်နိုင်မှသာလျှင် ဘုရားမြတ်စွာ၏ အလိုတော်ကျ ဖြစ်ပါလိမ့်မည်။

မျက်မှောက်ခေတ် ဘုရားမြတ်စွာ၏ ပင်ရင်းမူလ သာသနာတော်အခြေအနေကို စာရေးသူအနေဖြင့် မြင်နိုင်စွမ်းသလောက် ရှုမြင်ကြည့်ရာ ပထမအသွင်သဏ္ဌာန်ပိုင်း၌ မူရင်းဖြစ်သည့် ဗုဒ္ဓ၏မူနှင့် အံဝင်ခွင်ကျမရှိမှုများ တွေ့မြင်ရပါ၏။

ခေတ်ပုထုံးများ၌ ကိုးကွယ်မှုအသွင်သဏ္ဌာန်အမျိုးမျိုးကို မြင်တွေ့နေကြရပါသည်။

အရာရာ၌ အသွင်သဏ္ဌာန်နှင့် အနှစ်သာရသည် နှစ်တွဲ နေလေ့ရှိပါ၏။ ထို့ကြောင့် အသွင်သဏ္ဌာန်ပိုင်း၊ အနည်းငယ် အံဝင်ခွင်မကျ ယိုင်ပါလျှင် အနှစ်သာရပိုင်း ပိုမိုအံမဝင်ခွင်မကျ ယိုင်မည် မှာ ဓမ္မတာဖြစ်ပါ၏။





ဒုတိယအနှစ်သာရပိုင်း၌လည်း များစွာသော ဗုဒ္ဓဘာသာဝင်တို့သည် "အတ္တာဟိ အတ္တနော နာထော" မိမိကိုယ်ကို အားကိုးရမည်ဟူသည့် သဘောကို ကျောခိုင်းကာ မိမိမှအပ တစ်ပါးသော ကယ်တင်ရှင်ဟုဆိုလို ယတြာချေ စတ်ဆိုက်၊ သိဒ္ဓိတင်၊ ဂါထာမန္တန်၊ အင်းအိုင်လက်ဖွဲ့၊ မဟုတ်မှုတ်သော လွှဲများသည့် အားကိုးရာများကို ယုံကြည်အားထားနေမှုမှာ အနှစ်သာရပိုင်း ဟန်ချက်မညီမှုများသာ ဖြစ်ပါ၏။

တစ်ဖန်ဘုရားမြတ်စွာ၏ ကမ္မဝါဒနှင့် အခြားအာပမှုဖြစ်သော ကမ္မဝါဒတို့ကို ဗုဒ္ဓဘာသာထေရဝါဒီတို့က ရောထွေးရှုပ်လိမ်နေ ကြပေသည်။ စင်စစ် ဘုရားမြတ်စွာက ကံကို အနတ္တအပေါ်၌ အခြေခံ၍ လက်ခံ၏။ အခြားအယူဝါဒတို့က ကံကို အတ္တအပေါ်၌ အခြေခံ၍ လက်ခံ၏။ လူသား၏ မျက်မှောက်ဘဝအခြေအနေကို အတိတ်ဘဝက်တို့ကသာ ပြုပြင်စီမံသည်ဆိုသော ကံဝါဒ(ပုဗ္ဗေကတ ဟေတုဝါဒ)မှာ ဘုရားမြတ်စွာပယ်ခဲ့သော ယူဆမှုဖြစ်ပါ၏။

ထိုသို့ အတိတ်ကံစွဲယူမှုနှင့် တမလွန်ဘုံဘဝ ခံစားရမည့် ကောင်းကျိုးဆိုးပြစ်များကို ဗုဒ္ဓဝါဒီတို့၏ စာပေများ၌ အများအားဖြင့် ဖော်ပြလက်ခံထားကြ၏။ ဘုရားမြတ်စွာ၏ ကမ္မဝါဒ အယူအဆမှာ ပစ္စုပ္ပန် ကမ္မဝိပါကကိုသာ အဓိက ဆိုလိုခြင်းဖြစ်ပါ၏။ သို့မှသာ တရားဂုဏ်တော် သန္ဒိဋ္ဌိက၊ အကာလိကဂုဏ်တို့နှင့် ညီညွတ်မည်ဖြစ်ပါ၏။

ဘုရားမြတ်စွာသည် ပဋိသန္ဓေနေမှု ဘဝထိုထိုကို လုံးဝ နှစ်သက်တော်မမူပါ။ ပဋိစ္စသမုပ္ပါဒ်ဓမ္မသနာတော်၌ အကြောင်း

www.burmeseclassic.com



တရား–အကျိုးတရားများကို ဖြတ်တောက်နိုင်း၏။ "ကုသလာ ကုသလံ ဇဟံ"အကုသိုလ်နှင့်ကုသိုလ်ကို ပယ်စွန့်နိုင်းပါ၏။

မူရင်းဖြစ်သည့် ဗုဒ္ဓဝါဒသည် အများသူငါကို မြူဆွယ်ပင့် မြှောက်၍လည်း မစည်းရုံးပါ။ ကြောက်အောင်ခြောက်လှန့်၍လည်း မသိမ်းသွင်းပါ။ အမြှောက်တရား၊ အကြောက်တရားကင်းကင်းဖြင့် ဗုဒ္ဓဝါဒကို သက်ဝင်ယုံကြည်မှသာ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ပါမည်။ ဤနေရာ၌ သဒ္ဓါနှင့်ပညာ ဒွန်တွဲထိန်းကွပ်မှုရှိရန် အထူး အရေးကြီးပါ၏။

ဖော်ပြပါ ဓမ္မသဘောအချို့ကို ထောက်ချင့်ရှုမြင်ခြင်းဖြင့် ဘုရားမြတ်စွာ၏ ပင်ရင်းမူလ ဓမ္မများနှင့် ယနေ့ မျက်မှောက် ယုံကြည်ယူဆ လက်ခံမှုများ အနှစ်သာရပိုင်းတွင်လည်း အံချော် တိမ်းပါးနေကြောင်း ရှုမြင်သုံးသပ်နိုင်ပါ၏။

အံချော်သည်ကို အံချော်နေကြောင်း၊ တိမ်းစောင်းသည့်ကို တိမ်းစောင်းနေကြောင်း၊ ရှာဖွေဖော်ထုတ် အသိပေးရမည်မှာ၊ သို့မဟုတ် သတိပေးရန်မှာ ဘုရားမြတ်စွာ၏ ပရိသတ်လေးပါး ဖြစ်သော ဘိက္ခု၊ဘိက္ခုနီ၊ဥပါသကာ၊ဥပါသိကာတို့၏တာဝန်သာ ဖြစ်ပါတော့သည်။

သို့မှသာ ဘုရားမြတ်စွာ၏ ပင်ရင်းမူလ သာသနာတော် ဖြစ်သည့် ထေရဝါဒဗုဒ္ဓဘာသာသည် မတိမ်းစောင်းမဆုတ်ယုတ် မတိမ်ကောဘဲ အနှစ်မြားမြောင် တည်တံ့တော်မူပါလိမ့်မည်။

စာရေးသူအနေဖြင့် မြင်နိုင်စွမ်းသလောက်ကိုသာ ရှုမြင်





ချင့်ချိန်၍ တင်ပြရပါ၏။ ဤနေရာ၌ အဆိုးမြင်ဝါဒနှင့် အကောင်းမြင် ဝါဒ နှစ်ရပ်တို့ကို လျစ်လျူရှု၍ အပြုမြင်ဝါဒဖြင့်သာ တင်ပြရပါ ကြောင်း ရိုးသားစွာဝန်ခံပါသည်။ ။

ဓမ္မရံသီ၊ ၁၉၉၉၊ နိုဝင်ဘာလ။

❋

www.burmeseclassic.com

www.burmeseclassic.com

## မိမိကိုယ်ကို ငါးမျှားခြင်း

'ယရာဝါသော ဗဟုကိစ္စော'ဟူသော ပါဠိအရ ကိစ္စများ ပြောင် လူတို့ဘောင်၌ အကုသိုလ်နှင့် ကုသိုလ်သည် အစွင့်သာ သလို ကြီးစိုးမင်းမူနေကြပါ၏။ ကျွန်ုပ်တို့သည် အကုသိုလ်ကို ရှောင်၊ ကုသိုလ်ကိုဆောင် ဖြူအောင်စိတ်ကိုထားဆိုသည့် ဘုရားရှင်တိုင်း၏ အဆုံးအမတော်ကို နာခံကျင့်ကြံကြရပါမည်။

တံငါအလုပ်သည် ရှေးပဝေသဏီကပင်ရှိခဲ့သော လူသား၏ အသက်မွေးမှု လုပ်ငန်းတစ်ရပ်ဖြစ်ပါ၏။ ရေချို၊ ရေငံ ငါးဖမ်းခြင်း၊ ငါးမွေးမြူခြင်းတို့သည် တိုင်းပြည်၏ အကျိုးစီးပွားကို များစွာ အထောက်အကူပြုပါ၏။ မြန်မာနိုင်ငံ အောက်ပြည်အောက်ရွာသည် မြစ်ချောင်းအင်းအိုင် ပေါများသဖြင့် ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း၊ စီးပွားရှာစားသူ များလှပါ၏။

ဘဝအခြေခံ အကြောင်းမကောင်း၍ အရှုဝါရေကြောင်းမှာ





လေ့လောင်းနှင့် တံငါလုပ်ရပါသော်လည်း အကုသိုလ်ကို ကုသိုလ်နှင့် ရံထားနိုင်ပါမှ ဘဝလှပရပေတော့မည်။ သို့မဟုတ်ပါဘဲ အကုသိုလ်အပေါ် အကုသိုလ်ဆင့်၍ အကုသိုလ်ခရီးကိုသာ အရှည်ဆက်လျှောက်နေမည်ဆိုပါလျှင် ပစ္စုပ္ပန်နှင့်သံသရာ အဖန်ဖန်ဆင်းရဲဒုက္ခ ကြုံရပေဦးတော့မည်။

ထိုရေလုပ်ငန်းမှ တံငါလုပ်သူတို့၏ မိုက်မဲသော မိစ္ဆာအယူအစွဲတစ်ရပ်ကို တင်ပြရသော်-

တံငါသည်တို့သည် ပင်လယ်၊ မြစ်ချောင်း၊ အင်းအိုင်တို့မှ မိမိတို့၏ ကံ၊ဉာဏ်၊ဝီရိယတို့ဖြင့် ဖမ်းဆီးရမိသော ငါးများတွင် ငါးအကြီး(ငါးတန်၊ငါးမြင်း)များ ဖမ်းမိလျှင် အဘိုးနတ်(ဝါ)ဒေသဆိုင်ရာ နတ်တို့က ဆုလာဘ်အဖြစ် ပေးသနားသည်ဆိုကာ ထိုထိုနတ်တို့ကို ပူဇော်ပသကြကုန်၏။ ပူဇော်ပသကြပုံမှာ အများအားဖြင့် ဖမ်းဆီးရမိသော ငါးကြီး၏ ဝမ်းတွင်းသားကိုချက်၍ အရက်ဖြင့် ပူဇော်ပသကြ၏။ ပသ၍ပြီးသောအခါ ပသသူတို့က ထိုအရက်နှင့်အမြည်းကို တပျော်တပါး သောက်စားမူးယစ်ကြလေတော့၏။

ဤနေရာ၌ အဘိုးနတ်အကြောင်းကို မေးမြန်းကြည့်ရာ အဘိုးနတ်သည် အင်းအိုင် မြစ်ချောင်းတို့ကို စောင့်ကြပ်ပိုင်စိုးသော ကွင်းပိုင်နတ်ဖြစ်ကြောင်းနှင့် အသက်အရွယ်ကြီးရင့်ကာ နားလေးသဖြင့် ပူဇော်ပသရန်မင့်ဖိသော် ပင့်ဖိတ်သူက အသံကျယ်ကျယ်အော်၍ ပင့်ရကြောင်းကိုသာ သိရ၏။ အခြား မည်မည်ရရ ဘာမှ မသိကြပေ။ အသက်အရွယ်ကြီးရင့်သည့် အဘိုးသည် ဉပုသ်သီလ



www.burmeseclassic.com

www.burmeseclassic.com



မစောင့်ထိန်းဘဲ ယခုအချိန်ထိ အရက်သေစာ သောက်သုံးနေခြင်းမှာ မသင့်တော်ကြောင်း ဘာသာရေးရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်များမှ ကိုတံငါတို့ မသုံးသပ်မိကြချေ။

အကျယ်၍သာ အကြောင်းကြောင်းကြောင့် ဖမ်းဆီးရမိခဲ့သော ထိုငါးကြီး၏ ဝမ်းတွင်းသားကို ကောင်းမွန်စွာချက်ပြုတ်၍ သံဃာဒါန ဆွမ်းအုပ်တစ်အုပ် လှူဒါန်းလိုက်မည်ဆိုလျှင် သာသနာတော်လည်း အကျိုးဖြစ်ထွန်းမည်။ မိမိလည်း အကျိုးဖြစ်မည်။ အကုသိုလ်ကို ကုသိုလ်ဖြင့် ရံထားရာလည်း ရောက်မည်ဟု အသိကလေးတစ်ချက် လင်းလက်စေလိုပါသည်။

ယခုအခါ မြန်မာနိုင်ငံ အရပ်ရပ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဆိုသူတို့သည် မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် ဖြစ်ထွန်းလာသော အကျိုးစီးပွားရလဒ်ကို ထိုထိုနတ်ဒေဝတာတို့က ဆုလာဘ်အဖြစ် ပေးသနားသည်ဟုဆိုကာ-

ဆိုအပ်ခဲ့ပြီးသော မှားယွင်းသည့် အယူအစွဲ လုပ်ရပ်တို့ကြောင့် ပစ္စုပ္ပန်နှင့်သံသရာတွင် ဝဋ်ဆင်းရဲများစွာနှင့် ကြုံရပေတော့မည်။ ဝဋ်ဆင်းရဲများမှ လွတ်မြောက်ရန်အတွက် မူရင်းဖြစ်သည့် ထေရဝါဒဗုဒ္ဓဘာသာသည် လမ်းညွှန်ထိန်းမတ်ပေးသော မီးရှူးတန်ဆောင်ဖြစ်ပါ၏။ အဝိဇ္ဇာအမှောင်ကို ဝိဇ္ဇာအလင်းရောင်ဖြင့် ပုထုဇဉ်တို့အား လမ်းညွှန် သွန်သင်တော်မူခဲ့သော ဘုရားမြတ်စွာတို့ ဓမ္မသြဝါဒများကို အလေးမမူ ပိုင်ရာဆိုင်ရာနတ်တို့ကိုသာ အရေးတယူပြုပိရာမှ အကုသိုလ်အပေါ် အကုသိုလ်ဆင့်၍





အကုသိုလ် ခရီးရှည်ကြီးကို သွားနေကြသည့် ပုထုဇဉ်တို့၏ အစွဲလုပ်ရပ်ကို သနားကရုဏာသက်မိရာမှ ဤဆောင်းပါးကို ရေးသားရပါတော့သည်။ ။

မွေ့ရံသီ၊ ၂၀၀၀၊ ဖေဖော်ဝါရီလ။

❋

www.burmeseclassic.com

www.burmeseclassic.com

# သိုက်နန်းနှင့် အမိုက်လမ်း

ဓမ္မမိတ်ဆွေတစ်ယောက်၏ မိတ်ဆက်ပေးမှုကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင် မျိုးဆက်သစ် လူငယ်တစ်ယောက်နှင့် သိကျွမ်းခဲ့ရပါသည်။ ထို့ကြောင့် ဤဆောင်းပါးကို ရေးသားမိရပါတော့သည်။

ထိုမျိုးဆက်သစ် လူငယ်၏အမည်မှာ မောင်ဘုန်းကြီးသား ဟုခေါ်ပေသည်။ သူ၏အမည်နာမ ထူးခြားမှုကို စိတ်ဝင်စားသဖြင့် မေးမြန်းကြည့်ရာ ဘုန်းကြီးသားဆိုသော လူငယ်က–

သူငယ်စဉ် ကျန်းမာရေးချူချာလွန်းသဖြင့် သူ၏မိဘများက နတ်ကတော်–ဗေဒင်စသည်တို့ကို လာဘ်ပူဇော်ပသ၍ ကျန်းမာရေး အခြေအနေကို မေးကြကြောင်း။ နတ်ကတော်–ဗေဒင်စသည်တို့က ထိုသူငယ်မှာ ပဋ္ဌာန်းဆက်၊ သိုက်ဆက်၊ ဥစ္စာစောင့်ဖြစ်၍ အသက် မရှည်နိုင်[illegible]။ အရွယ်ရောက်ပြင် သိုက်နန်းက ပြန်ခေါ်လျှင်





သိုက်နန်းသို့ ပြန်ရမည်ဖြစ်ကြောင်း။ ထိုအခါ အသက်သေဆုံးရမည်ဟု ခြောက်လှန့်ပြောကြကြောင်း။

သိုက်နန်းက ပြန်ခေါ်လျှင် ခေါ်လို့မရနိုင်အောင် သိုက်နန်းရှင်များအား ပူဇော်ပသ အသနားခံရမည်ဖြစ်ကြောင်း၊ ဝိတ်မြှူ ကာရံပြီး အုန်းငှက်ပျောပွဲပေါင်း ၁၀၈ ပွဲ၊ သို့မဟုတ် ၂၄ ပွဲတို့ဖြင့် ပွဲတင်ပွဲထိုးရမည်ဖြစ်ကြောင်း၊ သိုက်ကြိုးဖြတ်ကာ ယခု သိုက်က လာသော ကလေးငယ်ကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးပါး ထံသို့ မွေးစားရန် ရောင်းချထားပါလျှင် ဘုန်းကြီး၏သား ဖြစ်သွားသောကြောင့် သိုက်ကပြန်ခေါ်၍ မရတော့ကြောင်း၊ နတ်ကတော်၊ ဗေဒင်ဆရာတို့က ဟောပြောမှုကြောင့် မိဘနှစ်ပါးက မိမိတို့ ကိုးကွယ်ဆည်းကပ်ရာ ဘုန်းတော်ကြီးအား မွေးစားရန် ရောင်းချခဲ့ရာမှ သူ၏အမည် ဘုန်းကြီးသားဟု တွင်သွားကြောင်း။ အမည်ရင်းမှာ မောင်ဉာဏ်ထူးဖြစ်ကြောင်း၊ ပြန်လည်ပြောပြခဲ့ပါသည်။

ဟိုတစ်ချိန်က မြန်မာနိုင်ငံ ဇာတ်သဘင်နှင့် ရုပ်ရှင်လောက အတွင်း၌ အထက်ပါ ဥစ္စာစောင့်သိုက်သမိုင်း၊ မှော်၊ စုန်း၊ ကဝေ၊ ပယောဂ၊ အထက်လမ်း၊ အောက်လမ်း၊ ဇာတ်လမ်း ဇာတ်ကွက် များ အတော်အတန် ခေတ်စားခဲ့ပေသည်။ ထိုဇာတ်လမ်းများကို နိုင်ငံတော်အစိုးရမှ တားမြစ်ပိတ်ပင်လိုက်သဖြင့် တိမ်မြုပ်သွားကြ ရပေသည်။ သို့သော် လူများစွာ၏ ယုံကြည်မှုအတိုင်းအတာမှာ တိမ်မြုပ်မသွားကြပါချေ။ ယခုအခါ ထိုယုံကြည်မှုများ ခေါင်း ထောင်ဦးမော့နိုင်ရန် အကြောင်းများ အတော်ဖန်တီးနေကြပြီ။

ထိုသိုက်သမိုင်း ဇာတ်လမ်းများကို ဆန်းစစ်လိုက်မည်ဆို

လျှင် ဥစ္စာစောင့်သိုက်နန်းဆိုသည်မှာ ထေရဝါဒ ဗုဒ္ဓဘာသာ၏ ဒေါင်အပြင်ဘက်မှ ဝိဇ္ဇာမိုရ်၊ ဇော်ဂျီ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ အဂ္ဂိရတ် စသည့် ပုဂ္ဂိုလ်များ ပြုလုပ်ဖန်တီးထားချက်ဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်ပေသည်။ ရွှေငွေရတနာ ဥစ္စာပစ္စည်းများကို စောင့်ကြပ်နေကြသည့် သိုက်နန်းရှင်ခေါ်သူများနှင့် ၎င်းတို့၏နေရာဌာနကို ဥစ္စာစောင့်သိုက်နန်းဟု ခေါ်နေကြပေသည်။

ထိုဥစ္စာရတနာ ရွှေငွေများကို စောင့်ကြပ်နေရမည်မှာ အရိမေတ္တေယျဘုရားလောင်း မပွင့်မချင်းစောင့်ကြပ်ရမည်ဖြစ်သည်။ အရိမေတ္တေယျဘုရားလောင်း ဘုရားဖြစ်မှ ထိုဥစ္စာရွှေငွေများဖြင့် ရွှေကျောင်းတော် ငွေကျောင်းတော် ဆောက်လုပ်လှူဒါန်းမည် ဖြစ်ကြောင်း ယုံကြည်နေကြသည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များက လည်း အတွင်းဘိုးဘိုး အပြင်ဘိုးဘိုး စသည်ဖြင့် ဥစ္စာသိုက်များကို တာဝန်ယူစောင့်ထိန်းနေကာ အရိမေတ္တေယျဘုရားပွင့်လာလျှင် တရားဦးကိုနာကြားရန်ဟု လုပ်ကြံဖန်တီးထားသော စိတ်ကူးယဉ် ဇာတ်လမ်းများသာ ဖြစ်ပေတော့သည်။

ထိုသို့ လုပ်ကြံဖန်တီးထားသော ဥစ္စာစောင့်သိုက်သမိုင်း ဇာတ်လမ်းများမှာ ထေရဝါဒဗုဒ္ဓဘာသာနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိပေ။ သင်္ဂါယနာတင် ပိဋကတ်တော်များတွင်လည်း လုံးဝ မပါရှိချေ။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့်၊ ပုဂံခေတ်ဦးပိုင်း မဟာယာနဝါဒ၊ တန္တရဝါဒ၊ မန္တရဝါဒဂိုဏ်းအနွယ်ဝင် ပါပဝါဒီ အရည်းကြီး





ဆိုသည့် ပန်းဦးလွှတ် မင်္ဂလာကို ခံယူသူ၊ အရက်သေစာ သောက်စားသူ၊ မန္တန်၊ ယတြာ၊ စုန်း၊ ကဝေ၊ ဗေဒင်၊ နတ် စသည်တို့ကို ပူဇော်ပသသူ 'ဆံကေသာ လက်လေးသစ်၊ မှတ်ဆိတ်မွေးဗရပျစ် မည်းညစ်သည့် စီဝရံနှင့် တာတောလဲ အကျင့်ဆိုးသော ရှင်သိုးတကော့ခေါင်ကြီး ရှင်မထီး' ဟု ဦးပုညရေးသားဖွဲ့ဆို သရုပ်ဖော်ထားသူ၊ အလဇ္ဇီဒုဿီလ ပါပ ထိပ်ခေါင်များထံမှ ဆင်းသက်ပေါက်ဖွားလာသော ဓလေ့အဆောင်အယူအဆတားရပ်သာဖြစ်ပေသည်။ အဂ္ဂိရတ် အတတ်ဖြင့် ပုဂံပြည်ကြီးကို ရွှေမိုးငွေမိုး ရွာစေခဲ့သည်ဆိုသူ ရှင်အရှဂေါဏသည်ပင် အရည်းကြီးရဟန်းတစ်ဦး ဖြစ်ပေသည်။ ရွှေမိုးငွေမိုးရွာခြင်းကိစ္စသည်လည်း အကြောင်းယုတ္တိ အနိုင်အခန့်မရှိ ရေးရာဝင်မှတ်တမ်းများ၌ပင် မပါမရှိ၊ ပွါးစပ်ပုံပြင် ဒဏ္ဍာရီ တစ်ခုသာ ဖြစ်ပေသည်။

သုဓမ္မဝတီမည်သော သထုံပြည်မှ ဓမ္မဒဿီမည်သော ရှင်အရဟံမထေရ်သည် ပုဂံပြည်သို့ရောက်တော်မူသည့်မှ ထေရဝါဒ ဗုဒ္ဓဘာသာတရားတော်၊ မှန်ကန်သော တရားအလင်းရောင် ပေါ်ထွန်းလာခဲ့ပေသည်။ အနော်ရထာမင်းသည် ထေရဝါဒ ဗုဒ္ဓဘာသာ ဝင်ဖြစ်လာပြီး အရည်းကြီးတို့၏ အဖွဲ့အစည်းကို (ဓမ္မစကြာအာဏာစက်ဖြင့်) ဖြိုခွဲဖျက်ဆီးပစ်လိုက်လေသည်။

ထိုအခါ အရည်းကြီးအနွယ် နတ်ကတော်၊ ဗေဒင်၊ အဂ္ဂိရတ်၊ တန္တရ၊ မန္တရ မဟာယာနသမားတို့သည် ဝမ်းစာရေးအတွက် တီးမှုတ်ကခုန်သော ဇာတ်သမားများအဖြစ် အသွင်ပြောင်းကာ လှည့်လည်ခဲ့ကြသည်။ ၎င်းတို့၏ အရည်းကြီးအယူဝါဒများကို

www.burmeseclassic.com



ထေရဝါဒ ဗုဒ္ဓဘာသာအပေါ် နေရာအတော်များများ၌ ပါးပါး သုတ်လိမ်း ကပ်မြှောင်ထားခတ်ကြသည့်မှစ၍ တိုးစဉ်ဘောင်ဆက် (ရိုးရာဟုလည်းဆိုသည့်) ဓလ္လေ့ဓလေ့ထုံးလမ်းယုံကြည် လက်ခံခဲ့ကြလေသည်။

အထက်က ဖော်ပြပါ ဖြစ်ရပ်များတွင် ထေရဝါဒ ဗုဒ္ဓဘာသာဝင် အမိအဖများ ဖြစ်ကြပါလျက် မိမိတို့၏ ရင်သွေးငယ် နာမကျန်းဖြစ်ရခြင်းကို အလွဲအမှား ကုစားလိုက်ကြသည်။

ကလေးငယ်တို့မည်သည် အညှိုးလွယ်၊ အလန့်လွယ်ကြ ပေသည်။ အကယ်၍ နာမကျန်းဖြစ်လျှင်လည်း နီးစပ်ရာ ကလေး ဆရာဝန် သို့မဟုတ် မီးခင်နှင့်ကလေး စောင့်ရှောက်ရေးသို့ ပြသ ကုသရပေတော့မည်။ သို့သော် ထိုသို့မလုပ်။ ခေတ်ပညာတတ် အမိအဖများပင်လျှင် မိမိတို့၏ ရင်သွေးငယ် နာမကျန်းဖြစ်လျှင်၊ အမည်နာမပေးလိုလျှင် ဗေဒင်မေးခြင်း၊ နတ်မေးခြင်း၊ ဘုန်းကြီးကို ရောင်းခြင်းစသည့် မှားယွင်းသောအားကိုးများကို ရှာကြလေသည်။

ထိုအပြုအမူ အယူအဆများသည် နှစ်ပေါင်း ၁၀၀၀ ခန့် ခေတ်နောက်ကျ ကျန်ခဲ့ပေပြီ။ ယခု ၂၀ ရာစု (သက္ကရာဇ် ၂၀၀၀) အဏုမြူခေတ်တွင် သိပ္ပံပညာ၏ အစမ်းသပ်ခံ မှတ်ကျောက် အတင်ခံသော ထေရဝါဒ ဗုဒ္ဓဘာသာ၏ ဗုဒ္ဓဘာသာဝင်များဖြစ် ကြပါလျက် 'နွားများကို ထိန်းကျောင်းလျက် နို့မသောက်ရသော နွားကျောင်းသားလို၊ ဟင်းကိုမွှေ၍ ဟင်းနှင့်အမြဲထိတွေ့နေရလျက် ဟင်း၏အရသာကို မသိသော ယောက်မကြီးလို၊ မိမိ၌ ရွှေလက် ကောက်ရှိပါလျက် ကြေးလက်ကောက်ကိုမှ တန်ဖိုးထား စိတ်ဝင် စားသူလို' ဖြစ်နေကြပေတော့သည်။





"ပညာမဲ့သူမှာ မှားယွင်းသော အယူအဆကို လက်ကိုင် ပြု၍ ပူဇော်ထိုက်သော တရားသဖြင့် အသက်မွေးသော အရိယာပုဂ္ဂိုလ်တို့၏ အဆုံးမကို ရှုတ်ချတားမြစ်လေသည်။ ဝါးသီးသည် ဝါးပင်ကိုသတ်ရန် သီးလာသကဲ့သို့ ထိုပညာမဲ့ သူ၏အယူသည် ယင်း၏ကိုယ်ကို သတ်ဖြတ်ရန်သာ ဖြစ် ပေ၏။" ဟု ဓမ္မပဒ၌ ဘုရားရှင် သွန်သင်ဆုံးမထားလေ သည်။

အယူမှား အမြင်မှား အကိုးကွယ်မှားများကို ဝိဘဇ္ဇဝါဒဖြင့် ဝေဖန်စိစစ်သင့်ကြပေသည်။ မျိုးဆက်သစ်ရင်သွေးငယ်များကို အယူအမြင် လွဲမှားမသွားစေသင့်ပေ။ ကိုယ့်အားကိုယ်ကိုးလိုသော (အတ္တာဟိ အတ္တနော နာထော) စိတ်ဓာတ်များ မွေးမြူပေးနိုင် ရန် ဘိုးတော်၊ ဝိဇ္ဇာဇော်ဂျီ၊ နတ်၊ ဗေဒင် စသည့် ကိုးကွယ်ရာ အမှားများကို မကိုးကွယ်မိကြစေရန် အဓိက တာဝန်ရှိသူမှာ လက်ဦးဆရာ အမိအဖများသာဖြစ်ကြောင်း အထူးသတိချပ်သင့် ကြပေသည်။

ကလေးငယ်ကို (စေတီသတော) ဝယ်ယူမွေးစားသော ဘုန်းကြီးရဟန်းများတက်ကလည်း၊ လက်ရှိလူသားကို အရောင်း အဝယ်ပြုအပ်မပြုအပ်နှင့် အယူအမြင်မှားယွင်းနေသော ဒါယကာ၊ ဒါယိကာမတို့အား အမှန်ကို လမ်းညွှန်ပြပြင်သွန်သင်ပေးရန် အထူး လိုအပ်လှပါသည်။

ပညာရှိသတိဖြစ်ခဲ့အရ မဟာယာန၊ တန္တရ၊ မန္တရဝါဒ များကို တွန်းအားပေး အသက်ဆက်ပေးသလို ဖြစ်မသွားစေရန်



www.burmeseclassic.com

www.burmeseclassic.com



အထူးဆင်ခြင် သတိပြုမိပါမှ ဆရာ့တာဝန် ကျေပွန်ပါမည်။

"မြေလက်အင်္ဂါအတွက် ဥစ္စာကိုစွန့်အပ်၏။ အသက်အန္တရာယ်အတွက် မြေလက်အင်္ဂါကို စွန့်အပ်၏။ တရားဓမ္မအတွက်မူကား စီးပွားဥစ္စာ၊ အင်္ဂါမြေလက်၊ အသက်ကိုပင် စွန့်အပ်၏" ဟု ဘုရားရှင်၏ အဆုံးအမရှိနေပါ၏။ ယုတ္တိကင်းမဲ့၍ အဓိပ္ပာယ်မရှိသော အထက်ပါအရည်းကြီးဝါဒလက်ကျန်များကို သတိသမ္ပဇဥ်ဉာဏ်ဖြင့် ချိန်ထိုးကာ သုတ်သင်ရှင်းလင်းနိုင်သည့် သာသနာ့အာဇာနည်များကို အထူးပင် လိုအပ်လျက်ရှိနေပါကြောင်း၊ တင်ပြလိုက်ရပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင် ရင်သွေးငယ်အား...

ရောင်းခိုင်းသူက– အရည်းကြီးအနွယ်၊ နတ်ကတော်နှင့်ဗေဒင်

ရောင်းရန်အကြောင်းပြချက်က– ပဌာန်းဆက်၊ သိုက်ဆ(,)ဲ

ရောင်းသူက–မီဘ(ဒါယကာ)

ဝယ်သူက– ဆရာဘုန်းကြီး

အရောင်းခံသူက– မျိုးဆက်သစ်ရင်သွေး

ရောင်းဝယ်ဖောက်ကားရာနေရာက–ဗုဒ္ဓ၏ထေရဝါဒနိုင်ငံတော်။

မလျော်ကန်မလျောက်ပတ်သည့် ထိုပါပဝါဒီ မိစ္ဆာအမြုအမူများကို အကယ်၍များ ဘုရားရှင်ကိုယ်တော်တိုင် သိမြင်တော်မူခဲ့ပါလျှင် ရွှေရင်ကို လက်တော်နှင့်ဖိလျက် ကြီးမားသော မဟာကရုဏာဖြင့် သနားခြင်းဖြစ်တော်မူပါလိမ့်မည်။ ။

ဓမ္မရံသီ၊ ၁၉၉၇၊ ဩဂုတ်လ။

*

# နားလည်မှု မရှုပ်ထွေးစေရန်

"တော်တို့ပြောတော့ နတ်ကိုးကွယ်ခြင်း၊ ဝိဇ္ဇာဓိုရ်၊ ဘိုးတော်၊ ဗေဒင်တို့ကို ကိုးကွယ်ယုံကြည်ခြင်းတွေဟာ သရဏဂုံညှိုးနွမ်းကြောင်း၊ သရဏဂုံပျက်စီးကြောင်းဆို၊ ခုဘုန်းကြီးကျောင်းထဲမှာ နတ်ကနားပွဲတွေပေး၊ သိုက်ပွဲ၊ ဓာတ်ပွဲ၊ ဝိဇ္ဇာပွဲတွေကို ဘုန်းကြီးကိုယ်တိုင် လုပ်နေတာကျတော့ တော်တို့ ဘယ်လိုပြောမလဲ၊ ကျုပ်တို့က ဘယ်ဟာကို လိုက်နာရမှာလဲ"

မထင်မှတ်သောသူတစ်ယောက်၏ မထင်မှတ်သော အမေးစကားကို မထင်မှတ်သောနေရာတွင် ကြားလိုက်ရသည့်အတွက် စာရေးသူ အံ့အားသင့်ရပါတော့သည်။

သူမသည် သားသည်အမေ တစ်ယောက်ဖြစ်ပြီး ချို့တဲ့နွမ်းပါးသော အိမ်ထောင်စု၏ အိမ်ရှင်မတစ်ယောက် ဖြစ်ပါ၏။ ဘာသာရေးသဘောတရားများကို လေ့လာမှုနည်းပါးပြီး မိဘလာ



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်ဟု ဆိုနိုင်ရုံလောက်သာ ဖြစ်ပါ၏။

မူရင်း ဗုဒ္ဓဓမ္မဖြစ်သည့် ထေရဝါဒပိဋကတ်တော် မြန်မာပြန်စာပေများကို သူမ မသိနိုင်ပါ။

သူမသည် ဘုရားမြတ်စွာ ရှေ့လက်ထက်တော်က တောထွက်ရဟန်းကြီး သုဘဒ္ဒကို မသိနိုင်ပါ။

တောထွက်ရဟန်းကြီး သုဘဒ္ဒ၏ ဘုရားမြတ်စွာအပေါ်ထားရှိသည့် မပြေသည့်ရန်ငြိုးကို မသိနိုင်ပါ။

"ငါ့ရှင်တို့၊ မငိုကြွေးကြလင့်၊ ရဟန်းကြီးဂေါတမရှိစဉ်က ငါတို့သည် လွတ်လပ်ခြင်းမရှိ၊ ရဟန်းကြီးဂေါတမက ဤအမှုသည် အပ်၏၊ ဤအမှုသည် မအပ်ဟု အဖန်ဖန်ချုပ်ချယ်ခဲ့၏။ ယခုအခါ ငါတို့နှစ်သက်ရာကို ပြုနိုင်ပြီ၊ ငါတို့မနှစ်သက်သည်ကို မပြုဘဲ နေကြကုန်အံ့" တောထွက်ရဟန်းကြီး သုဘဒ္ဒ၏ ဤကဲ့သို့ ရန့်ရင်းကြမ်းတမ်းသည့် စကားမျိုးကို သူမ မသိနိုင်ပါ။

သုဘဒ္ဒ၏စကားရပ်တို့ကို ရှင်မဟာကဿပ ကြားသိရာမှ နောင်တစ်ချိန် ယခုထက် ဖျက်ဆီးသူများလျက် သာသနာကွယ်ပျောက်ပေလိမ့်မည်ဟု ရဟန်းသံဃာအပေါင်းနှင့်တိုင်ပင်ကာ ပထမသင်္ဂါယနာတင်ပွဲ ကျင်းပရခြင်းကို သူမ မသိနိုင်ပါ။

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ပြုပြီး နှစ် ၁၀၀ အကြာ ဒုတိယသင်္ဂါယနာနီးပါးပါ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများက ဘုရားမြတ်စွာ၏ ဝိနည်းသိက္ခာပုဒ်များမှ မိမိတို့အလိုကျ ပြင်ဆင်သည့် ပြင်ဆင်ချက် ၁၀ချက်(ဒသဝတ္ထုက)ကို သူမ မသိနိုင်ပါ။

ထိုပြင်ဆင်ချက် ၁၀ ချက်ကြောင့် ရှင်မဟာယသနှင့် ရဟန္တာ





မထေရ်ကြီးများဦးဆောင်၍ ဘုရားမြတ်စွာ၏ မူရင်းဖြစ်သည့် ဓမ္မတရားတော်များ ညစ်ထေးယွင်းပျက်မှု မရှိစေရန် ဒုတိယသင်္ဂါယနာတင်ခဲ့ရသည်ကို သူမ မသိနိုင်ရှာပါ။

ဝဇ္ဇီတိုင်းသား ရဟန်းတို့ကလည်း သံဃာ့အဖွဲ့အစည်းမှ ခွဲထွက်၍ မိမိတို့ဆန္ဒအတိုင်း သံဃာဂိုဏ်းသစ်တစ်ခု တည်ထောင်ပြီး စင်ပြိုင်သင်္ဂါယနာတင်ခဲ့ကြသည်ကိုလည်း သူမ မသိနိုင်တော့ပါ။ ထိုကာလမှစ၍ တစ်စတစ်စ ဗုဒ္ဓဘာသာဂိုဏ်း ၁၈ ဂိုဏ်း၊ ၂၂ ဂိုဏ်း၊ ၃၅ ဂိုဏ်းခွဲထွက်လာသည်ကို သူမ မသိနိုင်ပါ။

တစ်ဖန် တတိယသင်္ဂါယနာမတင်မီ တိတ္ထိများ ဘုရားမြတ်စွာ၏ ဓမ္မတရားတော်ကို ယုံကြည်ဟန်ဆောင်ပြီး သာသနာတော်အတွင်း ဝင်ရောက်၍ ၎င်းတို့ တိတ္ထိအယူဝါဒများကို ဟောပြောကျင့်ကြံသည်ကို သူမ မသိနိုင်ပါ။

သို့အတွက် မင်းမြတ် သီရိဓမ္မာသောကကို အမှီပြု၍ ရှင်မဟာမောဂ္ဂလိပုတ္တတိဿနှင့် ရဟန္တာမထေရ်မြတ်ကြီးများက တတိယသင်္ဂါယနာတင်ခဲ့ကြသည်ကိုလည်း သူမ မသိနိုင်ပါ။

ပုဂံခေတ် အရည်းကြီးရဟန်းတို့၏ ဆိုးညစ်သည့်အကျင့်သည် မဟာယာန ဗုဒ္ဓဘာသာမှ ဖောက်ပြန်ပျက်ပြားလာကာ ထိုအကျင့်ဆိုးနှင့် အရည်းရဟန်းတို့ကို ရှင်အရဟံမထေရ်မြတ်နှင့် မင်းစောအနော်ရထာတို့ နှိမ်နင်းခဲ့ရပုံကို သူမ မသိနိုင်ပါ။

သူမသည် ပဉ္စမသင်္ဂါယနာတင် ဒါယကာ မင်းတုန်းမင်းတရားကြီးထုတ်ပြန်တော်မူခဲ့သော ဘာသာရေးနှင့်ပတ်သက်သည့် အာဏာစာကို မသိနိုင်ရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှုက ထေရဝါဒ၊ ဘယ်ဒင်းက မဟာယာနဝါဒ၊ ဘယ်လိုက တန္တရဝါဒ၊ ဘယ်ဟာက ဗြာဟ္မဏဝါဒ ဆိုသည်တို့ကို သူမ ခွဲခြားပိုင်းဖြတ်၍ မသိနိုင်တော့ပါ။

သူမ၏မေးခွန်းသည် ရိုးစင်း၏။ ရိုးစင်းသလောက် သူမ သိနိုင်၊ နားလည်နိုင်ရန် ဖြေဆိုဖို့ တိုတိုရှင်းရှင်း အဖြေတစ်ခု လိုပါ၏။ သူမ နားမလည်နိုင်သော အကြောင်းတို့ကို ရှင်းပြပါမူလည်း သူမ ပို၍ပို၍ ရှုပ်ထွေးသွားမည်ကို ငဲ့ရပြန်၏။

သူမသည် သားငယ်ကို ခါးတစ်ချ၊ ဈေးဝယ်ပြီးသားများ ထည့်ထားသော ကြွပ်ကြွပ်အိတ်ကိုဆွဲပြီး ဈေးအပြန်လမ်းတွင် တွေ့ဆုံခိုက် သူမ၏ မထင်မှတ်သောမေးခွန်းကို တိုတိုရှင်းရှင်းဖြင့် သူမ သိမြင်နိုင်နားလည်နိုင်ရုံ ဖြေဆိုလိုက်ရပါတော့သည်။

"ဘုရားမြတ်စွာ ရှေ့လက်ထက်တော်ကပင် ဘုရားရှင်ကို အတိုက်အခံလုပ်သည့် ဒေဝဒတ်လို ဘုန်းကြီးမျိုး ယခုခေတ်အခါတွင် ရှိနိုင်ချေ၏"

မဇ္ဈိမရုံသီ၊ ၁၉၉၉၊ အောက်တိုဘာလ။

*

## ကံမွင့်လာဘ်ဖွင့် အောင်စာတ်ဆင့်သော

"လောက၌ အလိုရှိအပ်နှစ်သက်မြတ်နိုးအပ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ပြည့်စုံကုံလုံခြင်း အစရှိသည်တို့ကို နှုတ်ဖြင့်တောင့်တခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း၊ စိတ်ဖြင့်တောင့်တခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း ရရှိနိုင်သည်မဟုတ်။ အသက်ရှည်ခြင်း...အစရှိသည်တို့ကို အလိုရှိပါမူ ထိုအသက်ရှည်စေမှုအစရှိသော နည်းလမ်းဖြင့် ကိုယ်တိုင်လက်တွေ့ကျင့်ကြံအားထုတ်ယူရမည်ဖြစ်၏"

(ဣဋ္ဌသုတ်-ပဉ္စကနိပါတ်-အင်္ဂုတ္တရနိကာယ်)

အထက်ပါ ဗုဒ္ဓမြတ်စွာ၏ဒေသနာတော်ကို ထောက်ခြင်းအားဖြင့် ကျွန်ုပ်တို့ဖြစ်လိုသော တောင့်တအပ်ကုန်သော အောင်မြင်မှုများကို တစ်စုံတစ်ဦးက ကယ်တင် မ-စ-လာချင်အောင် မျက်နှာချိုသွေးလျက် ဝပ်တွားရှိကျိုးကိုးကွယ်မှ ရရှိပိုင်ဆိုင်မည်

မိုးတိမ်သွေးစားသ

www.burmeseclassic.com



မဟုတ်ပါ။ ကျွန်ုပ်တို့၏ လက်ရှိလက်မောင်းဆန့်တန်း၍ ဓမ္မနည်းလမ်းကျကျ ကျွန်ုပ်တို့ရလိုအပ်သော အောင်မြင်မှုများကို ရယူမှသာလျှင် အောင်မြင်မှုကို ရရှိပိုင်ဆိုင်ကြပေမည်။

ဓမ္မနည်းလမ်းကျကျ အောင်မြင်မှုကိုရယူရာတွင် ဗုဒ္ဓမြတ်စွာက ဒေါသအမျက်ထွက်နေသူကို အမျက်မထွက်ခြင်းဖြင့် အောင်နိုင်ရာ၏။ မကောင်းယုတ်မာသူကို ကိုယ်ကကောင်းခြင်းဖြင့် အောင်နိုင်ရာ၏။ စေးနှဲဝန်တိုသူကို ကိုယ်က ရက်ရက်ရောရော ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ။ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်း သစ္စာကင်းသောသူကို ကိုယ်က မှန်ကန်စော်ဖြောင့်ခြင်းဖြင့် အောင်နိုင်ရာ၏။ ခပ်သိမ်းသော အကုသလဓမ္မ ပါပအမှုကို ကုသိုလ်တရားဖြင့် အောင်နိုင်ရာ၏။

ဗုဒ္ဓမြတ်စွာ၏ ဓမ္မတရားတော်များစွာ၌ အောင်ရာအောင်ကြောင်းနှင့် နှီးနွှယ်၍ ဟောကြားသွန်သင်ထားတော်မူသော ဓမ္မလမ်းကြောင်းပေါင်း များစွာရှိပါ၏။ ၃၈ ဖြာမင်္ဂလာတရားတော်ဆိုလျှင် လောကီအကျိုးစီးပွားနှင့် လောကုတ္တရာ အကျိုးစီးပွားနှစ်ဖြာကို ဖြစ်ထွန်းအောင်မြင်စေသော နည်းလမ်းကောင်းများပင်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏ အောင်မြင်ရေးအဆောက်အအုံသည် အထူးသဖြင့် အကျင့်တရား၊ အလုပ်တရားအပေါ်၌သာ တည်ဆောက်ထားပေသည်။

စာရေးသူအနေဖြင့် ဗုဒ္ဓမြတ်စွာ၏ အောင်မြင်ရေးနှင့်သက်ဆိုင်သော အထက်ပါ ဓမ္မအချက်အလက်တို့ကို ရွေးချယ်ဖော်ပြရခြင်းမှာ ယခုအခါ ဗုဒ္ဓဘာသာအတွင်း၌ ဗုဒ္ဓ၏ဓမ္မတရားများကို





တိမ်းစောင်းသွေဖည်စေသော အောင်စေ–နိုင်စေ–ပြည့်စေဆိုသည့် စကားရပ်များကို သုံးစွဲ၍ အောင်ဓာတ်ဆင်နေသည့် အပြုအမူများကို လေ့လာတွေ့ရှိနေရသောကြောင့် ဖြစ်သည်။ ထိုအောင်ဓာတ်ဆင်မှုများကို ဗုဒ္ဓဘာသာ၏ သာသနိကအဆောက်အအုံများအတွင်းနှင့် လူနေအိမ်များ၏ဘုရားကျောင်းဆောင်များ၌ တွေ့ရှိရ၏။

သာဓကအားဖြင့် စာရေးသူလေ့လာခဲ့ဖူးသည့် အောင်သိဒ္ဓိဟုဘွဲ့တော်ရသည့် စေတီတစ်ဆူတွင် "ဂုရက် သားသမီးများအကျိုးစီးပွားတိုးပွားစေရန် အကျိုးငှာ အောင်မြေနင်း၍ အဓိဋ္ဌာန်ပုတီးစိပ်နိုင်ပါသည်" ဟူသော စာတန်းကို တွေ့ရှိရ၍ ဆက်လက်ဖတ်ရှုကြည့်ရာ–

၁။ ကိုးသိန်းကိုးသန်း အောင်မြေပေါင်းချုပ်
၂။ ဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာအောင်မြေ
၃။ သတ္တ သတ္တဋ္ဌာန အောင်မြေ
၄။ ပရိနိဗ္ဗာန်ပြုရာ အောင်မြေ
၅။ ဖွားတော်မူရာ အောင်မြေ
၆။ ကျောင်းတော်ရာ အောင်မြေ
၇။ စစ်ကိုင်း ကံတလူ အောင်မြေ
၈။ တောင်တွင်းကြီး ရွှေအင်းတော်ဘုရားအောင်မြေ
၉။ တောင်တွင်းကြီး ပန်ထွာမင်းသမီး၏ ရွှေရောင်တော်ဘုရား အောင်မြေ
၁၀။ တောင်တွင်းကြီး လေးကျွန်းစကြာမှာရှိအောင်ဘုရားအတွင်းအပြင်အောင်မြေ



www.burmeseclassic.com

www.burmeseclassic.com



၁၁။ မှတ်ဦးကုန်းရွှေကျောင်းတော် - ခြောက်မြေ

၁၂။ အလောင်းဘုရားဦးအောင်ဇေယျ၏ ရွှေဘိုအောင်မြေ

အထက်ပါနေရာဒေသများမှ အောင်မြေများကို စုပေါင်း၍ ထိုအောင်ယိဒ္ဓိစေတီဝင်းအတွင်း၌ အောင်မြေပြုလုပ်ထားခြင်း ဖြစ်ပေသည်။

အောင်မြေဆိုသော ဝေါဟာရနှင့် နေရာတစ်နေရာစာသည် စေတီတော်တော်များများတွင် တွေ့ရပေသည်။ စစ်ကိုင်းကံတာလူ အောင်မြေဆိုလျှင် စာရေးသူတို့ ငယ်စဉ်ကပင် ရင်းနှီးခဲ့ပေသည်။ ကံတာလူဘုရားသို့ရောက်လျှင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများစွာတို့သည် အောင်မြေဆိုသည်နေရာမှ မြေကြီးကို လက်တစ်ဆုပ်စာခန့်စီ ယူဆောင်သွားသည်ကိုလည်း တွေ့မြင်ရပေသည်။ သို့သော် ထိုမြေနေရာမှမြေကြီးသည် ယုတ်လျော့သွားရမည့်အစား တိုး၍ပင်လာချေသည်။ တိုးလာရခြင်းမှာ အလိုအလျောက် သဘာဝကြောင့်ဖြစ်ဟန်မတူဘဲ ပယောဂကြောင့်သာ ဖြစ်ပေမည်။

တစ်ဖန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်၏ ရှေ့၌လည်း စက္ကူဖြင့် ပြုလုပ်ထားသော တံခွန်၊ ကုက္ကား၊ ရွှေထီး၊ ငွေထီး အသေးစားလေးများကို အုန်းငှက်ပျောပွဲတွင်ထိုးစိုက်၍ ဘုရားရှင်၏ရှေ့တော်မှောက်တွင် မြွတ်သိပ်ကျပ်ညပ်အောင်ထားပြီး အဓိဋ္ဌာန်အောင်ပွဲ (ရွှေပွဲ)ဟု အမည်တပ်ကာ အောင်ပွဲထိုးသည်ကို တွေ့ရ၏။ လူနေအိမ်တို့၏ ဘုရားကျောင်းဆောင်များတွင်လည်း စမဗဝ,စ,မအင်းများခတ်နှိပ်ထားသည့် မြေအိုးငယ်တွင် သပြေရွက်နုများထိုးစိုက်





၍ အောင်အိုးဟု ကင်ပွန်းတပ်ကာ ဗုဒ္ဓမြတ်စွာ၏ရှေ့မှ နေရာယူထားသည်ကိုလည်း တွေ့နေရ၏။

အောင်ဓာတ်ဆင်ခြင်းကိစ္စ၌လည်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ထုလုပ်ကိုးကွယ်ရာတွင် ဘယ်နေ့သားသမီးက ဘယ်သစ်သား၊ ဘယ်နှစ်လက်မအရွယ်၊ ဘယ်ပုံသဏ္ဌာန်၊ ဥက္ကာလုံ မွေးရှင်တော်နေရာမှာ ဘယ်ကျောက်မျက်ကိုတပ်ဆင်ပါ။ ဘုရားရှင်ကို လှူဒါန်းရာတွင်လည်း သစ်သီးကိုးမျိုး၊ ရေကိုးခွက်၊ ပန်းကိုးပွင့်၊ အသွေးအသား အသက်မလှူရ၊ အသက်သတ်လွတ်ကိုသာ လှူရမည်။ ဒေါနာ၊ နှင်းဆီ၊ စံပယ်၊ ပိတောက်ပန်း စသည့် ပန်းတို့သည် အကုသိုလ်ဓာတ်ပန်းများဖြစ်၍ မကောင်းကျိုးကိုသာ ပေးစွမ်းနိုင်သဖြင့် ဘုရားရှင်အား မကပ်လှူကောင်း။ အကယ်၍တပ်လှူမိပါက စိတ်ဝမ်းကွဲ၊ အိမ်ထောင်ရေးဆူပူ၊ ကျန်းမာရေးဖောက်ပြန်သောကဗျာပါဒများ၊ အမှုပြဿနာပေါ် စသော အလှန့်အခြောက်များ။ သပြေ၊ ဂန္ဓမာ၊ မြတ်လေး၊ သရဖီ၊ ကံ့ကော်စသည့် ပန်းတို့ကိုကပ်လှူပူဇော်အပ်၍ ကုသိုလ်ဓာတ်ပန်းများဖြစ်သဖြင့် မင်္ဂလာကျက်သရေနှင့် ပြည့်စုံသည်စသော အပင့်အမြှောက်များ။

ထို့အပြင် ရှင်သီဝလိနှင့် ရှင်ဥပဂုတ် ရုပ်တုနှစ်ခုကိုသာ သီးသန့်(Special)ရွေးချယ်ပြီး ကိုးကွယ်သော အယူဝါဒသည်လည်း ရှိပါသေးသည်။ ရှင်သီဝလိနှင့် ရှင်ဥပဂုတ်ကို သီးသန့်ကိုးကွယ်ပူဇော်သူတို့အား ရတနာမိုး ရွာသွန်းဖြိုးစေ၍ ဘယာမသန်ငြိမ်းချမ်းအေးမြစေသည် ဆိုသည့် ပြုမှုလုပ်ဆောင်ချက်မှာ ပေါ်ပွင့်လာဘ်ဖွင့် အောင်ဓာတ်ဆင်ခြင်းသာ ဖြစ်၏။ သံယာ့အစုံအစည်း

www.burmeseclassic.com



ဝင် အခြားသော အင်္ဂသာဝက၊ မဟာသာဝကကြီးများကို မျက်မှာ ပြောင်တိုက်ရာ ရောက်နေ၏။ အထက်ပါ လုပ်ဆောင်ချက်အစုစု တို့သည် ချုပ်ငါဒီလွှမ်းမိုးပြီး အနှစ်သာရပိုင်း ကင်းမဲ့နေ၏။ အသွင် သဏ္ဌာန်ပိုင်းကိုသာ အရေးထား ဦးစားပေးနေ၏။

**"ထိုထိုအောင်ခတ်ဆင်၊ အောင်ဖိုးတင်၊ အောင်ပွဲထိုး၊ အောင်မြေနင်းခြင်းတို့ဖြင့် အောင်မြင်မှုဆုလာဘ်များ သင်တို့ထံသို့ ဆိုက်ရောက်လာပေလိမ့်မည်" ဟု မည်သည့် ဘုရားကမှ မဟော ကြားခဲ့ပါ။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ကပ်ငြိမှီတွယ်နေကြ သည့် ဂိုဏ်းနယ်ပယ်မှ ထကြွလှုပ်ရှားမှုများသာ ဖြစ်ပေသည်။ ဂိုဏ်းနှင့်ပတ်သက်၍ အထက်ဂိုဏ်း၊ အလယ်ဂိုဏ်း၊ အောက်ဂိုဏ်း တို့၏ ပင်မရေသောက်မြစ်မှာ အရည်းကြီး(မဟာယာန)တို့ပင် ဖြစ်ပါသည်။**

ပုဂံခေတ်က အနော်ရထာမင်းမြတ်၏ စွမ်းပကားကြောင့် အရည်းကြီး (မဟာယာန၊ ဝဇိရယာန)ဝါဒ ပင်စည်ပင်မကြီး လဲပြို ခဲ့ရပါသော်လည်း ရေသောက်မြစ်ကား လုံးလုံးလျားလျား ပြုတ် တောက်ခဲ့ခြင်းမရှိပါ။ ယခုအခါ အရည်းကြီးဝါဒသည် ပုံသဏ္ဌာန် တစ်မျိုးတစ်ဖုံဖြင့် ဆေးဂိုဏ်း၊ အင်းဂိုဏ်း၊ မန္တရားဂိုဏ်း၊ ဝိဇ္ဇာဂိုဏ်း၊ အဂ္ဂိရတ်ဂိုဏ်း၊ ဝေဒဂိုဏ်း၊ ဘိုးတော်ဂိုဏ်း စသည့် ဂိုဏ်းပေါင်း များစွာကို ပြန်လည်မြေတောင်မြှောက်၍ ၎င်းတို့၏ ဂိုဏ်းပင် စည်ပင်မကြီး ပြန်လည်ရှင်သန်ထမြောက်အောင် တစ်နေ့ထက် တစ်နေ့ အတင့်ရဲစွာ ဗုဒ္ဓသာသနာတော်အား ပူးဝင်နှောင့်ယှက် နေသည်မှာ မြင်၍မကောင်းအောင်ပင် ရှိချေပြီ။

**မိတ်ဆွေ ဖားပ**



အကျင့်တရား၊ အလုပ်တရားအပေါ်တွင်သာ တည်ဆောက် ထားသော မြင့်မြတ်စင်ကြယ်သည့် ထေရဝါဒဗုဒ္ဓဘာသာသည် အရည်းကြီးတို့၏ ကိုယ်စားလှယ် ဂိုဏ်းဆရာ–ဂိုဏ်းလုပ်ငန်းစဉ် များကြောင့် သေးသိမ်ညှစ်ထေးနေပါပြီ၊ မြန်မာပြည်သူ ပြည်သား အပေါင်းတို့မှာလည်း ၎င်းတို့၏ ဝါဒမှား–အယူမှား–အမြင်မှား– ယုံကြည်မှုအမှားများကိုပင် ဖက်ဖက်တွယ်တွယ် ဆုပ်ဆုပ်ကိုင်ကိုင် ပြု၍ အားကိုးမှားကား အချိန်အား၊ ငွေအား၊ လူအင်အားများကို ဖြုန်းတီးပစ်ရာ ရောက်နေသည်မှာ ဝမ်းနည်းစရာ ဖြစ်ပါတော့သည်။

ထို့ထက် ဝမ်းနည်းဖွယ်မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါ လျက် ဗုဒ္ဓဘုရားရှင် သွန်သင်တော်မူသည့် 'ကိုယ့်အားကိုယ်ကိုး ရမည်'ဆိုသည်ကို နားမထောင်၊ ယောင်တောင်တောင် ပေကတ် ကတ်ဖြင့် အခြားတစ်ပါးသော အားကိုးရာကို ယုံကြည်အားကိုး လိုစိတ်မှာ စိတ်အင်အားချုတ်ခြုံကျ၍ ဗုဒ္ဓဝါဒကိုပါ သေးနုတ် သိမ်ဖျင်းစေပါသည်။

"ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် သတ္တဝါများ အယူမှန် ရကြစေခြင်းငှာဖြစ်သည်" ဟူသော အင်္ဂုတ္တိုရ်ပါဠိတော် တွင် ဟောကြားတော်မူသည်ကို ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်လိုသူတိုင်း မမေ့မလျော့သင့်ကြောင်း တင်ပြရပါတော့သည်။

မွေးရုံသီ၊ ၁၉၉၉၊ ဩဂုတ်လ။

*

www.burmeseclassic.com

www.burmeseclassic.com

## စေတနာ ပညာပါမှ

လောကသုံးပါးတွင် အထွတ်မြတ်ဆုံး ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် သတ္တလောကသားများ၏ သံသရာဝဋ်ဆင်းရဲ အမိုက်မှောင်လမ်းများမှ ဘဝလမ်းမှန်ငြိမ်းအေးရာ သန္တိသုခနိဗ္ဗာန်မြတ်သို့ ညွှန်ပြသွန်သင်တော်မူခဲ့ပေသည်။

ဗုဒ္ဓဘုရားရှင်၏ လမ်းညွှန်သွန်သင်မှု ဓမ္မတရားတော်များထဲမှ စေတနာနှင့်ပတ်သက်၍ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဘိက္ခု-စေတနာကို ကံဟု ငါဘုရား ဟောတော်မူသည်ဆိုသည့် ဗုဒ္ဓ၏ဩဝါဒတော်တွင် စေတနာမှာ မိမိနှင့်အတူဖြစ်ကြသော စိတ်စေတသိက်များကို "စေ့ဆော်ခြင်းသည် စေတနာဖြစ်သည်ဟု" အဋ္ဌကထာဆရာမြတ်တို့ ဖွင့်ဆိုကြပေသည်။

ယနေ့မျက်မှောက် ဗုဒ္ဓဘာသာဝင်ဆိုသူအချို့က ဘာသာရေးနှင့်နီးစွယ်၍ ကျယ်ကျယ်တစ်မျိုး တိုးတိုးတစ်ဖုံ ပြောဆိုနေ





ကြသော စကားမှာ "စေတနာကောင်းနှင့်လုပ်သည်။ ထို့ကြောင့် ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ ဘေးက ဝေဖန်ဖို့ တိုက်နိုက်ဖို့ ဘာမှမလိုဘူး။ တကယ်လို့ ဝေဖန်လာလျှင် ဝေဖန်လာသူ ဘေးတွေ့မယ်" ဟူ၍ ဖြစ်ပေသည်။

ထိုစကားရပ်များကို ပြောကြားနေသူအချို့၏ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ပြောဆိုပြုလုပ်မှုများကို စုံစမ်းစိစစ်လိုက်မည်ဆိုလျှင် ထေရဝါဒဗုဒ္ဓဘာသာမှ ကင်းလွတ်သော အထက်ဂိုဏ်း၊ အထွက်ဂိုဏ်း ပျောက်စေဘိုးတော်ယံတော်များ၊ အတွင်းအပြင် ဒုရမင်းနတ်ကိုးကွယ်မှု ပေဒင်နက္ခတ်ဗြိဟ်စာကျွေးခြင်းများ နောက်ပြီး ပြောကြပါသေးသည်။ ထေရဝါဒဗုဒ္ဓဘာသာတွင် ယခင်နှင့်ယခု၌ လုံးဝ(လုံးဝ)မရှိခဲ့သော ရှင်ဥပဂုတ်ကို "ဘိုးတော်အချုပ် ရှင်ဥပဂုတ်"ဟု ပြောဆိုကိုးကွယ်မှုများ ရှိနေကြပေသည်။

စေတနာကောင်းနှင့် ပြုလုပ်ပြောဆိုတိုင်း ကောင်းတာဖြစ်ပါမည်လော။ ကောင်းတာမဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် နိပါတ်တော်တစ်နေရာ အာရာမဒူသကဇာတ်တွင် ဥယျာဉ်မှူးတစ်ဦးနှင့် ရင်းနှီးခင်မင်သော မျောက်ခေါင်းဆောင်တစ်ဦးသည် သူ၏နောက်လိုက် မျောက်များနှင့်အတူ မိတ်ဆွေဥယျာဉ်မှူးက အကူအညီတောင်းခံမှုကြောင့် ဥယျာဉ်ရှိ သစ်ပင်ရေလောင်းသည့်လုပ်ငန်းကို "စေတနာကောင်းဖြင့်" ပြုလုပ်ကူညီကြလေသည်။

သူတို့ပြုလုပ်ပုံမှာ သစ်ပင်များကို ဦးစွာပထမ ဆွဲနုတ်ကြည့်၍ အမြစ်ရှည်လျှင်၊ အမြစ်ရှည်ကြောင်းမှတ်ထားပြီး ပြန်စိုက်၊ ရေများများလောင်း။ နောက်တစ်ပင်ဆွဲနုတ်၊ အမြစ်တိုလျှင် အမြစ်



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင်း မှတ်ထားပြီးပြန်စိုက်၊ ရေနည်းနည်းလောင်း။ ထိုသို့ဖြင့် သစ်ပင်များအား ရေလောင်းကြရာ ဥယျာဉ်တစ်ခုလုံး ပျက်စီးခဲ့ရပေသည်။

ထိုသို့ အဘယ်ကြောင့်ဖြစ်ရသနည်းဆိုသော် မျောက်ခေါင်းဆောင်နှင့် နောက်လိုက်များသည် စေတနာကောင်းဖြင့် ပြုလုပ်ကြပါသော်လည်း ဉာဏ်ပညာ ဆင်ခြင်တုံတရား ထိန်းကွပ်မှု မရှိသောကြောင့်ပင် ဖြစ်ပေသည်။ ထို့ကြောင့် အထက်ကဆိုခဲ့သည့် စေတနာကောင်းနှင့်လုပ်ကိုင်း ကောင်းကျိုးမဖြစ်နိုင်ဘူးဆိုသည်ကို ဖော်ပြပါ နိပါတ်တော်က မီးမောင်းထိုးပြနေပေသည်။

"သားက ဝေဖန်စရာမလိုဘူး။ တကယ်လို့ ဝေဖန်လာလျှင်၊ ဝေဖန်လာသူ သားတွေ့မယ်"ဆိုသည့် နောက်ဆက်တွဲစကားရပ်တွင်လည်း ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်က သူဟောကြားသော တရားတော်များကို "ဧဟိပဿိကော" ဝေဖန်ပါ၊ စုံစမ်းပါ၊ ဆွေးနွေးပါ၊ လက်တွေ့စမ်းသပ်ကြည့်ပါဟု တရားဂုဏ်တော်ခြောက်ပါးမှ နံပါတ်လေးဂုဏ်တော်တွင် ရဲရဲတောက်ဖိတ်ခေါ်ထားပေသည်။

ထိုသို့ ဝေဖန်ရန်၊ စုံစမ်းရန်၊ စိစစ်ရန်ကို အဘယ့်ကြောင့် ရဲရဲတောက်ဖိတ်ခေါ်နိုင်ပါသနည်းဟူမူ ဗုဒ္ဓဘုရားရှင်၏တရားတော်များသည် အစအလယ်အဆုံး၊ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ၍ ချီးမွမ်းအပ်သော မဂ်ပညာဖြင့်၊ ကိလေသာကိုအောင်မြင်ကာ၊ အခါမလင့် ကောင်းကျိုးချမ်းသာကိုပေးတတ်ပြီး ကိုယ်စိတ်နှင့်မကွာ ကပ်၍ဆောင်ထားအပ်လျက်၊ ပညာရှိတို့သည်သာလျှင် ကိုယ်စီ





ကိုယ်၌၊ ခံစားသိမြင်ရခြင်းစသော ဝိသေသဂုဏ်တို့နှင့် ပြည့်စုံသည့် တရားတော်မြတ်ဖြစ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

တစ်ဖန် ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော၊ မဟာပဒေသလေးပါးတွင် မည်သည့်ဒေသ၊ မည်သည့်ပုဂ္ဂိုလ် အနည်းအများက ဘုရားဟော မည်သည့်တရားတော်ကို၊ တစ်ဖန်ပြန်၍ ဟောကြားသည်ဖြစ်စေ၊ ထိုတစ်ဖန် ပြန်၍ဟောကြားသော၊ တရားတော်တို့ကို အလွယ်တကူနှင့်၊ လက်မခံကြသေးဘဲ၊ ပယ်လည်း မပယ်သေးဘဲ ထိုတစ်ဖန်ပြန်ဟောတရားကို သုတ်တရားတော်၌ သွင်း၍ကြည့်ရန်၊ ဝိနည်းတရားတော်၌ နှိုးနှောကြည့်ရန်၊ အကယ်၍ သုတ်တရားတော်၌လည်း မသက်ဝင်၊ ဝိနည်းတရားတော်၌လည်း မနှီးနှောမိကြလျှင်၊ ထိုတရားတော်သည် မြတ်စွာဘုရား၏ စကားတော်စင်စစ်မဟုတ်။ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်။ သို့မဟုတ် သုတ်တရားတော်၌ သွင်း၍ကြည့်သော်၊ သက်ဝင်ခဲ့လျှင်၊ ဝိနည်းတရားတော်၌ နှီးနှောမိခဲ့လျှင် ဤစကားသည် မြတ်စွာဘုရား၏စကားတော်စင်စစ်ဖြစ်ပေသည်ဟု ဆုံးဖြတ်ကြရန် လေးခုသော၊ မဟာပဒေသကို ဘုရားရှင်ဟောကြားခဲ့ပေသည်။

ဗုဒ္ဓဘုရားရှင်၏ဝါဒတစ်ခုမှာ ဝိဘဇ္ဇဝါဒဖြစ်၏။ ဝိဘဇ္ဇဝါဒဆိုသည်မှာ အခြေအနေအမျိုးမျိုးကိုသုံးသပ်၍ (ဝါ)ခွဲခြမ်းစိတ်ဖြာ၍ ယထာဘူတကျကျ၊ ရှုမြင်ခြင်း၊ တွေးခေါ်ယူဆခြင်းကို ဆိုလိုပါသည်။ ကေသမုတ္တိသုတ်တွင်လည်း ကာလာမလူမျိုးတို့အား၊ အရမ်းကာရော လက်မခံရန် အချက်ကြီး(၁၀)ချက်ကို ဟောခဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိမိတို့ကိုယ်ပိုင်ဉာဏ်နှင့်ယှဉ်၍ အကြောင်းတရား အကျိုးတရားများကို စိစစ်နိုင်းဆသုံးသပ်ကြရန် ဟောညွှန်သွန်သင်ခဲ့ပေသည်။

အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်၊ ပဥ္စကနိပါတ်၊ ဝဏ္ဏနာသုတ်တွင်လည်း "ဉာဏ်ဖြင့် စိစစ်သက်ဝင်၍" မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ခြင်း၊ ချီးမွမ်းထိုက်သူ၏ဂုဏ်ကို ချီးမွမ်းခြင်း၊ မကြည်ညိုသင့်သောအရာ၌ မကြည်ညိုခြင်း၊ ကြည်ညိုသင့်သောအရာ၌ ကြည်ညိုခြင်း၊ သဒ္ဒါတရားဖြင့် လှူအပ်သောပစ္စည်းကို မဖျက်ဆီးခြင်း။ ဤတရားငါးမျိုးနှင့်ပြည့်စုံသူသည် နတ်ပြည်၌ ဖြစ်ရ၏။ အကယ်၍ ဤတရားငါးပါးကို "ဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူဘဲ" ဆန့်ကျင်ဘက်ပြုမူလျှင် ငရဲ၌ဖြစ်ရ၏ဟု ဘုရားရှင် မိန့်တော်မူပေသည်။

ထို့ကြောင့် အထက်က ဗုဒ္ဓဘာသာဝင်ဆိုသူ ပုဂ္ဂိုလ်တချို့ ဆိုခဲ့သော "စေတနာကောင်းနှင့်လုပ်သည်။ ထို့ကြောင့် ကောင်းတာလုပ်လျှင်၊ ကောင်းတာဖြစ်မည်။ သေးကာဝေဖန်ဖို့ တိုက်ခိုက်ဖို့ မလိုဘူး။ တကယ်လို့ ဝေဖန်လာလျှင် ဝေဖန်လာသူ ဘေးတွေ့မည်" ဆိုသည့်စကားရပ် ဝင်္ကါသည်ပင် ဖော်ပြပါ ဗုဒ္ဓဘုရားရှင်၏ မှတ်ကျောက်တရားတော်များအား ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါ၏။

ငှင်းတို့၏ အပြုအမူ၊ အရေးအသား၊ စေတနာကံများသည်လည်း၊ မှန်မြတ်သန့်ရှင်းစင်ကြယ်ပါသည်၊ ကောင်းလှပါသည်ဟု ဆိုသော်ငြားလည်း အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရား(ဝိဘဇ္ဇ





ဝါဒ)ထိန်းကွပ်မှုမရှိပါလျှင် ထေရဝါဒဗုဒ္ဓဘာသာ၏သောင်အပြင်ကဝါဒများဖြစ်နေပါလျှင် ..။ သာသနာပြုရာမရောက်ဘဲ (မျောက်များ သစ်ပင်ရေလောင်းသလို)သာသနာဖျက်ရာ ရောက်နေပါလိမ့်မည်။ သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ စစ်မှန်သော သာသနာကို စစ်မှန်သော နည်းလမ်းဖြင့် သာသနာပြုကြပါရန် မေတ္တာဖြင့် ရေးသားတင်ပြရပေသည်။ ။

ဖမ္မရဓာနာ၊ ၁၉၉၇၊ ဇက်တင်ဘာလ။

✻

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားလောင်းကိုးကွယ်မှု

ဘုရားမြတ်စွာ၏ ဓမ္မတရားတော်တို့သည် နက်ရှိုင်းကျယ်ပြောသည်နှင့်အမျှ ပုထုဇဉ်တို့သည် ထူးထွေဆန်းပြားသော အယူအဆများကို တွေးတောကြံစည် စိတ်ကူးကြရာမှ အသစ်အသစ်သော ဂိုဏ်းဂဏများ တိုးပွားလာခဲ့ကြပေသည်။ တိုးပွားလာသော အယူဝါဒပိုင်ရှင် ဂိုဏ်းဂဏများမှ ထင်ရှားသောဂိုဏ်းမှာ မဟာယာနဂိုဏ်းဖြစ်၏။ ၎င်းဂိုဏ်းဖြစ်ထွန်းရာဒေသကို အစွဲပြု၍ မြောက်ပိုင်းဗုဒ္ဓဘာသာဟုလည်း ခေါ်ကြပေသည်။ ယခုအခါ တရုတ်၊ ဂျပန်၊ တိဗက်၊ ရုရှား၊ ဆိုက်ဗေးရီးယား၊ နီပေါလ်၊ ဘူတန် စသောတိုင်းပြည်များ၌ လက်ခံကျင့်သုံးလျက်ရှိပါသည်။

ဘုရားလောင်းဝါဒ၊ သို့မဟုတ် ဘုရားလောင်းကိုးကွယ်မှုဝါဒကို ထိုမဟာယာနဂိုဏ်းမှ စတင်တီထွင်ခဲ့ခြင်း ဖြစ်ပါ၏။ တောင်ပိုင်းဗုဒ္ဓဘာသာ မြန်မာနိုင်ငံ ထေရဝါဒ သင်္ဂါယနာတင်





ကျမ်းများ၌ ဘုရားလောင်းအား ကိုးကွယ်ရမည်ဟူ၍ကား မပါ။ မရှိပါ။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် ဆုသုံးမျိုးခေါ် အကျင့်သုံးမျိုးကို ကျင့်ကြ၏။ ၎င်းဆုသုံးမျိုးမှာ (၁) သာဝကဗောဓိ၊ (၂) ပစ္စေကဗောဓိ၊ (၃) သမ္မာသမ္ဗောဓိ ဟူ၍ ဆုသုံးမျိုးခေါ် အကျင့်သုံးမျိုးရှိရာ မဟာယာန ဂိုဏ်းဝင်တို့သည် အကျင့်သုံးမျိုးအနက် ပထမနှင့်ဒုတိယနှစ်မျိုးမှာ မိမိတစ်ကိုယ်တည်းသာ နိဗ္ဗာန်သို့ ကူးနိုင်ရောက်နိုင်၍ တစ်ကိုယ်ကောင်းအကျင့်သာ ဖြစ်သည်။ သတ္တဝါတို့ကို ကယ်တင်နိုင်သော အကျင့်မျိုးမဟုတ် ဗုဒ္ဓယာန ဘုရားအကျင့်သည်သာ အမြတ်ဆုံးဖြစ်သည်ဟုဆိုကာ ဘုရားအကျင့်ကိုသာ ကျင့်ဆောင်အပ်ကြောင်း၊ မဟာယာနဝါဒကျမ်းဖြစ်သော သဒ္ဓမ္မပုဏ္ဍရိကသုတ်၌ တိုက်တွန်းလေသည်။ အမြင့်ဆုံးအမြတ်ဆုံးဖြစ်သည်ဟု 'မဟာ'ဟူသော စကားဖြင့် ဖလှယ်ကာ မဟာယာနဟု ခေါ်ဝေါ်ခဲ့လေသည်။

သာသနာနှစ် ၃၀၀ မှ ၁၂၀၀ ခန့်(BC-၂ ရာစုမှ AD-၇ ရာစု) အတွင်း ဗောဓိသတ္တ ဘုရားလောင်းဝါဒကိုစတင်၍ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲ ဖန်တီးခဲ့ကြပေသည်။

ဖန်တီးခဲ့ကြပုံမှာ ရှေးဦးစွာ ဘုရားလောင်းကို ဗုဒ္ဓဘုရားရှင်အောက် ယုတ်၍ထားရာမှ နောက်တဖြည်းဖြည်း ဘုရားလောင်းကို ချီးပချီးမြှင့်လာကြ၏။ ကာလအတန်ကြာသော် ဗုဒ္ဓဘုရားရှင်၏ ဂုဏ်များဖြစ်သော ဗလဆယ်ပါး၊ ဝေသာရဇ္ဇလေးပါး အာဝေဏိက



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မ ၁၈ ပါး စသည်တို့ကို ဘုရားလောင်းအားချီးမြှင့်၍ ဗုဒ္ဓဘုရားရှင်နှင့် တန်းတူထားကာ ကိုးကွယ်လာကြလေသည်။

တစ်ခါတစ်ရံ ဗုဒ္ဓဘုရားရှင်ထက်ပင် ပို၍ မြင့်တက်သွားရာ နောက်ဆုံး၌ ဘုရားလောင်းကပင်လျှင် ဗုဒ္ဓဘုရားရှင်တို့ကို ဖြစ်စေနိုင်သော ပုဂ္ဂိုလ်ဖြစ်လာလေတော့သည်။ ဤသို့လျှင် ဗုဒ္ဓဘုရားရှင်အောက်တန်းကျ၊ ပိုမိုမြင့်သောဟု တဖြည်းဖြည်း ပြောင်းလဲသွားရလေတော့သည်။

မဟာယာနဝါဒတွင် ဘုရားလောင်းများစွာတို့ကို တီထွင်ဖန်တီးထားကြကာ ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးကျူးကိုးကွယ်ထားကြပါသည်။ မဟာယာနဝါဒီတို့ကိုးကွယ်သော ဗောဓိသတ္တ ဘုရားလောင်းများမှာ အရိမေတ္တေယျ ဘုရားလောင်း၊ အမိတာဘာ(အမိတာယု) ဘုရားလောင်း။ အဝလောကိတေသွာရ၊ မဉ္ဇုသီရိ၊ အက္ခောဘ၊ ဝိသကမ္ဘ၊ သဝနိဝရဏဝိကမ္ဘီ၊ ကိတ္တိဂဗ္ဘ၊ ဇျူဟာရာ၊ ကုန္တဗာလီ၊ ရတနာဂဗ္ဘ၊ မဟာဝေရောစန၊ အမောဃသိဒ္ဓိ၊ ရတနာသမ္ဘဝ၊ သမန္တဘဒ္ဒ၊ ပဒုမပါဏိ၊ ဝဇိရဂဗ္ဘ စသည့် ဘုရားလောင်းများစွာတို့ကို တီထွင်ဖန်တီးထားကြ၏။ သို့သော်လည်း နှစ်ဦးသုံးဦးသာ ထင်ရှားပါသည်။

ထင်ရှားသော ဘုရားလောင်းတို့အနက် မဟာယာနဂိုဏ်းတွင် အရိမေတ္တေယျ ဘုရားလောင်းပုံကို ထုလုပ်ကိုးကွယ်ရာတွင် အဝတ်ကိုဖယ်ထားသော လူဝကြီး(အမ်းကုန်း)ပုံကို အိမ်များနှင့် ဈေးဆိုင်များတွင် ထားရှိကိုးကွယ်ကြလေသည်။

အဝလောကိတေသွာရ ဘုရားလောင်းကိုမူ ဟိန္ဒူနတ်ဘုရား





ရှိဝ-ဣသရကို ပုံစံပြောင်း၍ မဟာယာနတို့ အမည်ပေးထားပြီး အမိတာဘာဘုရားနှင့် ကြင်ရာတော် 'ပါဏ္ဍရာ' ဘုရားမတို့က မွေးဖွားကာ ကရုဏာတရား၏ အသွင်ဖြစ်၏။

အဝလောကိတေသွာရ ဘုရားလောင်းသည် သတ္တဂွရိ၊ လောကေဿရ၊ သီဟနာဒ၊ လောကနာထ၊ ခသပ္ပဏ၊ ဟာလာဟာလ၊ ဟာယဂ်ီဝ၊ မိတ်ကဗ္ဗ၊ ဝဇိရပါဏိ၊ ခဂ္ဂ-ဂဂနဂဉ္ဇ စသည် [illegible] အမျိုးမျိုးနှင့် ဟိန္ဒူသိဝ မဟေဿရဂိုဏ်းသားတို့က အရှင်မ[illegible] အဖြစ်လည်းကောင်း၊ ဗိဿနိုးဂိုဏ်းသားတို့က ဗိဿနိုးဘုရားအဖြစ်လည်းကောင်း၊ ထိုအဝလောကိတေသွာရ ဘုရားလောင်းကိုပင် တရုတ်ပြည်၊ ဂျပန်ပြည်တို့၌ ပုလ္လိင်သဏ္ဌာန်မှ ဣတ္ထိလိင်သဏ္ဌာန်သို့ပြောင်းကာ ကွမ်ယင်နတ်ဘုရားမအဖြစ်လည်းကောင်း၊ တာရာဒေဝီ(ဘဂဝတီ)နတ်ဘုရားမအဖြစ်လည်းကောင်း၊ အပျိုစင်ရုပ်သွင် အဘွားအိုအသွင်၊ ကြောက်မက်ဖွယ်ဘီလူးမအသွင်တို့ဖြင့် ရုပ်သွင် ၁၀၈ မျိုးမျှ ပြောင်းလဲနိုင်သော ဘုရားလောင်းအဖြစ် ထင်မြင်ယူဆကာ ကိုးကွယ်မှုပြုကြလေသည်။

မဟာယာနဝါဒ၏ သဒ္ဓမ္မပုဏ္ဍရီကသုတ်နှင့် ဂဏ္ဍဗျူဟာသုတ်တို့တွင် ဗုဒ္ဓဘုရားရှင်ကို လူကဖြစ်သည်မဟုတ်၊ ကောင်းကင်ဘုံမှ အစဉ်အမြဲတည်နေသော နတ်ဘုရားဖြစ်သည်ဟုဆို၏။

ရှင်ဂေါတမသည် ဗုဒ္ဓဘုရားရှင်၏ကိုယ်စား သဏ္ဌာန်တော်တစ်ခုသာဖြစ်၍ ပရိနိဗ္ဗာန်ပြုသည်မဟုတ် (သေဆုံးသည်မဟုတ်) ကောင်းကင်ဘုံသို့ ပြန်ကြွသွားခြင်းသာဖြစ်သည်ဟု ထင်မြင်ယူဆမှု လွဲချော်လာခဲ့၏။ ထို့ကြောင့် ပိဋကတ်စာပေများလည်း အဖြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်၊ ကွဲပြားခြားနားလာလေ၏။ ထို့နောက် သုတ္တန်ကျမ်းသစ်များကို ရေးသားဖြန့်ဝေ ဟောပြောလာလေတော့သည်။

ဗုဒ္ဓဝါဒီတို့သည် ဖန်ဆင်းရှင်ဗြဟ္မာ(က္ကသလ)ကို လက်မခံကြပါ။ သို့ရာတွင် ဗုဒ္ဓကို အလွန်ကြည်ညိုကြောင်း သိထားသော ဗြာဟ္မဏ ပုဏ္ဏားရဟန်းများက "ဗုဒ္ဓသည် လူသားမဟုတ်၊ မြင့်မြတ်သော ကောင်းကင်ဘုံမှ နတ်ဘုရားကြီးဖြစ်သည်"ဟု ပြောဆိုကြ၏။ ဗုဒ္ဓဘာသာဝင်လူအများစုကမူ သဒ္ဓါလွန်နေကြ၍ ကိုးကွယ်ဘုရားကို 'နတ်'အဖြစ် ပြုပြင်တီထွင်သည်ကို ကျေနပ်ကြ၏။

ထူးခြားသည်မှာ ဘုရားလောင်းများကို ဣတ္ထိလိင်(ကြင်ဖက်)ဖြစ်သော ပညာကိုယ်စီ၊ ဗောဓိသတ္တကိုယ်စီ၊ လူ့လောက၌ ပွင့်သော ဗုဒ္ဓကိုယ်စီဟူ၍ အတွဲလိုက်၊အဖက်လိုက် စီစဉ်ခြင်းဖြစ်ပါ၏။

ထိုသို့ စီစဉ်ရခြင်းမှာ သာသနာနှစ် ၁၃၀၀ (AD-၇၀၀)ခန့်တွင် ပေါက်ပွားမှုကို ဖြစ်စေသော ဣတ္ထိလိင်-မ-ဒေဝတ် ကိုးကွယ်မှုကို တန္တရဂိုဏ်းမှ မဟာယာနဂိုဏ်းသို့ စတင်ဝင်ရောက်လာ၏။ ကာလအတန်ကြာသော် သျှိဗ၏ ကြင်ဖက်မယား ဣတ္ထိလိင်အမိနတ်ဘုရား မဟာဒေဗီ-မဟာမာတာ(မယ်တော်ကြီး)ဥမာ၊ ဒုရဂါ၊ စဏ္ဍီ၊ ဘေရဗီ စသည့် အမည်နာမများ ရှိထားရသော ကာလီမယ်တော်ကို မဟာယာနတွင် ပရမတ်ဘုရား၊ ဈာနီဗုဒ္ဓနှင့်သာမက အမြင့်မြတ်ဆုံး အာဒိဗုဒ္ဓနှင့်ပင် ပေးစား၍ ကြင်ဖက်အဖြစ်သို့ ရောက်စေတော့သည်။

ဣတ္ထိလိင်နှင့်ဆက်နွယ်၍ မဟာယာနဝါဒသည် မေတ္တာနှင့်





တွဲဖက်ထားသော ပညာကို အမြင့်မြတ်ဆုံး ဉာဏ်အဖြစ် မှတ်ယူကာ မေတ္တာကို-ပုလ္လိင်၊ ပညာကို-ဣတ္ထိလိင်အဖြစ် တင်စား၍ ထိုအဓိပ္ပာယ်ကို သရုပ်ဖော်ရန် မေတ္တာဓာတ် အမြင့်မားဆုံးအချိန်ဗို-မနှစ်ဦး စပ်ယှက်နေဟန် စုံတွဲပုံ(မဟာမုဒြာ)ဖြစ်သည့် ဗောဓိသတ္တဘုရားလောင်းမှ ပညာပါရမိတာ နတ်သမီးကို ပွေ့ဖက်ထားသည့် ရုပ်တုကို ထုလုပ်ဖန်တီး ကိုးကွယ်ကြလေသည်။

ထိုနတ်သမီးကို ပညာပါရမိတာသုတ်၌ "သဗ္ဗဗုဒ္ဓမာတာ= ဗုဒ္ဓအားလုံးတို့၏ မယ်တော်"ဟု တင်စားရေးသားကြ၏။ ဗုဒ္ဓဘုရားရှင်နှင့် တန်းတူနေရာယူလာ၍ ရှံခါအပေါ်စီးမှယူလျက် လက်ခံယုံကြည် ကိုးကွယ်ကြလေသည်။

ရှေးခေတ်အိန္ဒိယဘုရင်များ၊ တရုတ်ဘုရင်များ၏ နန်းတော်များနှင့် မိဖုရားဆောင်များတွင် ဘုရားလောင်းယောကျ်ား(ပုလ္လိင်)များကို ကိုးကွယ်ခွင့် မရကြချေ။

ထိုမိဖုရား၊ မောင်းမမိဿံတို့ ကိုးကွယ်နိုင်ရန်အတွက် အဝလောကိတေဿွရ ဘုရားလောင်း နတ်သားအား ပုလ္လိင်သဏ္ဍာန်မှသည် ဣတ္ထိလိင်သဏ္ဍာန်သို့ပြောင်းလဲကာ တာရာဒေဝီ နတ်ဘုရားမ(ဘဂဝတီ)၊ ကွမ်ယင်နတ်ဘုရားမ(ကွမ်နန်)အဖြစ် ပြုပြင်တီထွင်ကြလေတော့သည်။

ကွမ်ယင် နတ်ဘုရားမမှာ ရှေးဦး၌ ပုလ္လိင်ယောကျ်ားဖြစ်၍ ယခုတိုင် တရုတ်ပြည် ကျောင်းတော်ဟောင်းကြီးများ၌ တွေ့မြင်နိုင်ပေသည်။

၎င်း၏ရုပ်ပုံဟောင်းမှာ ယောကျ်ားရုပ် မုတ်ဆိတ်မွေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး မျက်နှာတင်းတင်း ကြုံကြုံရှိ၏။ နောင်အခါ ဣတ္ထိလိင်မိန်းမ ဖြစ်သွားတော့၏။ ကွမ်ယင်နတ်ဘုရားမ၏ ပုံပြင်အဆိုတစ်ရပ်နှင့် ပတ်သက်၍ ပညာရှိကြီးများ ယုံကြည်လက်ခံမှု မရှိကြချေ။

မြန်မာနိုင်ငံ၌ ဘုရားလောင်း ဗောဓိသတ္တ ကိုးကွယ်မှုကို လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကျော်(AD-၃ ရာစုမှ ၉-ရာစု)ခန့်မှစ၍ ကိုးကွယ်ကြကြောင်း ရှေးဟောင်းသုတေသန အထောက်အထားများအရ သိရှိရ၏။

သရေခေတ္တရာခေတ်၊ ပုဂံခေတ်များမှ ရှေးဟောင်း အဆောက်အအုံများ၊ ဘုရားပုထိုးများတွင် ဘုရားလောင်း ဗောဓိသတ္တများဖြစ်သော အရိမေတ္တေယျ၊ အဝလောကိတေသွာရ အမိတာဘာ၊ လောကနာထ ဘုရားလောင်းများနှင့် နတ်ဘုရားမများ၏ ရုပ်တုများကို တူးဖော်တွေ့ရှိထားပြီးဖြစ်၏။ မြန်မာနိုင်ငံ၏ အတိတ်တစ်နေရာတွင် ဘုရားလောင်းကိုးကွယ်မှု အတော်အသင့် ခေတ်စားခဲ့ကြောင်း သိသာပေသည်။

ယခုအခါ မြန်မာနိုင်ငံ၌ 'သူများယောင်လို့ယောင် အမောင်တောင်မှန်း မြောက်မှန်းမသိ' ဆိုသည့်နှယ် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါလျက် ဘုရားလောင်း(အရိမေတ္တေယျ)ကိုးကွယ်မှုကို ပြန်လည်အသက်သွင်းနေလေသည်။ နေရာအတော်များများ၌ အရိမေတ္တေယျ ရုပ်တုများ၊ ပန်းချီဆေးရေးများ ပြုလုပ်ကိုးကွယ် နေကြသည်။

ကံ့ကော်ပင်(တစ်ထောင်)များ၊ ကံ့ကော်ပွင့်များကို စိုက်ပျိုး ထုလုပ်ရေးဆွဲ၍ (အရိမေတ္တေယျ ဘုရားသည် ကံ့ကော်ပင်ကို





ဗောဓိပင်အဖြစ် အမှီပြုမည်)နောက်ဘုရားကို မျှော်တော်ဇောဖြင့် ပူဇော်အထူးပြုနေကြပေပြီ။

ထေရဝါဒ ဗုဒ္ဓဘာသာသည် နောက်ဘုရားမျှော်ဝါဒ မဟုတ်ပါ။ နောက်ဘုရားကို ကိုးကွယ်သော ဝါဒလည်းမဟုတ်ပါ။ အရိမေတ္တေယျ ဘုရားလောင်းနှင့်ဆက်နွယ်၍ အနာဂတဝင်ကျမ်းမှ အရိမေတ္တေယျဗုဒ္ဓဝင်မှာလည်း သာဓကလည်းမဲ့ သဘာဝယုတ္တိ အာဂမယုတ္တိတို့နှင့်လည်းကင်းလွတ်နေသဖြင့် အချို့သောသုတေသီတို့ မနှစ်မြို့ကြပါချေ။

ဂေါတမဘုရားရှင်၏ အနှစ်သာရနှင့် ပြည့်စုံသော သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်ခဲ့စွာ ကြုံကြိုက်တွေ့ဆုံနေရပါလျက် အန္ဓပုထုဇဉ်တို့သည်

လရောင်အောက်မှာနေလျက် လမင်းကြီးကို မမြင်သလို
နေရောင်အောက်မှာနေလျက် နေမင်းကြီးကို မမြင်သလို
သစ်ပင်ရိပ်မှာ ခိုလှုံလျက် သစ်ပင်ကြီးကို မမြင်သလို...

လက်ဝယ်ရောက်ရှိနေသည့် ရတနာမြတ်သုံးပါးကို မျက်ကွယ်ပြု-ပြက်ရယ်အမှုတို့ဖြင့် ဘုရားလောင်းကိုးကွယ်ခြင်းကို ယောင်ဝါးဝါး မှုန်ပြာပြာဖြင့် အသက်သွင်း ဖန်တီးကိုးကွယ်နေကြပေသည်။

အနာဂတ်ကာလ၌ ပွင့်မည့် ဘုရားလောင်းပုံအား ထုလုပ်ကိုးကွယ်သင့်-မသင့်၊ ကိုးကွယ်က ကုသိုလ်တရားဖြစ်ပွားမည်-မဖြစ်ပွားမည်၊ ထိုကုသိုလ်တရားသည် လူ,နတ်,နိဗ္ဗာန် သုံးတန်သော အကျိုးကို ပေးစွမ်းနိုင်မည်-မပေးစွမ်းနိုင်မည်။ ထုလုပ်အပ်



www.burmeseclassic.com

www.burmeseclassic.com



သော ဘုရားလောင်း (အရိမေတ္တေယျ)တို့၏ အဆင်းတော်၊ အသံတော်များကို အာရုံပြု၍ ယခုကာလကပင် ကျောင်းတန်ဆောင်း ပြာသာဒ်၊ ဆွမ်း၊ သင်္ကန်း စသည်တို့ကို ပေးလှူသော ဂေါတမဘုရားရှင်၏ ရုပ်ပွားတော်၊ သင်္ဃာနာတော်အား လှူဒါန်းခြင်းနှင့် အသို့အကျိုး ထူးမည်–မထူးမည်ကို လုံးတော်ဆရာတော် အရှင်ဂုဏဝါ၏ ရှင်းလင်းဖြေကြားချက် ဩဝါဒတော်ကို သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်ကြပါစေ။

(၁) ရည်ရွယ်ရင်း ဝတ္ထုကပင် ဘုရားမှချမဟုတ်သေးသည် လည်းတစ်ကြောင်း

(၂) ဂေါတမဘုရားရှင်၏ ကိုယ်တော်စား ရုပ်ပွားဆင်းတုစသော စေတီသုံးပါး ထင်ရှားရှိသည်လည်းတစ်ကြောင်း

(၃) အကယ်၍လည်း နိယျာနိက ဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်း ကောင်းသောနှလုံးသွင်း ရှိသည်ဖြစ်အံ့

သက်တော်ထင်ရှား ဘုရားနှင့်တူစွာ ချမ်းသာသုံးတန်ကို ကောန်မုချ ရစေနိုင်သော ငါတို့ဂေါတမ သာသနာသည် နိဗ္ဗာန်သောင်သို့ရောက်အောင် ပို့နိုင်ပြီးဖြစ်ရကား အဘယ်မှာ ကိုးကွယ်စရာရှာဖွယ်ကိစ္စ ရှိလေတော့အံ့နည်းဟု ဂန္ထန္တရ ဗဟုသုတ အရှင်မြတ်တို့ ဆုံးဖြတ်တော်မူရန် ရှိသည်လည်းတစ်ကြောင်းဖြစ်၍ ဘုရားစင်စစ် ကောန်သဗ္ဗညုတဉာဏ် ကိန်းအောင်းတော်မူသော ကိုယ်တော်မြတ်၏ သရီရဓာတ်တော်ကို မမီနိုင်ရာ။ ။

ဓမ္မရတနာ၊ ၂၀၀၂၊ ဇက်တင်ဘာလ။

❋

# တန္တရအူး

စီးပွားတက်လိုလျှင်၊ ရာထူးတက်လိုလျှင်၊ အန္တရာယ်ကင်းလိုလျှင်၊ ကောက်ပင်ကို သန်စွမ်းလိုလျှင် မန္တန်ကိုရွတ်ရ၏။ ယုတ်စွအဆုံး ချစ်ခြင်းမေတ္တာကို ရလိုလျှင်ပင် မန္တန်ကိုရွတ်ရ၏ဟု တန္တရဝါဒ လက်ခံသူတို့က ယုံကြည်ကြ၏။

တန္တရ(မန္တရ)ဝါဒ၏ သမိုင်းကို လေ့လာပါလျှင် ကမ္ဘာဦးအစ လူ့ယဉ်ကျေးမှု ဖြစ်ပေါ်စမှ ခြေရာကောက်ရပေလိမ့်မည်။

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီး (၃ ရာစုဘီစီအတွင်း)၌ ဘုရားမြတ်စွာ၏ တပည့်သားရဟန်းတို့သည် ၁၈ ဂိုဏ်းမျှ ကွဲပြားသွားလေရာမှ နောင်ရာစုနှစ်များ အတောအတွင်း၌ ကွဲပြားသမျှ ဂိုဏ်းအပေါင်းတို့သည် ထေရဝါဒ၊ မဟာယာနဝါဒ၊ တန္တရယာန (ဝါ)ဝဇီရယာနဟူ၍ ဂိုဏ်းကြီးသုံးဂိုဏ်းအားဖြင့် ရပ်တည်ခြဲမတော့၏။

မိတ်ဆွေ စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သာသနာနှစ် ၁၂၀၀ (ခရစ်နှစ် ၆ ရာစုအေဒီ)ခန့်မှစ၍ တန္တရဂိုဏ်းသည် ထေရဝါဒဗုဒ္ဓဘာသာအတွင်းသို့ တစိမ့်စိမ့် ချဉ်းနင်းဝင်ရောက်လာသည်မှာ ယခုဆိုလျှင် (မြန်မာနိုင်ငံ)ထေရဝါဒ ဗုဒ္ဓဘာသာဝင် အတော်များများကိုပင် သိမ်းသွင်းချုပ်ကိုင်ကာ ဖါဒရေးနယ်ချဲ့မှု အောင်လံကို ပိုင်ပိုင်ကြီး လွှင့်ထူထားပေပြီ။

ဘုရားမြတ်စွာ ပွင့်တွန်းရာ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ ဇာတ်သိမ်းချုပ်ငြိမ်းသွားရခြင်းမှာ ဗြာဟ္မဏဝါဒ ရင်သွေးမျိုးဆက်များဖြစ်ကြသော မဟာယာနဝါဒ၊ တန္တရ(မန္တရ)ဝါဒတို့၏ ထိုးနှက်ချက်သည်လည်း အဓိကအကြောင်းတရားတွင် အပါဝင်ဖြစ်၏။ ထို့ပြင်တစ်ဝ ဗုဒ္ဓသာသနာတော်တွင်းမှ သစ္စာဖောက်အကျင့်ပျက်ရဟန်းဆိုး ရဟန်းယုတ်များ၏ လွှမ်းမိုးလာခြင်းကြောင့်လည်း အဓိကအကြောင်း ဖြစ်ချေ၏။ တူရကီနွယ်ဖွား မဟာမေဒင်တို့၏ ဖျက်ဆီးမှုသည်လည်း အဓိကအကြောင်း ဖြစ်ပါ၏။

တန္တရ၏အဓိပ္ပာယ်မှာ ဉာဏ်ပညာ ကျယ်ဝန်းနက်ရှိုင်းသောကျမ်းဖြစ်၏။ တန္တရ၏ရည်ရွယ်ချက်မှာ မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်သဖြင့် လိုရာပြီးမြောက် သိဒ္ဓိပေါက်ရန်ဖြစ်၏။ ဤဘဝတွင် ကျန်းမာချမ်းသာစွာဖြင့် အသက်ရှည်ရှည်နေရပြီး နောင်ဘဝတွင် နတ်ရွာနိဗ္ဗာန် ရောက်စေရန်ဖြစ်၏။ အထူးအားဖြင့် မန္တန်၊ မန္တရား၊ မှော်၊ စုန်း၊ အင်းအိုင်၊ ခလှဲ့၊ ယက်ဖွဲ့၊ ပေဒင်၊ ဗိဇ္ဇာမဟိဒ္ဓိအကြောင်းတို့ကို ရေးထားသောကျမ်းဟု ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့တွင် ခေါ်ဆို၏။ ထို့ကြောင့် ထိုမန္တရယာနကိုပင် တန္တရယာနဟု ခေါ်ကြပေတော့၏။





တန္တရဂိုဏ်းဆိုင်ရာ ကျမ်းစာတို့သည် အရေအတွက်အားဖြင့် များစွာရှိကုန်၏။ ထိုတန္တရ(မဉ္ဇုသီရိ မူလကပ္ပ၊ ရှုတျသမ္ဘ၊ စကြသံဝရ) ကျမ်းများသည် ဝေဒကျမ်းရင်းကြီးတို့ကိုသာ အမှီပြုကြီးပွား ထွန်းကားလာကုန်၏။

ယင်း တန္တရဂိုဏ်း၌ ဝါမတန္တရ(ဝါ)လက်ဝဲဂိုဏ်းနှင့် ဒက္ခိဏတန္တရ(ဝါ)လက်ယာဂိုဏ်းဟူ၍ နှစ်မျိုးကွဲပြား၏။ လက်ဝဲဂိုဏ်းသားတို့သည် စုန်း၊ တစ္ဆေ၊ မြေဘုတ်၊ နတ်ဘီလူး၊ နတ်မိစ္ဆာ၊ ရက္ခိုက်စသော လူတို့အား ဆင်းရဲဒုက္ခကို ပေးတတ်သော ဆိုးဝါးယုတ်ညံ့သည့် အဟိတ်တိရစ္ဆာန်တို့ကို ခိုင်းစေနိုင်ရန် ဂါထာ၊ မန္တန်၊ အင်းအိုင်၊ ခလှဲ့၊ လက်ဖွဲ့ စသည်တို့ကို စီရင်ကြကုန်၏။ ထိုဝါမတန္တရဝါဒသည် မြန်မာနိုင်ငံရှိ အောက်လမ်းဂိုဏ်း၏ ဘိုးအေဖြစ်၏။

လက်ယာဂိုဏ်းသားတို့သည် ဘုရား၊ နတ်တို့၏ ဂုဏ်ကို ဖွဲ့ဆိုသီကုံးထားသော ဂါထာ၊ မန္တရားတို့ဖြင့် ရောဂါဝေဒနာပျောက်ရေး၊ စည်းစိမ်ဥစ္စာ၊ တိုးတက်ရေး၊ အသက်ရှည်ရေး၊ ရာထူးဂုဏ်သိမ်တိုးတက်ရေး စသည်တို့ကို ပြီးမြောက်စေရန် အားထုတ်ကြကုန်၏။ မြန်မာနိုင်ငံ၌ ဆေးဖယောင်းတိုင်ထွန်းခြင်း၊ ရတနာဒီပံ အင်းချခြင်း၊ ပရိတ်ရွတ်ခြင်း စသည်တို့သည် လက်ယာဂိုဏ်း၏ လုပ်ထုံးများဖြစ်ကြ၏။ ဤသည်ကို အထက်လမ်းဂိုဏ်းဟု ခေါ်ဆိုကြ၏။

ဆူးညောင့်ပြွမ်းသည့် သစ်ပင်နှင့်တူသော တန္တရဝါဒပင်အိုသည် ယခုအခါ ထေရဝါဒ ဗုဒ္ဓသာသနာသိမ်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၍ တိုးတက်ဖြစ်ပွားရ၍ မျိုးဆက်သစ်များ ရှင်သန်ပေါက် နေချေပြီ။

ဤတန္တရခေါ် စုန်း၊ တစ္ဆေ၊ မှော်၊ ဝိဇ္ဇာ၊ ဗေဒင်အတတ်များကို ဘုရားမြတ်စွာက ပယ်စွန့်တော်မူကြောင်း ဗြဟ္မဇာလသုတ် မဟာသီလခန်း၌ ပြထားပါ၏။ မင်္ဂိုလ် နိမ္မာန်ရောက်ကြောင်း တရားလမ်းနှင့် ဗီလာကန့်လန့်ဖြစ်၍ တိရစ္ဆာနဝိဇ္ဇာဟု ဘုရားမြတ်စွာက အမည်ပေးခဲ့ပါ၏။

တန္တရ မန္တရအတတ်မှာ ယုံကြည်ချက်နှင့် လျှို့ဝှက်ချက် ဖြစ်၏။ သူတို့၏လျှို့ဝှက်ချက်မှာ ဟဋ္ဌယောဂနှင့်အတူ ဖြစ်၏။ ဟဋ္ဌယောဂ အယူအဆမှာ လနှင့်နေဖြစ်၏။ သူတို့၏လျှို့ဝှက်ချက် သင်္ကေတဘာသာ၌ 'ဟ'အက္ခရာမှာ 'လ'ဖြစ်၍ 'ဋ္ဌ'အက္ခရာမှာ 'နေ'ဖြစ်၏။ လနှင့်နေပေါင်းဆုံရာမှ ဟဋ္ဌယောဂဖြစ်၏။ လျှို့ဝှက်မှုကို ပိုမိုကျစ်လစ် သိပ်သည်းစေရန် လျှို့ဝှက်သင်္ကေတစကားလုံးများ၊ ခြေဟန်လက်ဟန်များ၊ အထိမ်းအမှတ်များကို အသုံးပြုကြ၏။ ဤလျှို့ဝှက်သင်္ကေတများကို တန္တရဂိုဏ်းဝင်အချင်းချင်းသာ အဓိပ္ပာယ်ဖော်ထုတ်နိုင်ကြ၏။ ဤဂိုဏ်းဝင်တို့ပြောသော စကားလုံးများကို တိုက်ရိုက်အဓိပ္ပာယ် အဖြောင့်မယူရပေ။ ထွက်ရပ်ပေါက်(သိဒ္ဓိပေါက်ဘိုးတော်)ပုဂ္ဂိုလ်ကြီးသည် မိမိထံ ဆည်းကပ်လာသူများအား မင‌ေ   ့မ ခွေးသူတောင်းစားဟု ဆဲချင် ဆဲပေလိမ့်မည်။ ထိုသို့ဆဲလိုက်သော စကားလုံးကို ထိုဂိုဏ်းဝင်ပုဂ္ဂိုလ်များက (အတိတ်စိမ်းအားဖြင့်)အဓိပ္ပာယ်တစ်မျိုး ကောက်ယူကြတော့၏။





မိစ္ဆာဒိဋ္ဌိဝါဒ၊ မန္တန်အတတ်၊ မာတုဂါမ၊ ဤအရာသုံးမျိုးကို ဖွင့်ဖော်ထားလျှင် သတ္တဝါတို့အား ဒုက္ခဖြစ်စေနိုင်သဖြင့် ဖုံးထားမှ (လျှို့ဝှက်ထားမှ)သင့်တော်သော အရာများဟု ဘုရားမြတ်စွာက (ပဋိစ္ဆန္နသုတ်၊ အင်္ဂုတ္တရ)၌ ဟောတော်မူပါ၏။

တန္တရဝါဒ(ဝါ)မန္တရဝါဒ၏ မဇ္ဈိုသီရိမူလကပ္ပကျမ်း၌ မန္တန်၊ မန္တရား၊ အင်း၊ အိုင်၊ လက်ဖွဲ့စသော လောကီအတတ်များကို အလေးထားသည့် ကျမ်းဖြစ်၏။ ဂုဟျသမဇ္ဇကျမ်း၌ကား မိုက်ရူဝီစကြ(ဘေရဝီစကြ)ဟူသော သေရည်သေရက်သောက်စားခြင်း၊ မိန်းမတို့နှင့် ပျော်မြူးခြင်း စသော ကာမဂုဏ်ကြူးခြင်းအကျင့်မျိုးတို့အား အလေးထားဖော်ပြသည့် တန္တရကျမ်းဖြစ်၏။ ပုဂံခေတ်အရည်းကြီး ရဟန်းယုတ်များသည် ဤဂိုဏ်း၏ အနွယ်များဖြစ်ကြတော့၏။

တန္တရဝါဒသည် ဖြတ်လမ်း၌ သက်ဝင်ယုံကြည်သောလူညံ့များအတွက် ဖြစ်ပါ၏။ စပါးအထွက်တိုးရန် မန္တန်ကိုရွတ်ခြင်း၊ ရာထူးတက်ရန် ဆေးဖယောင်းတိုင်ထွန်းခြင်း၊ ယတြာချေခြင်း၊ စာမေးပွဲအောင်ရန် ခဲတံ၊ ဘောလ်ပင်တို့ကို မန်းမှုတ်ခြင်းတို့သည် ကိုယ့်အားကိုယ်မကိုးသူ ဖြတ်လမ်းသမား၊ အချောင်သမားတို့၏ အလုပ် ဖြစ်ပါ၏။

ဗုဒ္ဓဝါဒသည် ဖြတ်လမ်းမရှိ အစဉ်အတိုင်းလျှောက်ရသော လမ်းသာရှိပါ၏။ မိမိ၏လုံ့လ၊ ဝီရိယ၊ အကြံအားဉာဏ်အားတို့ကို အချိုးညီညီ အသုံးပြု၍ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူးကိုယ်ချွန်ကာ အောင်မြင်မှုသို့ ရှေးရှု၏။ မိမိမှအပ တစ်ပါးသောသူသည်တင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ သိဒ္ဓိရှင်၊ ဝိဇ္ဇာဓိုရ်များအား မယုံကြည်၊ အားမကိုး၊ ဒိုးမထောက်၊ အသနားမခံ။ ထေရဝါဒဗုဒ္ဓဘာသာသည် သခင်စိတ်၊ အရှင်စိတ်တို့ကို မွေးမြူပေးပါ၏။

ယခုကဲ့သို့ တန္တရ၊ မန္တရအကြောင်းကို (အနည်းငယ်မျှ) တင်ပြရခြင်းမှာ ထေရဝါဒဗုဒ္ဓဘာသာအတွင်းသို့ တန္တရဝါဒနယ်ချဲ့ စိုးမိုးမှု(ရှံခါမိုလ်ကျမှု)သည် တစ်နေ့တခြား ကျယ်ပြန့်လာလျက်ရှိသောကြောင့်ဖြစ်၏။ နောင်အခါ ထေရဝါဒ ဗုဒ္ဓဘာသာက လုံးလုံးလျားလျား နေရာဖယ်ပေးရမည်ကိုလည်း ကြောင့်ကြရ၏။ ဘုရားမြွတ်စွာပွင့်ထွန်းရာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၌ သာသနာ ကွယ်ပပျောက်ဆုံးသွားခြင်း၏ အဓိကအကြောင်းတစ်ရပ်သည် မဟာယာနဝါဒနှင့် တန္တရဝါဒတို့၏ ထိုးနှက်တိုက်ခိုက် နယ်ချဲ့မှုကြောင့်ဖြစ်ကြောင်း ပြဆိုခဲ့ပြီးဖြစ်ပါ၏။

ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်အတွက် ကြောင့်ကြမှုမနေကြရန် (စောင့်နေသော အညတရကောင်းသမား၏ အချက်ပေးသံကဲ့သို့)တပ်လှန့်သတိပေးခြင်းသာ ဖြစ်ပါတော့၏။ ။

စမ္ပရာဇာနာ၊ ၂၀၀၀၊ အောက်တိုဘာလ

*

# စာအုပ်အငှားဆိုင်များဝမ်းမြောက်ဖွယ်

လစဉ်ထုတ် ကာတွန်း၊ ဝတ္ထု၊ မဂ္ဂဇင်းများနှင့် ဘာသာရေး၊ အထွေထွေဗဟုသုတဆိုင်ရာ စာအုပ်များကို အချိန်မီကွန်၊ လမ်းစရိတ်မကုန် လူမပင်ပန်းဘဲ ၃၀/၃၂ ယမ်း ကိုက်ဈေးဖြင့် ရောင်းချပေးလျှက်ရှိကြောင်း စာဖတ်ချစ်သူများကို ဂစာတာဂေတ်ဖြင့် အကြောင်းကြား သိစေပါသည်။

စာဖတ်ချစ်သူများ လိုအပ်ဆန္ဒပြည့်ဝကြပါစေ . . .

- ကာတွန်း၊ ဖလင်များ လက်လီလက္ကားရမည်။
- နေ့စဉ်ထွက်စာအုပ်များကို ညနေ(၃)နာရီနောက်ပိုင်း ရနိုင်ပါသည်။

**မိတ်ဆွေစာပေ**
အမှတ်-၅၂၇၊ ဘုရင့်နောင်လမ်းမကြီး၊
ပေါက်တောရပ်ကွက်၊ ပေါက်တောမီးပွိုင့်အနီး၊ အင်းစိန်။
ဖုန်း - ၆၄၃၆၈၂၊ ၆၄၃၆၇၄

www.burmeseclassic.com